*"နှလုံးသည်အသက်၏
အခြေအမြစ်ဖြစ်သောကြောင့်၊ သင်၏နှလုံးကို
အထူးသဖြင့် စောင့်ရှောက်လော့"*

# တရားသူကြီးများ၏ ခေတ်ကာလ (၁)

တရားသူကြီးများ ခေတ်ကာလသည် ဘုရားသခင်၏လူဖြစ်သော ဣသရေလအမျိုးများ အမှောင်ထဲ၌ ဦးတည်ရာမဲ့ စမ်းတဝါးဝါး လျှောက်လှမ်းရသောအချိန်၊ ပြုသောအပြစ်များကြောင့် ဘုရားသခင်နှင့် ကင်းဝေးလျက်၊ ကျဆုံးနေရသော ကာလဖြစ်ပါသည်။ ဤကာလ၌ လူသား၏ အားနည်းချက်နှင့် ဆိုးသွမ်းမိုက်မဲမှုကို တွေ့ရပါသည်။

ရုသဝတ္ထုသည် တရားသူကြီးများ ခေတ်ကာလ၌ ဖြစ်ပျက်သောအကြောင်းဖြစ်၍၊ လူ့ဘဝ အကြောင်းကို အထင်သား ပေါ်လွင်စေပါသည်။ အထူးသဖြင့်၊ ဘုရားသခင်က မိမိလူတို့၏ အမှောင်ဆုံးသော ဘဝအချိန်ကာလ၌ မိမိ၏ လမ်းပြကွယ်ကာ ပြုစုစောင့်ရှောက်တော်မူခြင်း အလင်းကို ဖော်ပြခဲ့ပါသည်။ ဤရုသဝတ္ထုက လူ့ဘဝ၌ ကြုံတွေ့ရသော မသေချာမှု၊ အခက်အခဲများ ကြား၌ ဘုရားသခင်၏ကွယ်ကာစောင့်ရှောက်မှုနှင့် ယုံကြည်ခြင်းတရားများကို ဖော်ပြလျက်ရှိပါ သည်။ တရားသူကြီးမှတ်စာသည် လူမျိုးတမျိုး၏အခက်အခဲအပေါ်၌ မိမိ၏ကျေးဇူးတော်နှင့်သည်းခံ စိတ်ရှည်မှုကို ဖော်ပြပြီး၊ ရုသဝတ္ထုသည် မိသားစုတစ်စုနှင့် လူတစ်ဦး၏အခက်အခဲအပေါ်၌ မိမိ၏ ကျေးဇူးတော်နှင့် စိတ်ရှည်သည်းခံမှုကို ဖော်ပြခဲ့ပါသည်။

"လူ့ဘဝ၏ နေ့စဉ်ပြဿနာများ၌ ဘုရားသခင်၏ လမ်းပြကွယ်ကာ ပြုစုစောင့်ရှောက်တော် မူခြင်းအကြောင်း" ကို ကျွန်ုပ်တို့လေ့လာမည်ဖြစ်သောကြောင့်၊ ထို "လမ်းပြကွယ်ကာ စောင့် ရှောက်ခြင်း" အဓိပ္ပါယ်ကို ဦးစွာ ဖော်ပြကြပါစို့။ The Westminster Confession of Faith က ဤသို့ ဖော်ပြခဲ့ပါသည်၊ "အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသော၊ ကြီးမြတ်လှသည့် ဘုရားသခင်သည် ဖန်ဆင်းခံအရာအားလုံးကို ကွယ်ကာ လမ်းပြ ပြုစုတော်မူလျက်၊ ပြုသမျှ အမှုအလုံးစုံ၊ အငယ်ဆုံး မှ အကြီးဆုံးတိုင်အောင်၊ မိမိ၏ ဉာဏ်ပညာ၊ တန်ခိုးတော်၊ တရားမျှတမှု၊ ကောင်းမြတ်မှုနှင့် သနား ကြင်နာမှု၏ ဘုန်းတော်ထင်ရှားဖို့ရန်အတွက်၊ မိမိ၏ မမှားနိုင်သော အလုံးစုံကို သိတော်မူသော ဉာဏ်တော်နှင့် မိမိ၏လွတ်လပ်၍ မပြောင်းလဲနိုင်သော အလိုတော်အတိုင်း၊ မိမိ၏အကြီးမြတ် ဆုံး သော ဉာဏ်တော်နှင့် သန့်ရှင်းသောကွယ်ကာစောင့်ရှောက်တော်မူခြင်းဖြင့် အုပ်စိုးတော်မူ၏။"

"*<u>တရားသူကြီး အုပ်စိုးသော ကာလ</u>*" (ရုသ ၁း၁)။ ရုသဝတ္ထုသည် တရားသူကြီးများ ခေတ်ကာလ၌ ဖြစ်ပျက်သောအကြောင်းဖြစ်ပါသည်။ ဖြောင့်မတ်ခြင်းတရား မရှိခြင်း၊ ဘုရားကို ကြောက်ရွံ့သော အစိုးရ မရှိခြင်းနှင့် စံထားရလောက်သော လူပုဂ္ဂိုလ် မရှိခြင်းကြောင့် တာဝန် ဝတ္တရား မဲ့ခြင်း၊ ဘုရားတရား၌ မနေခြင်းသည် လုံလောက်သော အကြောင်းပြချက် မဟုတ်ပါ။ ဘုရားသခင်၏ လမ်းပြကွယ်ကာ ပြုစုစောင့်ရှောက်တော်မူခြင်းတရား နားလည်သဘောပေါက်ခြင်း သည် အခြေအနေတိုင်း၌ လူ့တာဝန်ဝတ္တရား ရှိခြင်းအကြောင်းကို သဘောပေါက်စေပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း ခံရဖို့ရန်အတွက် အလိုတော်အတိုင်း အသက်ရှင်ဖို့လိုပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်အသက်တာအတွက် ကိုယ်တော်၏လမ်းပြပို့ဆောင်ခြင်းနှင့် အစီအစဉ်ကို ယုံကြည်ကိုးစားခြင်းရှိဖို့ရန် မစတော်မူပါ။

**ရှသ ၁း၁-၃** *“သင်တို့သည် အချည်းနှီး ကြိုးစားအားထုတ်*
ဝတ် ၂၆း၁၄-၂၀ *ကြလိမ့်မည်။ သင်တို့ မြေသည် မိမိဘဏ္ဍာကို မပေး”*

# တရားသူကြီးများ၏ ခေတ်ကာလ (၂)

ဘုရားသခင်၏ ပြုစုကွယ်ကာစောင့်ရှောက်တော်မူခြင်းတရား၌ လူတို့ပြုရမည့်ဝတ္တရားကို Matthew Henry ၏ဖော်ပြချက်တွင် ပေါ်လွင်လှပါသည်၊ “ဘုရားသခင်ထံမှ ထွက်ပြေးခြင်း မဟုတ်ဘဲ၊ ဘုရားသခင်ထံ တိုးဝင်ခြင်း၊ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားမှ ထွက်ပြေးခြင်း မဟုတ်ဘဲ၊ ဘုရားသခင်၏ ကရုဏာတော်သို့ ပြေးဝင်ခြင်း ပင်ဖြစ်ပါသည်။”

“*ကသရေလပြည်၌ အစာအဟာရ ခေါင်းပါး၍*” (ရှသ ၁း၁)။ ဤကျမ်းပိုဒ်က ထိုပြည်၏ လမ်းလွဲမှုကို ဖော်ပြပါသည်။ သူတို့သည် ဘုရားသခင်၏ရှင်းလင်းသော ဖော်ပြချက်ကို ငြင်းပယ်လျက်၊ မိမိတို့၏ အတွေးအခေါ် အသိဉာဏ်ကို ကိုးစားပြီး၊ ရည်မှန်းချက်နှင့်စိတ်သဘောထားကို ပြောင်းလျက် လမ်းလွဲခဲ့ကြပါသည်။ အခြေအနေ၊ ခဏတာ အကျိုးစီးပွါးက အနိုင်ယူစိုးမိုးခဲ့ပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တရားကို မနာခံဘဲ၊ မိမိတို့၏စိတ်သဘောထားသည် အာဏာအရှိဆုံးဖြစ်ခဲ့ပါသည်။ ခါနန်လူများကို ရှင်းလင်းသုတ်သင်ရန် ဘုရားသခင် မိန့်တော်မူချက်သည် သူတို့သီးခြားနေ၍ သန့်ရှင်းခြင်း ရှိရန်ဖြစ်ပါသည်။ သို့မှသာ၊ ခါနန်လူတို့၏အကျင့်များ၊ သွေးဆောင်မှုများမှ လွတ်မြောက်ခြင်းတည်းဟူသော၊ ဝိညာဉ် အကျိုးကို ခံစားကြမည်ဖြစ်ပါသည်။ ထိုတရားကို သူတို့သည် မမြင်၊ မကောင်းသောအကျင့်သည် ကောင်းသောအကျင့်ကို ဖျက်ဆီးတတ်ကြောင်း မသိခဲ့ကြပါ။ သီးခြားနေခြင်းထက် ရောနှောနေထိုင်ခြင်းကို ရွေးချယ်ခဲ့ကြပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို နာမခံခြင်းသည် ဝိညာဉ်အကျိုးကို ဖျက်ဆီးသည်ဖြစ်သောကြောင့်၊ ခဏတာ အကျိုး ခံစားရလျှင်လည်း အမှန်မှာ အကျိုးမရှိပါ။ ကျွန်တော်တို့၏ဆန္ဒသည် ဘုရားသခင်၏နှုတ်ကပတ်တော် သိကျွမ်းခြင်းနှင့် ဘုရားသခင်၏အလိုတော်ကို နာခံလိုက်လျှောက်ခြင်း ပင်ဖြစ်ရပါမည်။

ဘုရားသခင်၏နှုတ်ကပတ်တော်မှ လမ်းလွဲလျက်၊ မိမိတို့၏ စိတ်သဘော နောက်လိုက်သောအခါ၊ ဘုရားသခင်၏အစီအစဉ်ကို ပစ်ပယ်လျက်၊ မိမိသဘောအတိုင်း လျှောက်သွားသောအခါ၊ သူတို့၏ ကြိုးစားအားထုတ်မှုသည် အချည်းနှီးဖြစ်ခဲ့ပါသည်။ စပါးကျီ၌ စပါးမရှိဖြစ်ခဲ့ပါသည်။ မြေကြီးသည် မြေသြဇာကောင်းသော်လည်း၊ ဘုရားသခင်သည် မိမိလူတို့ကို မိမိထံ ပြန်လည်ခေါ်ဆောင်ဖို့ရန်၊ ဆုံးမခြင်းဖြင့် အစာခေါင်းပါးခြင်းကို ဖြစ်စေတော်မူခဲ့ပါသည်။ အစာခေါင်းပါးခြင်းသည် ဘုရားသခင်ကိုယ်တိုင် ကျရောက်စေသော အရာဖြစ်ပါသည်။ “အစာအဟာရတည်းဟူသော အထောက်အပင့်ရှိသမျှကို ချိုးဖြတ်တော်မူသောအခါ” (ဆာလံ ၁၀၅း၁၆) ဟူ၍၎င်း၊ ဒါဝိတ်၏ ခေတ်ကာလ၌၎င်း (၂ ရာ ၂၁း၁၊ ၂၄း၁၃)၊ ဗိမာန်တော် ဆက်ကပ်ခြင်း၌ ရှောလမုန်၏ ဆုတောင်းချက်ကို လက်တွေ့ဖော်ဆောင်ခြင်းဖြင့်၎င်း (၆ ရာ ၆း ၂၂-၃၉)၊ ယောရှုဖတ်က ၆ ရာ ၂၀း၆-၉ ထဲတွင် ပြန်လည်ဖော်ပြသည့်အတိုင်း၊ ဘုရားသခင်သည် အစာအဟာရခေါင်းပါးခြင်းကို ဖြစ်စေတော်မူ၍

**ဆင်ခြင်ရန်** - ဘုရားသခင်၏လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်းသည် အသက်တာဖြစ်စဉ်တိုင်းကို ဘုရားသခင်၏ အစီအစဉ်ထဲ၌ ထားတော်မူ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်အသက်တာ၌ ကိုယ်တော်၏လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်း လက်တော်ကို သိမြင်ဖို့ရန် မစတော်မူပါ။

# တရားသူကြီးများ၏ ခေတ်ကာလ (၃)

ဘုရားသခင်၏ ကွယ်ကာစောင့်ရှောက် ပြုစုလမ်းပြတော်မူခြင်းသည် မိမိ၏အစီအစဉ် အတိုင်း ဘဝအခြေအနေတိုင်း၌ ဖြစ်ပျက်နေသော်လည်း၊ လူ့တာဝန်ဝတ္တရားကို လုံးဝ ချေဖျက်တော် မမူပါ။ ထိုဘုရားသခင်၏ ကွယ်ကာလမ်းပြစောင့်ရှောက်ခြင်းတရား သိခြင်း ဉာဏ်သည် လူသားကို ဘုရားသခင်၏အလိုတော် ကြိုးစား ရှာဖွေလျက်၊ ဘုရားသခင် ဖော်ပြသော နှုတ်ကပတ်တရားတော်ကို နာခံလိုက်လျှောက်ခြင်း ပြုရန် တွန်းအားပေးလျက်ရှိပါသည်။ ရုသဝတ္ထုကို စဖတ်သောအခါ၊ ခက်ခဲသောကာလ၌ ဧလိမလက်၏ မိသားစု မည်သို့ အသက်ရှင်ရေး ကြိုးစားခဲ့ကြသည်ကို ကျွန်တော်တို့တွေ့ရပါသည်။ ထိုပြည်၌ အစာခေါင်းပါးခြင်း ကျရောက်ခဲ့၏၊ သို့သော်လည်း ယုဒပြည်၊ ဗက်လင်မြို့သူသားတို့သည် တရားသူကြီးမှတ်စာ၌တွေ့ရသော ဒန်အမျိုးသားများ ကဲ့သို့ မပြုခဲ့ကြပါ။ ဧလိမလက်တို့ မိသားစုသည် ထွက်သွားခဲ့ကြပါသည်။

"*<u>ယုဒပြည် ဗက်လင်မြို့သား တယောက်သည် . . . တည်းခိုခြင်းငှါ သွား၏</u>*" (ရုသ ၁း၁)။ ဘဝ၌ မသေချာ မရေရာမှုများစွာ ရှိပါသော်လည်း၊ ထိုပြောင်းလဲနေသော အခြေအနေက ဘဝကို အုပ်စိုးရမည် မဟုတ်ပါ။ အဆုံးစွန် တန်ခိုး အာဏာရှိတော်မူသော ဘုရားသခင်က အုပ်စိုးရမည် ဖြစ်ပါသည်။ ဧလိမလက်သည် လူတိုင်း ကြုံတွေ့သည့် ထိုခက်ခဲသော အခြေအနေကို ကြည့်၍ ဂတိတော်ပြည်မှ ထွက်သွားဖို့ရန် ဆုံးဖြတ်ခဲ့ပါသည်။ ဤဆုံးဖြတ်ချက်သည် မိမိ မိသားစု တခုနှင့်သာ ဆိုင်သောအရာဖြစ်ပါသည်။ အခြားသူများသည် ထွက်မသွားဘဲ၊ အစာခေါင်းပါးခြင်း အလယ်၌ နေထိုင်ခဲ့ကြပါ၏။ သူ့မိသားစုသာလျှင် ထွက်သွားခဲ့ကြပါသည်။ အစာခေါင်းပါးခြင်း က အာဗြဟံ ကို အဲဂုတ္တုပြည်သို့ရင်း (ကမ္ဘာ ၁၂း၁၀)၊ ဣဇာက်ကို ဂေရာမြို့သို့ရင်း (ကမ္ဘာ ၁၆း၂)၊ ယာကုပ်အား အဲဂုတ္တုပြည်သို့ရင်း ထွက်သွားစေခဲ့ပါသည်။ ရွေးချယ်မှုက ဘဝ၌ အကျိုးဆက်ကို ခံစားစေပါသော်လည်း၊ မိမိ၏ဆုံးဖြတ်ချက်နှင့် ရွေးချယ်မှုက လူတယောက်၏ဘဝကို အဆုံးစွန် လမ်းပြ အုပ်စိုးသည် မဟုတ်ပါ။ အမှန်မှာ၊ လူ့ နိုင်ငံများနှင့် လူသား တယောက်ချင်းစီ၏ အသက်တာ အပေါ်၌ အဆုံးစွန် အာဏာရှိလျက် အုပ်စိုးတော်မူသောသူသည် ဘုရားသခင်ဖြစ်တော်မူ၏။

"*<u>မောဘပြည်သို့ သွား၍ နေကြ၏</u>*" (ရုသ ၁း၂)။ လူတဦး၏အသက်တာကို သူ၏ ဂုဏ်ပုဒ်ရာထူးနှင့် ပိုင်ဆိုင်မှုအားဖြင့် တိုင်းတာ၍ မရကြောင်း တွေ့ရပါသည်။ ကြိုတင် မသိနိုင်သော အခြေအနေ အဖြစ်အပျက်က ပိုင်ဆိုင်မှုများကို ချက်ချင်း ပျောက်ကွယ်စေနိုင်ပါသည်။ ဘယ်လောက်ဘဲ ကြွယ်ဝချမ်းသာပါစေ၊ ပိုင်ဆိုင်မှုအားလုံးကို ထားခဲ့လျက် အခြားအရပ်၌ ဘဝသစ် စဖို့ လိုအပ်သော အချိန် ရှိလာနိုင်ပါသည်။ ခဏသာ နေမည်ဟု ဆုံးဖြတ်ခဲ့သည့်တိုင်၊ ဖြစ်လာမည့် အရာများကို မသိ သောကြောင့် လုံးဝသေချာမှု မရှိပါ။ ထို မောဘပြည်၌ ဧလိမလက်နှင့် သူ၏သားများသည် သေခဲ့ကြ၏။

**ဆင်ခြင်ရန်** - ဘဝကို ရွေးချယ်မှုက လွှမ်းမိုးခဲ့သော်လည်း၊ ထိုဘဝ၏ အရှင်သခင်သည် ဘုရားသခင်ဖြစ်တော်မူ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ဘဝအပြောင်းအလဲများအလယ်၌ ကိုယ်တော်၏အလိုတော်ကို နာခံခြင်း ရှိမည်အကြောင်း မစတော်မူပါ။

**၁ ယော ၅း၁-၅** *"လောကကို အောင်ခြင်းအကြောင်းမူကား၊ ငါတို့၏ ယုံကြည်ခြင်း ပေတည်း"*

ယေ ၁၇း၅-၁၀

## လမ်းပြကွယ်ကာ ပြုစုစောင့်ရှောက်တော်မူခြင်း သင်ခန်းစာများ (၈)

ရုသဝတ္ထုက သာမန်လူများ နေ့စဉ်ကြုံတွေ့နေရသော အမှုကိစ္စများ၌ ဘုရားသခင်၏ လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်း တရားနှင့်ပတ်သက်၍ အလွန်အရေးကြီးသော သင်ခန်းစာများကို ကျွန်တော်တို့အား ပေးခဲ့ပါသည်။ ရုသနှင့်ဗောဇ ထံမှ လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်း အကြောင်းနှင့်ပတ်သက်၍ ကျွန်တော်တို့ သင်ခန်းစာများ ရရှိခဲ့ပါသည်။ ဘုရားသခင်၏ သားသမီးနှင့် အစေခံကျွန်များသည် ယုံကြည်ကိုးစားခြင်းရှိလျက် သစ္စာရှိကြရမည် အကြောင်း၊ မိမိ၏အလိုတော်နှင့် အစီအစဉ်များ ဆောင်ရွက်တော်မူခြင်း၌ ကျွန်တော်တို့သည် ဘုရားသခင်၏ အသုံးတော်ခံ တန်ဆာပလာများဖြစ်မည်အကြောင်း ဟူ၍ဖြစ်ပါသည်။ မိမိ ရေးသားသော၊ "Living Messages of the Books of the Bible" စာအုပ်ထဲ၌ ရုသဝတ္ထု သုံးသပ်ချက်တွင်၊ Morgan Campbell က အောက်ပါအချက် သုံးချက် ဖော်ပြလျက် နိဂုံးချုပ်ခဲ့ပါသည်။

"လိုက်လျှောက်ရမည့် အချက် သုံးချက်ကို ဖော်ပြမည်ဆိုလျှင်၊ ပထမအချက်မှာ၊ ဖြစ်ပျက်သောအခြေအနေသည် လူကို သန့်ရှင်းသောသူ မဖြစ်စေသကဲ့သို့၊ သန့်ရှင်းသောသူကိုလည်း မဖျက်ဆီးပါ။ ကြွယ်ဝချမ်းသာသောသူအတွက် သန့်ရှင်းစွာ နေထိုင်ကျင့်ကြံဖို့ရန် ခက်ခဲလှသည်ဟူသောထင်မြင်ချက်ကို ဗောဇ၏အသက်တာက ချေဖျက်ခဲ့ပါသည်။ ထိုနည်းတူ၊ ဆင်းရဲသောသူသည် ယုံကြည်ခြင်း ရှိဖို့ ခက်ခဲလှပါ၏ ဟူသော ထင်မြင်ချက်ကိုလည်း ရုသ၏အသက်တာက ချေဖျက်ခဲ့ပါသည်။ ပထမအချက်ကို ဖြည့်ဆည်းပေးသည့် အချက်မူကား၊ ဒုတိယအချက်ဖြစ်သော၊ ယုံကြည်ခြင်းသည် အောင်မြင်ခြင်း၏သော့ချက် ဖြစ်ပါသည် ဟူသောအချက်ပေတည်း။ 'ယုံကြည်ခြင်းသည် မျှော်လင့်သောအရာ သေချာမှု၊ မမြင်ရသောအရာ၏သက်သေ' ဖြစ်ပါသည်။ ယုံကြည်ခြင်းသည် ဘုရားသခင်ကို စွဲကိုင်လျက်၊ ပေးသနားတော်မူသော ကျေးဇူးအပေါင်းကို လက်တွေ့လျှောက်ပတ်စွာ အသုံးပြုခြင်း ဖြစ်ပါသည်။ ယုံကြည်ခြင်းသည် ဘုရားသခင်၌ လူသား၏ လိုအပ်ချက်များတည်ကြောင်း သိမှတ်ခြင်းလည်း ဖြစ်ပါသည်။ ဤလူနှစ်ဦးထံမှ ယုံကြည်ခြင်းတရားအကြောင်း တချို့ ကျွန်တော် သင်ယူခဲ့ရပါသည်။ စိတ်သဘောထား ပြည့်ဝခြင်း၊ မိမိအတွက် ဆုံးဖြတ်ချက်ချခြင်း၊ ယုံကြည်သောအရာကို လက်တွေ့ နေ့စဉ်အသက်တာ၌ အသုံးပြုခြင်း၊ ခက်ခဲသောကာလ၌လည်း အစဉ် ရဲရင့်ခြင်း ရှိခြင်းတို့ဖြစ်ပါသည်။ ယုံကြည်ခြင်းသည် စိတ်ခံစားချက်သက်သက် မဟုတ်ပါ။ အသိဉာဏ်ပေါ်၌ အခြေခံထားသော၊ အကျင့်သီလဖြစ်ပါသည်။ နောက်ဆုံးအနေဖြင့်၊ ရုသဝတ္ထုသည် ကြီးမားသော စတေးမှုကို ပြုလျက်၊ ဘုရားသခင် နောက်တော်ကို ယုံကြည်ဖြင်းဖြင့် လိုက်ခဲ့သောသူ၏ အသက်တာ၌ ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းကို ဖော်ပြလျက်ရှိပါသည်။ ထိုကောင်းမြတ်တော်မူခြင်းကို ကိုယ်တိုင် မကြုံတွေ့ရလျှင် မသိနိုင်ပါသည်။ ဩဗက်၊ ယေရှဲ၊ ဒါဝိတ် ဟူ၍ မျိုးဆက်ဖော်ပြခြင်းဖြင့် အဆုံးသတ်ခဲ့ပါသည်။ ထိုလူမျိုးများ စောင့်လျက်နေသော ရှင်ဘုရင် ဒါဝိတ် မမွေးဘွားမှီ၊ ဗောဇနှင့်ရုသသည် ဘုရားသခင် ကောင်းမြတ်ခြင်း အလင်းကို ခံစားခဲ့ကြရပါသည်။ သူတို့၏မျိုးဆက်သည် ဒါဝိတ်၌ အဆုံး မသတ်ခဲ့ပါ။

**ဆင်ခြင်ရန်** - "ဘုရားသခင်သည် မိမိချစ်သောသားသမီးများကို လမ်းပြတော်မူ၏။"

**ဆုတောင်းချက်-** (ဆာလံ ၄၃း၃-၅ ကို အသုံးပြုပါ)။

# လမ်းပြကွယ်ကာ ပြုစုစောင့်ရှောက်တော်မူခြင်း သင်ခန်းစာများ (၇)

ဤလမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်းတရားသည် ဘုရားသခင်၏ လုံလောက်ပြည့်စုံခြင်းအောက်၌ လူသား၏တာဝန်ဝတ္တရားရှိမှုကိုလည်း ဖော်ပြလျက်ရှိပါသည်။ ထို့ကြောင့်၊ Thomad Ridgley က “ကိုယ်တော်တပါးတည်း၌သာ ပျော်ရွှင်ခြင်းကို ရှာကြလော့” ဟု တိုက်တွန်းသကဲ့သို့၊ ကျွန်တော်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အလိုတော်အတိုင်း၊ တရားသဖြင့် ကြိုးစားကြရမည်ဖြစ်ပါသည်။ ဤသည်ကား ရုသနှင့်ဗောဇ၏အသက်တာအားဖြင့် ရုသဝတ္ထု ဖော်ပြသော သင်ခန်းစာဖြစ်ပါသည်။ သူတို့သည် ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်း ရှိသောသူ ဖြစ်၍၊ ထိုသူတို့သည် အလိုတော် နှင့် အကြံစည်တော်ကို ပြည့်စုံစေဖို့ရန် ဘုရားသခင်အသုံးပြုတော်မူသော တန်ဆာပလာ ဖြစ်ခဲ့ကြပါသည်။ ထို့ကြောင့်၊ Morgan Gampbell က "Living Messages of the Books of the Bible" ထဲတွင်၊ ဗောဇအကြောင်း သုံးချက်ကို အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။

“ပထမအချက်မှုကား၊ ခက်ခဲမှုများအကြား၌ ဘုရားသခင်ထံ သူ၏သစ္စာရှိခြင်း ဖြစ်ပါသည်။ ဒုတိယအချက်မှာ၊ သူသည် ဘုရားသခင်နှင့်မိမိ၏ဆက်ဆံရေးကို မိမိနှင့်စပ်ဆိုင်သောသူများထံ လက်တွေ့ကျင့်သုံးခြင်း ဖြစ်ပါသည်။ မိမိအတွက် အလုပ်လုပ်ပေးနေသောသူများကို ဂရုစိုက်နှုတ်ဆက်ခဲ့ခြင်းက ဘုရားသခင်နှင့် သူ၏ဆက်ဆံရေးကို ဖော်ပြလျက်ရှိပါသည်။ သူသည် စည်းကမ်းမရှိသောသူ၊ ဖြစ်သလိုနေထိုင်သောသူ မဟုတ်ပါ။ မိမိလယ်ထဲရှိ သူစိမ်းကို ချက်ချင်း သိမှတ်ခဲ့ပါသည်။ သူသည် မိမိ၏လုပ်ငန်းအားလုံးကို ကိုယ်တိုင် ဦးစီးလျက်၊ ဘုရားသခင်ကြောက်ရွံ့ခြင်း အသက်တာရှိသောသူဖြစ်၏။ နောက်ဆုံးအချက်မှုကား၊ သူသည် သမ္မာသတိရှိသောသူ၊ ရဲရင့်သောသူ ဖြစ်ပါသည်။ ဤအကျင့်နှစ်ခုသည် ဆက်စပ်လျက်ရှိကြပါသည်။ သမ္မာသတိရှိခြင်းသည် ရဲရင့်ခြင်း၏အဓိကအချက်ဖြစ်ပါသည်။ ရဲရင့်ခြင်းသည် စစ်မှန်သော သမ္မာသတိရှိခြင်း၏ လက္ခဏာလည်း ဖြစ်ပါ၏။ ထိုအချက်အားလုံးက ဗောဇသည် ဘုရားသခင်ကို ယုံကြည်ကိုးစားလျက်၊ ထိုကဲ့သို့ ခက်ခဲသောကာလ၌ပင် ဘုရားသခင်၌ လုံလောက်ပြည့်စုံခြင်းကို ရှာတွေ့ပြီး၊ ကောင်းစား ကြွယ်ဝသော အသက်တာကို ပိုင်ဆိုင်ကြောင်း ဖော်ပြပေါ်လွင်စေပါသည်။ ထို့ကြောင့်၊ ရုသ၏ လုပမှုနှင့် ကျေးဇူးသိတတ်မှု၏ လျှို့ဝှက်ချက်နှင့် ဗောဇ၏ ရဲရင့်ခြင်းနှင့် အစွမ်းသတ္တိသည် တူညီသောအရာ ပေါ်၌ အခြေခံထားကြပါသည်၊ ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်း ပင်ဖြစ်ပါသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်များအားဖြင့် ဘုရားသခင်သည် မိမိ၏ရည်ရွယ်ချက်များကို ရှေ့ဆက် ပြည့်စုံစေတော်မူမည် ဖြစ်ပါသည်။ ရုသနှင့်ဗောဇတို့၏ ယုံကြည်ခြင်း တန်ဖိုးကို ဤဝတ္ထု၏နိဂုံး၌ ဖော်ပြခဲ့ပါသည်။ ဗောဇနှင့် ရုသ၊ ဩဗက်၊ ယေရှဲ၊ ဒါဝိတ် တို့ဖြစ်ကြပါသည်။ အနန္တတန်ခိုးရှင် ထာဝရဘုရားသခင်၏ ခြေရာတော်များကို အမှန်မြင်ရခဲ့ပါသည်။ ဟေဗြဲလူမျိုး ဗောဇနှင့် မောဘအမျိုး ရုသ ပေါင်းစည်းခြင်းဖြင့်၊ ဘုရားသခင်သည် မိမိ၏ရည်ရွယ်ချက် ပြည့်စုံစေမည့် လမ်းမကြီးကို ခင်းတော်မူခဲ့ပါသည်။”

**ဆင်ခြင်ရန်** - (သု ၂၈း၂၆-၂၇)။
**ဆုတောင်းချက်-** (ဆာလံ ၄၃း၁-၂ ကို အသုံးပြုပါ)။

ကြာသပတေး၊ ဇူလိုင် (၄)
**ရုသ ၁း၄-၁၀**
ဒေ ၉း၁-၁၂

*"ခပ်သိမ်းသောသူတို့၌ ကာလ အချိန်စေ့ခြင်း၊ အဆင်သင့်ခြင်း ရှိသည်အတိုင်း ဖြစ်တတ်သည်ကို ငါမြင်၏"*

---

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ဆုံးဖြတ်ချက်နှင့်အခြေအနေ (၁)

ရုသဝတ္ထုသည် ဝမ်းနည်းခြင်းနှင့် မသေချာမှုနှင့် ပြည့်နှက်သော ဘဝ၌ တွေ့ရသော ဘုရားသခင်၏ လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်းနှင့် ယုံကြည်ခြင်း အကြောင်း ပင်ဖြစ်ပါသည်။ အသက်တာဘဝ၏ အခြေအနေနှင့် ပြောင်းလဲမှုများ၌ ကျွန်တော်တို့ ထိန်းချုပ်နိုင်သော အရာများ ရှိသကဲ့သို့ ကျွန်တော်တို့ လုံးဝ မထိန်းချုပ်နိုင်သော အရာများစွာ ရှိပါသည်။ နောမိသည် သူတို့ နေထိုင်ရာ မောဘပြည်၌ သူ့ယောကျ်ားနှင့် သားများ သေကြသောကြောင့် ဝမ်းနည်း ငိုကြွေးခဲ့ရပါသည်။ သူ့ ချွေးမနှစ်ယောက်နှင့်သာ ကျန်ရစ်ခဲ့၏။ မိသားစု လုံခြုံ အသက်ရှင်ရေး အတွက် သူတို့ ကြိုးစားအားထုတ်မှုသည် အကျိုးရှိခဲ့ပြီး၊ ခဏတော့ မိသားစု ပျော်ရွှင်မှု ရရှိခဲ့ပါသည်။ သို့သော်လည်း၊ မသေချာသော၊ သူတို့ မထိန်းချုပ်နိုင်သော ဘဝအဖြစ်အပျက်များက သူတို့ဘဝကို ပြောင်းလဲစေခဲ့ပါသည်။ ထိမ်းမြားခြင်း ပြု၍ ခဏတာ ပျော်ရွှင်မှု ရခဲ့သော်လည်း၊ အခက်အခဲများကို ကျော်ဖြတ်ရင်း၊ နောက်ဆုံးတွင် ဈာပန အခမ်းအနားနှင့် ဝမ်းနည်းငိုကြွေးခြင်း ကြုံတွေ့ခဲ့ကြ၏။ သူတို့သည် ယခုအခါ သူတို့၏ခင်ပွန်းများ သေဆုံးသောကြောင့် ငိုကြွေးကျန်ရစ်ခဲ့ကြပါသည်။

အခွင့်အရေးနှင့် အခြေအနေက တခါတလေ အချို့ဆုံးဖြတ်ချက်ကို ချဖို့ရန် အတင်းတွန်းအားပေး လေ့ရှိပါသည်။ ထိုဆုံးဖြတ်ချက်များတွင်၊ အချို့သည် အချိန်အခါ (လူ့သက်တမ်း) နှင့် နေရာဒေသ (အကြံပေးမည့် ဘုရား၏လူများ မရှိသောအရပ်) ၏ ကန့်သတ်မှုကြောင့် ခဏတာ အတွက်သာ စဉ်းစားလျက် အလျင်အမြန် ဆုံးဖြတ်သောအရာ ဖြစ်ပါသည်။ အချို့သည် ရွေးချယ်မည့် အရာအပေါ် မိမိထားရှိသော သဘောထားနှင့် မိမိချမှတ်သော စံနှုန်းအပေါ် အခြေခံလျက် ဆုံးဖြတ်သောအရာများ ဖြစ်ကြပါသည်။ နောမိ၏သားတို့သည် သူတို့ကြုံတွေ့သောအခြေအနေအရ အခြားသူကို လက်မထပ်နိုင်သောကြောင့်၊ မောဘသူများကို လက်ထပ်ခြင်းဖြစ်၏ဟု အချို့ ဆိုနိုင်ပါသည်။ ထို့ပြင်၊ ရုသကို အခြေခံ စံထားလျက်၊ သင် ဘယ်သို့ကိုဘဲ လက်ထပ် လက်ထပ် အရေးမကြီးဘူး၊ အချို့ "မယုံကြည်သူများ" သည် အချို့ "ယုံကြည်သူများ" ထက် အကျင့်စရိတ္တ ကောင်းကြတယ်ဟု အချို့ ဆိုပါလိမ့်မည်။

အများအားဖြင့် ကျွန်တော်တို့သည် ရွေးချယ်မှုပြုသောအခါ ကျွန်တော်တို့ ယုံကြည်သော ဘုရားသခင်နှင့် မိန့်တော်မူသောစကားကို မေ့လျော့လျက်၊ အမြင်နှင့် ခံစားချက်ကို ဦးစားပေးတတ်ကြ၏။ ရွေးချယ်သောအရာ၏တန်ဖိုးကို ဘုရားသခင်၏စံနှုန်းနှင့် ဝိညာဉ်အကျိုးဖြင့် မဟုတ်ဘဲ၊ မြင်နိုင်သော ခဏတာအကျိုးဖြင့် တိုင်တာတတ်ကြပါသည်။ ထိုအခါ အချစ်နှင့်ဘဝ ဝတ္ထုများသည် ဝမ်းနည်းစရာကောင်းသော ပုံပြင်ဖြစ်လာ၏။ သို့သော်လည်း၊ မိမိ စိတ်ခံစားချက် (သို့) ခဏတာ အကျိုးအပေါ် အခြေမခံဘဲ၊ ဘုရားသခင်၏စကားတော်နှင့် ဝိညာဉ်အကျိုးကို ခြေခံလျက် အသစ်သော ဆုံးဖြတ်ချက်၊ ရွေးချယ်မှု ပြုရန် အချိန်ရှိပါသေး၏။ နောမိနှင့်ရုသတို့သည် ဘဝ၌ ကြုံတွေ့ရသော အပြောင်းအလဲက သူတို့၏အမြင်နှင့်ဆုံးဖြတ်ချက်ကို ပြောင်းလဲစေပါသည်။

**ဆင်ခြင်ရန်** - သေခြင်းက ကျွန်ုပ်တို့၏ပျော့ညံ့ဆုတ်ယုတ်မှုကို ပေါ်လွင်စေပါသည် (ဆာလံ ၁၀၃း၁၃-၁၈)။

**ဆုတောင်းချက်-** (နေဟမိ ၉း၃၂-၃၈ ကို ဖတ်ပါ)။

*"အကယ်စင်စစ် အကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ၊ ကိုယ်တော်၏ အမျိုးထံသို့ လိုက်သွားပါမည် ဟုဆိုကြ၏"*

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ဆုံးဖြတ်ချက်နှင့်အခြေအနေ (၂)

ဘုရားသခင် အကြည့်အရှုကြွလာတော်မူ၍ အစာအဟာရ ခေါင်းပါးခြင်း မရှိတော့သော သတင်းကို မောဘပြည်၌ အားကိုးရာမဲ့နေသော နောမိသည် ကြားသိခဲ့ရပါသည်။ ထိုသတင်းသည် မိမိအိမ်သို့ ပြန်သွားဖို့ရန် ဘုရားသခင်၏လမ်းပြတော်မူခြင်း ခေါ်သံ ပင်ဖြစ်ပါသည်။ အကြောင်းမှာ၊ သူတို့ ထွက်သွားရခြင်း အကြောင်းရင်းဖြစ်သော အစာအဟာရခေါင်းပါးခြင်းသည် ပြီးဆုံးပြီဖြစ်ပါသည်။

"*<u>ကြားသောအခါ . . . ပြန်သွားမည်ဟု . . . ထ၍</u>*" (ရုသ ၁း၆)။ ဤ ကြိယာအားလုံးသည် တဦးတယောက်နှင့်သာ ဆိုင်သော စကားလုံးဖြစ်ကြပါသည်။ နောမိသည် ပြန်သွားရန် တဦးတည်း ဆုံးဖြတ်ခြင်း ဖြစ်ပါသည်။ သူသည် မောဘပြည်၌ အချိန်ကြာမြင့်စွာ နေထိုင်ခဲ့သော်လည်း ဂတိတော် ပြည်အကြောင်း ကြားသိသောအခါ ထိုပြည်ကို အလေးထားသေးကြောင်း တွေ့ရပါသည်။ ဘုရင့် နန်းတော်၌ နေဟမိသည်လည်း ယုဒပြည်မှ ပြန်လာသောသူများထံမှ ထိုပြည်အကြောင်း ကြားသော အခါ၊ အလေးထားခဲ့သကဲ့သို့၊ နောမိသည် ဘုရားသခင် ပြုတော်မူသောအမှုကို ကြားသိသောအခါ၊ ဗက်လင်မြို့ကို သတိရခဲ့ပါသည်။ သူတို့ကို ထွက်သွားစေခဲ့သော အစာအဟာရ ခေါင်းပါးခြင်းသည် ပြီးဆုံးခဲ့ပြီ၊ အနန္တတန်ခိုးရှင် ဘုရားသခင်သည် ဗက်လင်မြို့ (မုန့်အိမ်) ကို ကောင်းကြီး မင်္ဂလာမုန့် နှင့် အကြည့်အရှု ကြွလာတော်မူခဲ့၏။

"*<u>သို့ရာတွင် ချွေးမနှစ်ယောက်တို့အား . . . ဆိုလျက်</u>*" (ရုသ ၁း၈)။ ပြန်သွားဖို့ရန် ဆုံးဖြတ်ချက် ချရခြင်းမှာ ဗက်လင်မြို့၌ ဘုရားသခင်၏ပြုစုစောင့်ရှောက်တော်မူခြင်းလက်တော် ကျရောက်ကြောင်း သတင်းကြားသိခြင်း ပင်ဖြစ်ပါသည်။ သူ၏ဆုံးဖြတ်ချက်၌ သူ့စိတ်သဘောထား ရှင်းလင်းစွာ မြင်တွေ့ရပါသည်။ သို့သော်လည်း၊ သူ့ချွေးမနှစ်ယောက်၏ စိတ်သဘောထား မည်သို့ ရှိမည်နည်း။ ထိုသို့ပြန်သွားရာလမ်း၌ သူတို့ အဘယ်ကြောင့် လိုက်ပါကြပါသနည်း။ ထိုသို့သွားနေစဉ်၊ နောမိသည် ရုသနှင့် ဩရပတို့အား ဆုံးဖြတ်ချက် ချရခြင်း စိတ်သဘောထားအကြောင်း နှင့် ပတ်သက်သော စကား ပြောခဲ့ပါသည်။ မိမိ၏ဆုံးဖြတ်ချက်ထဲသို့ သူတို့ကို အတင်း မဆွဲထည့်လိုဘဲ၊ ကောင်းကြီးပေးလျက် မိမိအား ထားခဲ့လျက် သူတို့အား အမိအိမ်သို့ ပြန်သွားဖို့ရန် ဆိုခဲ့ပါသည်။ ဤသည်ကား ဆွေမျိုးအနှောင်အဖွဲ့အပြင်၊ တဦးတည်း စိတ်သဘောထား ဆန်းစစ်ရန် ဖြစ်ပါသည်။ မိမိအမိအိမ်သို့ ပြန်သွားကြဖို့ရန် နောမိ ဆိုခြင်းဖြင့်၊ သူတို့သည် ဗက်လင်မြို့သို့ သူနှင့်အတူ လိုက်သွားရခြင်း အကြောင်းရင်းကို ဖော်ပြဖို့ဖြစ်လာခဲ့ပါသည်။ သို့သော်လည်း၊ သူတို့သည် နောမိနှင့် ပြန်လိုက်သွားဖို့ရန် ရွေးချယ်ခဲ့ကြ၏။ တာဝန်ဝတ္တရားနှင့် ချစ်ခြင်းက နိုးဆော်သည်ဟု ထင်ရပါသည် (ရုသ ၁း၁၀)။

**ဆင်ခြင်ရန်** - "ပြုရမည့်တာဝန်ဝတ္တရားများဆောင်ရွက်စေသောအရာသည် ချစ်ခြင်းမေတ္တာ ပင်ဖြစ်ပါသည်။" (John Angell James)

**ဆုတောင်းချက်-** (ဆာလံ ၁၀၈ ကို ဖတ်ပါ)။

# လမ်းပြကွယ်ကာ ပြုစုစောင့်ရှောက်တော်မူခြင်း သင်ခန်းစာများ (၆)

ဤလမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်းတရားသည် ဘုရားသခင်၏ လုံလောက်တော်မူခြင်းကို ဖော်ပြခဲ့ပါသည်။ Thomas Ridgley က ရုသနှင့်ဗောဇ၏အသက်တာမှ သင်ခန်းစာယူဖို့ရန်၊ ကျွန်ုပ်တို့အား အားပေးတိုက်တွန်းလျက်၊ "ကိုယ်တော်၌သာ ပျော်ရွှင်ခြင်း ရှာကြလော့" ဟု ဆိုခဲ့ပါသည်။

<u>ဘုရားသခင်၊ ယုံကြည်ကိုးစားခြင်းရှိသော ရုသအတွက် လုံလောက်ပြည့်စုံခြင်း</u>။ "အမ္မုန်အမျိုးသား၊ မောဘ အမျိုးသားသည်လည်း၊ ထာဝရဘုရား၏ ပရိသတ်တော်၌ အပါအဝင် မဖြစ်ရ . . . ဆယ်ဆက်မြောက်အောင် မဝင်ရ" (တရား ၂၃း၃) ဟု ထာဝရဘုရား မိန့်တော်မူခြင်းခံရသော၊ အမျိုး၊ မောဘအမျိုးသမီး၊ ရုသ၌ ဘုရားသခင်၏လုံလောက်တော်မူခြင်းကို တွေ့ရပါသည်။ နောမိက မိမိအမျိုးများ၊ ဘုရားများထံ ပြန်သွားဖို့ အတင်းခိုင်းခဲ့သောအခါ၊ သူသည် ငြင်းဆန်ခဲ့ပါသည် (ရုသ ၁း၁၆-၁၇)။ ယုံကြည်ခြင်းကို စွဲကိုင်လျက်၊ ထိုယုံကြည်ခြင်းးအားဖြင့်၊ ပို၍ကောင်းသော အနာဂတ်ကို မျှော်လင့်သောကြောင့် မဟုတ်၊ ထာဝရဘုရား၏အတောင်တော်အောက်၌ ယုံကြည်ကိုးစားခြင်းရှိသောကြောင့် (ရုသ ၂း၁၁-၁၂)၊ ယောက္ခမထံ တွယ်ကပ်ခဲ့ခြင်းဖြစ်ပါသည်။ နောမိနှင့်အတူ သူစိမ်းကဲ့သို့ နေထိုင်ရသော ပြည်သို့ ရောက်လာခဲ့ပြီး၊ မိမိယုံကြည်ကိုးစားသော ဘုရားသခင်၏ ပညတ်တရားအတိုင်း နေထိုင် အသက်ရှင်ခဲ့ပါသည်။ ထိုဘုရားသခင်၏ ပြုစုမစခြင်း ပညတ်တော်အတိုင်း သူသည် စပါးကျန်ကို လိုက်ကောက်၍၊ ယောက္ခမ၏စကားကို နာခံလျက် ချစ်ခြင်းမေတ္တာဖြင့် အသက်ရှင်ခဲ့ပါသည်။

<u>ဘုရားသခင်၊ သစ္စာရှိသော ဗောဇအတွက် လုံလောက်ပြည့်စုံခြင်း</u>။ တရားသူကြီးများ ခေတ်ကာလ၌ နေထိုင်ခဲ့သော၊ လူတို့သည် မိမိအလိုအတိုင်း ကျင့်ကြံနေထိုင်ကြသောအချိန်တွင် ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း နေထိုင်ကျင့်ကြံလျက်၊ ကြွယ်ဝချမ်းသာသော က္ကသရေလလူမျိုး ဗောဇ၌ ထိုဘုရားသခင်၏ လုံလောက်ခြင်းတရားကို တွေ့ရပါသည်။ ယိုယွင်းပျက်စီးမှု ပြည့်နှက်သောကာလ၌ သူသည် ယုံကြည်ခြင်းဖြင့် အသက်ရှင်သောသူဖြစ်ပါသည်။ ရုသက မိမိအား လက်ထပ်ဖို့ရန်ကမ်းလှမ်းလာသော်လည်း၊ ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းရှိလျက်၊ မတရားသောအမှုကို မပြုလိုခဲ့ပါ။ ဘုရားသခင် ပေးတော်မူသော တရားအားဖြင့် အသက်ရှင်လျက်၊ ရိုးသားဖြောင့်မတ်ခြင်း၊ သနားကြင်နာခြင်း၊ ရဲရင့်ခြင်းနှင့် ပြည့်ဝသောသူဖြစ်ပါသည်။ "လူတိုင်း မိမိစိတ် အလိုရှိသည်အတိုင်း ပြုသတည်း" (သူကြီး ၂၁း၂၅)၊ အကြောင်းမှာ "ထိုကာလ၌ က္ကသရေလ ရှင်ဘုရင် မရှိ" (သူကြီး ၁၇း၆) သောကြောင့်တည်း။ ဤခေတ်ကာလ၌ပင် သူသည် ဘုရားသခင် လက်ခံတော်မူသော အမှုကို ပြု၍ မှန်ကန်သောတရားကို လိုက်လျှောက်ကျင့်သုံးခဲ့ပါသည်။

**ဆင်ခြင်ရန်** - ယုံကြည်ကိုးစားခြင်း ရှိသောသူအဖို့ ဘုရားသခင်သည် လုံလောက်တော်မူ၏။
**ဆုတောင်းချက်-** (ယာကုပ် ၅း၁၃-၁၅)။

# လမ်းပြကွယ်ကာ ပြုစုစောင့်ရှောက်တော်မူခြင်း သင်ခန်းစာများ (၅)

ဘုရားသခင်၏ လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်းအကြောင်းနှင့် ပတ်သက်၍ The Second Helvetic Confession အခန်းကြီး ၆ ၌ အသုံးတော်ခံများ၏ အရေးပါမှုကို၊ လျှော့မတွက်ဖို့ရန် အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။

"ကျွန်တော်တို့သည် ထိုအသုံးတော်ခံများကို အသုံးမဝင်သကဲ့သို့ အထီမဲ့မြင် မပြုရပါ၊ ဘုရားသခင်၏နှုတ်ကပတ်တော်၌ တိုက်တွန်းထားသည်အတိုင်း ကျွန်တော်တို့သည် အသုံးတော်ခံဖြစ်ဖို့ ဆက်ကပ်ဖို့လိုပါသည်။ ဘုရားသခင်သည် မိမိ၏လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်းလက်တော်ဖြင့် အမှုအလုံးစုံကို ပြုတော်မူလျှင်၊ ကျွန်တော်တို့သည် ကြိုးစားအားထုတ်ခြင်းသည် အချည်းနှီးသက်သက်ဖြစ်သောကြောင့် ထိုသို့အားထုတ် နေစရာ မလိုဘူးဟု ဘာမှမဆင်ခြင်ဘဲ ပြောသောသူများကို သဘောမတူပါ။ အရာရာတိုင်းကို ဘုရားလက်တော်ထဲသို့အပ်နှံလျက်၊ ကျွန်တော်တို့သည် ဘာမှ ပူပင်စရာမလိုဘဲ၊ ဘာမှ မပြုဘဲနေလျှင် လုံလောက်မှုရှိနိုင်ပါသည်။ သို့သော်လည်း၊ ပေါလုသည် ဘုရားသခင်၏လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်းအောက်၌ ခရီးဆက်လျက်၊ 'သင်သည် ရောမမြို့၌လည်း သက်သေခံရဦးမည်' (တမန် ၂၃း၁၁) ဟူ၍၎င်း၊ 'သင်တို့တွင် အဘယ်သူမျှ အသက် မဆုံးရ . . . သင်တို့ဆံခြည် တပင်မျှ မပျက်စီးရ' (တမန် ၂၇း၂၂၊ ၃၅) ဟူ၍၎င်း ဂတိပေးခြင်း ခံရသော်လည်း၊ သင်္ဘောသားတို့သည် သင်္ဘောကို စွန့်ဖို့ ပြောကြသောအခါ၊ ပေါလုက၊ 'ဤသူတို့သည် သင်္ဘောပေါ်၌ မနေလျှင် သင်တို့သည် ချမ်းသာ မရနိုင်ကြ' (တမန် ၂၇း၃၁) ဟု ဆိုခဲ့ပါသည်။ ဘုရားသခင်သည် အရာရာတိုင်းကို စီမံခန့်ခွဲတော်မူခဲ့ပြီး၊ အဆုံးထိ ရည်ရွယ်သည်အတိုင်း ပြည့်စုံဖို့ရန် လိုအပ်သော အသုံးတော်ခံများလည်း ပြင်ဆင်ခန့်ထားတော်မူခဲ့ပါသည်။ ဘုရားသခင်ကို မသိသောသူများသည် အရာရာတိုင်း အလိုလို ဖြစ်လာသကဲ့သို့၊ မသေချာသော ကံတရားအတိုင်း ဖြစ်လာသကဲ့သို့ ဆိုကြပါသည်။ သို့သော်လည်း၊ ယာကုပ်က၊ 'ယနေ့နက်ဖြန် ဤမြည်သောမြို့သို့ သွားကြကုန်အံ့' ဟု မပြောကြနှင့်၊ 'ထာဝရဘုရားအလိုတော်ရှိ၍၊ ငါတို့သည်လည်း အသက်ရှင်လျှင်၊ ဤသို့ပြုကြကုန်အံ့၊ ထိုသို့ပြုကြကုန်အံ့ဟု သင်တို့ ဆိုသင့်ရာဖြစ်၏' (ယာကုပ် ၄း၁၃၊ ၁၅) ဟု မိန့်တော်မူ၏။ Augustine က၊ 'မတော်တဆဖြစ်သည်ဟု လူတို့ထင်မှတ်သောအရာများသည်လည်း သူ၏နှုတ်ကပတ်တော်အားဖြင့်၊ အမိန့်ပေးခြင်းအားဖြင့်သာ ဖြစ်ကြ၏' ဟု ဆိုထားပါသည် (Enarrationes in Psalmos 145)။ ဖခင်၏မြည်းကို ထွက်ရှာသော ရှောလုသည် အထင်မှတ်ဘဲ၊ မတော်တဆ ပရောဖက် ရှေမွေလနှင့် တွေ့သည်ဟု ထင်စရာရှိပါသည်။ သို့သော်လည်း၊ ပရောဖက်ထံ မနေ့၌ ထာဝရဘုရားက၊ 'ဗင်္ယာမိန်ပြည်မှ လူတယောက်ကို သင်ရှိရာသို့ ငါစေလွှတ်မည်' (၁ ရာ ၉း၁၆) ဟု ကြိုတင်မိန့်တော်မူခဲ့ပါသည်။"

**ဆင်ခြင်ရန်** - ဘုရားသခင်၏ လမ်းပြကွယ်ကာ ပြုစုစောင့်ရှောက်တော်မူခြင်းသည် တာဝန်ဝတ္တရား ကျေပွန်စွာ ကြိုးစား ဆောင်ရွက်ဖို့ရန် တိုက်တွန်းနိုးဆော်၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ် ဆောင်ရွက်ရမည့်တာဝန်ကို နားလည်စေပြီး၊ ကြိုးစားအားထုတ်ဖို့ရန် မစတော်မူပါ။

*"ထိုအရှင်သည် အနာကို ဖြစ်စေ၍၊ ထိုအနာကိုလည်း စည်းတော်မူ၏။ ဒဏ်ခတ်တော်မူ၍ လက်တော်နှင့် သက်သာစေတော်မူ၏"*

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ဆုံးဖြတ်ချက်နှင့်အခြေအနေ (၃)

အများအားဖြင့် ဘဝ၌ မသေချာမှုများနှင့် ပြည့်နှက်လျက်ရှိပြီး၊ အသက်တာ၏ ဆုံးဖြတ်ချက် အများစုသည် ဘယ်လိုဖြစ်လာမည်ကို ကြိုမသိဘဲလျက် ချသော ဆုံးဖြတ်ချက်များဖြစ်ကြပါသည်။ နောမိသည် ဗက်လင်မြို့၌ မည်သို့သောအရာနှင့် ကြုံရမည်ကို အသေးစိတ် မသိသော်လည်း၊ ဆုံးဖြတ်ချက် ချခဲ့ပါသည်။ မိမိ၏ မသေချာသော ဘဝ ထဲသို့ မိမိ၏ချွေးမများကို ဆွဲ မထည့်လိုသောကြောင့်၊ သူနှင့် လိုက်သွားရခြင်း၌ သူတို့၏ဆုံးဖြတ်ချက်ကို သုံးသပ်ဖို့ရန် ပြောဆိုခဲ့၏။

*"ငါနှင့်အတူ အဘယ်ကြောင့် လိုက်ရမည်နည်း"* (ရုသ ၁း၁၁)။ ဘဝ ဆုံးဖြတ်ချက်များ၌ အကြောင်းရင်း လိုအပ်ပါသည်။ နောမိ၏ဆုံးဖြတ်ချက် အကြောင်းရင်းသည် သူ၏ယုံကြည်ခြင်း ဖြစ်ပါသည်၊ ဘုရားသခင်သည် မိမိလူတို့အား အစားအစာ ချပေးသနားတော်မူကြောင်း သူကြားသိခဲ့၏။ သူ့ချွေးမနှစ်ယောက်တို့၌ အဘယ်အကြောင်းရင်း ရှိသနည်း။ တာဝန်ဝတ္တရား မဟုတ်ဘဲ၊ စိတ်သဘောထား ကားအဘယ်နည်း။ ဘယ်အရာကို မျော်လင့်ကြပါသနည်း။ သူတို့သည် နောမိနှင့် သေလွန်သောသူ အပေါ်၌ တာဝန်ကျေပြီဖြစ်သောကြောင့်ရင်း၊ သူတို့ကို ဘာမှ ပေးစရာ မရှိတော့ကြောင်း ပြောပြခဲ့ပါသည် (ရုသ ၁း၁၁-၁၃)။ သူနှင့်အတူလိုက်သွားကြလျှင်၊ ခဏတာ အကျိုးမဲ့ဖြစ်ကြမည်အကြောင်း (ရုသ ၁း၁၁)၊ အချိန်ဖြုန်းရာရောက်မည်အကြောင်း (ရုသ ၁း၁၃) ရှင်းပြခဲ့ပါသည်။

*"အစ်မနောက်သို့ လိုက်သွားပါ"* (ရုသ ၁း၁၅)။ ဩရပသည် နောမိ၏ရှင်းပြချက်ဖြစ်သော မျော်လင့်ချက် မရှိတော့ကြောင်း သိသောအခါ၊ ပြန်သွားခဲ့ပါသည်။ ရုသသည် နောမိကို ဆက်လက်ဖက်တွယ်ခဲ့ပါသည်။ နောမိက ရုသကို မိမိနှင့်နေရမည့် အကြောင်းရင်း မေးခဲ့ပါသည်။ ရုသ၏အဖြေက သူ၏ဆုံးဖြတ်ချက်သည် ခဏတာ အကျိုးကို မျော်လင့်၍ မဟုတ်ဘဲ၊ ယုံကြည်ခြင်း၌ အခြေခံကြောင်း ဖော်ပြခဲ့ပါသည်။ နောမိနှင့်လိုက်သွားရခြင်း အကြောင်းရင်းသည် အကျိုးကို မျော်ကိုး၍ မဟုတ်သောကြောင့် သူ၏ဆုံးဖြတ်ချက်ကို မပြောင်းလဲခဲ့ပါ။ ရုသသည် မသေချာမှု ဘဝ၏ တဖက်ကမ်းကို မျော်ကြည့်ခဲ့ပါသည်။ ခဏတာအရာကို မကြည့်ဘဲ၊ အထက်အရာ၊ ထာဝရတည်သောအရာကို မျော်ကြည့်ခဲ့ပါသည်။ သူသည် နောမိနှင့် နောမိ၏ဘုရားသခင်ကို ဖက်တွယ်ခြင်းဖြစ်ပါသည်။ ဘုရားသခင်၏လက်တော်သည် နောမိ၏အသက်တာ၌ ကန့်လန့်ရှိနေသည်ဟု ထင်ရသော်လည်း (ရုသ ၁း၁၃)၊ ရုသသည် နောမိနှင့် သူ၏ဘုရားသခင်ကို ဖက်တွယ်ခဲ့ပါသည်။ သူ၏အဖြေက နောမိ၏အမျိုးနှင့် ဘုရားသခင်ကို ဖက်တွယ်ဖို့ရန်၊ မိမိအမျိုးနှင့် ဘုရားများကို ထားခဲ့မည်အကြောင်း၊ သေချာ ဆုံးဖြတ်ထားခဲ့သည်ကို တွေ့ရပါသည်။

**ဆင်ခြင်ရန်** - (တရား ၃၂း၃၉ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အို အဖဘုရား၊ ဘဝ၌ ကြုံတွေ့ရသော အခက်အခဲ အပြောင်းအလဲများအားဖြင့်၊ ကိုယ်တော်၏အလိုတော်ကို ယုံကြည်ကိုးစားခြင်း ရှိလျက်၊ အမြင်အားဖြင့် မဟုတ်ဘဲ၊ ယုံကြည်ခြင်းအားဖြင့် ဘဝခရီးကို လျှောက်လှမ်းမည်အကြောင်း မစတော်မူပါ။

*"ယေရှုသည် တကျိပ်နှစ်ပါးသောသူတို့အား၊ သင်တို့သည်လည်း ထွက်သွားခြင်းငှါ အလို ရှိကြသလောဟု မေးတော်မူလျှင်"*

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ဆုံးဖြတ်ချက်နှင့်အခြေအနေ (၄)

ဩရပကဲ့သို့ပြန်သွားဖို့ရန် နောမိ ဆိုသောစကားကို ရုသသည် ဆက်ကပ်မှု၊ သစ္စာရှိမှုဖြင့် တုန့်ပြန်ခဲ့ပါသည်။ ရုသ၏ဆုံးဖြတ်ချက်သည် အခြေအနေပေါ်၌ အခြေမခံထားပါ။ နောမိ၏ပြောစကားနှင့် ဩရပ၏အပြုအမူကလည်း မလွှမ်းမိုးထားပါ။

"*__ပြန်သွားစေခြင်းငှါ မပြုပါနှင့်__*" (ရုသ ၁း၁၆)။ ပြန်သွားဖို့ရန် အကြောင်းအရင်း ပေးခြင်းခံရပြီးမှ၊ လိုက်ပြုမည့် သာဓက ပေးခြင်း ခံရပြီးမှ၊ ရုသသည် ထိုသို့ အကြောင်းပြန်ခြင်းဖြစ်ပါသည်။ သူ၏တောင်းလျှောက်ခြင်း၌ သူ၏စိတ်သဘောထားကို တွေ့နိုင်ပါသည်။ ဘဝ၏ဆုံးဖြတ်ချက်များကို အကြောင်းရင်းများ၊ ခဏတာအကျိုးများ၊ ဖြစ်လာနိုင်သော အကျိုးအမြတ်များ အပေါ်၌ မဟုတ်ဘဲ၊ ဝိညာဉ်ရေးရာအကျိုးနှင့် ထာဝရအကျိုးကို ထောက်၍ ပြုဖို့ရန် တိုက်တွန်းခြင်းဖြစ်ပါသည်။ ခရစ်တော်၏တပည့်များကဲ့သို့၊ ကျွန်တော်တို့သည် ခက်ခဲသော ရွေးချယ်မှုပြုသောအခါ၊ ခဏတာအကျိုးကို မကြည့်ဘဲ၊ ဝိညာဉ်အကျိုးနှင့် ထာဝရအကျိုးကို မြော်ကိုးလျက် ပြုကြရပါမည်။ သို့တို့နည်းတူ၊ ကျွန်တော်တို့ ဆုံးဖြတ်ချက်၏အဓိကအကြောင်းရင်းသည် ဤအချက်ဖြစ်ရပါမည်၊ "သခင်၊ အကျွန်ုပ်တို့သည် အဘယ်သူထံသို့ သွားရပါမည်နည်း။ ထာဝရအသက်နှင့် ယှဉ်သောစကားသည် ကိုယ်တော်၌ တည်ပါ၏။ ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏ သားတော် ဖြစ်တော်မူသည်ကို အကျွန်ုပ်တို့ ယုံကြည်သိမှတ်ကြပါသည်" (ယောဟန် ၆း၆၈-၆၉)။

"*__လိုက်ခြင်းငှါ ခိုင်ခံ့သော စိတ်ရှိသည်ကို နောမိသည် သိမြင်သော်__*" (ရုသ ၁း၁၈)။ ဤအမှုတွင် နောမိအသက်တာ၏သက်သေခံချက်ကို ကျွန်တော်တို့ ဆင်ခြင်သင့်ပါသည်။ ရုသသည် နောမိနှင့် နောမိ၏ဘုရားထံ သေသည်အထိ ဆက်ကပ်မည်အကြောင်း၊ ကျိန်ဆိုလျက် ဂတိသစ္စာ ပြုခဲ့ပါသည်။ အခြားယုံကြည်ခြင်း ခံယူသောသူနှင့် လက်ထပ်သောသူ အများစုသည် သူတို့၏ အရင် ယုံကြည်မှုကို အနည်းအများ ဖက်တွယ်တတ်ကြပါသည်။ အချို့လူတို့သည် သူတို့၏ ယုံကြည်ခြင်းကို ထိုအသစ်သော မိသားစု၌ လွှမ်းမိုးစေဖို့ရန် ကြိုးစား တတ်သေး၏။ ထို့ကြောင့် သမ္မာကျမ်းစာ သွန်သင်ခြင်းအတိုင်း သီးခြားနေခြင်းကို လိုက်လျှောက်ဖို့လိုအပ်ပါသည်။ ထို့ကြောင့်၊ ရုသ၏ ခိုင်ခံ့မြဲမြံသော ဆုံးဖြတ်ချက်စကားအားဖြင့်၊ မိမိ၏ ဆုံးဖြတ်ချက်နှင့် ရွေးချယ်မှုသည် နောမိ၏ ဘဝအသက်တာ သက်သေခံချက်က လွှမ်းမိုးခဲ့ကြောင်း ထင်ရှားစွာ တွေ့နိုင်ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်ကြုံတွေ့သောအရာများက သတင်းကောင်းကို ကျယ်ပျံ့စေပါသလား။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်ကို ကားတိုင်းတော်နှင့် နီးစေလျက်၊ ကြုံတွေ့သောအရာ တိုင်း၌ ကိုယ်တော်ကို သိမြင်စေတော်မူပါ။

**ဆာလံ ၃၇း၁-၁၁၊ ၂၃-၃၄**
ဖိလိ ၄း၄-၉

*"ထာဝရဘုရား ရှေ့မှာ ငြိမ်ဝပ်စွာနေ၍ ကိုယ်တော်ကို ငံ့လင့်လော့"*

# လမ်းပြကွယ်ကာ ပြုစုစောင့်ရှောက်တော်မူခြင်း သင်ခန်းစာများ (၄)

လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်းအကြောင်းနှင့်ပတ်သက်၍ လူအတွက် အကျိုးရှိမှုအကြောင်း၊ မေးခွန်း ၂၈ ကို the Heidelberg Catechism က ဤသို့ အဖြေပေးခဲ့ပါသည်၊ "ခက်ခဲသည့်ကာလ၌ သည်းခံခြင်းရှိစေရန်၊ အဆင်ပြေသောကာလ၌ ကျေးဇူးတော် ချီးမွမ်းတတ်စေရန်၊ ဖြစ်လာမည့် အရာခပ်သိမ်းအမှု၌ ကျွန်ုပ်တို့၏ သစ္စာရှိသော အဖဘုရားအား ယုံကြည်ကိုးစားခြင်းရှိလျက်၊ ထိုဘုရား၏ချစ်ခြင်းမေတ္တာတော်မှ ဘယ်အရာကမျှ မခွဲမခွါစေရန်ဖြစ်ပါသည်။ ဖန်ဆင်းထားသောအရာတိုင်းသည် ဘုရားသခင်၏လက်တော်၌ ရှိကြသည်ဖြစ်၍၊ ဘုရားသခင်၏ အလိုတော်မရှိဘဲ မလှုပ်ရှားနိုင်ကြပါ။" ဤဘုရားသခင်၏လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း တရားသည် ကျွန်ုပ်တို့၏ယုံကြည်ကိုးစားခြင်းကို ဘုရားသခင်တပါးတည်းအပေါ် တည်စေလျက်၊ တည်ကြည် ခိုင်ခံ့ မြဲမြံစေပါသည်။

"*<u>ကိုယ်အမှုအရာကို ထာဝရဘုရား၌ အပ်လော့။ ကိုယ်တော်ကို ကိုးစားလော့။ သို့ပြုလျှင် စီရင်တော်မူမည်</u>*" (ဆာလံ ၃၇း၅-၆)။ ဘုရားသခင်အကြောင်း သိတော်မူခြင်းနှင့် လမ်းပြကွယ်ကာ ပြုစုစောင့်ရှောက်တော်မူခြင်းအကြောင်း သိခြင်းအားဖြင့်၊ ကျွန်တော်တို့၏ ဘဝအမြင်သည် ပြောင်းလဲခြင်းရှိလျက်၊ အထူးသဖြင့် လူဆိုးများ ကောင်းစားခြင်းနှင့် (ထင်မှတ်စရာ) မကောင်းမှု၏ အနိုင်ယူခြင်း စသည့်အကြောင်းကို ဘောပေါက်ခဲ့ရပါသည်။ ဆာလံ ၃၇း၃-၇ ထဲ၌တွေ့ရသော၊ ယုံကြည်ကိုးစားဖို့ သုံးကြိမ် တိုက်တွန်းခြင်းက ဘဝ၌ဖြစ်ပျက်သောအကြောင်းအရာအပေါ် ကျွန်ုပ်တို့ အမြင်ကို ပြောင်းလဲစေမည်ဖြစ်ပါသည်။ ထိုဘုရားသခင်၏ကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်း အမှု၌ ကျွန်တော်တို့၏တုန့်ပြန်မှု လိုအပ်ပါသည်။ ထိုတုန့်ပြန်မှုသည် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ဆက်ဆံမှုအပေါ်၌ မူတည်ပါသည်။ ထိုဆက်ဆံမှုသည် ဖြစ်ပျက်ကြုံတွေ့နေသော အခြေအနေ အပေါ်၌ အခြေမခံဘဲ၊ ဘုရားသခင်၏ဂုဏ်တော်ကို သိခြင်း၊ ပြုတော်မူသောအမှုကို သိခြင်းအမှု၌ အခြေခံရပါမည်။ ဆာလံ ၃၇ က ကျွန်ုပ်တို့အား၊ ဘုရားသခင်ကို ကိုးစားဖို့ရန်၊ မိမိ၏ တာဝန်ဝတ္တရား ကိုသိလျက်၊ ဘုရားသခင်ထံ ဆက်ကပ်ရန်၊ ဘုရားသခင် ရှေ့၌ ကောင်းသောအမှုကို အစဉ် ဆောင်ရွက် ဖို့ရန် တိုက်တွန်းထားပါသည်။ ဘုရားသခင်သည် မိမိအစီအစဉ်၊ နည်းလမ်း၊ အလိုတော်နှင့် မိမိအချိန်၌ အမှုပြုတော်မူ၏။ ထို့ကြောင့်၊ ကျွန်တော်တို့သည် ထာဝဘုရားကို စိတ်ရှည်စွာ စောင့် ဖို့လိုပါသည် (ဆာလံ ၃၇း၇၊ ၄၀း၁)။ ထိုသို့စောင့်စဉ်၊ အစဉ် ဆုတောင်းနေဖို့ လိုပါသည် (ဆာလံ ၃း၄၊ ၁၈း၆၊ ၅၅း၁၇၊ ၇၇း၁၊ ၈၈း၉၊ ၁၁၆း၁)။ ဘုရားသခင်သည် မိမိ၏အကြံစည်တော်နှင့် အစီအစဉ် တိုင်း ကျွန်ုပ်တို့အတွက် အမှုပြုတော်မူကြောင်းကို ကျွန်တော်တို့ ယုံကြည်ကိုးစားခြင်းရှိရပါမည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့၏ "အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်းပြုစုကြသည်" (ရောမ ၈း၂၈) ကို သိကြ၏။

**ဆင်ခြင်ရန်** - (ရောမ ၈း၃၁ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** (ဆာလံ ၂၇း၇ ကို ဖတ်ပါ)။

**ယေရမိ ၂၇း၁-၁၃**


*"... တိုင်းနိုင်ငံ ရှိသမျှကို ... ထားဘေး၊ မွတ်သိပ်ခြင်းဘေး၊ ... ဖြင့် ငါအပြစ်ပေးမည်"*

# လမ်းပြကွယ်ကာ ပြုစုစောင့်ရှောက်တော်မူခြင်း သင်ခန်းစာများ (၃)

လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်းအကြောင်း၊ မေးခွန်း ၂၇ ကို the Heidelberg Catechism က ဤသို့ အဖြေပေးခဲ့ပါသည်၊ "အနန္တတန်ခိုးရှင်၊ နေရာတိုင်းရှိတော်မူသော ဘုရားသခင်၏တန်ခိုးတော်၊ လက်တော်အားဖြင့်၊ ကောင်းကင်၊ မြေကြီးနှင့် ဖန်ဆင်းသမျှအရာအားလုံးကို စောင့်မ အုပ်စိုးတော်မူ၏။ ထို့ကြောင့်၊ မြက်ပင် စားပင်များ၊ မိုး နှင့် မိုးခေါင်ခြင်း၊ အစာပေါ်များခြင်းနှင့် ခေါင်းပါးခြင်းကာလ၊ စားစရာနှင့်သောက်စရာ၊ ကျန်းမာခြင်းနှင့် နာမကျန်းဖြစ်ခြင်း၊ ကြွယ်ဝချမ်းသာခြင်းနှင့် ဆင်းရဲခြင်း၊ အရာခပ်သိမ်းတို့သည် အလိုအလို ဖြစ်လာကြသည် မဟုတ်ပါ၊ ခမည်းတော်ဘုရား၏လက်တော်အားဖြင့် ဖြစ်လာခြင်း ဖြစ်ပါသည်။" ထို့ကြောင့်၊ ဤလမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်းက ဘုရားသခင်သည် မိမိဖန်ဆင်းထားသောအရာအားလုံးအပေါ်၌ အမိန့်ပေးရန်၊ လမ်းပြပို့ဆောင်ရန်၊ မိမိဘုန်းတော်အတွက် မိမိအလိုတော်အတိုင်း အသုံးပြုရန် အဆုံးစွန် အာဏာရှိတော်မူကြောင်း အတည်ပြုခဲ့ပါသည်။

"*<u>ငါသည် မဟာတန်ခိုးနှင့် လက်ရုံးကို ဆန့်လျက်၊ မြေကြီးကိုငှင်း၊ မြေကြီးပေါ်မှာရှိသောလူနှင့် တိရစ္ဆာန်တို့ကိုငှင်း ဖန်ဆင်းသည်ဖြစ်၍၊ ငါသည် ပေးလိုသော သူတို့အား ပေး၏</u>*" (ယေရမိ ၂၇း၅)။ အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသော ဘုရားသခင်၏ တန်ခိုးတော်၊ ဉာဏ်တော်နှင့် စွမ်းအားကိုပင် ဘုရားသခင်သည် ထိုအရာခပ်သိမ်းကို ထိန်းသိမ်း အုပ်စိုးတော်မူခြင်းအမှုအတွက် အသုံးပြုတော်မူ၏။ ယေရမိက "ဆန့်ထုတ်သော လက်ရုံးတော်" ဟု တရားဟောရာကျမ်း ၂၆း၈ ထဲကကဲ့သို့ အသုံးပြုခဲ့ပါသည် (ယေရ ၂၁း၅)။ ယေရမိက လူမျိုးများအား လူတို့၏နိုင်ငံများကို ဘုရားသခင်၏ ကွယ်ကာပြုစုစောင့်ရှောက်ခြင်း လက်တော်အားဖြင့် ပေးခြင်းခံရသော၊ နေဗုခဒ်နေဇာကို နာခံကြရန် တိုက်တွန်းလျက်၊ ပေးထားသော ရှုပါရုံ၊ "အကြောင်းမူကား၊ အမြင့်ဆုံးသော ဘုရားသည် လောကီနိုင်ငံကို အုပ်စိုးတော်မူသည်ကိုငှင်း၊ ပေးလိုသောသူတို့အား ပေးတော်မူသည်ကိုငှင်း၊ ... သစ်ပင်စောင့်တို့သည် ဤသို့စီရင်ကြပြီ။ သန့်ရှင်းသူတို့သည် အမိန့်တော်ကို ပေးကြပြီ" (ဒံယေလ ၄း၁၇) ကို အတည်ပြုခဲ့ပါသည်။ William G. T. Shedd ကလည်း ဤသို့အတည်ပြုခဲ့ပါသည်၊ "သမ္မာကျမ်းစာအရ၊ ကွယ်ကာထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ထူးခြားလှသော ဘုရားသခင်က ဖန်ဆင်းတော်မူသောအရာများအပေါ်၌ သူတို့၏သဘောသဘာဝနှင့်အညီ တိုက်ရိုက်ပြုတော်မူသော အမှုဖြစ်ပါသည်။ လူ့ပိုင်ဆိုင်မှု ပစ္စည်းဥစ္စာများအကြောင်း၌လည်း ထိုအရာများနှင့်သက်ဆိုင်သည့် ဥပဒေများအားဖြင့် ဘုရားသခင် အမှုပြုတော်မူ၏။ စိတ်ပိုင်းဆိုင်ရာလောကတွင်၊ လူ့အတွေးအခေါ် ဉာဏ်များအားဖြင့် အမှုပြုတော်မူ၏။ ဤထိန်းသိမ်းစောင့်ရှောက်မှုသည် ဖန်ဆင်းသောအရာများကို ဆန့်ကျင်ခြင်း မပြုပါ။ ဘုရားသခင်သည် ဤအမှုကို ဆောင်ရွက်သောအခါ ဖန်ဆင်းခြင်း၌ မိမိ တည်စေသော ရည်ရွယ်ချက်ကို ချိုးဖောက်တော် မမူ။"

**ဆင်ခြင်ရန်** - (တမန် ၁၇း၂၈ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** (ဆာလံ ၃၁း၁-၅ ကို ဖတ်ပါ)။

*"ငါတို့သည် ဘုရားသခင်၏လက်တော်မှ သုခချမ်းသာကို ခံယူသည်ဖြစ်၍ ဒုက္ခဆင်းရဲကို မခံယူရာသလား"*

## လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ဆုံးဖြတ်ချက်နှင့်အခြေအနေ (၅)

ထိုဆုံးဖြတ်ချက်ချပြီးနောက်တွင် အတူတကွ ငြိမ်သက်စွာ ခရီးဆက်ခဲ့ကြဟု ထင်ရပါသည်။ ဤသို့ဖြင့် ဗက်လင်မြို့ရောက်သောအခါ မည်သို့သော အခြေအနေက ဆီးကြိုနေမည်ကို သေချာ မသိဘဲ၊ ခရီးဆက်ခဲ့ကြပါသည်။ ထို့နောက် လမ်းခရီး၌ ထိုသို့ငြိမ်သက်ခဲ့သော်လည်း၊ ဘဝ အခက်အခဲ အတွေ့အကြုံများကို ရောက်သောအခါ ဖွင့်ဟဖော်ပြခဲ့ပါသည်။ ထိုဘဝအခက်အခဲများကို နောမိက စကားလုံးဖြင့် ဖော်ပြခဲ့၏။

"<u>*နောမိဟု မခေါ်ပါနှင့်။ မာရ ဟူ၍ ခေါ်ပါ*</u>" (ရုသ ၁း၂၀)။ နှစ်ပေါင်းများစွာ ကြာပြီးနောက်၊ အဆက်အသွယ်မရှိ နောမိ ရောက်လာခြင်းက တမြို့လုံးကို အုတ်အုတ်ကျက်ကျက် ဖြစ်စေခဲ့ပါသည်။ ထိုကြာမြင့်သော အချိန်အတွင်း ကြုံတွေ့ခဲ့ရသောအရာများကို နောမိက စကားလုံးဖြင့် ဖော်ပြခဲ့၏။ သို့ပြောသောစကားနှင့် မြင်ရသည့် ပြောင်းလဲသောအခြေအနေက ဗက်လင်မြို့ မိန်းမများကို ပြောစရာစကားရှိစေခဲ့၏။ ပြောင်းလဲမှုကား၊ နောမိ၏စကားအရ ပျော်ရွှင်ခြင်းမှခါးသီးခြင်းဖြစ်၍၊ ထိုသို့ ဖြစ်ပျက်ခြင်းကို နောမိသည် မောဘပြည်၏ဘုရားများကြောင့် မဟုတ်ဘဲ၊ ဘုရားသခင်၏ လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်းတရားကြောင့် ဖြစ်သည်ဟု ဖော်ပြခဲ့ပါသည်။ မှန်ပါ၏၊ ဘဝ၏ အခြေအနေ အပေါင်းတို့သည် ထိုဘုရားသခင်၏လက်တော်ကို ဖော်ပြလျက်ရှိပါသည်။ ယောဘ ဖော်ပြသကဲ့သို့ ဘုရားသခင်ကို ယုံကြည်ကိုးစားသောသူတို့သည် ထိုဘုရားသခင် အလိုတော်နှင့် အခွင့်တော်အောက်၌ အရာအားလုံးကို လက်ခံ ကျော်ဖြတ် ရမည်ဖြစ်ပါသည်။

"<u>*ငါသည် ကြွယ်ဝ ပြည့်စုံလျက် ထွက်သွား၏။ . . . ဆင်းရဲလျက် . . . ထာဝရဘုရားသည် ငါ့ကို ပို့ပြန်တော်မူပြီ*</u>" (ရုသ ၁း၂၁)။ ဤအချက်တွင် အဘယ်သင်ခန်းစာ ကျွန်တော်တို့ သင်ယူရပါသနည်း။ ပျောက်သောသား ထွက်သွား၍ ပြန်လာခြင်းအကြောင်း စိတ်ထဲသို့ ပေါ်လာပါသလား။ ထာဝရဘုရားသည် ဘဝ၏ခါးသီးသော အတွေ့အကြုံများကို အသုံးပြုလျက် ကျွန်တော်တို့ အိမ်ပြန်သင့်ပြီ ဆိုသည့် အသိတရား ပေးတော်မူသည် မဟုတ်လော။ ဘာမှ ပါမလာဘဲ အိမ်ပြန်လာလျှင်လည်း ကျွန်တော်တို့ကို ဆီးကြိုမည့်သူ ရှိသည် မဟုတ်လော။ ထာဝရဘုရားသည် ကျွန်တော်တို့ကို ချစ်တော်မူလျက်၊ ဘာမှ မရှိသော ကျွန်တော်တို့ကို အိမ်သို့ ပြန်သွားဖို့ရန် နိုးဆော်တော်မူကြောင်း သိမှတ်ခြင်းဖြင့်၊ ထိုဘုရားသခင်၏ လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်းတည်းဟူသော ဆုံးမခြင်း လက်တော်ကို အလေးထားလျက် ကျွန်တော်တို့ မြန်မြန်ပြန်သွား သင့်သည် မဟုတ်လော။

**ဆင်ခြင်ရန်** - (ဟေဗြဲ ၁၂း၇၊ ၁၁ ကို ဖတ်ပါ)။

**ဆုတောင်းချက်** - အို အဖဘုရား၊ ကိုယ်တော်ထံမှ လမ်းလွဲသောအခါ အလျင်အမြန် ပြန်လာမည် အကြောင်း မစသနားတော်မူပါ။

## လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ဆုံးဖြတ်ချက်နှင့်အခြေအနေ (၆)

"ဘုရားသခင်၏ဆုံးမခြင်း နှင်တံသည် 'ကြံချောင်း' ဖြစ်ပါသည်။" လမ်းပြကွယ်ကာ ပြုစုစောင့်ရှောက်တော်မူခြင်းတရားတွင် အဖြစ်အပျက်၊ လှုပ်ရှားမှု၊ အခြေအနေ အပြင်၊ အချိန်အခါလည်း ပါဝင်ပါသည်။ ထာဝရဘုရားသည် ဖျက်ဆီးဖို့ရန် မဟုတ်ဘဲ၊ ပြုပြင်လျက် ပြန်လည် နိုးကြားစေဖို့ရန် ဆုံးမတော်မူခြင်း ဖြစ်ပါသည်။ ထို့ကြောင့်၊ နာကျင်ခြင်း ခံရသော်လည်း ပျော်ရွှင်ခြင်း ထွက်ပေါ်လာမည်ဖြစ်ပါသည်။

"*<u>မုယောစပါးကို ရိတ်စ ကာလ၌ ဗက်လင်မြို့သို့ ရောက်ကြ၏</u>*" (ရုသ ၁း၂၂)။ ရုသအခန်းကြီး ၁ ၏အကြောင်းအရာများကို ဘယ်အချိန်ကာလ၌ ဖြစ်ပျက်သည်ကို အဆုံးသတ်ကျမ်းပိုဒ်က ဖော်ပြခဲ့ပါသည်။ ဘဝ၏အချိုးအကွေ့ အဖြစ်အပျက်အားလုံးတို့သည် ဘုရားသခင်စီစဉ်တော်မူသော ချိန်းချက်သည့် အချိန်ကာလ၌ ဖြစ်ပျက်ခဲ့ကြပါသည်။ ကျွန်ုပ်တော်တို့ မစီစဉ်ဘဲ၊ မရည်ရွယ်ဘဲလျက်၊ အချို့သည် ဖြစ်ပျက်၍၊ အချို့သည် ကြိုးစား စီစဉ်သော်လည်း မဖြစ်ခဲ့ဘဲ ရှိပါသည်။ သို့သော်လည်း၊ အရာရာတိုင်းသည် ကျွန်ုပ်တော်တို့အကျိုးအတွက် သင့်တော်သော အချိန်၌ဖြစ်ပျက်ကြခြင်းဖြစ်ပါသည်။ နောမိနှင့် ရုသတို့သည်လည်း ဗက်လင်မြို့သို့ "မုယော စပါး ရိတ်စကာလ၌" ရောက်အောင်သွားမည်ဟု ကြံစည် ဆုံးဖြတ်ခဲ့ခြင်း မဟုတ်ကြောင်း သိနိုင်ပါသည်။ သို့သော်လည်း သူတို့ရောက်လာသောအချိန်သည် သင့်တော်သောအချိန်ဖြစ်ကြောင်း ကျန်အဖြစ်အပျက်များက ဖော်ပြလျက်ရှိပါသည်။ အခြားအချိန်၌ ရောက်လာခဲ့ကြပါလျှင် ဖြစ်ပျက်မည့်အကြောင်းအရာသည် မည်သို့ဖြစ်ခဲ့မည်ကို လူ့အနေဖြင့် မသိနိုင်ပါ။

လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်းသည် ဘုရားသခင်ပြုတော်မူသောအမှုဖြစ်ပါသည်။ ဤကမ္ဘာလောကကြီးကို အုပ်စိုးလျက် အစဉ်ကွယ်ကာထိန်းသိမ်းတော်မူ၏။ ထိုအမှုကို မိမိ၏အဆုံးစွန်အာဏာတော်ဖြင့် ဆောင်ရွက်သော်လည်း၊ လူ့တာဝန်ဝတ္တရားကိုမူ မပယ်ဖျက်ပါ။ လူ့တာဝန် ဝတ္တရားကို ပို၍လေးနက်စေတော်မူ၏။ ထိုတာဝန်ဝတ္တရားသည် ဘုရားသခင်က လူ့ဘဝကို တန်ဖိုးထားတော်မူလျက်၊ ဖြစ်ပျက်သောအရာများကို အစဉ်စောင့်ကြည့်တော်မူကြောင်း သိနားလည်ခြင်း၌ အခြေခံထားပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တော်တို့ အရေးမကြီးဟု ထင်မှတ်သော အရာများကိုလည်း အသုံးပြုတော်မူလျက်၊ ကျွန်ုပ်တော်တို့အား မိမိကို အားကိုးယုံကြည်ခြင်းရှိပြီး၊ နာခံခြင်းဖြင့် ထိုတာဝန်ဝတ္တရားကို ဆောင်ရွက်ဖို့ရန် တိုက်တွန်းတော်မူ၏။ မုယောစပါး ရိတ်စကာလသည် ရုသနှင့်နောမိ အတွက် နေ့စဉ်ဘဝပြဿနာ၌ မည်သို့ ဘုရားသခင်၏အစီအစဉ်နှင့် လက်တော်ကို ခံစားရဖို့ရန် အချိန်ကာလဖြစ်ခဲ့ပါသည်။ ဘာမှ မရှိဘဲ ရောက်လာခဲ့ကြသော်လည်း၊ သူတို့သည် ဣသရေလလူတို့ထံ ဘုရားသခင်ပေးသနားတော်မူသော ပညတ်ချက်တရားအားဖြင့် ၎င်း (ဝတ် ၁၉း၉-၁၀)၊ သူတို့၏ဆုံးဖြတ်ချက်နှင့် လမ်းခရီးကို အုပ်စိုးတော်မူသော ဘုရားသခင်၏ ကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်းတရားအားဖြင့် အသက်ရှင်ခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - (မသဲ ၁၀း၂၉-၃၁ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** ("ကယ်တင်ရှင် ငါ့ကို လမ်းပြသည်" ဟူသော ချီးမွမ်း သီချင်းစာသားကို အသုံးပြုပါ)။

*“အလိုတော် ရှိသည်အတိုင်း စီရင်ပြုပြင်တော်မူ၏။ လက်တော်ကို အဘယ်သူမျှ မဆီးတားနိုင်”*

# လမ်းပြကွယ်ကာ ပြုစုစောင့်ရှောက်တော်မူခြင်း သင်ခန်းစာများ (၂)

The Westminster Shorter Catechism မေးခွန်း ၈ ၌၊ “ဘုရားသခင်သည် မိမိ၏ အကြံစည်တော်များကို မည်သို့ဆောင်ရွက်ပါသနည်း။ အဖြေမှာ၊ ဘုရားသခင်သည် မိမိ၏ အကြံစည်တော်များကို ဖန်ဆင်းခြင်းအမှုနှင့် လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်းအားဖြင့် ဆောင်ရွက်တော်မူ၏” ဟုတွေ့ရပါသည်။ လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်းက ဘုရားသခင်သည် အကြံအစည်နှင့်အစီအစဉ် ရှိတော်မူသောဘုရားဖြစ်ကြောင်း၊ ထိုမိမိ၏အလိုတော်နှင့်အစီအစဉ်ကို မစုံလင်စေဘဲ မနေကြောင်း ဖော်ပြခဲ့ပါသည်။ ထာဝရဘုရားသည် မိမိအလိုရှိသောအရာကို ပြုတော်မူ၍ အဘယ်သူကမျှ မဆီးတားနိုင်ပါ။

“*<u>လက်တော်ကို အဘယ်သူမျှ မျှဆီးတားနိုင်။ အဘယ်သို့ ပြုသနည်းဟု ကိုယ်တော်ကို ဆိုနိုင်သောသူ မရှိ</u>*” (ဒံယေလ ၄း၃၅)။ နေဗုခဒ်နေဇာ၏အသက်တာသည် အိပ်မက်ထဲ၌ ဘုရားသခင် ဖော်ပြခဲ့သည်အတိုင်း အတိအကျ ဖြစ်လာခဲ့ပါသည်။ ဘုရင်ထံ အကြံပြုစဉ် ဒံယေလသည် ဘုရားသခင်၏ အဆုံးစွန်အာဏာတော်ကို ဆန့်ကျင်ခြင်း မပြုမိအောင်အထူး သတိပြုခဲ့ပါ၏။ ဒံယေလသည် ရှင်ဘုရင်အား မိမိကျင့်ကို ပြောင်းလဲဖို့ရန် တိုက်တွန်းသော်လည်း၊ ဘုရားသခင်၏ အကြံစည်တော် ပြောင်းလဲမည်ဟု ဂတိမပေးခဲ့ပါ။ သူက၊ “ထိုသို့ပြုလျှင်၊ ချမ်းသာရကောင်း ရတော်မူလိမ့်မည်” (ဒံယေ ၄း၂၇)၊ ရှင်ဘုရင်သည်၊ “ကောင်းကင်ဘုံသည် အုပ်စိုးကြောင်း” (ဒံယေ ၄း၂၆) သိမှတ်ရမည်၊ အကြောင်းမှာ၊ “အမြင့်ဆုံးသောဘုရားသခင် စီရင်တော်မူ၍၊ အရှင်မင်းကြီး အပေါ်၌ ရောက်ရသော မြင်မက်တော်မူချက်၏ အနက်ဟူမူကား” (ဒံယေ ၄း၂၄) ပြောင်းလဲ၍ မရပါဟု ပြောဆိုခဲ့ပါသည်။

“*<u>သင်တို့သည် ကျွန်ုပ်ကို ညှဉ်းဆဲမည် ကြံကြသော်လည်း၊ ဘုရားသခင်သည် . . . ကျေးဇူးပြုမည် ကြံတော်မူ၏</u>*” (ကမ္ဘာ ၅၀း၂၀)။ ယောသပ်၏အစ်ကိုတို့သည် သူ၏အိပ်မက်ကို အကောင်အထည် မဖော်နိုင်ဖို့ရန် သူ့ကို မိဒျန်အမျိုးသားများထံ ရောင်းခဲ့ကြပါသည်။ သို့သော်လည်း ထိုအမှုသည် အိပ်မက်ကို မဆန့်ကျင်ဘဲ၊ အိပ်မက်အတွက်ဖြစ်ခဲ့ပါသည်။ သူတို့၏အစအဦးရည်ရွယ်ချက်မှာ၊ “ကိုင်ကြ။ သူ့ကို သတ်၍ တစုံတခုသော တွင်းထဲသို့ ချပစ်ကြစို့။ . . . ထိုသို့ပြုလျှင်၊ သူ၏အိပ်မက်တို့သည် အဘယ်သို့ နေရာကျမည်ကို ကြည့်ကြစို့” (ကမ္ဘာ ၃၇း၂၀) ဟူ၍ ဖြစ်၏။ သူတို့ပြုသောအမှုသည် ဘုရားသခင်၏အစီအစဉ်ကို မဆီးတားနိုင်ပါ။ သူတို့၏ မနာလိုသောစိတ်ကို ဘုရားသခင်သည် မိမိ၏ရည်ရွယ်ချက် ပြည့်စုံစေဖို့ရန် အသုံးပြုတော်မူခဲ့သောကြောင့်၊ ယောသပ်သည် သူတို့၏ဖခင် သေဆုံးပြီးနောက်တွင်၊ အစ်ကိုတို့ကို နှိမ့်သိမ့်လျက်၊ အတိတ်ကို ဘုရားသခင်က အုပ်စိုးတော်မူခဲ့ကြောင်းနှင့် ဘုရားသခင်၏အစီအစဉ်ထဲ၌ရှိခဲ့သည်ဖြစ်ကြောင်း ပြောပြပြီး၊ သူတို့အား အဘယ်ဒုက္ခမှ ပေးလိုခြင်း မရှိကြောင်း ဆိုခဲ့ပါသည်။

**ဆင်ခြင်ရန်** - ယုံကြည်ဖို့ခက်သော်လည်း၊ ဘုရားသခင်သည် မိမိ၏အစီအစဉ်အတိုင်း အမှုပြုတော်မူလျက်ရှိပါသည်။

**ဆုတောင်းချက်-** (ဆာလံ ၇၃း၂၅-၂၆)။

*"လူသည် မိမိသွားရာလမ်းကို စိတ်ထဲမှာ ကြံစည်၏။ သို့သော်လည်း သူ၏ခြေရာတို့ကို ထာဝရဘုရား စီရင်တော်မူ၏"*

## လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်း သင်ခန်းစာများ (၁)

လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်းကို the Westminster Larger Catechism အရ ဤသို့ အနက်ဖွင့်ဆိုထားပါသည်၊ "ဘုရားသခင်၏ လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်း အမှုသည် သူ၏အသန့်ရှင်းဆုံးသော၊ ဉာဏ်ပညာနှင့်တန်ခိုးတော်အားဖြင့်၊ ဖန်ဆင်းထားသော အရာ အားလုံး . . . နှင့် သူတို့ပြုသောအမှုအားလုံးကို အုပ်စိုးခြင်း၊ ထိန်းသိမ်းကွယ်ကာခြင်းဖြစ်၏။" ထို့ကြောင့်၊ လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်းသည် ဘုရားသခင်က မိမိ၏သန့်ရှင်းသော၊ ပညာရှိသော အနန္တတန်ခိုးတော်အားဖြင့် ပြုသောအမှုဖြစ်ပါသည်။ ထိုအမှုတွင်၊ ကွယ်ကာထိန်းသိမ်းခြင်းနှင့် အုပ်စိုးခြင်းတို့ပါဝင်ပါသည်။ ထို့ကြောင့်၊ ဘုရားသခင်၏ကွယ်ကာစောင့်ရှောက်ပြုစုတော်မူခြင်းကို ဤသို့ သဘောပေါက်ရပါမည်၊ ဘုရားသခင်၏ အစီအစဉ်အတိုင်း အရာခပ်သိမ်း ပြည့်စုံစေဖို့ရန် ဖြစ်ပျက်သောအရာတိုင်းကို ကွယ်ကာလမ်းပြလျက် စုံလင်စေခြင်းဖြစ်ပါသည်။

"*<u>ထာဝရဘုရားသည် ခပ်သိမ်းသောအရာတို့ကို ကိုယ်တော် အဘို့ . . . ဖန်ဆင်းတော်မူ၏</u>*" (သု ၁၆း၄)။ ဖြစ်ပျက်သောအရာတိုင်း၌ ရည်ရွယ်ချက်ရှိပါသည်။ စီစဉ်သည်ဖြစ်စေ၊ မစီစဉ်သည် ဖြစ်စေ၊ ဖြစ်ပျက်သောအမှု သေးစိတ်ကအစ ဘုရားသခင်၏ထိုကွယ်ကာစောင့်ရှောက်ပြုစုတော်မူခြင်း လက်တော်အောက်၌ ဖြစ်ပျက်ကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဖြစ်ပျက်သောအရာတိုင်းသည် ဘုရားသခင်၏အစီအစဉ်ကို မဆန့်ကျင်နိုင်၊ အစီအစဉ် မဟုတ်သောအရာ မဖြစ်ပျက်နိုင်ဟု ဆိုနိုင်ပါသည်။ ထို့နောက်၊ ကိုယ်စီပြုသောအမှုနှင့်ဖြစ်ပျက်သောအရာတိုင်းသည် ဘုရားသခင်၏ဂုဏ်တော်ကို မယုတ်လျော့စေနိုင်ပါ။ ထို့ကြောင့်၊ သု ၁၆း၄ တွင်၊ "မတရားသောသူတို့ကိုလည်း" ပါဝင်စေခဲ့ပါသည်။ သု ၁၆း၁-၉ ထဲတွင်၊ ဘုရားသခင်၏ ပဋိညာဉ်နာမကို အကြိမ်ကြိမ် ဖော်ပြခဲ့ပါသည်။ ထို့ကြောင့် သမိုင်းသည် ဘုရားသခင်၏လက်ရာတော်ပင်ဖြစ်ပါသည်။ ရုသဝတ္ထု၌ ဘုရားသခင်၏ လက်တော်ပြုသောအမှုကို မြင်တွေ့နိုင်ပါသည်။ ထိုနည်းတူ၊ သမ္မာကျမ်းစာ၏ ကျမ်းတိုင်း၌ မြင်တွေ့နိုင်ပါသည်။ ထာဝရဘုရား၏နာမကို တကြိမ်မျှ ဖော်ပြခြင်း မခံရသော၊ ဧသတာဝတ္ထုသည်ပင် ဘုရားသခင်၏ လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း အကြောင်းပင်ဖြစ်ပါသည်။

"*<u>ယခုအမှုကို ဆောင်ဘို့ရာ သင်သည် မိဖုရား အရာကို ရသည်ဟု ထင်စရာ ရှိသည် မဟုတ်လော</u>*" (ဧသတာ ၄း၁၄)။ ဘုရားသခင်၏ကွယ်ကာပြုစုခြင်းလက်တော်သည် အမှုနှစ်ခု၊ ထိန်းသိမ်းခြင်းနှင့်အုပ်စိုးခြင်းအမှုကို ပြုပါသည်။ ထိုအချက်ကို မော်ဒကဲက ဧသတာမှု၌ ကောင်းကောင်း သိမြင်ခဲ့ပါသည်။ ဘာဘဲဖြစ်ဖြစ်၊ ဧသတာ ဘုရင်မဖြစ်လာခဲ့ခြင်းအမှုသည် ဘုရားသခင်၏ ကွယ်ကာပြုစုစောင့်ရှောက်ခြင်းလက်တော်ကြောင့် ဖြစ်ပါသည်။ မော်ဒကဲက ယခုကဲ့သို့ ဘုရင်မ ဖြစ်ရခြင်း၏ရည်ရွယ်ချက်သည် ကြုံတွေ့ရသော လက်ရှိအခက်အခဲအတွက် ဖြစ်နိုင်သည်ဟု ထောက်ပြခဲ့ပါသည်။ အမှန် ဖြစ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - (သု ၁၆း၃ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** (ဖိလိ ၄း၆-၇ ကို ဖတ်ပါ)။

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ဆုံးဖြတ်ချက်နှင့် နေ့စဉ်ကြိုးစားအားထုတ်မှု

ရုသ အခန်းကြီး ၂ က ဓမ္မဟောင်းခေတ် ဣသရေလလူထဲမှ ဆင်းရဲသောသူများ၏ နေ့စဉ်ဘဝအကြောင်းကို ဖော်ပြခဲ့ပါသည်။ ဂတိတော်ပြည်၌ နေထိုင်ခဲ့ကြသော်လည်း၊ ဘဝသည် ခက်ခဲခဲ့ပါသည်။ အမျိုးတိုင်း သူတို့ပိုင်ထိုက်သော အမွေခံရ၍ မိသားစုတိုင်း ပိုင်ဆိုင်မှု ရှိခဲ့ကြသော်လည်း၊ အခြေအနေက အချို့သောသူများကို ဆင်းရဲခက်ခဲစွာ ဘဝကို ဖြတ်သန်းစေခဲ့ပါသည်။ ကျမ်းစာက ဆင်းရဲခြင်းအကြောင်းကို ဖော်ပြသောအခါ၊ မိမိအကျင့်စရိုက်ကြောင့် ဆင်းရဲခြင်း (သု ၁၃း၁၈၊ ၂၀း၁၃၊ ၂၈း၁၉၊ ၂၂) နှင့် မိမိမထိန်းချုပ်နိုင်သော အခြေအနေ အဖြစ်အပျက်၊ ဘုရားသခင်၏ ခွင့်ပြုတော်မူခြင်း အောက်၌ ဆင်းရဲခြင်း ဟူ၍ နှစ်မျိုး ဖော်ပြခဲ့ပါသည်။ ရုသ အခန်းကြီး၌ တွေ့ရသည်မှာ၊ ဧလိမလက်သည် မိမိကြိုးစားနိုင်သလောက် ရုန်းကန်ခဲ့သော်လည်း၊ နောက်ဆုံးတွင် ရုသနှင့် နောမိတို့သည် ဆင်းရဲစွာ ဗက်လင်မြို့သို့ ပြန်လာခဲ့ရ၏။ ဘဝအသက်သည် ပိုင်ဆိုင်သောအရာ၌ မတည်ပါ၊ ထို့ကြောင့် ယေရှုက တပ်မက်ခြင်းကို သတိပြုရန် သတိပေးတော်မူ၏ (လု ၁၂း၁၅)။ ထိုပြည်ရှိ ဆင်းရဲသားများနှင့်ပက်သက်၍ ပေးထားသော လမ်းညွှန်မှုအရ လူ့ဘဝသည် လူ့ကြိုးစားမှု တခုတည်းက မထိန်းချုပ်၊ မအုပ်စိုးကြောင်း တွေ့ရပါသည်။

ဘုရားသခင် ပေးတော်မူသော ထိုလမ်းညွှန်မှုအရ၊ ထိုပြည်ရှိ ဆင်းရဲသားတို့သည် အစားအစာ ထောက်ပံ့ခြင်း ခံရကြမည်ဖြစ်၍၊ ဘုရားသခင်၏ အရာခပ်သိမ်း အုပ်စိုးတော်မူခြင်း အောက်၌ စားသောက် အသက်ရှင်ရကြောင်း တွေ့ရပါသည်။ ထိုလမ်းညွှန်မှုများတွင် ဘုရားသခင်၏လူများတို့သည် အချင်းချင်း လေးစားမှုရှိရန်ဖြစ်ပါသည်၊ (၁) ဆင်းရဲသားထံ ချေးငှါးခြင်း အကြောင်း (ထွက် ၂၂း၂၅-၂၇၊ ဝတ် ၂၅း၂၅၊ တရား ၂၄း၁၂)၊ (၂) တရားမျှတခြင်းအကြောင်း (ထွက် ၂၃း၃-၇၊ ဝတ် ၁၉း၁၅)၊ (၃) ရိတ်သိမ်းခြင်းနှင့်အသက်မွေးဝမ်းကျောင်း အကြောင်း (ထွက် ၂၃း၁၁၊ ဝတ် ၁၉း၁၀၊ ၂၃း၂၂)၊ (၄) ပေးကမ်းခြင်းနှင့် ပူဇော်ခြင်းအကြောင်း (ထွက် ၃၀း၁၅၊ ဝတ် ၁၄း၂၁၊ ၂၇း၈)၊ (၅) အလုပ်နှင့်အလုပ်သမားခိုင်းစေခြင်း အကြောင်း (ဝတ် ၂၅း၃၉၊ ၄၇၊ တရား ၂၄း၁၅) ပါဝင်ပါသည်။ ထို့ကြောင့် နောမိနှင့် ရုသသည် ဘာမှ မရှိဘဲ ဗက်လင်မြို့သို့ ပြန်လာခဲ့ကြသော်လည်း၊ ထိုပြည်အတွက် ဘုရားသခင် ချမှတ်ခဲ့သော ပညတ်တရား၏ စောင့်ရှောက်မှု အအောက်၌ အစားအသောက် ရရှိခဲ့ကြပါသည်။ ထို့ကြောင့်၊ ရုသ အခန်းကြီး ၂ က ဘဝ၏အဖြစ်အပျက်များတွင် ဘုရားသခင်၏ အဆုံးစွန် ထိန်းချုပ် အုပ်စိုးခြင်း အောက်၌ လူ့ပြုရမည့် ဝတ္တရားရှိကြောင်း၊ ထို့ကြောင့် နေ့စဉ် ကြိုးစားအားထုတ်မှု၊ ဆုံးဖြတ်ချက်တို့တွင်၊ "မိမိကိုယ်ကို ကြိုးစားအားထုတ်ခြင်း၌ ဘုရားသခင်၏ထောက်မခြင်း ခံရခြင်းသည် အကောင်းဆုံးသော ထောက်မခြင်း ဖြစ်ပါသည်။"

**ဆင်ခြင်ရန်** - "ယုံကြည်ခြင်းအကြောင်း၌၊ ယုံကြည်လိုသောသူများအတွက် လုံလောက်သော အသိဉာဏ်အလင်း ရှိ၏၊ မယုံကြည်လိုသောသူများအတွက်လည်း မယုံကြည်ဖို့ရန် လုံလောက်သော အမှောင်အဆီးအတား ရှိပါသည်။" (Blaise Pascal)

**ဆုတောင်းချက်-** အဖဘုရား၊ "အကျွန်ုပ် ယုံကြည်ပါ၏ သခင်။ မယုံကြည်သည်ကို မစတော်မူပါ" (မာကု ၉း၂၄)။

**ရုသ ၂း၁-၄**
ရောမ ၈း၂၈

*"ငါတို့သည် . . . ယေရှုခရစ်၌ ပြုပြင်၍ ဖန်ဆင်းတော်မူရာ ဖြစ်ကြ၏"*

# မိမိကိုယ်ကို မစခြင်း၌ ဘုရားသခင်၏ မစတော်မူခြင်း ခံရခြင်းသည် အကောင်းဆုံး မစတော်မူခြင်းဖြစ်၏ (၁)

"ဘုရားသခင်သည် ကောင်းမြတ်တော်မူ၏" ဟူသော စကားစုသည် ခရစ်ယာန် သက်သေခံချက်နှင့် ကျေးဇူးတော် ချီးမွမ်းခြင်းတွင် အမြဲပါဝင်လေ့ရှိပါသည်။ ဘုရားသခင်၏ ဂုဏ်တော်တစ်ခု လည်းဖြစ်ပါသည်။ ဘုရားသခင်၏ဂုဏ်တော်များသည် သူ၏သဘောသဘာဝနှင့် ဖြစ်တည်မှုကို ဖော်ပြပါသည်။ ထို့ကြောင့်၊ ဘုရားသခင်သည် အစဉ်ကောင်းမြတ်တော်မူပါသည်။ ခက်ခဲသောကာလ၌ ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းကို မြင်နိုင်ဖို့ ခက်ခဲတတ်ပါသည်။ သို့သော်လည်း၊ ဘုရားသခင်သည် ဘယ်တော့မှ မပြောင်းလဲပါ။ သူသည် အဘယ်အခြေအနေ၌ မဆို ကောင်းမြတ်တော်မူကြောင်း၊ အဘယ်အဖြစ်အပျက်ဘဲ ကြုံရကြုံရ ဘုရားသခင်၏ လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်း အောက်၌ ရှိကြောင်း သိလာမည်ဖြစ်ပါသည်။

"*နောမိ၏လင် ဧလိမလက်၏အဆွေအမျိုး . . . ပေါက်ဘော် တယောက်ရှိ၏*" (ရုသ ၂း၁)။ ဤအခန်းကြီး အစတွင် ဧလိမလက်၏ ပေါက်ဘော် ဗောဇကို မြင်တွေ့ရပါသည်။ လိုအပ်သောသူများကို ဘုရားသခင်သည် နည်းလမ်းအမျိုးမျိုးဖြင့် မစတော်မူကြောင်း သိစေခြင်းဖြစ်ပါသည်။ အဆွေအမျိုး ပေါက်ဘော်သည် ဆွေမျိုးအတွက်၊ (၁) အပြစ်အတွက်ပေးသောဥစ္စာကို ခံထိုက်သူ (တော ၅း၈)၊ (၂) မိသားစု ပိုင်ဆိုင်မှုကို ထိန်းသိမ်းမည့်သူ (ဝတ် ၂၅း၂၃-၂၈၊ တော ၂၇း၁၁)၊ (၃) ကျွန်အဖြစ်ရောင်းခြင်းခံရသူကို ပြန်ရွေးခွင့်ရှိသောသူ (ဝတ် ၂၅း၄၇-၅၀)၊ (၄) မိသားစုကို စောင့်ရှောက်လျက် မျိုးဆက်ထိန်းမည့်သူ (တရား ၂၅း၅-၇) ဖြစ်ပါသည်။ ဗက်လင်သို့ ပြန်လာသော နောမိသည် ဘုရားသခင်၏ အုပ်စိုးစောင့်ရှောက် ခွင့်ပြုတော်မူခြင်း လက်တော်အောက်၌ ခါးသီးသော ဘဝကို ဖြတ်သန်းခဲ့ပါသည်။ သို့သော်လည်း၊ ထိုလက်တော်ကပင် ဂတိတော်ပြည် ပြန်ရောက်လာသောအခါ၊ အသက်မွေးခြင်း အတွက် ကောင်းကြီးမင်္ဂလာကို ပြင်ဆင်ပေးတော်မူ၏။ ဘုရားသခင် အထူး အသုံးပြုတော်မူမည့် ဗောဇကို ကျွန်တော်တို့တွေ့ရပါသည်။

ဘုရားသခင်သည် မိမိ၏အလိုတော်ကို ဆောင်ရွက်ဖို့ရန် လူသားများကို အသုံးပြုတော်မူ၏။ တရားသူကြီးမှတ်စာတွင် မတူညီသောအချိန်၌ မည်သို့ လူများကို အသုံးပြုကြောင်း ဖော်ပြခဲ့ပါသည်။ အများစုကို ဣသရေလ၏ရန်သူများကို တိုက်ဖို့ရန် အသုံးပြုခဲ့လျက်၊ "ခွန်အားကြီးသောသူရဲ" (တရား ၁၁း၁) ဖြစ်ကြ၏။ ဘုရားသခင်၏ကယ်နှုတ်ခြင်းအစီအစဉ်၌ အသုံးပြုခံဖြစ်သော ဗောဇမူကား "အလွန် ရတတ်သော" (ရုသ ၂း၁) သူဖြစ်ပါသည်။ စစ်တိုက်ဖို့ရန် မဟုတ်ဘဲ၊ သူ့ကို မစ ထောက်ပံ့ခြင်းအမှု ပြုဖို့ရန် အသုံးပြုခဲ့၏။ သူသည် နောမိကို မချည်းကပ်၊ နောမိကလည်း ထိုသို့ မပြုသော်လည်း၊ ဘုရားသခင်သည် မိမိ၏ အံ့ဘွယ်အမှုကို ဖြစ်ပျက်သောအမှုများအားဖြင့် တဖြည်းဖြည်းချင်း ဖော်ပြခဲ့ပါသည်။

**ဆင်ခြင်ရန်** - (မသဲ ၁၀း၂၉-၃၁ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ လမ်းပြကွယ်ကာ ပြုစုစောင့်ရှောက်တော်မူခြင်း သိကျွမ်းခြင်းအားဖြင့်၊ အကျွန်ုပ်ကို ရဲရင့်ခြင်းခွန်အား ပေးတော်မူပါ။

# ရှင်ဘုရင်ဒါဝိတ်၏ မျိုးဆက် (၄)

ဗောဇသည် သာ၍ ရွေးပိုင်သောအမျိုးသားချင်းကို (အသက်ကြီးသူ သက်သေများ ရှေ့၌) ခေါ်သောအချိန်၊ ထိုနံနက် မြို့တံခါးဝ၌ ပေးသော ကောင်းကြီးမင်္ဂလာမှုကား၊ "သင်၏အမျိုးအနွယ်သည် ယုဒမယားတာမာ ဘွားမြင်သော ဖာရက် အမျိုးအနွယ်ကဲ့သို့ ဖြစ်ပါစေသော" (ရုသ ၄း၁၂) ဟူ၍ ဖြစ်ပါသည်။ ဒါဝိတ်၏မျိုးဆက်ကို မသဲ အခန်းကြီး ၁ ကကဲ့သို့ အာဗြဟံမှငင်း၊ ၅ ရာ အခန်းကြီး ၂ ထဲမှ ဣသရေလ (ယာကုပ်) မှငင်း၊ မဖော်ပြဘဲ၊ ဖာရက်မှ ဖော်ပြခဲ့ပါသည်။ စာဖတ်သူများ အပေါ်မူတည်၍ မတူညီသော ဆွေစဉ်မျိုးဆက်ကို ခြားနားသော ရည်ရွယ်ချက်အလိုက် ဖော်ပြတတ်ကြ၏။ ထို့ကြောင့်၊ ရုသ အခန်းကြီး ၄ ၌ ဖာရက်၏မျိုးဆက်ဖော်ပြခြင်းသည် ရုသဝတ္ထုကို အောင်မြင်ခြင်းဖြင့် နိဂုံးချုပ်ခြင်းမှတ်ချက်ဖြစ်ပါသည်။ ဖော်ပြထားသော ကောင်းကြီးမင်္ဂလာသည် ခံစားရသော ကောင်းကြီးမင်္ဂလာဖြစ်ပါသည်။

"*<u>ဖာရက်၏ သားစဉ်မြေးဆက် ဟူမူကား</u>*" (ရုသ ၄း၁၈)။ တာမာ (ဖာရက်၏မိခင်) နှင့် ရုသ (ဩဗက်၏မိခင်) ၏နာမည်များကို ရှင်မသဲ အခန်းကြီး ၁ ထဲမှ ယေရှု ခရစ်တော်၏ ဆွေစဉ်မျိုးဆက် စရင်းတွင် တွေ့ခဲ့ရပါသည်။ ထို့ပြင်၊ စာလမုန်၏ဇနီး၊ ဗောဇ၏မိခင် ရာခပ်၏အမည်ကိုလည်း တွေ့ရပါသည်။ ထို့ကြောင့်၊ ယခု နိဂုံး၌ဖော်ပြသော ဆွေစဉ်မျိုးဆက်သည် ရှင်မသဲ၌ တွေ့ရသော ဆွေစဉ်မျိုးဆက်စရင်း၌ ပါဝင်ကြသည့် တပါးအမျိုးသမီး သုံးယောက်နှင့် ဆက်စပ်မှုရှိ၏။ တာမာသည် အဲဂုတ္တုပြည်သို့ မသွားကြမီအချိန်၊ ရာခပ်သည် ဂတိတော်ပြည် ဝင်ရောက်သိမ်းပိုက်ခြင်းအစ၊ ယေရိခေါမြို့သို့ ဝင်ရောက်သောအချိန်၊ ရုသသည် တရားသူကြီးများ ကာလ၊ လူတိုင်း မိမိအလိုအတိုင်း ကျင့်ကြံနေထိုင်ကြသောကာလဖြစ်ပါသည်။ ထိုမတူညီသော အချိန်ကာလ၌ ဘုရားသခင်သည် မိမိ၏ ကယ်တင်ရွေးနှုတ်တော်မူခြင်း အစီအစဉ်၌ တပါးအမျိုးသားများကိုလည်း ပါဝင်ရသောအခွင့် ကျေးဇူးပေးတော်မူခဲ့၏။ ရုသ၏ပြည်ဖြစ်သော မောဘပြည် (တောထဲ၌ သူတို့နေထိုင်စဉ်) ၌ ဒါဝိတ်၏မိဘနှင့် မိသားစုများသည် ဘုရားသခင်၏ကွယ်ကာလမ်းပြစောင့်ရှောက်ခြင်းကို ခံခဲ့ရကြပါလိမ့်မည် ဟုထင်ရပါသည်။

မတူညီသော လူမျိုးနှစ်မျိုး၊ ဣသရေလနှင့်မောဘအမျိုး၊ ကြွယ်ဝသော လယ်ပိုင်ရှင်နှင့် ဆင်းရဲသော မုဆိုးမတို့ကို ဘုရားသခင်၏ကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်း လက်တော်သည် ဆုံတွေ့စေတော်မူခဲ့၏။ သူတို့ပိုင်ဆိုင်သည့် တူညီသောအရာကား ဝိညာဉ်အကျင့်သီလပင်ဖြစ်ပါသည်။ သူတို့ကို ဘုရားသခင် အသုံးပြုလျက်၊ သူတို့မှ ကြီးမြတ်သော ရှင်ဘုရင်၊ ထိုဘုရင်မှ၊ မေရှိယ ဆင်းသက် လာခဲ့ပါသည်။ Morgan Campbell ဆိုသကဲ့သို့ "ယုံကြည်ကိုးစားခြင်းရှိသောသူများသည် ဘုရားသခင်၏အသုံးတော်ခံများ ဖြစ်ကြပါသည်။"

**ဆင်ခြင်ရန်** - "ယေရှုကိုသာ ကိုးစားယုံကြည်ပါလော့။"
**ဆုတောင်းချက်-** အို အဖဘုရား၊ ခရစ်တော်ကို ပို၍ ကိုးစားမည်အကြောင်း မစတော်မူပါ။

**ရုသ ၄း၁၁-၂၂**
မသဲ ၁း၁-၆

*"ဗောဇသည် မိမိခင်ပွန်း ရုသတွင် မြင်သောသား ဩဗက်"*

# ရှင်ဘုရင်ဒါဝိတ်၏ မျိုးဆက် (၃)

၅ ရာ အခန်းကြီး ၂ ထဲတွေ့ရသော ဆွေစဉ်မျိုးဆက်က ဒါဝိတ်၏ သားစဉ်မြေးဆက်ကို အကျဉ်း ဖော်ပြထားပါသည်။ ဤဆွေစဉ်မျိုးဆက်အားဖြင့် မေရှိယ ဘွားမြင်ရာ ဘိုးဘွားများ အမည်စရင်း၌ ဗောဇနှင့်ရုသ ပါဝင်ခွင့်ပေးတော်မူခြင်းဖြင့်၊ ဘုရားသခင်သည် သူတို့ကို ချီးမြှောက်တော်မူကြောင်း တွေ့ရပါသည်။ ဤဆွေစဉ်မျိုးဆက်သည် ဘုရားသခင်၏ ကယ်တင်ရွေးနှုတ်တော်မူခြင်း အစီအစဉ်ကို ဖော်ပြလျက်၊ မသဲ အခန်းကြီး ၁ ထဲတွင် ပို၍ရှင်းလင်းစွာ ဖော်ပြခဲ့ပါသည်။

"*<u>ဩဗက်သားကား ယေရှဲ၊ ယေရှဲသားကား ဒါဝိဒ်တည်း</u>*" (ရုသ ၄း၁၇)။ ရုသဝတ္ထုကို "Life Applications from Every Chapter of the Bible" ထဲတွင်၊ G Campbell Morgan က ဤသို့ အတိုချုပ် ဖော်ပြခဲ့ပါသည်၊ "ဤဝတ္ထုသည် ရိုးရှင်းသော ကဗျာ အလှဖြင့် နိဂုံးချုပ်ခဲ့ပါသည်။ 'ဗောဇသည် ရုသအား မယားအဖြစ် ယူခဲ့ပါသည်။' နောမိသည် နောက်ဆုံးတွင် စိတ်ချမ်းသာ ခဲ့ရ၏။ သူ၏နာကျင်ခြင်း ဝေဒနာကို မျှဝေခံစားခဲ့ကြသော၊ အမျိုးသားချင်း မိန်းမတို့သည် သူ့ကို နှိမ့်သိမ့်လျက် ချီးကျူးစကား ဆိုခဲ့ကြပါသည်။ ဤဝတ္ထု၌ အမှုကိစ္စကို ရိုးရှင်းစွာ ဖော်ပြခဲ့ပါသည်။ ရွေးကောက်သော လူမျိုးများ၏ သမိုင်း၌ ဘုရားသခင်သည် အမှုပြုတော်မူလျက်၊ သစ္စာမရှိသော အချိန်ကာလ၌ (သူကြီး ၂၁း၂၅)၊ သစ္စာရှိသော သူများအားဖြင့် (ဆာလံ ၄၀း၄)၊ ရှင်ဘုရင် မျိုးဆက်ကို တည်စေတော်မူခဲ့ပါသည်။ တရားသူကြီးများ အချိန်ကာလသည် ဘုရားသခင်၏အုပ်စိုးခြင်း၏ မွန်မြတ်မှုကို သိနားလည် စေဖို့ရန်၊ လူတို့၏ ကျဆုံးမှုဖြင့် လွှမ်းမိုးထားပါသည်။ အပါးတည်းသော ရှင်ဘုရင်ကို ငြင်းပယ်ခဲ့ကြသောကြောင့်၊ သူတို့၌ ရှင်ဘုရင် မရှိခဲ့ကြပါ။ ထိုအခါ၊ သူတို့သည် အခြားလူမျိုးများ နည်းတူ (၁ ရာ ၈း၅၊ ၁၉၊ ၂၀) ရှင်ဘုရင် တောင်းလျှောက်ခဲ့ကြပြီး၊ ခန့်ထားတော်မူသော တယောက်အားဖြင့် နှစ်ပေါင်း လေးဆယ်လုံးလုံး အုပ်စိုးခြင်းခံစဉ်၊ ဘုရားသခင်၏တိုက်ရိုက် အုပ်စိုးခြင်းနှင့် လူ၏ အုပ်စိုးခြင်း ခြားနားမှုကို သင်ယူခဲ့ကြရပါသည်။ ထို့နောက် ဘုရားသခင် စိတ်တော်နှင့် တွေ့သောသူသည် အစိုးရလိမ့်မည် (တမန် ၁၃း၂၂)၊ ထိုသူသည် ထိုမှောင်မိုက်သောကာလ၌ ဘုရားသခင်ကို ကြောက်ရွံ့လျက်၊ နှိမ့်ချသောစိတ်နှင့် ဘုရားသခင်ကို နာခံခဲ့သော ဤလူများမှ ဆင်းသက်သည့် ဒါဝိတ် ဖြစ်ပါသည်။ ဤဝတ္ထုသည် မိမိ၏အလင်းကို အဝေးဆုံးထိ လင်းစေခဲ့ပါသည်။ ရာစုနှစ်များစွာ ကြာလာသောအခါ၊ ဤလူနှစ်ဦး ဗောဇနှင့်ရုသတို့၏ စုံတွဲဇနီးမောင်နှံမှ နာဇရက်မြို့သား၊ ယေရှုတည်းဟူသော၊ လူတို့၏ တပါးတည်းသော ရှင်ဘုရင် ဘွားမြင်လာခဲ့ပါသည်။ သူသည် ဤလူနှစ်ဦးမှ ဆင်းသက်သော အပျိုကညာ မာရိ၌ ဘွားမြင်သောသား ဖြစ်သည်သာမက၊ ဘုရားသခင်၏ သားတော်၊ စုံလင်သောဘုရား ဖြစ်တော်မူ၏။"

**ဆင်ခြင်ရန်** - "ဘုရားသခင်သည် ချစ်ခြင်းနှင့်တန်ခိုးတော်အားဖြင့်၊ လူ့အားနည်းချက်နှင့် ယုံကြည်ခြင်း တို့ကို အသုံးပြုလျက် အမှုပြုတော်မူ၏။

**ဆုတောင်းချက်-** (မာကု ၉း၂၄ ကို ဖတ်ပါ)။

*"... ဘုရားသခင်သည် လူအသီးအသီးတို့အား ယုံကြည်ခြင်းကို ဝေပေးတော်မူသည်နှင့်အညီ၊ ကိုယ်ကို လျောက်ပတ်စွာ ထင်ရမည်"*

# မိမိကိုယ်ကို မစခြင်း၌ ဘုရားသခင်၏ မစတော်မူခြင်း ခံရခြင်းသည် အကောင်းဆုံး မစတော်မူခြင်းဖြစ်၏ (၂)

မိမိကိုယ်ကို မစခြင်း ဆိုသည်မှာ မိမိ၏လိုအပ်ချက်များကို ဖြည့်ဆည်းဖို့ရန် မိမိ တတ်နိုင်သလောက် ကြိုးစားအားထုတ်ခြင်းကို ဆိုလိုပါသည်။ ယနေ့ခေတ်တွင်၊ လောကီဆန်သော၊ ဘုရားတရားကင်းမဲ့သော၊ ပျက်ဆီးခြင်းကို ဖြစ်စေသော မိမိကိုယ်ကို မစကြိုးစားခြင်းကို ဟောပြောခဲ့ကြပါသည်။ ထိုအစိတ်သဘောသည် ဘုရားသခင်ကို မကိုးစားခြင်း၊ မိမိသဘောဖြင့်၊ မိမိအလိုအတိုင်း ကြိုးစားအားထုတ်ခြင်း၊ မိမိကိုယ်ကို စိတ်ချယုံကြည်ကိုးစားခြင်း ဖြစ်ပေါ်စေပါသည်။ ဘုရားသခင်၊ နှုတ်ကပတ်တော်၊ ဆုတောင်းခြင်းနှင့် ကျွန်တော်တို့ အသုံးပြုဖို့ရန် ကျေးဇူးတော်အားဖြင့် ပေးသနားတော်မူသောအရာများကို အလေး မထားခြင်း ဖြစ်စေပါသည်။ ဤသည်ကား၊ မိမိကိုယ်ကို ချီးမြှောက်ခြင်း၊ မိမိကိုယ်ကို ဖျက်ဆီးခြင်း၊ မိမိကိုယ်ကို ချီးမွမ်းခြင်း ပေတည်း။ မိမိလိုအပ်ချက်များ ဖြည့်ဆည်းဖို့ရန် ကြိုးစားအားထုတ်ခြင်းသည် ကောင်းသောအမှု ဖြစ်ပါသည်။ သို့သော်လည်း၊ ထိုသို့ ကြိုးစားအားထုတ်သောအခါ၊ ဘုရားသခင်၏ လမ်းပြကွယ်ကာပြုစုတော်မူခြင်းတရားကို နားလည်လျက်၊ မိမိကိုယ်ကို သိလျက်၊ ထိုဘုရားသခင်၏ အဆုံးစွန်အာဏာတော်နှင့် လူ့တာဝန် ဝတ္တရားကို သိလျက်၊ ဆောင်ရွက် ဖို့လိုပါသည်။

"<u>*မောဘသူ ရှုသက ... နောမိ၌ အခွင့်ပန်လျှင်*</u>" (ရှုသ ၂း၂)။ ကူညီမစသူ မရှိသော မုဆိုးမနှစ်ဦးသည် မိမိကိုယ်ကို ကျွေးမွေးဖို့ရန်၊ စပါးကျန်ကို ကောက်ရန် ဖြစ်လာခဲ့ပါသည်။ ဆင်းရဲသောသူများ အသက်မွေးဖို့ရန်၊ ကျေးဇူးတော်အားဖြင့် ဘုရားသခင် ပေးသနားတော်မူသော ပညတ်တော်ကြောင့် ကျေးဇူးတော်ကို ချီးမွမ်းပါ၏။ ဤဥပဒေက မိမိကိုယ်ကို ကြိုးစား လုပ်ဆောင်ဖို့ တိုက်တွန်းခဲ့ပါသည်။ ထိုသို့ပြုဖို့ရန် ရှုသ ခွင့်ပန်ခဲ့ပါသည်။ သူသည် ယောက္ခမအား၊ "ကျွန်မသည် လယ်ပြင်သို့သွား၍ စိတ်နှင့်တွေ့ သောသူနောက်မှာ စပါးကျန်ကို ကောက်ပါရစေ" ဟု မိမိစိတ်သဘောကို ဖော်ပြခဲ့ပါသည်။ ဘုရားသခင်သည် ကျေးဇူးတော်အားဖြင့် ပြုစုကျွေးမွေးခြင်းနည်းလမ်းကို ပေးတော်မူသော်လည်း၊ လူတို့၏ ယိုယွင်းသော စိတ်သဘောကို ထပ်၍ တွေ့ရပါသည်။ ထို့ကြောင့်၊ ရှုသသည် ကြုံတွေ့နိုင်သော အခက်အခဲကို ကြိုတွေးလျက်၊ မိမိအပေါ် သဘောကောင်းလျက် လိုက်ကောက်ခွင့်ပေးသောသူ၏ လယ်၌ ကောက်မည်ဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။

မိမိကိုယ်ကို မစခြင်းသည် ဘုရားသခင်၏မစခြင်း မရှိဘဲ မရပါ။ တခုခု လုပ်တော့မည် ဆိုသည့်တိုင်၊ ကြုံလာနိုင်သော ဘဝအခြေအနေကြောင့် ကျွန်တော်တို့သည် မိမိ၏ အားနည်းမှုနှင့် ယိုယွင်းမှုကို သတိပြုလျက် ဆုတောင်းခြင်းဖြင့် ချည်းကပ်ဖို့လိုပါသည်။ ဘုရားသခင်၏ကျေးဇူးတော်နှင့် ကရုဏာတော်ကို သိလျက်၊ ထိုဘုရားသခင်၏နှုတ်ကပတ်တော်နှင့် အလိုတော်အတိုင်း ပြုရပါမည်။

**ဆင်ခြင်ရန်** - (ဂလာတိ ၆း၃-၅ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အို အဖဘုရား၊ ကိုယ်တော်နှင့်အတူ သွားလာခြင်းအမှု၌ အကျွန်ုပ်ကို မစတော်မူပါ။

**ရုသ ၂း၁-၃**
ဆာလံ ၃၇း၃-၇

*“ထာဝရဘုရား ရှေ့မှာ ငြိမ်ဝပ်စွာနေ၍ ကိုယ်တော်ကို ငံ့လင့်လော့”*

# မိမိကိုယ်ကို မစခြင်း၌ ဘုရားသခင်၏ မစတော်မူခြင်း ခံရခြင်းသည် အကောင်းဆုံး မစတော်မူခြင်းဖြစ်၏ (၃)

လူသားအပေါ် ဘုရားသခင်၏မစတော်မူခြင်းသည် ဖြစ်ပျက်သောအရာတိုင်း (ထိုအရာအားလုံးသည် ဘုရားသခင်၏အလိုတော်နှင့်အခွင့်တော်အားဖြင့် ဖြစ်ပျက်ကြ၏) အားဖြင့် ရောက်ရှိတတ်ပါသည်။ လူ့ဘဝ၌ ဘုရားသခင်ပြုတော်မူသောအမှုသည်၊ လူသည် ထိုအမှုကိုများအသောအားဖြင့် မမြင်ရသော်လည်း၊ “ကောင်းကျိုးအတွက် အရာခပ်သိမ်းတို့သည် ဖြစ်ပျက်ကြ၏” (ရောမ ၈း၂၈)။ ထို့ကြောင့်၊ ကျွန်ုပ်တို့၏တာဝန်သည်၊ (၁) ဘုရားသခင်၏အလိုတော်ကိုရှာလျက်၊ ထိုအလိုတော်နှင့် ကိုက်ညီအောင် နေထိုင်ရန်၊ (၂) ဖြစ်ပျက်သောအရာအားလုံးသည် ဘုရားသခင်၏ လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း လက်တော်ဖြစ်ကြောင်း သိလျက်၊ လက်ခံနိုင်ရန်၊ (၃) ထိုသို့ဖြင့်၊ မြဲမြံစွာ ရပ်တည်လျက်၊ နှုတ်ကပတ်တော်၌ ဘုရားသခင်ဖော်ပြတော်မူသောအလိုတော်အတိုင်း ကြိုးစားအားထုတ်ရန် တို့ဖြစ်ပါသည်။ ကျွန်တော်တို့သည် မိမိကိုယ်ကို သံသယဝင်၍ ဘယ်အရပ်သို့ သွားရမည်အကြောင်း မသိ ဖြစ် နိုင်သော်လည်း၊ ဘုရားသခင်၏ ဉာဏ်တော်နှင့် တန်ခိုးတော်၊ နှုတ်ကပတ်တော်နှင့် လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်း လက်တော်ကို ဘယ်တော့မှ သံသယ မဝင်ရပါ။

“*ဗောဇပိုင်သော လယ်၌ အမှတ်တမဲ့ နေရာကျ၏*” (ရုသ ၂း၃)။ ဤကျမ်းပိုဒ်က ဘုရားသခင်၏ စောင့်ရှောက်လမ်းပြတော်မူခြင်းလက်တော်နှင့် မစတော်မူခြင်းကို ဖော်ပြလျက်ရှိပါသည်။ မောဘသူ၊ ရုသသည် အဘယ်သို့သွားရမည်ကို မသိသော်လည်း၊ ယောက္ခမ၏ကောင်းကြီးပေးမှုနှင့် ဘုရားသခင်ကို ကိုးစားလျက် သွားခဲ့ပါသည်။ ထိုသို့သွားစဉ်၊ “စိတ်နှင့်တွေ့သောသူ” (ရုသ ၂း၂) အဘယ်သူဖြစ်မည်ကို စဉ်းစားရင်း၊ ဆင်းရဲသားများ အသက်မွေးဖို့ရန် ပေးထားသော ဘုရားသခင်၏ ပညတ်တရားနှင့် မစတော်မူခြင်းကို ကိုးစားလျက်၊ စပါးကျန် ကောက်ဖို့ရန် သွားခဲ့ပါသည်။ ဖော်ပြတော်မူသော ဘုရားသခင်၏ အလိုတော်အတိုင်း၊ ထိုအလိုတော်ထဲ၌ ကြိုးစား လုပ်ဆောင်ဖို့သွားခဲ့ပါသည်။ သေချာ စိတ်ဆုံးဖြတ်ပြီးမှ သွား၍ ဖြစ်လာသမျှသည် ဘုရားသခင် လက်တော်၏ မစတော်မူခြင်းအဖြစ် ယုံကြည်ကိုးစားခဲ့ပါသည်။ ထိုလက်တော်သည် သူမကို လမ်းပြပြုစုစောင့်ရှောက်တော်မူခဲ့ပါသည်။ သူနှင့် သူ့ယောက္ခမ အတွက် နေ့စဉ်လုံလောက်သော အစားအစာကို ရရှိမည့် လယ်သို့ ခေါ်ဆောင်ခြင်းခံရခဲ့ပါသည်။ သူသည် အဘယ်သူ၏ လက်တွဲ ခေါ်ဆောင်ခြင်းကိုမျှ မခံရပါ။ သို့သော်လည်း၊ အဘယ်လူမှ မပေးနိုင်သော အကောင်းဆုံး မစတော်မူခြင်းဖြင့် သွားခဲ့ရပါသည်။ သူသည် ဘုရားသခင်၏ လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်း လက်တော်၏ မစတော်မူခြင်းဖြင့် သွားခဲ့ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - လူသည် ဘဝကို မထိန်းချုပ်ပါ၊ သူတို့နောက်ကွယ်၍ ဘုရားသခင်၏ လက်တော်သည် အမှုပြုတော်မူ၏။

**ဆုတောင်းချက်-** အို အဖဘုရား၊ ဘဝလမ်းခရီး၍ လမ်းပြတော်မူသော မမြင်ရသော ကိုယ်တော်၏ လက်တော်ကို ယုံကြည်ကိုးစားမည်အကြောင်း မစတော်မူပါ။

*“ဗောဇသား ဩဗက်၊ ဩဗက်သား ယေရှဲတည်း”*

# ရှင်ဘုရင်ဒါဝိတ်၏ မျိုးဆက် (၂)

ရုသဝတ္ထုအဆုံးပိုင်း ရောက်လာသောအခါ၊ ဤဝတ္ထုသည် ရုသနှင့် ဗောဇ မိသားစု အကြောင်းဖြစ်သောကြောင့်၊ မေးစရာ မေးခွန်း အနည်းငယ်ရှိပါသည်။ ယခု နိဂုံးတွင်၊ နောမိ အကြောင်းကို အဓိက တွေ့ရပါသည်။ သူငယ် နာမည်မှည့်ခြင်းဖြင့် အဆုံးသတ်ခဲ့ပြီး၊ မည်သို့သော ဘဝကို ဖြတ်သန်းခဲ့ကြောင်း၊ နောမိ အပေါ် ဘယ်အမှုကို ပြုခဲ့ကြောင်း စသည်တို့ မဖော်ပြခဲ့ပါ။ ထိုသူငယ်က နောမိကို ကောင်းကောင်း ပြုစု၍ စိတ်သက်သာရာ ရစေခဲ့ပါသလား။ ဟန္နသည် ရှေမွေလကို မွေးပြီး ဘုရားသခင်ထံ ဗိမာန်တော်သို့ စေလွှတ်ခဲ့ပြီးနောက် သားသမီး မွေးသကဲ့သို့၊ ရုသသည် နောမိ ပြုစုစောင့်ရှောက်သော ဤသားအပြင် အခြားသားသမီးများ မွေးဘွားခဲ့ပါသလား။

“*<u>နောမိသည် သားယောကျ်ားကို ရပြီဟုဆိုလျက်၊ ထိုသူငယ်ကို ဩဗက် အမည်ဖြင့် မှည့်ကြ၏</u>*” (ရုသ ၄း၁၇)။ အိမ်နီးချင်းတို့၏ နာမည်မှည့်ရခြင်းအကြောင်းရင်းကို မဖော်ပြခဲ့သော်လည်း၊ ထိုနာမည် ပေးရခြင်းအကြောင်းကို ဖော်ပြခဲ့ပါသည်။ ထိုသားသည် နောမိအတွက် စိတ်သက်သာရာရဖို့၊ အိုမင်းရင့်ရော်သောအချိန်၌ အထောက်အမ ပြုစုသောသူ ဖြစ်ဖို့ ဖြစ်ပါသည်။ ထို့ကြောင့် ထိုနာမည်သည် ထိုအမှုများကို ဆောင်ရွက်ဖို့ရန် သတိပေးသောနာမည် ဖြစ်ပါသည်။ ထိုနာမည်သည် ဘုရားသခင်၏အလိုတော်နှင့်အမိန့်တော်ကို အဆန့်ကျင်သော၊ ဘုရားသခင်၌ မိဘများအပေါ် သားသမီးများ ပြုရမည့် တာဝန်ဝတ္တရားကို ဖော်ပြသည့်၊ အလွန်အဓိပ္ပါယ်ရှိသည့် နာမည်ဖြစ်ပါသည်။ သုတ္တံကျမ်းထဲတွင်၊ ဘုရားသခင်နှင့်လူတို့ကို ကြောက်ရွံ့ခြင်းမရှိသည့် ခေတ်ကာလ အကြောင်းကို ဖော်ပြခဲ့ပါသည်၊ “အဘကို ကျိန်ဆဲ၍ အမိကိုလည်း ကောင်းကြီးမပေးတတ်သောလူတမျိုး” (သု ၃၀း၁၁)။ ထိုသူတို့သည် ထောင်လွှားမောက်မာ၍ စိတ်နှိမ့်ချခြင်း မရှိကြသောကြောင့်၊ “မော်ကြည့်တတ်သော လူတမျိုး” ဖြစ်၍ ပျက်စီးခြင်းသို့ရောက်ရလိမ့်မည်။ “သူ၏မျက်စိကို ချိုင့်၌ကျင်လည်သော ကျီးအတို့သည် နှိုက်ကြလိမ့်မည်။ ရွှေလင်းတ သငယ်တို့သည်လည်း စားကြလိမ့်မည်” (သု ၃၀း၁၇)။ ထို့ပြင်၊ ကျမ်းစာက နောက်ဆုံးသောကာလ လူတို့၏အကျင့်များကို ဤသို့ဖော်ပြထားပါသည်၊ “လူတို့သည် ကိုယ်ကိုကိုယ် ချစ်သောသူ၊ ငွေကို တပ်မက်သောသူ၊ ဝါကြွားသောသူ၊ ထောင်လွှား စော်ကားသောသူ၊ သူ့ အသရေကို ရှုတ်ချသောသူ၊ မိဘစကားကို နားမထောင်သောသူ၊ ကျေးဇူး မရှိသောသူ၊ သန့်ရှင်းခြင်း မရှိသောသူ” (၂ တိ ၃း၂)။ လူများတို့သည် သားသမီးအပေါ် မိဘ၏ ဝတ္တရား၊ ဇနီးအပေါ် ယောကျ်ား၏ဝတ္တရား၊ ယောကျ်ားအပေါ် ဇနီး၏ဝတ္တရားများကို သိကြသော်လည်း၊ မိဘအပေါ် သားသမီးများ၏ဝတ္တရားကို မသိ၊ မေ့လျော့တတ်ကြပါသည်။ ဩဗက် ဟူသော နာမည်၏ အဓိပ္ပါယ်အတိုင်း၊ တာဝန်ကျေပွန်သော သားသမီးများကို မိဘများ နှစ်သက်ကြပြီး၊ သူတို့သည် မိဘများအတွက် ကောင်းကြီးမင်္ဂလာဖြစ်၍၊ သူတို့သည်လည်း ထာဝရဘုရားထံမှ ကောင်းကြီး မင်္ဂလာ ခံစားကြရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - (သု ၂၃း၂၄-၂၅ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်တို့အား ခရစ်တော်၌ ဆက်ကပ်သော၊ အိမ်၌ တာဝန် ကျေပွန်သော သားသမီးများ ပေးသနားတော်မူပါ။

**ရှုသ ၄း၁၁-၂၂**
လု ၁း၅၇-၆၆

*"ဤသူငယ်သည် အဘယ်သို့သောသူ ဖြစ်လိမ့်မည်နည်း"*

# ရှင်ဘုရင်ဒါဝိတ်၏ မျိုးဆက် (၁)

ရှုသဝတ္ထု၏နိဂုံးတွင် ရှင်ဘုရင်ဒါဝိတ်၏ ဘဝအသက်တာ နိဒါန်းကို တွေ့ရပါသည်။ ရှုသနှင့်ဗောဇ၌ ဘွားမြင်သော ထိုသား ပြုစုစောင့်ရှောက်ခြင်းတာဝန်ကို နောမိက ယူခဲ့ပါသည်။ ထိုနည်းတူ၊ လာရောက်လျက် ထာဝရဘုရားကို ချီးမွမ်းခဲ့ကြသော မိန်းမများက နာမည်မှည့်ခြင်း တာဝန်ကို ယူခဲ့ကြ၏။ ကျမ်းစာထဲရှိ နာမည်မှည့်ခြင်းတွင် မိဘများအတွက် မျှော်လင့်သောအမှု၊ ဆောင်ရွက်မည့်အမှုကို ရည်စူးလျက် သားသမီးကို နာမည်ပေးတတ်ကြကြောင်း တွေ့ရပါသည်။

*<u>"အိမ်နီးချင်းမိန်းမတို့ကလည်း၊ . . . ထိုသူငယ်ကို သြဗက် အမည်ဖြင့် မှည့်ကြ၏"</u>* (ရှုသ ၄း၁၇)။ သားဘွားခြင်းက အမျိုးများ၊ မိတ်ဆွေများနှင့် အိမ်နီးချင်းများကို စုဝေး စေခဲ့ပါသည်။ ယောဟန် ဘွားမြင်ခြင်းအမှုတွင်၊ အိမ်နီးချင်း မိတ်ဆွေများသည် အရေဖျားလှီးခြင်းအမှု၌ စုဝေးခဲ့ကြသည်ဟု ထင်ရပါသည်။ ထို့ပြင်၊ အိမ်နီးချင်း မိတ်ဆွေများက သူငယ်၏နာမည်ကို ပေးခဲ့ကြ၏၊ သူ့အဖေ စကား မပြောနိုင်သောကြောင့်လည်း ဖြစ်နိုင်ပါသည်။ ယခုအမှုတွင်လည်း၊ မိန်းမတို့သည် ခလေး၏နာမည်ကို မှည့်ကြ၏၊ မှည့်ရခြင်းအကြောင်းရင်းကိုမူ မဖော်ပြထားပါ။

သမ္မာကျမ်းစာကို ဖတ်ကြည့်မည်ဆိုလျှင်၊ သားသမီးများနှင့် နေရာများ၏ နာမည်ပေးခြင်း အရေးပါ အကျိုးသက်ရောက်မှုကို တွေ့ရပါလိမ့်မည်။ အာဒံနှင့်ဧဝက သူတို့၏သားသမီးများကို သူတို့မျှော်လင့်ချက်အတိုင်း နာမည်ပေးခဲ့ကြပါသည်။ လောတ၏ သမီးများသည် သောဒုံမှ ထွက်လာပြီး မိမိတို့၏သံသယစိတ်ကို ဖော်ပြလျက် သားများ၏နာမည်ကို မှည့်ခဲ့ကြပါသည်။ နာမည်များသည် ဘဝ၌ ဖြစ်ပျက်သောအရာနှင့် အခြေအနေကို အမှတ်ရဖို့ရန်လည်း မှည့်ခဲ့ကြကြောင်း၊ လေအာနှင့် ရာခေလအားဖြင့် ယာကုပ်၌ ဘွားမြင်သော သားများ နာမည်မှည့်ခြင်းတွင် ထင်ရှားခဲ့ပါသည် (ကမ္ဘာ ၂၉း၃၂-၃၀း၂၄)။ ထို့ပြင်၊ အဆင်းသဏ္ဍာန်အပေါ်အခြေခံလျက် နာမည် မှည့်တတ်ကြပါသည်၊ ဥပမာအားဖြင့်၊ ဧသော (ကမ္ဘာ ၂၅း၂၅)။ ထို့ပြင်၊ မွေးဘွားသောအချိန်၏ အခြေအနေကို အခြေခံလျက် ဖာရက်နှင့် ဇာရာ ကိုလည်း အမည်မှည့်ခဲ့ကြပါသည်။ ထို့ပြင်၊ ဘုရားသခင်ကိုယ်တိုင်က နာမည် မှည့်ခြင်းလည်း ရှိပါသည်၊ ဥပမာအားဖြင့်၊ ဣဇက်၊ ဗတ္တိဇံဆရာ ယောဟန်နှင့် ယေရှုခရစ်တော် တို့ဖြစ်ကြပါသည်။ ထို့ပြင်၊ အာဗြဟံသည် ကမ္ဘာ ၂၂း၁၄၌ မိမိ ယဇ်ပူဇော်သောနေရာကို ဖြစ်ပျက် ကြုံတွေ့သောအမှုနှင့် ကိုက်ညီစွာ နာမည်မှည့်ခဲ့ပါသည်။ ထိုနည်းတူ ယာကုပ်သည်လည်း ဘုရားသခင်နှင့် မိမိတွေ့ခဲ့သောနေရာကို ထိုကဲ့သို့ အမည်ပေးခဲ့ပါသည်။

**ဆင်ခြင်ရန်** - အမည်နာမသည် အလွန်အရေးကြီးသည်ဖြစ်သောကြောင့်၊ ဆင်ခြင်လျက် မှည့်ဖို့လိုပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ အဓိပ္ပါယ်ရှိသော နာမည် ရွေးတတ်ဖို့ရန် ကျွန်ုပ်တို့အား ဉာဏ်ပညာ ပေးသနားတော်မူပါ။

ရုသ ၂း၄-၇
ဆာလံ ၇၇း၃-၇

*"ငါ့အသားသည် မြော်လင့်လျက် ကျိန်းဝပ်လိမ့်မည်"*

## မိမိကိုယ်ကို မစခြင်း၌ ဘုရားသခင်၏ မစတော်မူခြင်း ခံရခြင်းသည် အကောင်းဆုံး မစတော်မူခြင်းဖြစ်၏ (၄)

လူတိုင်းသည် ဘုရားသခင်၏မစခြင်းကို လိုအပ်ကြပြီး၊ လူတိုင်း ကိုလည်း ပေးတော်မူ၏။ ခက်ခဲသောအချိန်၌သာ ဘုရား၏မစခြင်းကို လိုအပ်သည် မဟုတ်ပါ။ ဘဝ၏အဆင်ပြေသောအချိန်၌ပင် ကျွန်ုပ်တို့၏ဘဝကို ကျွန်တော်တို့ထိန်းချုပ် မောင်းနှင်သည် မဟုတ်ပါ။ ဘုရားသခင်၏ လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်း လက်တော်သည် နောမိနှင့် ရုသ အပေါ် ကျရောက်သကဲ့သို့ ဗောဇ ထံလည်း ကျရောက်ပါသည်။

"*<u>ထိုအခါ ဗောဇသည် ဗက်လင်မြို့မှ လာ၍</u>*" (ရုသ ၂း၄)။ ယခုအခါ၊ ဗောဇ ရောက်လာခြင်း အကြောင်းကို တွေ့ရပါသည်။ သူသည် ဧလိမလက်၏ ပေါက်ဘော်၊ ကြွယ်ဝချမ်းသာသောသူဟု ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုတွင်၊ သူသည် အလုပ်ရှင် ကောင်း အဖြစ်တွေ့ရပါသည်။ အလုပ်ရှင်သည် မိမိအိမ်မှုကိစ္စကို သေချာ ကြည့်ရှုပြီးမှ လယ်ပြင်၌ ရိတ်သိမ်းခြင်းအမှုပြုသောသူများကို လာရောက်လေ့လာခဲ့ပါသည်။ သူသည် ကြွယ်ဝချမ်းသာသောသူ ဖြစ်သောကြောင့် ထိုသို့ လာရောက်ကြည့်ရှုခြင်း မပြုဘဲ နေလျှင်လည်း ရပါသည်။ သူသည်၊ "ငြိမ်ဝပ်စွာနေလော့၊ စားသောက်လော့၊ ပျော်မွေ့စွာနေလော့" (လု ၁၂း၁၉) ဟု ဆိုသည့် မိုက်သော သူဌေး ကဲ့သို့ မဟုတ်ဘဲ၊ ကြိုးစားအားထုတ်သောသူ ဖြစ်ပါသည်။ လယ်ထဲသို့ ကိုယ်တိုင် သွားရောက် ကြည့်ရှုခြင်း ပြုခဲ့ပါသည်။

"*<u>ရိတ်သောသူတို့အား ဆိုလျှင်</u>*" (ရုသ ၂း၄)။ သူသည် ဘုရားတရားကို လိုက်စားသောသူ၊ သူတပါးကို စာနာသောသူ လည်းဖြစ်ပါသည်။ ထိုအချက်ကို သူ၏အလုပ်သမားများ နှုတ်ဆက်ခြင်းနှင့်သူတို့၏ တုန့်ပြန်မှု၌ သာ မဟုတ်ဘဲ၊ မိမိ လယ်ကွင်း၌ စပါးကျန် လိုက်ကောက်သောသူများကိုပင် သတိထားခြင်း အမှု၌ ပေါ်လွင်ပါသည်။ သူသည် မိမိလယ်ကွင်း၌ အလုပ်လုပ်သောသူများကို ကောင်းကောင်း သိကြောင်းကို ရုသအား မြင်သောအခါ မသိဘဲ၊ သူစိမ်းတယောက်ဟု သိခြင်း၌ ထင်ရှားလှပါသည်။ အလုပ်သမားအကြောင်းနှင့် ပတ်သက်၍ ကျမ်းစာ ထဲတွင် လမ်းညွှန်ချက် ရှင်းလင်းစွာ ဖော်ပြခဲ့ပါသည် (တရား ၂၄း၁၄-၁၅)။ အလုပ်သမားများအပေါ် အမြတ် မထုတ်စေခြင်းငှါ၊ လိုက်လျှောက်ရမည့် သဘောတူညီမများကို ဖော်ပြခဲ့ပါသည် (ဝတ် ၁၉း၁၃)။

မိမိနှင့် ယောက္ခမ၏အသက်ရှင်ရေးအတွက် အစားအသောက် ရှာဖွေ ထွက်ရှာသော ရုသ၏လမ်းခရီးကို လမ်းပြပြုစုစောင့်ရှောက်တော်မူသော လက်တော်သည် ဗောဇကိုလည်း မိမိ လယ်သို့ သွားလျက် ရိတ်သိမ်းသောသူများကို လိုက်ကြည့်ဖို့ရန် လမ်းပြပို့ဆောင်တော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာ သွန်သင်ချက်တို့သည် ဘဝကို မှန်ကန်စွာ လျှောက်လှမ်းစေလျက်၊ ကောင်းကြီးမင်္ဂလာ ခံစားစေပါသည်။

**ဆုတောင်းချက်-** (ယောဘ ၃၁း၁၃-၁၄ ကို ဖတ်ပါ)။

ရုသ ၂း၄-၇
ဧဖက် ၄း၂၃-၂၈

*“. . . မိမိလက်နှင့် ကောင်းသော အလုပ်ကို လုပ်ဆောင်အားထုတ်စေ”*

# မိမိကိုယ်ကို မစခြင်း၌ ဘုရားသခင်၏ မစတော်မူခြင်း ခံရခြင်းသည် အကောင်းဆုံး မစတော်မူခြင်းဖြစ်၏ (၅)

ဘုရားသခင်၏မစတော်မူခြင်းသည် လူသားအား ဖော်ပြတော်မူသော မိမိ၏အလိုတော်နှင့် ဆန့်ကျင်သောအမှု ပြုစေတော် မမူ။ ဘုရားသခင်သည် ဆင်းရဲသောသူကို ပြုစုကျွေးမွေးတော်မူသော်လည်း၊ အလုပ်ကြိုးစား လုပ်ဆောင်ရမည် ဟူသော သူ၏ပညတ်ချက်ကို ဖယ်ရှားတော် မမူ (သု ၁၀း၄၊ ၁၂း၂၄၊ ၂၇၊ ၁၃း၄)။ စပါးကျန်ကို လိုက်ကောက် ရပါမည်။ ထို့ကြောင့် ဘဝတွင် ခက်ခဲသော ဘယ် အခြေအနေ၌ ဘဲဖြစ်ဖြစ် ကျွန်တော်တို့ ရောက်သည်ဖြစ်စေ ကြိုးစား အားထုတ်ခြင်း မပြုဘဲ၊ ပျင်းရိစွာ နေဖို့ လုံးဝ မဟုတ်ပါ။

“*နောမိနှင့်အတူ လိုက်လာသော မောဘအမျိုးသမီး ဖြစ်ပါ၏*” (ရုသ ၂း၆)။ ဗောဇ၏ မေးခွန်းကို ဖြေသော ဤအဖြေ၌ သူသည် ဤလယ်ထဲ၌ အလုပ်လုပ်နေသော်လည်း၊ သူသည် တပါး အမျိုးသား ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ထို့ပြင် သူသည် နောမိနှင့် လိုက်လာသောသူ၊ လူသစ် ဖြစ်ကြောင်း ပေါ်လွင်စေပါ၏။

“*ကျွန်မသည် စပါးရိတ်သောသူတို့ နောက်၌ . . . ကျန်သော စပါးကို ကောက်သိမ်းပါရစေ*” (ရုသ ၂း၇)။ ဗောဇ၏လယ်ကွင်းထဲသို့ ရုသ အလုပ်လုပ်ခြင်းသည် အတင်း ဝင်ရောက်ခြင်း မဟုတ်ဘဲ၊ ခွင့်ပြုချက် ယူပြီးမှ လုပ်ခြင်းဖြစ်ပါသည်။ သူသည် နောမိ၏ ခွင့်ပြုချက်ဖြင့်၊ စိတ်နှင့် တွေ့သောသူ လယ်၌ စပါးကျန် ကောက်ဖို့ရန် လာခြင်းဖြစ်၏။ ဗောဇမူကား ရောက် မလာခဲ့သေးပါ။ သူသည် သနားခြင်းခံရ၍ အခွင့်ကောင်းကို ကောင်းကောင်း အသုံးချလျက်၊ ကြိုးစား အလုပ်လုပ်ခဲ့ပါသည်။

“*နံနက်မှစ၍ ယခု . . . အချိန်တိုင်အောင် လုပ်နေပါပြီ*” (ရုသ ၂း၇)။ ရုသသည် အခြားသူများနှင့် မတူဘဲ၊ တစိုက်မက်မက် ကြိုးစားလုပ်ဆောင်သောသူ ဖြစ်ကြောင်း ဖော်ပြခြင်း ခံရ၏။ ဘုရားသခင်သည် ကြိုးစားအားထုတ်သောသူကို ကောင်းကြီးပေးတော်မူ၏။ ဘုရားသခင်ကို ယုံကြည်ကိုးစားသောသူသည် ကြိုးစားအားထုတ်ခြင်း ရှိကြပြီး၊ ရရှိသော အခွင့်အရေးကို လက် မလွှတ်ဘဲ ကောင်းကောင်း အသုံးပြုတတ်ကြပါသည်။ ရုသသည် နောမိ၏ ခွင့်ပြုချက်ဖြင့် သွား၍၊ အလုပ်သမား ခေါင်းဆောင်၏ ခွင့်ပြုချက်ဖြင့် စပါးကျန်ကို ကြိုးစား လိုက်ကောက်၍၊ မိမိရရှိသော အခွင့်အရေးကို ကောင်း ကောင်း အသုံးပြုခဲ့ပါသည်။ ကျေးဇူးတော် ခံစားရသောသူသည် အလွဲသုံးစား မလုပ်ဖို့ရန် သတိပြုရပါမည်၊ သို့မဟုတ် အချည်းနှီး ဖြစ်ပါလိမ့်မည်။

**ဆင်ခြင်ရန်** - ရရှိသော ကောင်းကြီးမင်္ဂလာသည် အသုံးပြုရန်ဖြစ်ပါသည်။ (၁ ကော ၁၅း၁၀ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အဖဘုရား၊ ခံစားရသော ဆုကျေးဇူး ကောင်းကြီးမင်္ဂလာတိုင်းကို သတိပြုလျက်၊ ကိုယ်တော်၏ဘုန်းတော် ထင်ရှားစေသော အမှုတိုင်း၌ ကြိုးစားအားထုတ်မည် အကြောင်း မစတော်မူပါ။

# အိမ်ထောင်မိသားစု ကောင်းကြီးမင်္ဂလာ (၁၄)

နောမိအား ရုသသည် အလွန်ဝမ်းမြောက်ခြင်းကို ပေးခဲ့ပါသည်။ ယခု ကျမ်းပိုဒ်ကို ဖတ်သောအခါ၊ သားကို ဘွားမြင်သော ရုသသည် အဓိကဇာတ်ကောင် မဟုတ်ကြောင်း တွေ့ရပါသည်။ ရောက်ရှိလာကြသော မိန်းမတို့သည် နောမိကို ကောင်းကြီးပေးကြလျက်၊ မွေးဘွားသောသားနှင့် နောမိအကြောင်းကို ပြောခဲ့ကြ၏။ နောမိအတွက် ရုသကဲ့သို့သော ချွေးမနှင့် ဗောဇ ကဲ့သို့သော ရွေးပိုင်သောမျိုးသားချင်း ရခြင်းသည် အလွန်ဝမ်းမြောက်စရာ ကောင်းလှပါ၏။ သူတို့သည် ထာဝရဘုရားနှင့် နှုတ်ကပတ်တရားတော်ကို စွဲကိုင်သောသူများဖြစ်ကြပါသည်။ ထိုသို့ ဘုရားသခင်၏ စကားတော်ကို သူတို့ နာခံမှုရှိခြင်းနှင့် သစ္စာရှိခြင်းက နောမိအား မျှော်လင့်ခြင်းနှင့် ဝမ်းမြောက်ခြင်းကို ဖြစ်စေပါသည်။

"*<u>နောမိသည် ထိုသူငယ်ကို ယူ၍ ပိုက်ချီလျက် ထိန်းလေ၏</u>*" (ရုသ ၄း၁၆)။ သမ္မာကျမ်းစာထဲတွင်၊ သားသမီးကို ကျွေးမွေးပြုစုသော မိခင်များအကြောင်း ဖော်ပြခဲ့ပါသည်။ စာရာသည် အသက်အရွယ်ကြီးသောအချိန်၌ ဣဇက်ကို ပြုစု၍ (ကမ္ဘာ ၂၁း၇-၈)၊ ယောခေဗက်သည်လည်း ဖာရို သမီး၏ ကိုယ်စား မောရှေကို ပြုစုကျွေးမွေးခဲ့ပါသည် (ထွက် ၂း၈-၉)။ သားသမီးတို့သည် မွေးမိခင် (သို့) သူငှား မိခင်များက ပြုစုစောင့်ရှောက်တတ်ကြ၏။ ထိုသို့ ကျွေးမွေးပြုစုခြင်းက အချင်းချင်း ဆက်ဆံရေးကို တည်ဆောက်ကြောင်း ဘုရားသခင်ကိုယ်တိုင် ဖော်ပြခဲ့ပြီး (ဟေရှာ ၄၉း၁၅)၊ ပေါလုကလည်း သက်သာလောနိတ်မြို့သားများကို တိုက်တွန်းခဲ့ပါသည် (၁ သက် ၂း၇-၈)။ သားဘွားမြင်ခြင်းက မိသားစု ကြီးထွားခြင်းကို ဖြစ်စေပါသည်။ ထိုသား ပြုစုစောင့်ရှောက်ခြင်းအမှုကို နောမိသည် မိမိ၏ တာဝန်အဖြစ် ခံယူထားပါသည်။ ထိုအမှုကို ဝန်ထုပ်ဝန်ပိုးသဖွယ်၊ ခက်ခဲသောအမှုအဖြစ် မခံယူထားပါ။ ထိုသားသည် နောမိအတွက်၊ "သူသည် သင်၏အသက်ကို ပြုပြင်သောသူ၊ သင်အသက်ကြီးသောအခါ သင့်ကို ကောင်းမွန်စွာ ပြုစုသောသူ ဖြစ်ပါစေသော" ဟု ဆုတောင်းခဲ့ကြသော်လည်း၊ ထိုသို့ အမှန်ဖြစ်လာဖို့ရန်၊ သူသည် ဘုရားသခင်ပေးတော်မူသော တာဝန်ကို စုံလင်စေဖို့ လိုအပ်ပါသည်၊ ထို့ကြောင့်၊ ထိုသူငယ်ကို ရှေးဦးစွာ ဘုရားသခင်ကြောက်ရွံ့ခြင်းနှင့် နာခံခြင်းသဘော၌ ပြုစုပျိုးထောင်ဖို့လိုအပ်ပါသည်။

နောမိအသက်တာမှ သားသမီးပြုစုပျိုးထောင်ခြင်း၏ ပျော်ရွှင် ဝမ်းမြောက်မှုနှင့် ထိုတာဝန်ကျေပွန်မှု၏ ကောင်းကြီးမင်္ဂလာကို ကျွန်တော်တို့ သင်ယူခဲ့ရပါသည်။ ထို့ကြောင့်၊ မိမိသားသမီးတို့အား ကြီးလာသောအခါ၊ မိမိတာဝန်ကို ကျေပွန်သောသူ ဖြစ်မည်အကြောင်း၊ မိဘတို့သည် ထိုသားသမီးများအပေါ် တာဝန်ကျေပွန်ဖို့လိုပါသည်။ သူတို့ကို သွန်သင်ဆုံးမ ဖို့လိုပါသည်၊ "သူငယ်သွားရာလမ်း၌ ဆုံးမသွန်သင်လော့။" ထို့ပြင်၊ "ရှေ့ဦးစွာ ဘုရားဝတ်ကို ရည်မှတ်လျက် မိမိအိမ်ကို ပြုစု၍ မိဘဘိုးဘွား၍ ကျေးဇူးဆပ်ခြင်းငှါ သင်ကြစေ" ဟု ကျမ်းစာ ဖော်ပြခဲ့ပါသည်။

**ဆင်ခြင်ရန်** - (တရား ၆း၅-၉ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အဖဘုရား၊ နှုတ်ကပတ်တရားတော်၌ ကျင်လည်သော သားသမီးများ ပိုင်ဆိုင်စေခြင်းဖြင့် ကျွန်တော်တို့ကို ပျော်ရွှင်ခြင်း ပေးသနားတော်မူပါ။

**ရုသ ၄း၁၁-၂၂**
၁ ရာ ၁း၁-၁၀

*“သူငယ်သော်လည်း မိမိပြုသော အမှုသည် . . .
မိမိသဘောကို ထင်ရှားစေ၏”*

# အိမ်ထောင်မိသားစု ကောင်းကြီးမင်္ဂလာ (၁၃)

ဆက်နွယ်ပတ်သက်မှုသည် ဝမ်းမြောက်စရာအကြောင်းကို ဖြစ်စေသကဲ့သို့ နာကျင်ခြင်းလည်း ဖြစ်စေနိုင်ပါသည်။ နောမိနှင့်ရုသတို့၏ဆက်နွယ်ပတ်သက်မှုတွင် တူညီသော အတွေ့အကြုံကို အတူတကွ ကျော်ဖြတ်ခဲ့ကြရပါသည်။ သူတို့သည် ချစ်သူ ဆုံးရှုံးခဲ့ကြ၏၊ ခက်ခဲသော မုဆိုးမဘဝကို ရောက်ခဲ့ကြ၏၊ အသက်ရှင်ရေးအတွက် ပင်ပန်းစွာကြိုးစားခဲ့ကြရပါသည်။ ဘဝတွင် ကောင်းသော အချိန်၊ ဆိုးသောအချိန်ကိုလည်း အတူတကွ ကျော်ဖြတ်ခဲ့ကြပါသည်။ လူတို့ပတ်သက်ဆက်နွယ်မှုတွင်၊ မလွယ်ကူဘဲ ခက်ခဲသောဆက်ဆံရေးရှိနိုင်သည့် အခြေအနေမှာ ယောက္ခမနှင့်ချွေးမအကြား ဆက်ဆံရေးပင်ဖြစ်ပါသည်။

“<u>*သင့်ကိုချစ်၍ သားခုနစ်ယောက်ထက် သင့်အဘို့ သာ၍ကောင်းသော သင်၏ချွေးမသည် သားယောက်ျားကို ဘွားမြင်ပြီ*</u>” (ရုသ ၄း၁၅)။ နောမိထံ အလည်လာကြသောမိန်းမတို့သည် နောမိနှင့် သူ့ချွေးမတို့၏ ဆက်ဆံရေးကို အခြေခံလျက် နောမိ စိတ်သက်သာရာရစေခဲ့ကြပါသည်။ ထို့ကြောင့် ထိုဝမ်းမြောက်စရာအချိန်တွင် နောမိကို အားပေးစကား ဆိုခဲ့ခြင်းဖြစ်ပါသည်။ သူတို့နှစ်ဦးအကြား ရှိ ချစ်ခြင်းမေတ္တာကို ဖော်ပြကြသည်သာမက၊ ရုသ၏တန်ဖိုးကို ဖော်ပြလျက်၊ “သား ခုနစ်ယောက်ထက် သင့်အဘို့ သာ၍ကောင်းသော” ဟုဆိုခဲ့ကြပါသည်။

ဧလကာနသည် ဝမ်းနည်း ခံစားနေရသော မိမိ၏ဇနီး ဟန္နအား ထိုသို့သော စကားဖြင့် နှိမ့်သိမ့်ခဲ့ဖူးပါသသည်။ ဧလကာနသည် ရှိလောမြို့သို့ ယဇ်ပူဇော်ဖို့ရန် သွားစဉ် ဟန္နအား ဝေစု နှစ်ဆပေးခဲ့၏။ ထို့ကြောင့်၊ ပေနိန္နသည် ဟန္နကို ပိုနှိပ်စက်လာခဲ့ပြီး သူသည် မစားနိုင်အောင်ဖြစ်ခဲ့ရပါသည်။ ထိုအခါ၊ ဧလကာနသည် သူ့ဇနီး ဝမ်းနည်းရခြင်းအကြောင်းကို မေးရင်း၊ သူ့အပေါ်ထားသော ချစ်ခြင်းမေတ္တာကို ဖော်ပြလျက်၊ “သားတကျိပ်ထက် သင်၌ ငါသာ၍ ကောင်းသည် မဟုတ်လော” (၁ ရာ ၁း၈) ဟု ဆိုခဲ့ပါသည်။ ဟန္န ကြုံတွေ့ခဲ့သော၊ သားဘွားခြင်းမင်္ဂလာ အလေးအမြတ်ထားသော လူနေမှုတွင် သားမဘွားမြင်ဘဲ နေရခြင်း၏ နာကျင်ခြင်း၊ ဝမ်းနည်းခြင်းတို့ကို ကိုယ်ချင်းစာလို့ရပါသည်။ ထိုနည်းတူ၊ မုဆိုးမနှစ်ယောက်၊ နောမိနှင့်ရုသတို့သည် သူတို့၏ခင်ပွန်း သေဆုံးခဲ့ကြပြီး ဝမ်းနည်းစွာ သားဘွားမြင်ခြင်း မရှိဘဲနေခဲ့ကြရပါသည်။ သားသမီးများကို စစ်သူရဲလက်ထဲရှိ မြှားများနှင့် ဆာလံဆရာက ခိုင်းနှိုင်းခဲ့ပါသည်။ ဟန္နကလည်း မိမိသီချင်းထဲတွင် သူ၌ သားတယောက်သာ ရှိသော်လည်း၊ “မြုံသောသူသည် သား ခုနစ်ယောက်ကို ဘွားမြင်ပြီ” ဟု ဆိုခဲ့ပါသည်။

**ဆင်ခြင်ရန်** - (၁ ယော ၄း၈ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** (ဆာလံ ၁၁၉း၇၆ ကို ဖတ်ပါ)။

**ရှုသ ၂း၈-၁၂**
သု ၂း၁-၁၂

*"သင်တို့သည် ကြည်ညို နားထောင်လျှင်၊
မြေ အသီးအနှံကို စားရကြလိမ့်မည်"*

# လမ်းပြပြုစုစောင့်ရှောက်ခြင်း၊ နာခံခြင်းနှင့် ကွယ်ကာခြင်း (၁)

မှန်ကန်သောအရာကို ဆောက်ရွက်ဖို့ရန် ဆက်ကပ်လျက်၊ မိမိ၏အစွမ်း ကုန် ကြိုးစား လုပ်ဆောင်သောအခါ၊ ဘုရားသခင်သည် ကျွန်တော်တို့၏ လမ်းခရီး၌ လမ်းပြလျက်၊ ကိုယ်တော်၏ အလိုတော်နှင့်လမ်းပြမှုကို နာခံသည်နှင့်အမျှ ကောင်းကြီးပေးတော်မူ၏။ ယခု ကျမ်းပိုဒ်တွင် မည်သို့ နာခံခြင်းရှိသောသူ၌ ဘုရားသခင်၏လမ်းပြပြုစုစောင့်ရှောက်တော်မူခြင်း အလုပ်လုပ်ကြောင်းကို ဖော်ပြထားပါသည်။

ရုသထံ ဗောဇ ပြောဆို ညွှန်ကြားမှု နှင့် လူတို့၏ယိုယွင်းပျက်ဆီးခြင်း (တရားသူကြီးများ ခေတ်ကာလတွင် လူတိုင်းသည် မိမိအမြင်၌ မှန်သည်ဟု ထင်သောအရာကို ပြုကြ၏) ကို ကြည့်ခြင်း အားဖြင့်၊ စပါးကျန် လိုက်ကောက်ခြင်းသည် အန္တရာယ်များလှကြောင်း တွေ့ရပါသည်။ အထူးသဖြင့်၊ မောဘပြည်မှ မကြာသေးမီ ပြန်လာခဲ့သော၊ တပါးသူအတွက် ရုသအတွက် ပိုအန္တရာယ်ကြီး လှပါ သည်။ ဘ၀သည် မသေချာမှုများနှင့် ပြည့်နှက်သည်ဖြစ်သောကြောင့်၊ ဘယ်လောက်ဘဲ ရည်ရွယ်ချက် ကောင်းကောင်း၊ ဘယ်လောက်ဘဲ ကြိုးစားကြိုးစား၊ အခက်အခဲများကို ကြုံတွေ့နိုင်ပါသည်။ နာခံခြင်း နှင့်လုပ်ဖော်ကိုင်ဖက်ရှိခြင်းသည် များစွာသော ထိုကျော့ကွင်းများကို ရှောင်ရှားနိုင်ရန် အဓိကကျသော အချက်ဖြစ်ပါသည်။ ကျမ်းစာက "မကောင်းသောသူတို့နှင့် ပေါင်းဘော်ခြင်းအားဖြင့် ကောင်းသော အကျင့်ဓလေ့ယိုယွင်းတတ်၏" (၁ ကော ၁၅း၃၃) ဟု ဆို၏။ လူငယ်များကိုလည်း "ငါ့သား လူဆိုးတို့ သည် သင့်ကို သွေးဆောင်လျှင် ဝန်မခံနှင့်" (သု ၁း၁၀) ဟု သွန်သင်ခဲ့ပါသည်။ ဘုရားသခင်နှင့် နှုတ်ကပတ်တော်ကို နာခံခြင်းသည် ကျွန်ုပ်တို့အတွက် လုံခြုံမှုဖြစ်ပါသည်။ ရုသ အကြောင်းတွင်၊ လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်း လက်တော်သည် သူမကို ဗောဇ၏လယ်သို့ ခေါ်ဆောင် ခဲ့ပြီး၊ ထိုနေ့၌ ဗောဇသည် ရုသကို စောင့်ရှောက်ကြဖို့ရန် လမ်းညွှန်မှုပေးခဲ့ပါသည်။ သို့သော်လည်း၊ ထိုကွယ်ကာမှုသည် ဗောဇ ပြောသောစကားကို ရုသ နာခံမှု ရှိမရှိပေါ်၌ မူတည်ပါသည်။

ဖြောင့်မတ်မှန်ကန်စွာ နေထိုင်ဖို့ကြိုးစားသောသူသည် နာခံမှု ရှိရပါမည်။ သုတ္တံကျမ်း၌ တွေ့ရသော လူငယ်များ ဆုံးမသွန်သင်ချက်များတွင် ဤစကားလုံးများကို တွေ့ရပါသည်၊ "နားထောင်လော့" (သု ၁း၈၊ ၄း၁၊ ၁၀၊ ၅း၇၊ ၈း၆၊ ၃၃)၊ "သွင်းမိလျှင်" (သု ၂း၁၊ ၄း၁၀၊ ၈း၁၀)၊ "နာခံ၍" (သု ၂း၂၊ ၄း၂၀)၊ "ငါ့ပညတ်တို့ကို" (သု ၂း၁၊ ၃း၁၊ ၄း၄၊ ၇း၁၊ ၂) "နားထောင်၍" (သု ၇း၂၄၊ ၈း၃၂)။ လုံခြုံမှု၊ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းတို့သည် ဘုရားသခင်၏အလိုတော်နှင့် လမ်းပြခြင်း၌ ဆက်ကပ်လျက်၊ နှုတ်ကပတ်တရားတော်ကို နာခံခြင်း၌ ခြေခံထားပါသည်။

**ဆင်ခြင်ရန်** - (သု ၁း၃၃ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ သွန်သင်ဆုံးမမှုများကို အစဉ် နာခံမည်အကြောင်း၊ အကျွန်ုပ်အား နှိမ့်ချသော စိတ်နှလုံး ပေးသနားတော်မူပါ။

# လမ်းပြပြုစုစောင့်ရှောက်ခြင်း၊ နာခံခြင်းနှင့် ကွယ်ကာခြင်း (၂)

ထာဝရဘုရားနှင့်အတူ သွားလာဖို့ရန်နှင့် ဤယိုယွင်းပျက်စီးနေသော ခေတ်၌ လုံခြုံမှု ရှိရန် နာခံခြင်းသည် အဓိကဖြစ်သော်လည်း၊ လူများတို့သည် ဘုရားသခင်၏ပညတ်တရားနှင့် သွန်သင်ချက်များသည် လူကို ချုပ်ချယ်လွန်းသည်ဟု ထင်ထားကြပါသည်။ ရုသထံ ဗောဇ ပြောသော လမ်းညွှန်ချက်တို့သည် ချုပ်ချယ်ခြင်း မဟုတ်ဘဲ၊ သူမအတွက် လုံခြုံမှုနှင့် ဂရုစိုက်မှုပင်ဖြစ်ပါ၏။

*"အခြားသော လယ်သို့ သွား၍ စပါးကျန်ကို မကောက်နှင့်။ ဤအရပ်က မထွက်ပါနှင့်"* (ရုသ ၂း၈)။ ဤအချက်သည် ဘုရားသခင်၏ ပြုစုကွယ်ကာစောင့်ရှောက်ခြင်း လက်တော်ကို အံ့ဘွယ် ဖော်ပြလျက်ရှိပါသည်။ ရုသသည် "စိတ်နှင့်တွေ့သောသူ" (ရုသ ၂း၂) ၏ လယ်သို့သွားရန် ထွက်သွားခဲ့ပြီး၊ "ဗောဇ ပိုင်သော လယ်၌ အမှတ်တမဲ့ နေရာကျ၏" (ရုသ ၂း၃)။ ထို့နောက်၊ သနားခြင်း ဂရုစိုက်ခြင်းဖြင့် အခြားလယ်သို့ မသွားဖို့ရန် ဆိုခဲ့ပါသည်။ ဗောဇသည် "လူတိုင်း မိမိစိတ်အလိုရှိသည်အတိုင်း ပြုကြ" (တရား ၁၇း၆) သော ကာလတွင်၊ ရုသအတွက် စပါးကျန် လိုက်ကောက်ခြင်းသည် အန္တရယ်များလှကြောင်း သိခဲ့ပါသည်။ ရုသသည် ဘုရားသခင်၏ ကွယ်ကာလမ်းပြတော်မူခြင်းအားဖြင့် မိမိ လုံခြုံမည့်အရပ်သို့ ခေါ်ဆောင်ခြင်း ခံရပါသည်။ သူသည် မိမိလုံခြုံမှုအတွက် ဗောဇ၏ စကားကို နာခံလျက် ထိုအရပ်သို့ နေဖို့ဖြစ်ပါသည်။ ထိုသို့ "ကျွန်မ တို့၌ မှီဝဲလျက်" (ရုသ ၂း၈)၊ "သူတို့ ရိတ်သော လယ်ကွက်ကို ကြည့်မှတ်၍ သူတို့နောက်၌ လိုက်" (ရုသ ၂း၉) လျှင်၊ ကြုံတွေ့နိုင်သော အန္တရာယ်များကို ရှောင်လွှဲရာရောက်လိမ့်မည်ဖြစ်၏။ နာခံခြင်းသည် သူ့ကို စောင့်ရှောက်မည်ဖြစ်ပါသည်။

လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်း လက်တော်သည် အမှုကို ပြုသည်နှင့်အမျှ ရုသသည်လည်း မိမိ၏တာဝန်ကို နာခံခြင်းဖြင့် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ သမိုင်း၌ ဆင်းရဲသော သူများသည် သူတပါး၏ အမြတ်ထုတ်ခြင်းကို ခံရ၍ ခိုကိုးရာမဲ့ဖြစ်တတ်ကြ၏။ သို့သော်လည်း၊ တရားရုံး၌ သူတို့၏စကားကို ဘယ်သူမှ နားမထောင်ကြသော်လည်း၊ ကောင်းကင် တရား ရုံးတွင်မူ သူတို့အမှုကို ကြားနာမည်ဖြစ်ပါသည်၊ "ရိတ်သောသူတို့၏ အော်ဟစ်ခြင်းအသံသည်လည်း၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၏ နားတော်ထဲသို့ ဝင်လေပြီ" (ယာကုပ် ၅း၄) ဟု ဆိုခဲ့ပါသည်။ ဘုရားသခင်သည် အံ့ဘွယ်နိမိတ်တော်အားဖြင့် မဟုတ်ဘဲ၊ သူတို့၏အမှု၌ လမ်းပြပြုစု ကွယ်ကာစောင့်ရှောက်တော်မူခြင်း လက်တော်အားဖြင့် ဝင်စွက်ဖက်တော်မူ၏။ ရုသအား အကျင့်ပျက်သောသူများထံ မဟုတ်ဘဲ၊ ဗောဇထံ ခေါ်ဆောင်ခဲ့ပါသည်။ ယခု သူလုပ်ဆောင်ရမည့်အမှုကား ထိုအရပ်၌ ဆက်နေဖို့ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားတရား၌ သမ္မာသတိရှိခြင်းသည် သွေးဆောင်ခြင်းနှင့် မကောင်းသော မမှုမှ ကျွန်တော်တို့ကို ကွယ်ကာတော်မူမည်။

**ဆုတောင်းချက်-** "အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေဘဲ၊ မကောင်းသော အမှုအရာမှလည်း ကယ်နှုတ်တော်မူပါ" (မသဲ ၆း၁၃)။

# အိမ်ထောင်မိသားစု ကောင်းကြီးမင်္ဂလာ (၁၂)

အိုမင်းသောကာလသည် လူတိုင်းအတွက် ခက်ခဲသောအချိန်ဖြစ်ပါသည်။ ကျော်လွန်ခဲ့သော ဘဝဖြတ်သန်းမှုကို ပြန်လည်သုံးသပ်ခြင်းဖြင့်၊ စိတ်မောပင်ပန်း ရသောအချိန်ဖြစ်ပါသည်။ အရင်က သန်စွမ်းမှုနှင့် အားအင်များ မပိုင်ဆိုင်တော့ဘဲ၊ ပြုခဲ့သော ရွေးချယ်မှုအမှားများ၏ နောက်ဆက်တွဲ အကျိုးကို ပို၍ ထင်ရှားလာခဲ့ပြီး၊ ပြောင်းလဲ၍ မရတော့ကြောင်း သိမှတ်ခဲ့ပါသည်။ အိုမင်းခြင်းကို ရှောလမုန်က၊ "ငါနေ၍ မပျော်နိုင်ဟု ဆိုရသောကာလ" (ဒေ ၁၂း၁) ဟုဆိုခဲ့၊ အသေးစိတ် ပုံဖော်ပြသခဲ့ပါသည်။

"*သင့်ကိုချစ်၍ သားခုနစ်ယောက်ထက် သင့်အဘို့ သာ၍ကောင်းသော သင်၏ချွေးမသည် သားယောက်ျားကို ဘွားမြင်ပြီ*" (ရုသ ၄း၁၅)။ နောမိသည် မိမိ၏အနာဂတ်အတွက် စိတ်ချလျက် သက်သာရာရခြင်းမှာ ထိုသူတို့၏ကောင်းကြီးပေး စကားများကြောင့်ဖြစ်ပါသည်။ ရုသနှင့်သူ၏အကြား ဆက်ဆံမှုနှင့် ယခု သားဘွားမြင်ခြင်းကြောင့် ရရှိလာသော စိတ်သက်ရာရခြင်း၊ ပျော်ရွှင်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ဆက်ဆံမှုသည် အလွန်ကောင်းလှပါသည်။ ထိုထူးခြားသော ဆက်ဆံမှုကို မိန်းမများက ဖော်ပြခဲ့ပါသည်။ ထို့ပြင်၊ ထိုအချက်ကို ဗောဇကလည်း ရုသ အခန်းကြီး ၂ ထဲတွင်၊ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ရုသသည် မိမိပြည်ကို ထားခဲ့ပြီး၊ ယောက္ခမထံ တွယ်ကပ်ခြင်း၌ ယောက္ခမအပေါ် ထားရှိသော သူ၏ချစ်ခြင်းကို တွေ့ခဲ့ရပြီးဖြစ်ပါသည်။ ထို့ပြင် သူတို့၏ အသက်ရှင်ရေးအတွက် စပါးကျန်လိုက်ကောက်ဖို့ရန် ထွက်သွားခြင်းကလည်း သူ၏ချစ်ခြင်းကို ပေါ်လွင်စေပါသည်။ သူသည် ယောက္ခမအား မိမိ၏အကြောင်းအလုံးစုံကို ပြောပြခဲ့ပြီး၊ ယောက္ခမ၏ အကြံပေးမှုကိုလည်း နာခံလိုက်လျှောက်ခဲ့ပါသည်။ ထို့ကြောင့်၊ နောမိနှင့်ရုသ၏ဆက်ဆံရေး ကောင်းမွန်မှုကို သိခဲ့ကြသောသူတို့က၊ "သင့်ကို ချစ်သော . . . သင်၏ချွေးမ" ဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။ ဤသက်သေစကားသည် အလွန်နှစ်သက်ဘွယ်ကောင်းသော၊ ချီးမြှောက်ခြင်း စကားဖြစ်ပါသည်။ ထိုစကားကို ရုသ သားဘွားမြင်သောကြောင့်၊ နောမိထံ လာကြသော မိန်းမများက ဆိုခြင်းဖြစ်ပါသည်။ အပြင်လူများက မိဘများနှင့် ကျွန်ုပ်တို့အကြားဆက်ဆံရေးကို မည်သို့ မြင်ကြပါလိမ့်မည်နည်း။ မိဘများအပေါ် ကျွန်တော်တို့ထားရှိသော စိတ်ဘောထားသည် မည်သို့ရှိပါသနည်း။ မည်သို့ ပုံဖော်ကြလိမ့်မည်နည်း။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အခွင့်တော်အားဖြင့် ကျွန်တော်တို့သည် ကျွန်ုပ်တို့မိဘများ၏ သားသမီးဖြစ်လာကြ၏။

**ဆုတောင်းချက်-** (အသက်ကြီးသော မိဘများကို ကောင်းမွန်စွာ စောင့်ရှောက်နိုင်ဖို့ရန် ဆုတောင်းပါ)။

*"ထိုသားမြေးတို့သည် ရှေ့ဦးစွာ ဘုရားဝတ်ကို ရည်မှတ်လျက် မိမိအိမ်ကို ပြုစု၍ မိဘဘိုးဘွားန၌ ကျေးဇူး ဆပ်ခြင်းငှါ သင်ကြစေ"*

# အိမ်ထောင်မိသားစု ကောင်းကြီးမင်္ဂလာ (၁၁)

မိသားစု၌ မိသားစုဝင်အသီးသီးတို့၏ တာဝန်ဝတ္တရားကို ကျမ်းစာက ရှင်းလင်းစွာ ဖော်ပြခဲ့ပါသည်။ သားသမီးအပေါ် မိဘများ၏တာဝန်ကို ဘုရားသခင်က နှုတ်ကပတ်တော်ထဲ၌ ဖော်ပြခဲ့၏။ မိဘများအပေါ် သားသမီး၏တာဝန်ဝတ္တရား၊ အထူးသဖြင့် သားသမီးများ ကြီးပြင်းလာ၍ မိဘများ အိုမင်းရင့်ရော်သောအခါ၊ ပြုရမည့် သားသမီးဝတ်များကို ဖော်ပြခဲ့ပါသည်။ ထာဝရဘုရားကို ချီးမွမ်းဖို့ရန် လာခဲ့ကြသော မိန်းမများက နောမိ လိုအပ်လိမ့်မည့် အပြုအစုကို သိမှတ်ကြသဖြင့်၊ ထိုအမှုကို ဤသူငယ် ထမ်းရွက်မည်ဟု ယုံကြည်ခဲ့ကြပါသည်။

"*<u>သူသည် သင်၏အသက်ကို ပြုပြင်သောသူ၊ သင်အသက်ကြီးသေအခါ သင့်ကို ကောင်းမွန် စွာ ပြုစုသောသူ ဖြစ်ပါစေသော</u>*" (ရုသ ၄း၁၅)။ မိန်းမများသည် ဤသားမွေးလာသဖြင့်၊ နောမိအတွက် လုံခြုံသော အနာဂတ်ရှိကြောင်း သေချာသိခဲ့ကြ၏။ အနာဂတ် မသေချာမှုကြောင့်၊ နောမိသည် နာကျင်ခံစားခဲ့လျက်၊ မိမိကိုယ်ကို မာရဟု ဖော်ပြခဲ့ဖူးခြင်း ဖြစ်နိုင်ပါသည်။ ချွေးမများအား မိမိထံမှ ထွက်သွားဖို့ရန် ပြောခဲ့စဉ်၊ သူသည် မျှော်လင့်ချက် မရှိသောသူ ကဲ့သို့ ပြောခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ သူက၊ "မြော်လင့်စရာရှိသေးသည်ဟု ငါ ဆိုလျှင်လည်း . . . သားတို့ကိုလည်း ဘွားမြင်လျှင်ရှင်း . . . ထာဝရဘုရားလက်တော်သည် ငါ၌ ကန့်လန့်ရှိသည်" ဟု ဆိုခဲ့ပါသည်။ သို့သော်လည်း၊ ရုသသည် အိမ်ထောင်ပြုခဲ့ပြီး၊ နောမိသည် ယခု မြေးတယောက် ရခဲ့ပါသည်။ ထိုသူသည် နောမိ အသက်ကြီးသောအခါ၊ ကောင်းမွန်စွာ ပြုစုမည့်သူဖြစ်ပါသည်။ ပေါလုက တိမောသေ အားဖြင့် အသင်းတော်ကို ဤသို့သွန်သင်ခဲ့ပါသည်၊ "ထိုသားမြေးတို့သည် ရှေ့ဦးစွာ ဘုရားဝတ်ကို ရည်မှတ်လျက် မိမိအိမ်ကို ပြုစု၍ မိဘဘိုးဘွား၌ ကျေးဇူးဆပ်ခြင်းငှါ သင်ကြစေ။" ထိုအမှုကို ချစ်ခြင်းမေတ္တာအားဖြင့်ရှင်း၊ တာဝန်သိစိတ်ဖြင့်ရှင်း ပြုရပါမည်။ ဘွားမြင်၍ ပြုစုကျွေးမွေးခြင်းခံလျက်၊ ကြီးထွားလာခဲ့ပြီး၊ မိမိကိုယ်ကို တာဝန်ယူနိုင်သော လူကြီးဖြစ်လာခဲ့ပါသည်။ သူသည် အသက်အရွယ် ကြီးရင့်၍ အားအင်ချို့တဲ့သော၊ မစကူညီခြင်း လိုအပ်လာခဲ့သော မိဘကို ကျွေးမွေးပြုစုခြင်းငှါ တာဝန်ယူလိုမှု ရှိရပါမည်။

နောမိထံ ထိုသို့ ပြောသော မိန်းမတို့သည် နောမိကို စိတ်သက်သာရာရစေလျက်၊ သူ၏ အနာဂတ်အတွက် ကောင်းမွန်သောဆုကို တောင်းပေးလျက် မေတ္တာပို့ခဲ့ကြပါသည်။ ပေါလုသည် ရောမ ယုံကြည်သူများအား၊ "ကောင်းမြတ်သောအရာ၊ နှစ်သက်ဘွယ်သောအရာ၊ စုံလင်သောအရာ တည်းဟူသော ဘုရားသခင်၏အလိုတော်ကို" သိစေလို သကဲ့သို့ဖြစ်ပါ၏။

**ဆင်ခြင်ရန်** - နှုတ်ကပတ်တရားတော်သည် သားသမီးများအား မိဘများကို ရိုသေရန် တိုက်တွန်း ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ အသက်ကြီးသော မိဘများကို ကျွန်တော် ထောက်ပံ့မည်အကြောင်း မစတော်မူပါ။

**ရုသ ၂း၈-၁၂** *"ဤဘဝ၌ ငွေရတတ်သောသူတို့ကို . . .*
ယာကုပ် ၅း၁-၆၊ ၁ တိ ၆း၁၇-၁၉ *ပညတ်ထားလော့"*

# လမ်းပြပြုစုစောင့်ရှောက်ခြင်း၊ နာခံခြင်းနှင့် ကွယ်ကာခြင်း (၃)

ကြွယ်ဝချမ်းသာသောသူသည် အာဏာရှိ၍ မာနထောင်လွှားတတ်ပါသည်။ သို့သော်လည်း၊ ထိုသို့ မဖြစ်ရပါ။ ကြွယ်ဝချမ်းသာမှုသည် ပိုင်ဆိုင်သောသူကို မဖျက်ဆီး သင့်ပါ၊ လူအဖွဲ့အစည်း၌ နာမည်ပျက် မဖြစ်စေသင့်ပါ။ ချမ်းသာသောသူသည် အကျင့် မပျက်သင့်ပါ။ ဗောဇသည် ဤအမှု၌ သာဓကဖြစ်ပါသည်။ ကြွယ်ဝချမ်းသာသောသူသည်လည်း ဘုရားတရားလိုက်လျှောက်သောသူ၊ စာနာတတ်သောသူ၊ ကြင်နာတတ်သောသူ၊ ဂရုစိုက်တတ်သောသူဖြစ်နိုင်ပါသည်။ ထိုအကြောင်းကို ဟောပြောဖို့ရန် ပေါလုသည် တိမောသေကို တိုက်တွန်းခဲ့ပါသည်။ ကျမ်းစာထဲတွင်၊ ချမ်းသာသောသူနှင့် ဆင်းရဲသောသူတို့သည် ဘုရားသခင် ဖန်ဆင်းတော်မူသောသူများ ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည် (၁ ရာ ၂း၇၊ သု ၂၂း၂)။ ထို့ကြောင့် ချမ်းသာသောသူသည် ဆင်းရဲသောသူကို ဂရုစိုက်ရမည့်အကြောင်း (သု ၁၄း၃၁၊ ၁၉း၁၇၊ ၂၂း၇-၉)၊ လက်တွေ့ပြသရမည့်အကြောင်း (၂ ကော ၈း၉၊ လု ၁၆း၁၉-၃၁) တိုက်တွန်းခဲ့ပါသည်။

"*<u>နေ့တော်သောအခါ၊ အိုးထားရာသို့ သွား၍ . . . သောက်လော့</u>*" (ရုသ ၂း၉)။ ဗောဇပြုသောအမှုသည် အလုပ်သမားများအပေါ် ပြုရမည့် အလုပ်ရှင်၏တာဝန်ကို ဖော်ပြခဲ့ပါသည်။ သူတို့အပေါ် သနား ကြင်နာခြင်းရှိကြောင်း၊ သူတို့သုံးဆောင်ဖို့ရန် ပေးထားသောအရာများက သက်သေပြ ခဲ့ပါသည်။ ထိုအရာကို ရုသလည်း သုံးဆောင်ဖို့ရန် ဆိုခဲ့ပါသည်။ နေ့တော်သောအခါ သောက်ဖို့ရန် ရေအိုးထားပေးခဲ့ပါသည်။ ဆာလောင်သောအခါ စားဖို့ရန် စားစရာလည်း ပေးခဲ့ပါသည် (ရုသ ၂း၁၄)။ ရုသသည်လည်း ထိုအရာများကို သုံးဆောင်ရသော အခွင့်ရခဲ့ပါသည်။

ကြွယ်ဝချမ်းသာခြင်းသည် ဘုရားသခင်၏နေရာကို မယူသင့်ပါ၊ ချမ်းသာသောသူကိုလည်း လူစိတ်မရှိသောသူ မဖြစ်စေ သင့်ပါ။ လူ့ဘဝအသက်တာကို ပိုင်ဆိုင်သောပစ္စည်းဥစ္စာဖြင့် မတိုင်းတာပါ၊ ထိုအရာကလည်း မထိန်းချုပ် သင့်ပါ။ ကျွန်တော်တို့ပိုင်ဆိုင်သောအရာများက ကျွန်တော်တို့ကို ဘုရားသခင်ထံမှ လမ်းမလွဲစေသင့်ပါ။ ဘုရားသခင်၏အမှုတော်နှင့် ညီအစ်ကိုများ အတွက် ဘုရားသခင်၏အလိုတော်အတိုင်း အသုံးပြုရမည်ဖြစ်ပါသည်။ ဤလောကီ ပစ္စည်းဥစ္စာများက ကျွန်ုပ်တို့ကို ကောင်းသောအမှုပြုခြင်းတည်းဟူသော၊ အသီး မသီးနိုင်အောင် မနှောင့်ယှက်သင့်ပါ (လု ၈း၁၄)၊ ထိုစည်းစိမ်ဥစ္စာသည် ခဏသာ တည်၏ (သု ၂၃း၅)။ နှုတ်ကပတ်တော်က ကြွယ်ဝချမ်းသာခြင်း၏ မတည်မြဲမှုနှင့် ဖြောင့်မတ်မှန်ကန်ခြင်း၏ တန်ဖိုးကို ဖော်ပြခဲ့ပါသည်။ သုတ္တံ ၁၁း၄ တွင်၊ "အမျက်ဒေါသ ထွက်သော ကာလ၌ စည်းစိမ်ဥစ္စာသည် အကျိုးမပေးနိုင်။ ဖြောင့်မတ်ခြင်းပါရမီ မူကား သေခြင်းမှ ကယ်တင်တတ်၏" ဟု ဆိုထားပါသည်။ အခွင့်ရှိတိုင်း လူအပေါင်းထံ ကောင်းသော အမှုပြုခြင်းသည် ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားဖြစ်ကြောင်း ဖော်ပြခဲ့ပါသည် (ဂလာတိ ၆း၆၊ ၁၀)။

**ဆင်ခြင်ရန်** - (တရား ၈း၁၀-၁၈ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အဖဘုရား၊ ငွေကြေး သွေးဆောင်မှုနောက် မလိုက်မည့်အကြောင်း၊ ကိုယ်တော်ကို အောက်မေ့လျက်၊ လူအပေါင်းထံ ကောင်းသောအမှုကို ပြုခြင်းငှါ မစတော်မူပါ။

သောကြာ၊ ဇူလိုင် (၁၉)

**ရှုသ ၂း၈-၁၂** *"သူတို့သည် ထာဝရဘုရား၏ အမှုတော်ကိုငင်း၊*
၁ သက် ၅း၁၄-၂၂ *လက်တော်နှင့် ပြုပြင်တော်မူရာကိုငင်း၊ မမှတ်ကြ"*

## လမ်းပြပြုစုစောင့်ရှောက်ခြင်း၊ နာခံခြင်းနှင့် ကွယ်ကာခြင်း (၄)

ကျေးဇူး မသိတတ်ခြင်းသည် လူတို့၏ယိုယွင်းပျက်စီးမှုကို ပေါ်လွင်စေသော အရာဖြစ်ပါသည်။ ရောမ ၁း၂၁ ထဲတွင်၊ "ထိုသူတို့သည် ဘုရားသခင်ကို သိလျက်ပင်၊ ဘုရားသခင်ကို ချီးမွမ်းသင့်သည် အတိုင်း မချီးမွမ်း၊ ကျေးဇူးတော်ကိုလည်း မသိမမှတ်" ဟု ဆိုထားပါသည်။ ထိုအခါ၊ ဆန့်ကျင်မှု အမျိုးမျိုး ပေါ်ထွက်လာခဲ့ပါသည်။ ရောမ ၁း၁၈-၃၂ ထဲတွင်၊ လူ့အဖွဲ့အစည်း ကျဆုံးခြင်းနှင့် အကျင့်ပျက်မှုကို ဖော်ပြခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်၏သားသမီးတို့သည် ကျေးဇူးသိတတ်သောသူဖြစ်လျက်၊ ဝမ်းမြောက်သောသူ ဖြစ်ဖို့အလွန်အရေးကြီးလှပါသည်။ ကျေးဇူး သိတတ်ခြင်း ဆိုသည်မှာ ခံစားရသော ဘုရားသခင်၏ ကျေးဇူးတော်နှင့် ကောင်းမြတ်ခြင်းကို သိမှတ် ဆင်ခြင်အောက်မေ့ခြင်းဖြစ်ပါသည်။ မာလခိ ၂း၂ က၊ ကောင်းကြီးမင်္ဂလာကို မသိတတ်ဘဲ အလွဲသုံးစားလုပ်သောသူအပေါ်၌ ထိုကောင်းကြီးကို ဘုရားသခင်သည် ကျိန်ခြင်းဖြစ်စေတော်မူကြောင်း သွန်သင်ခဲ့ပါသည်။ ကျေးဇူး သိတတ်ခြင်းသည် ဘုရားသခင်ကို ချီးမြှောက်လျက်၊ ကောင်းကြီးမင်္ဂလာနှင့် ကောင်းမြတ်ခြင်း အပေါင်း၏ အရင်းအမြစ်ဖြစ်ကြောင်း သိမှတ်ခြင်းဖြစ်ပါသည်။ သို့သော်လည်း၊ ကျေးဇူး မသိတတ်ခြင်းသည် လူကို ချီးမြှောက်လျက်၊ ချမ်းသာသောသူကို မာနထောင်လွှားစေပြီး၊ ဆင်းရဲသောသူအား ရရှိသော မစခြင်းကို မိမိရသင့် ရထိုက်သောအရာ ဟု ထင်မှတ်စေပါသည်။

"*ရှုသသည် မြေကြီးပေါ်မှာ ဦးချပြပ်ဝပ်လျက်*" (ရှုသ ၂း၁၀)။ ရှုသသည် ဝမ်းမြောက်ခြင်းနှင့်ပြည့်လျက်၊ စိတ်နှိမ့်ချခြင်းဖြင့် ဖော်ပြခဲ့ပါသည်။ သူ၏မေးခွန်းသည် သံသယစိတ် ရှိသောကြောင့် ပြောခြင်း မဟုတ်ဘဲ၊ ဗောဇက မိမိကို သိမှတ်လျက် ပြောသောစကားများကို ကြားသိသောကြောင့် ဝမ်းမြောက်ခြင်းဖြင့် မေးသော မေးခွန်းဖြစ်ပါသည်။ သူ မြော်လင့် မထားသော ကွယ်ကာမှုနှင့် လွယ်လွယ် မရနိုင်သော အစားအသောက်ကို စားရသော အခွင့် ရရှိခဲ့ပါသည်။ လူတို့ နေ့စဉ်ကြား ရသောစကား မဟုတ်သည့် စကားများ ကြားရ၍ အခွင့်အရေး ပေးခြင်းကို ခံရခဲ့၏။ စပါးကျန်လိုက်ကောက် ဖို့ရန် ထွက်သွားသည့် ပထမ နေ့တွင် ပင်၊ ထိုသို့ ဗောဇ၏ ဂရုစိုက်ခြင်းကို ခံရသောကြောင့် ရှုသ အံ့သြခဲ့ရပါသည်။ ဤသို့သော ကျေးဇူး ခံစားရမည်ကို သူ မြော်လင့်ခဲ့ လိမ့်မည် မဟုတ်ပါ။ မိမိ ခံထိုက်သောအရာ မဟုတ်ကြောင်း သိမှတ်သဖြင့်၊ နှိမ့်ချသောစိတ်၊ ဝမ်းမြောက်သော စိတ်ဖြင့် ထိုသို့ တုန့်ပြန်ခဲ့ပါသည်။

ကျွန်တော်တို့သည် ပို၍ ဝမ်းမြောက်ခြင်း ရှိရမည် မဟုတ်လော။ "အပြစ်၌ သေသောသူ" (ဧဖက် ၂း၄) ကို အသက် ပေးတော်မူ၏။ "သိုးကဲ့သို့ လမ်းလွဲလျက်" (ဟေ ၅၃း၆) နေသော ကျွန်တော်တို့ကို ရှာဖွေ ခေါ်ဆောင်ခဲ့ပါ၏။ ဆင်းရဲသော၊ အဝတ်ချည်းနီးရှိသော၊ ဆာလောင်သော ကျွန်တော်တို့ကို "လာကြ။ ဝယ်၍ စားသောက် ကြလော့။ ငွေမပါဘဲ အဘိုးကို မပေးဘဲ လာ၍ စပျစ်ရည်နှင့် နို့ကို ဝတ်ကြလော့" (ဟေ ၅၅း၁) ဟု ဖိတ်ခေါ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - မကျေနပ်မှုသည် မိမိကိုယ်ကို နားမလည်ခြင်းမှ စီးဆင်းတတ်၏ (ဗျာ ၃း၁၇)။
**ဆုတောင်းချက်-** အို အဖဘုရား၊ ဝမ်းမြောက် ပျော်ရွှင်ခြင်းနှင့်တကွ ကိုယ်တော်ထံ အကျွန်ုပ်ကို နီးစေတော်မူပါ။

*“လူများတို့သည် မိမိတို့ပြုသော ကျေးဇူးကို ကြားပြောတတ်၏။ သစ္စာရှိသောသူကိုကား၊ အဘယ်သူ ရှာ၍ တွေ့နိုင်သနည်း”*

# အိမ်ထောင်မိသားစု ကောင်းကြီးမင်္ဂလာ (၁၀)

ကျွန်တော်တို့သည် ဘာသာတရားအကြောင်းကို ပြောတတ်ကြသော်လည်း၊ စစ်မှန်သော ဘာသာတရားကို မပြဘဲနေတတ်ကြ၏။ ယုံကြည်ခြင်းကို ဝန်ခံတတ်ကြသော်လည်း၊ လက်တွေ့ မပြဘဲ နေတတ်ကြ၏။ ယာကုပ်က စစ်မှန်သော ဘာသာတရားအကြောင်းကို ဖော်ပြ၍၊ တရားကို ကြားသိလျက် လက်တွေ့ လုပ်ဆောင်ခြင်း မရှိသောသူသည် မိမိကိုယ်ကို လှည့်ဖြား၏ဟု ဆိုခဲ့ပါသည်။ နှုတ်ဖြင့် ဝန်ခံခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်း ကိုက်ညီမှု ရှိဖို့ အလွန်လိုအပ်ပါသည်။ အပြော လွယ်သလောက် လက်တွေ့လုပ်ဆောင်ဖို့ ခက်ခဲလှပါသည်၊ သို့သော်လည်း ထိုအချက်သည် ခရစ်ယာန်၏အနှစ်သာရဖြစ်ပါသည်။ တမန်တော်က၊ “ချစ်သားတို့၊ ငါတို့သည် စကားပြောကာမျှအားဖြင့်သာ မချစ်ဘဲ၊ စိတ်ပါကိုယ်ရောက် ဧကန် အမှန် ချစ်ကြကုန်အံ့” (၁ ယော ၃း၁၈) ဟုဆိုခဲ့ပါသည်။ ဖြောင့်မတ်ခြင်းအကျင့်ကိုကျင့်သော ဗောဇသည် တဖန်ကောင်းကြီးမင်္ဂလာခံစားရ၍၊ “သူ၏သားစဉ် မြေးဆက်တို့သည် မင်္ဂလာရှိကြ၏။”

“<u>*အမျိုးသားချင်းသည်လည်း ဣသရေလအမျိုး၌ အသရေကျော်စောပါစေသော*</u>” (ရှုသ ၄း၁၄)။ ဗောဇပြုသော မွန်မြတ်သောအမှုက သူ့အား ဘုရားကိုကြောက်ရွံ့သောသူ၊ စိတ်ထားကောင်းသောသူ၊ ချစ်ခြင်းမေတ္တာရှိသောသူ၊ ကိုယ်ကျိုးမရှာသောသူ၊ စံပြပုဂ္ဂိုလ်ဖြစ်စေခဲ့ပါသည်။ ထို့ပြင်၊ ရှုသသည် ဧလိမလက် (နောမိ၏ခင်ပွန်း) ၏အမွေကို ဆက်ခံမည့် သားကို နောမိအား မွေးပေးခဲ့ပါသည်။ ထိုသားမွေးသောကြောင့် အမျိုးသမီးများသည် နောမိထံ ရောက်လာခဲ့ခြင်းဖြစ်ပါသည်။ ဤသားသည် မည်သို့ဖြစ်လာမည်နည်း။ ဘာကို ဆောင်ရွက်လိမ့်မည်နည်း။ သားသမီးများသည် မိဘများ၏ အိပ်မက် ရည်မှန်းချက်များကို အကောင်အထည်ဖော်တတ်ခဲ့ကြပါသည်။ ဤဗောဇ၏ သားသည် မဟာလုန် ကိုယ်စားပြုဖြစ်သောကြောင့်၊ နောမိသည် ဗောဇ မိသားစုနှင့် တိုက်ရိုက် ဆက်နွယ်မှု မရှိသော်လည်း၊ သူသည် နောမိ၏ တရားဝင်မြေး ဖြစ်ပါသည်။ ကြီးလာသောအခါ၊ သူသည် ဧလိမလက်၏နာမည်ကို ခံလျက်၊ ထိုတာဝန်ဝတ္တရားကို ထမ်းရွက်ရမည်ဖြစ်၏။ ဣသရေလ ၌ ပျက်သုဉ်းပြီဟု ထင်မှတ်ထားခဲ့သော နာမည်ကို သူသည် တည်မြဲစေမည်ဖြစ်ပါသည်။ သို့သော်လည်း ဤသူငယ်သည် ထိုအရာများကို ဘာမှ မသိသေးပါ။

မိန်းမများ၏ဆုတောင်းချက်သည် ထိုသူငယ် နာမည် ကျော်စောဖို့ရန် ဖြစ်ပါသည်။ မိဘ တိုင်း မိမိသားသမီးအတွက် ထိုသို့ ဆုတောင်းတတ်ကြပါသည်။ ထိုသို့ ဆုတောင်းပေးသောသူများထဲမှ အနည်းငယ်ကသာလျှင်၊ ဘုရားသခင်ကို ကြောက်ရွံ့ခြင်း၊ ဖြောင့်မတ်ခြင်းနှင့် အခြား ဝိညာဉ် သီလတို့ ကို နာမည်ကျော်စောခြင်းအဖြစ် သိမှတ်ကြပါသည်။ သူငယ် ဩဗက်သည် မိသားစုကို ဦးဆောင် သော အိမ်ထောင်ဦးစီးဖြစ်လာမည် ဖြစ်၍၊ ထိုအမှုအတွက် ပြင်ဆင် ကြီးထွားဖို့လိုအပ်ပါသည်။ ကျွန်ုပ်တို့၏သားသမီးများအတွက် ထားရှိသော အိပ်မက် ရည်မှန်းချက်များသည် ဘုရားတရား နှင့်ဆိုင်သော၊ ဝိညာဉ်အရေးနှင့်ဆိုင်သော ရည်မှန်းချက်များ ဖြစ်ဖို့လိုပါသည်။

**ဆင်ခြင်ရန်** - (သု ၂၂း၆ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** သားသမီးများကို ဝိညာဉ်ရေးရာ၌ လမ်းပြ သွန်သင် နိုင်မည်အကြောင်း ကျွန်ုပ် တို့ကို ဉာဏ်ပညာ ပေးသနားတော်မူပါ။

# အိမ်ထောင်မိသားစု ကောင်းကြီးမင်္ဂလာ (၉)

ဘုရားသခင်၏ဇာတိဂုဏ်တော်တခုမှာ ကောင်းမြတ်ခြင်းဖြစ်ပါသည်။ ယနေ့လူများတို့က၊ "ဘုရားသခင်သည် အစဉ်ကောင်းမြတ်တော်မူ၏" ဟုဆိုတတ်ကြပါသည်။ ရုသဝတ္ထုကို ဖတ်လျက်၊ ဘုရားသခင်၏ လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်းကို ဆင်ခြင်စဉ်းစားသောအခါ၊ ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းကို ပို၍ပို၍ ရှင်းလင်းစွာ မြင်တွေ့ရပြီး၊ ယခုတွင်၊ ထိုအကြောင်းကို ထိုမြို့၏အမျိုးသမီးများက နောမိထံ ကြွေးကြော်ခဲ့ကြပါသည်။ နောမိပြန်လာချိန်၌ သူတို့သည် စိတ်ဝင်စားခဲ့ကြပြီး၊ ယခု ရုသ သားဘွားမြင်သောအခါ ထိုသို့ တဖန် ဖြစ်ခဲ့ကြပါသည်။

"*<u>မိန်းမတို့သည် နောမိအား၊ . . . ထာဝရဘုရားသည် မင်္ဂလာရှိတော်မူပါစေသော . . . ပြောဆိုကြ၏</u>*" (ရုသ ၄း၁၄)။ နောမိထံ သူတို့ပြောသောစကားသည် ဘုရားသခင်အပေါ် ဝမ်းမြောက်ခြင်းအကြောင်းဖြစ်ပါသည်။ ရုသဝတ္ထု၌ တွေ့ရသော ယခုနောက်ဆုံးအဖြစ်အပျက်အထိ၊ လူတို့ပြုသောအမှုကိုသာ တွေ့ရပါသည်။ သို့သော်လည်း၊ လူပြုသောအမှုသည် ဘုရားသခင်၏ အဆုံးစွန်အာဏာတော် လက်အောက်၌ ဖြစ်ပျက်နေခြင်း ဖြစ်ပါ၏။ ရုသ စပါးကျန် လိုက်ကောက်ဖို့ရန် သွားခြင်းမှအစ၊ ကောက်နယ်တလင်းသို့ သွားဖို့ရန် နောမိ လမ်းညွှန်သည်အဆုံး၊ ဗောဇ လယ်ထဲသို့ သွားရောက်ခြင်းမှအစ၊ မြို့တံခါးဝသို့ အသက်ကြီးသူများအား ခေါ်ခြင်းအဆုံး၊ ဘုရားသခင်၏ အဆုံးစွန်အာဏာတော် အောက်၌ ဖြစ်ပျက်ခြင်းဖြစ်ပါသည်။ ဖြစ်ပျက်သောအရာအားလုံး၏နောက်ကွယ်၌ ဘုရားသခင်၏လက်တော်ရှိခဲ့ကြောင်း ထင်ရှားခဲ့ပါသည်။ ထို့ကြောင့်၊ အမျိုးသမီးတို့က "ထာဝရဘုရားသည် မင်္ဂလာရှိတော်မူပါစေသော" ဟု ဆိုခဲ့ကြ၏။ ကျွန်တော်တို့ ကြိုးစားလုပ်ဆောင်သည့်တိုင်၊ ပြုသောအမှုက အဘယ်ပျော်ရွှင်ဘဲ ယူဆောင်လာပါစေ၊ ချီးမွမ်းခြင်းနှင့် ဘုန်းတော်အလုံးစုံသည် ထာဝရဘုရားအတွက်သာ ဖြစ်တော်မူ၏။ ထိုအမှုကို အမျိုးသမီးတို့သည် သိသဖြင့်၊ "သင့်သားက ရုသကို လက်ထပ်သောကြောင့် သင်သည် ကံကောင်းလှ၏" ဟူ၍၎င်း၊ "ရုသ ကံသို့သော ချွေးမနှင့် ရွေးပိုင်သော ဗောဇ သင်၌ ရှိသောကြောင့် သင်သည် အလွန်ကံကောင်းပါ၏" ဟူ၍လည်း၊ မဆိုခဲ့ကြပါ။ အဖြစ်အပျက်နှင့် လူတို့ကို မချီးမွမ်းကြဘဲ၊ မိမိဘုန်းတော်အတွက် အပြစ်အပျက်နှင့်လူတို့ကို အသုံးပြုတော်မူသော ထာဝရဘုရားကို ချီးမွမ်းခဲ့ကြပါသည်။ ရုသ၏ကြိုးစားအားထုတ်မှု၊ ဗောဇ၏ စိတ်ထားကောင်းမွန်ခြင်း၊ နောမိ၏ အကြံပေးခြင်း၊ (သို့) ပါဝင်ပတ်သက်သော မည်သူမဆို၊ ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်း အောက်၌ ဖြစ်ပျက်ခြင်းဖြစ်ပါသည်။ ထို့ကြောင့်၊ ဘုရားသခင်၏ ကောင်းမြတ်တော်မူခြင်းကို ချီးမွမ်းရမည်ဖြစ်ပါသည်။ သာ၍ ရွေးပိုင်သောအမျိုးသားချင်းက မိမိ၏ ရွေးပိုင်သောအခွင့်ကို စွန့်လွှတ်ခဲ့သော်လည်း၊ ဘုရားသခင်သည် အမှုပြုတော်မူ၏။ ကျွန်တော်တို့သည်လည်း၊ ဘုရားသခင်အသုံးပြုတော်မူသော လူများကို ကျော်လွန်ပြီး၊ ကျွန်ုပ်တို့အပေါ် မကုန်ဆုံး၊ မပျက်စီးနိုင်သော ကောင်းမြတ်တော်မူခြင်းဖြင့် ပြုစုတော်မူသော ထာဝရဘုရားကို ယုံကြည်ကိုးစားကြပါစို့။

**ဆင်ခြင်ရန်** - (ယေရမိ ၉း၂၃-၂၄ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** အဖဘုရား၊ လူကို မကြည့်ဘဲ၊ ယေရှုကိုသာ ကြည့်မည်အကြောင်း မစတော်မူပါ။

စနေ၊ ဇူလိုင် (၂၀)

**ရုသ ၂း၈-၁၂**

ဂလာ ၆း၇-၁၀

*“လူသည် မျိုးစေ့ကြဲသည်အတိုင်း အသီးအနှံကို ရိတ်ရလိမ့်မည်”*

# လမ်းပြပြုစုစောင့်ရှောက်ခြင်း၊ နာခံခြင်းနှင့် ကွယ်ကာခြင်း (၅)

အတိတ်ကို လုံးလုံးလျားလျား မေ့လျော့၍ မရသော်လည်း၊ လက်ရှိ ဖြစ်ပျက်သောအရာသည် အချိန်တန် ဖြစ်ပျက်လျက်ရှိပါသည်။ လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်း နှင့်အတူ စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်း ရှိ၏။ ခရစ်တော်က တောင်ပေါ် ဒေသနာထဲတွင် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းရှိသော ခရစ်ယာန်၏ အသက်တာ စံနှုန်းကို ဤသို့ အချုပ် ဖော်ပြခဲ့ပါသည်၊ “သင်တို့သည် ကိုယ်၌ သူတပါး ပြုစေလိုသမျှအတိုင်း သူတပါး၌ ပြုကြလော့။ ဤပညတ်ကား၊ ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့၏ အချုပ်အချာပင် ဖြစ်သတည်း” (မသဲ ၇း၁၂)။

“*<u>ယောက္ခမအား ပြုစုသမျှကိုငင်း . . . သင့်အမှု၏အကျိုးကို ထာဝရဘုရား ပေးတော်မူပါစေသော</u>*” (ရုသ ၂း၁၁-၁၂)။ ရုသ၏ ဝမ်းမြောက်ခြင်း စကားအပေါ် ဗောဇ၏ တုန့်ပြန်ချက်သည် အခန်းကြီး ၁ အကျဉ်းချုပ်ဖြစ်ပါ၏။ “သင်၏လင် သေသောနောက် . . . ပြုစုသမျှ” အကြောင်းကို ဗောဇ မည်သို့သိသည်ကို မဖော်ပြခဲ့ပါ၊ သေချာသည်မှာ ရုသ၏ ကောင်းမြတ်မှု၊ သနားကြင်နာမှုကို ဗောဇ သိခဲ့၏။ ထိုအခါ၊ ဗောဇက ရုသထံ ကောင်းကြီးပေးမည့်သူသည် ထာဝရဘုရားဖြစ်ကြောင်း သေချာ ပြောခဲ့၏။ ယခု ဤကဲ့သို့ မိမိ ဂရုစိုက်ခြင်းသည်လည်း သူပြုခဲ့သော ကောင်းမှုအကျိုးအတွက် မိမိပြုသည် မဟုတ်ဘဲ၊ ဘုရားသခင်သာလျှင် ကောင်းကြီးပေးသောသူ ဖြစ်ကြောင်း၊ ထိုဘုရားကို ဆက်လက် ကိုးစားဖို့ရန် တိုက်တွန်းခြင်း သဘောဖြစ်၏။ ဗောဇကလည်း မိမိ၏ ဆုတောင်းချက်ကို ရုသအပေါ်၌ ဘုရားသခင် မည်သို့ အဖြေပေးမည်ကို မသိခဲ့ပါ။

“*<u>အတောင်တော် အောက်၌ လုံခြုံခြင်းငှါ ချဉ်းကပ်သော</u>*” (ရုသ ၂း၁၂)။ ရုသ ၁း၁၆-၁၇ ထဲ၌ တွေ့ရသော ရုသ၏ ခိုင်မာသော ဆုံးဖြတ်ချက်ကို ကျွန်တော်တို့အား အမှတ်ရစေပါသည်။ မောဘပြည်မှ ထွက်လာစဉ် နောမိထံ ရုသ၏ မြဲမြံသော တုန့်ပြန်စကားသည် ထာဝရဘုရားအပေါ် မိမိ၏ယုံကြည်ခြင်းကို ဝန်ခံခြင်းဖြစ်ပါသည်။ သူ အရင် ကိုးကွယ်သော ဘာသာတရားကို စွန့်လွှတ်ခဲ့ကြောင်း ထင်ရှားလှပါသည်။ ထာဝရဘုရား၏ ပဋိညာဉ်ထဲ၌ ပါဝင်လျက်၊ ဘုရားသခင်၏ ကောင်းမြတ်မှုကို ခံစားလိုခဲ့ပါသည်။ သူသည် မည်သို့သော အခြေအနေနှင့် ရင်ဆိုင် ကြုံတွေ့ရမည်ကို ကြို မသိခဲ့သော်လည်း၊ ရှေးဦးစွာ ဂတိတော်ပြည်၌ ကျင့်သုံးဖို့ရန် ဘုရားသခင် ပေးတော်မူသော ဆင်းရဲသောသူ ပြုစုစောင့်ရှောက်ခြင်း ပညတ်တော်ကို ခံစားခဲ့ရပါသည်။ ထာဝရဘုရား၏ အတောင်တော် အောက်၌ ခိုလှုံဖို့ရန် ချဉ်းကပ် ခဲ့ပါသည်။ ထိုသို့ မိမိအား ယုံကြည်ကိုးစားသောသူများ အပေါ်၌ ထာဝရဘုရားသည် မိမိ၏ သစ္စာရှိတော်မူခြင်းကို ပြသလျက်ရှိပါသည်။

**ဆင်ခြင်ရန်** - “အလုံးစုံတတ်နိုင်တော်မူသော၊ အကျွန်ုပ်ဘုရားသခင်၏ ကွယ်ကာ စောင့်ရှောက်တော်မူခြင်းအောက်၌” ဟူသော ချီးမွမ်းသီချင်း စာသားကို အသုံးပြုပါ။

**ဆုတောင်းချက်-** (ဆာလံ ၉၁း၁-၂ ကို သုံးပြုပါ)။

*“သင်တို့စကားသည် ဆားအားဖြင့် ငန်သောအရသာနှင့် ပြည့်စုံလျက်၊ အစဉ်မပြတ် တင့်တယ်လျောက်ပတ်ပါစေ”*

# လမ်းပြပြုစုစောင့်ရှောက်ခြင်းနှင့် နာခံခြင်း၏ကောင်းကြီးမင်္ဂလာများ (၁)

တင့်တယ်လျောက်ပတ်သောစကားသည် ဒဏ်ရာရသော စိတ်နှလုံးအတွက် အနာငြိမ်းစေသော လိမ်းဆေးကဲ့သို့ဖြစ်၍၊ နိုးကြား စိတ်အားထက်သန်ခြင်းကို ပေးတတ်ပါသည်။ ရုသ ကြုံတွေ့ခဲ့သောအရာတို့သည် နှစ်သက်စရာ မကောင်းခဲ့ပါ။ “မောဘအမျိုးသမီး” (ရုသ ၁း၂၂၊ ၂း၂၊ ၆) ဟုခေါ်ခြင်းခံရသော၊ သူတပါးပြည်၌ သူစိမ်း မုဆိုးမ အဖြစ်နေရပါသည်။ အသက်မွေးဖို့အတွက် စပါးကျန်ကို လိုက်ကောက်ဖို့ရန် ထွက်သွားခဲ့ပြီး၊ ဗောဇသည် တင့်တယ်လျောက်ပတ်သောစကားကို ဆိုလျက်၊ ထာဝရဘုရား၏ ကောင်းကြီးခံစားရဖို့ရန် ဆုတောင်းပေးခဲ့ပါသည်။ ထိုစကားတို့သည် ခက်ခဲသောကာလ၌ သူ၏ကြိုးစားအားထုတ်မှုနှင့် ယုံကြည်မှုကို သိမြင်သောကြောင့် ထွက်လာသောစကားများဖြစ်ပါသည်။ ကျွန်တော်တို့သည် ကောင်းကြီးခံစားရသောအချိန်၌ လိုအပ်သောသူများကချည်းကပ်လာသောအခါ ကြမ်းတမ်းသော စကားအားဖြင့် အမှားကျူးလွန်မိတတ်ကြပါသည်။ အမှန်မှာ ကျွန်တော်တို့သည် ယုံကြည်ခြင်းနှင့် စကား၊ ဘုရားသခင်၏ကျေးဇူးတော်နှင့်ဆိုင်သော တင့်တယ်လျောက်ပတ်သောစကားကို ဆိုလျက် သူတို့၏စိတ်နှလုံးကို စိတ်သက်သာရာ ရစေရမည်ဖြစ်ပါသည်။

“*<u>ကိုယ်တော်သည် လောကဝတ်စကားကို ပြော၍ ကျွန်မကို နှစ်သိမ့်စေပါပြီ</u>*” (ရုသ ၂း၁၃)။ ဗောဇ၏စကားကို ပြန်တုန့်ပြန်သော ရုသ၏စကား၌ တင့်တယ်လျောက်ပတ်သောစကား၏ တန်ဖိုးကို တွေ့ရပါသည်။ ဆန့်ကျင်ဘက်အမှုကို ဧလိဖတ်အား ယောဘ တုန့်ပြန်မှု၌ တွေ့ရပါသည် (ယောဘ ၁၆း၁-၅)။ ဘဝအခက်အခဲနှင့် ဝမ်းနည်းမှု ရင်ဆိုင်နေရသောအချိန်တွင် လိုအပ်သောအရာသည် မိမိ၏နှုတ်ကို သတိထားဖို့ဖြစ်ပါသည်။ သု ၁၆း၂၄ တွင်၊ “သာယာသောစကားတို့သည် ပျားလပို့ကဲ့သို့ဖြစ်၍၊ စိတ်ဝိညာဉ်၌ ချိုမြိန်လျက် ကိုယ်အရိုးကို ကျန်းမာစေလျက် ရှိကြ၏” ဟု ဆို၏။ ထိုသို့ ဗောဇနှင့်စကားပြောနေစဉ် ရုသ ဘာကို မျော်လင့်ကြောင်း ကျွန်တော်တို့ မသိသော်လည်း၊ သူကြားရသောစကားသည်၊ “စိတ်နှင့်တွေ့သောသူ” (ရုသ ၂း၂) ၏လယ်သို့ ဘုရားသခင် အမှန် ပို့ဆောင်တော်မူကြောင်း သက်သေဖြစ်ပါသည်။ ထိုအချက်သည် “အဘယ်သို့ စိတ်တော်နှင့် တွေ့ရပါသနည်း” (ရုသ ၂း၁၃) ဟူသော ရုသ၏စကား၌ ထင်ရှားပါ၏။

တင့်တယ်လျောက်ပတ်သော (သို့) သာယာသောစကား နှင့် မြောက်ပင့်သောစကား ကို သေချာ ခွဲခြားဖို့လိုပါသည်။ တင့်တယ်လျောက်ပတ်သောစကားသည် “ကြားနာသောသူတို့၏ အကျိုးကို ပြုစုစေ” (ဧဖက် ၄း၂၉) ပြီး၊ “ချော့မော့တတ်သောသူသည်လည်း ဖျက်ဆီးတတ်၏” (သု ၂၆း၂၈)။ ဗောဇ၏စကားတို့သည် ချော့မော့သောစကား၊ မုသားစကား မဟုတ်ဘဲ၊ အကျိုးရှိသော၊ ခွန်အားကို ဖြစ်စေသောစကား ဖြစ်ပါသည်။ ခက်ခဲသောအချိန်၌ ရုသ၏ဘဝအသက်တာကို ခွန်အားဖြစ်စေလျက်၊ ရုသ၏သိက္ခာကို တန်ဖိုးထားသောစကားများဖြစ်ကြပါသည်။

**ဆင်ခြင်ရန်** - (သု ၁၅း၁-၄ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** (ဆာလံ ၁၄၁း၃ နှင့် ဆာလံ ၁၉း၁၄ ကို အသုံးပြုပါ)။

# အိမ်ထောင်မိသားစု ကောင်းကြီးမင်္ဂလာ (၈)

လူသည် ဘုရားသခင်၏လက်တော်ကို မမြင်ရသော်လည်း၊ လမ်းပြကွယ်ကာစောင့်ရှောက်တော်မူခြင်းကို သဘောမပေါက်သော်လည်း၊ ဘုရားသခင်သည် အစဉ် အမှုပြုတော်မူ၏။ ဖြစ်ပျက်လျက်ရှိသော ဘယ်အရာဘဲဖြစ်ဖြစ်၊ လူကဘယ်လိုဘယ် မြင်မြင်၊ ဘုရားသခင်သည် မိမိ၏အဆုံးစွန်အာဏာတော်ဖြင့် ချမှတ်ထားသော ရည်ရွယ်ချက် စုံလင်စေခြင်းအမှု ပြုနေခြင်းသာဖြစ်ပါသည်။ ဘဝ၌ကြုံတွေ့ရသော အခြေအနေမှ သင်ယူရသော သင်ခန်းစာတို့သည် ကာလရေလလူမျိုးများအတွက် ဘုရားသခင်နှင့်ဆိုင်သော သင်ခန်းစာများပင်ဖြစ်ပါသည်။ ထိုသင်ခန်းစာများအားဖြင့်၊ မိမိတို့၏သားသမီးများအား ဘုရားသခင်၏ အဆုံးစွန်အာဏာရှိတော်မူခြင်း၊ ဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်း၊ ကောင်းမြတ်ခြင်း၊ ဂရုဏာတော်၊ တန်ခိုးတော်၊ တရားမျှတခြင်း နှင့် အခြားဂုဏ်တော်များကို သင်ပေးကြရပါမည်။

"*<u>သင့်ကို ပြုစုသော အမျိုးသားချင်းကို ယနေ့ ဖြတ်တော်မမူသော ထာဝရဘုရားသည် မင်္ဂလာရှိတော်မူပါစေသော</u>*" (ရုသ ၄း၁၄)။ ဗောဇနှင့်ရုသသည်၌ သာဘွားမြင်ခြင်းက ဗက်လင်အမျိုးသမီးများအား နောမိထံ စုဝေးစေခဲ့ပါသည်။ ဗောဘပြည်မှ ဗက်လင်မြို့သို့ ထွက်လာစဉ် ရုသ ၁း၁၁ ထဲ၌ သူသည်၊ "ငါနှင့်အတူ အဘယ်ကြောင့် လိုက်ရမည်နည်း၊ သင်တို့ လင်လျှာဘို့ ငါ၏ဝမ်း၌ သားရှိသေး သလော" ဟုမေးခဲ့ပြီး၊ ဗက်လင်မြို့သို့ ဝင်လာစဉ်၊ "ဤသကား နောမိ ဟုတ်သလော" သူသောမေးခွန်းကို၊ "နောမိဟူ၍ မခေါ်ပါနှင့်။ မာရ ဟူ၍ ခေါ်ပါ။ အနန္တတန်ခိုးရှင်သည် ငါ့အား အလွန်ခါး သောအရာကို ပေးတော်မူပြီ" (ရုသ ၁း၂၀) ဟု ဖြေကြားခဲ့သော၊ နောမိသည် ယခုအခါ ဘုရားသခင်၏ လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်း လက်တော် ပြုသောအမှုကို ပို၍ ရှင်းလင်းစွာ မြင်လာခဲ့ပါသည်။ သူ့အား အမျိုးသမီးများက၊ "သင့်ကို ပြုစုသော အမျိုးသားချင်းကို ယနေ့ ဖြတ်တော်မမူသော ထာဝရဘုရား" ဟုဆိုခဲ့ကြပါသည်။ ဤသည်ကား ဝမ်းမြောက်ခြင်းစကားဖြစ်ပါသည်။ ရုသ၏ သားဘွားမြင်ခြင်းက အားလုံးကို ပျော်ရွှင်မှုပေးခဲ့ပါသည်။

ထို့ပြင်၊ အခြား သင်ခန်းစာတခု ကျွန်တော်တို့ သင်ယူရသည်မှာ၊ ယောဟန် ၁၆ ထဲ၌ ခရစ်တော် ပေးခဲ့သော၊ မိန်းမ၏ သားမွေးဘွားခြင်း အကြောင်းမှ ကောက်နုတ်ချက်ဖြစ်ပါသည်။ အပြစ်ထဲကျရောက်စဉ်၊ ဘုရားသခင်က ဧဝအား၊ "သင်၌ ကိုယ်ဝန်ဆောင်ခြင်း ဝေဒနာကို ငါ အလွန်များပြားစေမည်။ ပင်ပန်းစွာ ဝေဒနာကို ခံ၍ သားဘွားရမည်" (ကမ္ဘာ ၃း၁၆) ဟုမိန့်တော်မူ၏။ ခရစ်တော်က၊ "ဘွားမြင်ပြီးမှ ဤလောက၌ လူတယောက်ကို ဘွားမြင်သောကြောင့် ဝမ်းမြောက်ခြင်းရှိ၍၊ ဝေဒနာကို မေ့လျော့တတ်၏" (ယောဟန် ၁၆း၂၁) ဟုဆိုခဲ့ပါသည်။ ဘုရားသခင်၏ကျေးဇူးတော် မြင်တွေ့ရသောကြောင့်၊ နောမိသည် မိမိ၏ဝမ်းနည်းမှုအပေါင်းကို မေ့လျော့ခဲ့ပါသည်။ အတိတ်ကို ပြောင်းလဲ၍ မရပါ၊ သမိုင်းသည် အတည်ဖြစ်၏၊ သို့သော်လည်း ဘုရားသခင်၏ သေချာသော ကျေးဇူးတော်သည် အဓိပ္ပါယ်မရှိဟုထင်ရသောအရာကို အဓိပ္ပါယ်ရှိစေတော်မူ၏။

**ဆင်ခြင်ရန်** - ခရစ်ယာန် သက်သေခံချက်သည် အမှောင်၌ လိုအပ်သော အလင်းကဲ့သို့ ဖြစ်ပါသည်။

**ဆုတောင်းချက်-** နာကျင်ခြင်းက အကျွန်ုပ် မျက်စိကို ကွယ်စေနိုင်သော်လည်း၊ ကိုယ်တော်၏ ကျေးဇူးတော် အလင်းကို ပေးသနားတော်မူပါ။

**ရုသ ၄း၁၁-၂၂**
၁ ပေ ၃း၈-၁၂

*"သင်တို့သည် ကောင်းချီးမင်္ဂလာကို အမွေခံစေခြင်း အလိုငှါ ခေါ်တော်မူသောသူဖြစ်သည်"*

# အိမ်ထောင်မိသားစု ကောင်းကြီးမင်္ဂလာ (၇)

ဆုတောင်းခြင်းကိုလည်း သဘောတရား မတောင်းရပါ။ ဆုတောင်းခြင်းဖြင့်၊ ကျွန်ုပ်တို့၏ ဆုတောင်းချက်များကို နားညောင်း အဖြေပေးတော်မူလိုသော ဘုရားသခင်နှင့် ကျွန်တော်တို့ မိသာဟာရ ဖွဲ့ခွင့်ရကြ၏။ တကိုယ်တည်းဆုတောင်းခြင်း၊ အသင်းတော်ဆုတောင်းခြင်းတို့သည် မိမိ မိသားစုအတွက် အလွန်အကျိုးရှိပါသည်။ ရုသ၊ အသက်ကြီးသောသူများနှင့်လူထုထံ ဗောဇ ပြောသော စကားတို့ အချည်းနှီးသော ဂတိ မဟုတ်ပါ။ ထိုနည်းတူ၊ ဗောဇနှင့်ရုသထံ အသက်ကြီးသူများ၏ ကောင်းကြီးမင်္ဂလာစကားများသည်လည်း အချည်းနှီး စကား မဖြစ်ကြပါ။

"*<u>ဧဖရတဘုရား၏ကျေးဇူးတော်ကြောင့် ရုသသည် ပဋိသန္ဓေယူ၍ သားယောကျ်ားကို ဘွားမြင်လေ၏</u>*" (ရုသ ၄း၁၃)။ ဗောဇနှင့်ရုသအပေါ် ကောင်းကြီးပေး ဆုတောင်းပေးခြင်းတွင် ထာဝရဘုရား၏နာမတော်ကို မြွက်ဆိုခဲ့ကြပါသည်။ ထိုသို့ ထာဝရဘုရား၏နာမ သူတို့ မြွက်ဆိုခြင်းသည် အချည်းနှီး မြွက်ဆိုကြခြင်း မဟုတ်ပါ။ ပညတ်တော် ဆယ်ပါးထဲတွင်၊ ဘုရားသခင်က မိမိ၏ နာမတော်ကို အချည်းနှီး မမြွက်ဆိုဖို့ရန် တားမြစ်ထားတော်မူ၏။ ရုသသည် အလွန်ပျော်ရွှင်နေပါလိမ့်မည်။ သူသည် မယားဖြစ်ခဲ့ဖူးသော်လည်း၊ သူ့ခင်ပွန်း သေဆုံးခဲ့ပြီး၊ ယုဒပြည် ဗက်လင်မြို့သို့ နောမိနှင့် လိုက်လာ၍ ကောင်းသော အခြေအနေ မဟုတ်ခဲ့ပါ။ သူသည် ဘုရားသခင် တပါးတည်းကိုသာ ယုံကြည်ကိုးစားလျက် လိုက်လာခဲ့ခြင်းဖြစ်၏။ ထို့နောက်၊ သူသည် ဘုရားသခင်ကို ကြောက်ရွံ့သောသူနှင့် လက်ထပ်ခဲ့ပါသည်။ ထိုအခါ၊ "ထာဝရဘုရား၏ကျေးဇူးတော်ကြောင့် ရုသသည် ပဋိသန္ဓေ" စွဲခဲ့ပါသည်။ သေသောသူ၏ နာမည်ကို မျိုးဆက်အားဖြင့် ထောက်မဖို့ရန် ထိမ်းမြားခြင်းဖြစ်သောကြောင့်၊ သူသည် သားကို ဘွားမြင်လျက် ပထမဆုံးအကြိမ် မိခင် ဖြစ်လာမည်ဖြစ်၏။

ယခုအခြေအနေသည် အလွန်အားရစရာကောင်းပါ၏။ ကျွန်ုပ်တို့ကို ဆုတောင်းဖို့ရန် ခွန်အားပေး တိုက်တွန်းခြင်းလည်းဖြစ်ပါသည်။ ဆုတောင်းခြင်း၏အကျိုး ဖော်ပြခြင်းလည်းဖြစ်၏။ လိုအပ်သောသူများကို ကျေးဇူးပြုတော်မူသော ထာဝရဘုရားထံ နှုတ်ကပတ်တော်၌အခြေခံလျက် ရဲရင့်စွာ ကျွန်တော်တို့ ချဉ်းကပ်နိုင်ပါသည်။ ဘုရားသခင်သည် နာခံသောသူက၊ နှုတ်ကပတ်တော်၌ ဖော်ပြသော မိမိ၏အလိုတော်ကို လိုက်လျှောက်သောသူအား ချီးမြှောက်တော်မူကြောင်း ဤအချက်က ဖော်ပြလျက်ရှိ၏။ ထိုနံနက် ရုသထံ နောမိပြောခဲ့သောစကား၊ အခန်းကြီး ၃ အဆုံး၌ ဖော်ပြထားသော၊ ("ငါ့သမီး၊ ဤအမှုသည် အဘယ်သို့ ပြီးလိမ့်မည်ကို မသိမှီတိုင်အောင် ထိုင်နေတော့။ ယောကျ်ားသည် ယနေ့ ဤအမှုကို မပြီးစီးမှီ ငြိမ်ဝပ်စွာမနေဟု ပြောဆို၏") ဟူသောစကားသည် အမှန် ပြည့်စုံလျက်၊ ဗောဇ၏ရည်ရွယ်ချက် ချီးမြှောက်ခြင်းခံရပြီး၊ အသက်ကြီးသူများ၏ဆုတောင်းချက် အဖြေပေးခြင်း ခံရခဲ့ပါသည်။

**ဆင်ခြင်ရန်** - (၁ ယော ၅း၁၄-၁၅ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ ကောင်းမြတ်တော်မူခြင်းကို အစဉ် ကိုးစားယုံကြည်မည်အကြောင်း မစတော်မူပါ။

**ရှုသ ၂း၁၃-၁၇**
ယာကုပ် ၂း၁၄-၂၀

*"ညီအစ်ကိုနှမတို့သည် အဝတ်ချည်းစည်းရှိ၍၊ နေ့တိုင်း စားရသောအစာ မရှိသောအခါ"*

# လမ်းပြပြုစုစောင့်ရှောက်ခြင်းနှင့် နာခံခြင်း၏ကောင်းကြီးမင်္ဂလာများ (၂)

ခရစ်ယာန် သက်သေခံချက်၏တန်ခိုးသည် ပြောစကားနှင့်အသက်တာ ကိုက်ညီမှု၌ တည်ပါသည်။ တမန်တော် ယောဟန်က၊ "ချစ်သားတို့ ငါတို့သည် စကားပြောကာမျှအားဖြင့်သာ မချစ်ဘဲ၊ စိတ်ပါကိုယ်ရောက် ဧကန်အမှန် ချစ်ကြကုန်အံ့" (၁ ယော ၃း၁၈) ဟု ဆိုခဲ့ပါသည်။ ကယ်တင်ခြင်း သတင်းကောင်းသည် တရားဟောဆရာ၏အသက်တာနှင့် ယုံကြည်သူ၏အသက်တာ ဖြင့် ပေါင်းစပ်ရပါမည်။ ယုံကြည်သူ၏ သူတပါးလွှမ်းမိုးမှုသည် အသက်တာကို ပြောင်းလဲစေသော၊ ခရစ်တော်၏ သတင်းကောင်းနှင့် ခရစ်တော် ပြတော်မူသော ကိုယ်ကျိုးစွန့် အမှုဆောင်ခြင်း အသက်တာ ပေါင်းစပ်မှုပင်ဖြစ်ပါသည်။ ဗောဇသည် တင့်တယ်လျောက်ပတ်သော၊ အကျိုးရှိသည့် စကားကို ပြောသည် သာမက၊ ရှုသ၏လိုအပ်ချက်များကို လက်တွေ့ ဖြည့်ဆည်း ပေးခဲ့ပါသည်။ ရိတ်သိမ်းသောသူများအတွက် ပြင်ဆင်ခဲ့သော အစားအစာကို စားရသောအခွင့် ရခဲ့ပါသည်။ စပါးကျန် လိုက်ကောက်သောသူသည် ရိတ်သောသူကဲ့သို့ ဆက်ဆံခြင်းခံရ၏။

"*__ပေါက်ပေါက်ကို လှမ်း၍ ပေးသဖြင့်၊ သူသည် ဝစွာ စားပြီး__*" (ရှုသ ၂း၁၄)။ ပေါက်ပေါက်သည် မခြောက် သေးသော၊ မမာသေးသော စပါး (သို့) ဂျုံ စေ့ဖြင့် ပြုလုပ်ခြင်းဖြစ်ပါသည်။ ဒယ်အိုး၌ မြေပဲကို ဖုတ်သကဲ့သို့ ဖုတ်ထားသော မုန့်ဖြစ်ပါသည်။ ရှုသသည် မိမိအခြေအနေကို သံသယရှိခဲ့၏။ ရှုသ ၂း၁၃ ၌၊ "ကျွန်မသည် ကိုယ်တော်ကျွန်မတို့နှင့် မတူသော်လည်း" ဟု ဆိုခဲ့၏။ သူသည် အားပေး စကား ကြားပြီး၊ စပါးကျန် ကောက်ရသော အခွင့်ရခဲ့သောကြောင့် အလွန်ဝမ်းမြောက်ခဲ့ပါသည်။ အခြားကျွန်မတို့ထက် သူသည် ပို၍ အရေးမပါကြောင်း သိသော်လည်း၊ ဂရုစိုက်မှုကို စကားအားဖြင့်သာ မဟုတ်၊ လက်တွေ့အားဖြင့် ခံစားခဲ့ရပါသည်။ မိမိကျွန်မများအတွက် ပြင်ဆင်ခဲ့သော အစားအစာ စားသုံးဖို့ရန် ဗောဇ ဖိတ်ခေါ်ခဲ့ပါသည်။ အလွန် မင်္ဂလာရှိသော အဖြစ်အပျက်ကို မြင်တွေ့ရပါသည်။ ဖိတ်ခေါ်ခြင်း မရှိဘဲ၊ လယ်ထဲသို့ရောက်လာသောသူ၊ ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် စပါးကျန် လိုက်ကောက်ရသော အခွင့် ရရှိသောသူ တယောက်သည်၊ ယခု လယ်ပိုင်ရှင်၏ သတိပြုမှု ခံရပြီး၊ လယ်ထဲ၌ စပါးလိုက်ကောက်ရသော အခွင့်ရသည် သာမက၊ ရိတ်သောသူများ အတွက် ပြင်ဆင်သော အစားအသောက် စားဖို့ရန် ဖိတ်ခေါ်ခြင်းခံလျက်၊ စားခဲ့ပါသည်။

ခရစ်ယာန် အမှုတော်နှင့် ကောင်းသောအမှုကို ခရစ်တော် သွန်သင်ချက်အတိုင်း (မသဲ ၅း၄၃-၄၈)၊ ပြတော်မူသော သာဓကအတိုင်း (ယော ၁၃း၁၃-၁၅) ဆောင်ရွက်ရပါမည်။ ထိုအမှုကို ဘုရားသခင်၏ ကွယ်ကာစောင့်ရှောက်မှုအောက်၌ အခွင့်ရှိသောအချိန်တိုင်း၌ ပြုဖို့ ဖြစ်ပါသည် (ဂလာတိ ၆း၁၀)။

**ဆင်ခြင်ရန်** - ("ကိုယ်တော်အဖို့ တစုံတခု" ဟူသော ချီးမွမ်း သီချင်းကို ဆင်ခြင်ပါလော့)။

**ဆုတောင်းချက်-** အို ထာဝရဘုရား၊ "ကိုယ်တော်၏စိတ်နှလုံးကဲ့သို့သော၊ သစ္စာရှိသော စိတ်နှလုံးကို အကျွန်ုပ်အား ပေးတော်မူပါ။"

*“လုံလဝိရိယရှိသောသူသည် ကြွယ်ဝခြင်းသို့ ရောက်တတ်၏”*

# လမ်းပြပြုစုစောင့်ရှောက်ခြင်းနှင့် လုံလဝိရိယ၏အကျိုး (၁)

“စိတ်နှင့်တွေ့ သောသူနောက်မှာ စပါးကျန်ကို ကောက်” ခြင်းငှါ ထိုမနက် ထွက်သွားဖို့ရန် ရုသ ဆုံးဖြတ်ချက်သည် ဘုရားသခင်၏ သားသမီးများအတွက် သင်ယူစရာများစွာ ရှိသော ဆုံးဖြတ်ချက်ဖြစ်ပါသည်။ တနေ့တာ ကြုံတွေ့ခဲ့သော အဖြစ်အပျက်များတို့သည် ယုံကြည်ကိုးစားခြင်းဖြင့် ထွက်သွားသော ကျွန်တော်တို့အတွက် သာမက၊ ဘုရားသခင်၏အလိုတော်နှင့် လမ်းပြစောင့်ရှောက်ခြင်းကို တောင်းလျှောက်ခဲ့သော ကျွန်တော်တို့နှင့် ထိတွေ့ဆက်ဆံသောသူများအတွက်၊ ဘုရားသခင်၏ ကွယ်ကာလမ်းပြစောင့်ရှောက်တော်မူခြင်း လက်တော်အားဖြင့် ဖြစ်ကြောင်း သိရပါသည်။ သုတ္တံကျမ်းက ကြိုးစားအားထုတ်မှု၏ အကျိုးရလဒ်ကို များစွာ ဖော်ပြခဲ့ပါသည်။ အချို့သောအကျိုးရလဒ်သည် ရုသ ကိုကြည့်ခြင်းအားဖြင့် ဘုရားသခင်၏အလိုတော်နှင့်အခွင့်တော်အားဖြင့် ဖြစ်ကြောင်း တွေ့ရပါသည်။

“*စပါးကျန်ကို ကောက်ခြင်းငှါ ထသွားသောအခါ*” (ရုသ ၂း၁၅)။ ဤအချက်က ပထမဆုံး သင်ခန်းစာကို ဖော်ပြပါသည်။ လမ်းပြပြုစုစောင့်ရှောက်ခြင်းသည် အခွင့်အရေးကို ပေးတော်မူ၏၊ သို့သော်လည်း ထိုအခွင့်အရေးကို ဖြောင့်မတ်သောသူသည် ကြိုးစားအားထုတ်မှုဖြင့် အရယူခဲ့ပါသည်။ သုတ္တံကျမ်း၏ နိယာမဟူမူကား၊ “ဖြောင့်မတ်သောသူကို ငတ်၍သေစေခြင်းငှါ၊ ထာဝရဘုရားသည် အခွင့်ပေးတော် မမူ၊” သူ၍ဖြစ်သတည်း။ သို့သော်လည်း၊ ပျံသန်းသော ငှက်ကလေးများကို ကျွေးမွေးတော်မူသော ဘုရားသခင်သည် (မသဲ ၆း၂၆) အလုပ်မလုပ်ဘဲ ထိုင်နေသောသူ၏ ပါးစပ်ထဲသို့ အစာချပေးတော်မူမည် မဟုတ်ပါ။ ကြိုးစားအားထုတ်သော ငှက်ကလေးနှင့် ပတ်သက်၍ စကားပုံတခုမူကား၊ “စောစောထသော ငှက်သည် ပိုးကောင်ကို ဖမ်းရတတ်၏၊” ဟူ၍ဖြစ်ပါသည်။ Matthew Henry က မသဲ ၆း၂၆ ကို ဤသို့ အနက်ဖွင့်ရှင်းပြခဲ့ပါသည်၊ “ငှက်အမျိုးမျိုးရှိပါသည်။ သို့သော်လည်း အားလုံးသည် ကျွေးမွေးခြင်းခံရကြ၏။ ဆောင်းရာသီ၌ပင်၊ အစာငတ်ခြင်းကြောင့် သေသော ငှက်မရှိဖူးပါ။ သင်တို့သည် ဘုရားသခင်အတွက် ပို၍ ချစ်စရာကောင်းပါသည်။ သူသည် သင်တို့၏ အရှင်သခင်၊ သင်တို့ကို ပိုင်သောသူဖြစ်သည့် အပင်၊ သင်တို့၏ အဘဖြစ်တော်မူ၏။ သင်တို့သည် ဘုရားသခင်၏ သားသမီးများဖြစ်ကြ၏။ ငှက်ကလေးများကို ကျွေးမွေးသော ထိုဘုရားသည် မိမိသားသမီးများကို အငတ်ထားတော်မူမည် မဟုတ်ပါ။ သူတို့သည် သင်တို့ အဖဘုရား၏ ပြုစုစောင့်ရှောက်တော်မူခြင်းကို ကိုးစားကြသည်ဖြစ်၍၊ သင်တို့ကော ယုံကြည်ကိုးစားခြင်း ရှိမည် မဟုတ်လော။”

ရုသသည် ယုံကြည်ခြင်းဖြင့် သွား၍၊ မျှော်လင့်ထားသည်ထက် ဘုရားသခင်က များစွာ ပေးတော်မူ၏။ သို့သော်လည်း၊ ဘုရားသခင်၏မစခြင်းသည် အရိပ်အောက်၌ထိုင်နေစဉ် ရောက်လာသည် မဟုတ်။ သူသည် ဝမ်းမြောက်စရာ စကားကြားပြီးနောက်၊ စပါးကျန် လိုက်ကောက်ရန် ထသွားခဲ့ပါသည်။ အစာ စားပြီးမှလည်း၊ စပါးကျန် လိုက်ကောက်ရန် ထသွားခဲ့ပါသည်။ ကျေးဇူးတော်ခံစားရသော်လည်း၊ အလွဲသုံးစား မလုပ်ခဲ့ပါ။ စားရသောအခွင့် ရသောအခါ၊ အလုပ်လုပ်ဖို့ အားအင်အတွက် စားခဲ့၏၊ အလုပ် ဆက်မလုပ်နိုင်လောက်အောင် မစားခဲ့ပါ။

**ဆင်ခြင်ရန်** - “ငှက်ကလေးများကို ကျွေးမွေးသောသူသည်၊ မိမိ၏ကလေးငယ်များကို လုံးဝ အငတ် ထားမည် မဟုတ်ပါ။”

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ကို ယုံကြည်ကိုးစားလျက် အကောင်းဆုံး အစဉ်ကြိုးစား အားထုတ်မည်အကြောင်း မစတော်မူပါ။

**ရုသ ၄း၁၁-၂၂**
ဒေ ၅း၁-၆

*"ဘုရားသခင့်ထံတော်၌ သစ္စာဂတိ ပြုမိလျှင်၊ သစ္စာဝတ်ကို မဖြေဘဲ မနေနှင့်"*

# အိမ်ထောင်မိသားစု ကောင်းကြီးမင်္ဂလာ (၆)

ဗောဇနှင့်ရုသ၏ အချစ်ရေးတွင် မပြုမည့်အမှုကို ဂတိပေးခြင်း၊ ချိုသာသော မုသာစကား၊ အလျင်စလိုပြောထွက်သော စကား၊ (သို့) စိတ်လှုပ်ရှားမှုကြောင့် တကယ် မရည်ရွယ်ဘဲ ပြောသော စကားများ မပါဝင်ပါ။ ယနေ့ခေတ် ရည်းစားဘဝသည်၊ ချစ်သူများအကြား နားဝင်ချိုသော မုသာစကား ပြောခြင်း၊ တကယ် မပြုမည့်၊ မေ့လျော့သွားမည့် စကား ပြောခြင်းများဟု ထင်မှတ်ရပါသည်။ ဗောဇနှင့်ရုသသည် ထိုသို့ မဟုတ်ခဲ့ကြပါ။

"*ဗောဇသည် ရုသကို သိမ်း၍ စုံဘက်လျက်*" (ရုသ ၄း၁၃)။ ဗောဇ ပြောခဲ့သောစကားနှင့် သူ၏ရည်ရွယ်ချက်တို့သည် စိတ်လှုပ်ရှား၍ ပြောသောစကား မဟုတ်ကြပါ။ သူမ၏အမှုကို အသက်ကြီးသူများနှင့် ဆွေးနွေးမည်ဟု ဆိုသည်အတိုင်း၊ နံနက်ရောက်သောအခါ အကယ်ပြုခဲ့ပါသည်။ သာ၍ရွေးပိုင်သောအမျိုးသားချင်းက သူ့တာဝန်ကို မပြုလိုလျှင်၊ မိမိပြုလိုကြောင်း ပြောသည်အတိုင်း၊ သူသည် ရုသအား မိမိ၏မယားအဖြစ် ယူခဲ့ပါသည်။ သာ၍ ရွေးပိုင်သောအမျိုးသားချင်းက ရွေးလိုခဲ့လျှင်၊ ဗောဇသည် ရုသထံ ပြောခဲ့သည်အတိုင်း၊ နောမိ ပိုင်ဆိုင်မှုနှင့် ရုသကို အမှန်ရွေးခွင့် ပေးခဲ့ပါလိမ့်မည်။ များစွာသော အိမ်ထောင်မိသားစုသည် သမီးရည်းစားဘဝ၌ လွန်ကူစွာ ဂတိပေးခြင်း၊ အလျင်စလို စိတ်ကူးယဉ် ဆန်ဆန် အိပ်မက်ပုံဖော် စကားများပြောခြင်း စသည်တို့ကြောင့် ပျော်ရွှင်ခြင်း ကင်းသော မိသားစု ဖြစ်လာတတ်ကြ၏။ တကယ် မလိုက်လျှောက်မည့် စကားအားဖြင့် အချင်းချင်း ဂတိပေးတတ်ကြပါသည်။ သို့သော်လည်း၊ ဂတိပေးခြင်းခံရသောသူသည် ထိုစကားများကို အမှတ်ရတတ်ပါသည်။

ဂတိသစ္စာစကားကို စောင့်ဖို့လိုပါသည်၊ ထိုသို့ တကယ်ပြုသောအခါတွင် ပျော်ရွှင်စွာ၊ လိုလိုလားလား ဆောင်ရွက်ရပါမည်။ ထို့ကြောင့်၊ ရည်းစားဘဝဘဲဖြစ်ဖြစ်၊ ထိမ်းမြားခြင်း အစီအစဉ်မှာဘဲဖြစ်ဖြစ် ကျွန်တော်တို့ ပြောသောစကားများသည် သမ္မာသတိရှိစွာ၊ စိတ်သဘောထားအမှန်ဖြင့် ပြောဖို့လိုပါသည်။ အမှန်တကယ် လိုက်လျှောက်မည့်အရာ၊ ပြုမည့်အရာကိုသာ ပြောရပါမည်။ "ကောင်းစားသောအချိန်၊ ဆိုးရွားသောအချိန်၊" "နာမကျန်းဖြစ်သောအချိန်၊ ကျန်းမာသောအချိန်၊" "ကြွယ်ဝသောအချိန်၊ ဆင်းရဲသောအချိန်၊" ဘယ်အချိန်မှာဘဲဖြစ်ဖြစ်၊ သင့်ကို ချစ်ခင် စောင့်ရှောက်လျက် "သေခြင်းကသာလျှင် ကျွန်ုပ်တို့ကို ခွဲပါစေသော" ဟူသော ဂတိစကားသည်၊ နားဝင်ချိုရုံသက်သက်၊ ကဗျာဆန်ဆန် သီကုံးထားခြင်း မဟုတ်ပါ။ အစီအစဉ်၌ သဘောတရား ထည့်ခြင်း မဟုတ်ပါ။ ထိုစကားတို့သည် အမှန်တကယ် လိုက်လျှောက် ကျင့်သုံး ဆောင်ရွက်မည်အကြောင်း ဆုံးဖြတ်ချက်ချလျက်၊ သက်သေအဖြစ် မြွက်ဆိုသော တာဝန်ဝတ္တရား၊ ဂတိစကားများဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ထိမ်းမြားခြင်း ဂတိသစ္စာပြုခြင်းသည် အချည်းနှီးပြုခြင်း မဟုတ်ပါ။
**ဆုတောင်းချက်-** (ဆာလံ ၁၉း၁၂-၁၄)။

*"သင်၏အမျိုးအနွယ်ကိုလည်း ငါတည်စေမည်ဟု ထာဝရဘုရား မိန့်တော်မူပြီ"*

# အိမ်ထောင်မိသားစု ကောင်းကြီးမင်္ဂလာ (၅)

ခရစ်ယာန် ထိမ်းမြားလက်ထပ်ခြင်းနှင့် ဂတိသစ္စာပြုခြင်းတို့သည် သဘောတရား ပြုခြင်း မဟုတ်ကြပါ။ လေးစားကြည်ညိုသောစိတ်ဖြင့် အလေးအနက်ထား ပြုရမည့်အမှုဖြစ်ပါသည်။ ထိုသို့ ခရစ်ယာန် ထိမ်းမြားခြင်းနှင့် ဂတိသစ္စာဆိုခြင်းပြုသောသူသည် ခရစ်ယာန်အသက်တာဖြင့် အသက် ရှင်ဖို့ရန်နှင့် ဘုရားသခင်ကို ကြောက်ရွံ့သော အိမ်ထောင် တည်ဆောက်ဖို့ရန် ရည်ရွယ် ကြိုးစား ရမည် ဖြစ်ပါသည်။ ခရစ်ယာန်မိသားစု အတွက် သိုထားသော ကောင်းကြီးမင်္ဂလာတို့ကို ထိုသို့ ခရစ်ယာန် ထုံးတမ်းစဉ်လာအတိုင်း ထိမ်းမြားခြင်း တခုတည်းဖြင့် အလိုလို ရရှိနိုင်သည် မဟုတ်။ ဘုရားသခင်ကို ကြောက်ရွံ့သော အသက်တာဖြင့် အသက်ရှင်ဖို့ရန် ကြိုးစားအားထုတ်သော သူများ အပေါ်၌သာ ထိုကောင်းကြီးမင်္ဂလာ ကျရောက်တတ်ပါသည်။

"<u>*သင်၏အမျိုးအနွယ်သည် . . . ဖာရက် အမျိုးအနွယ် ကဲ့သို့ ဖြစ်ပါစေသော*</u>" (ရှုသ ၄း၁၂)။ ဗောဇသည် ဧလိမလက်၏မျိုးဆက်နှင့်နာမည်ကိုငှင်း၊ ခံရသော ကောင်းကြီးမင်္ဂလာကိုငှင်း ဖော်ပြခဲ့ပါသည်။ ဒါဝိဒ်သည် မိမိအိမ်၌ ထိုင်လျက် ထာဝရဘုရားအဘို့ အိမ်တော်ကို ဆောက်ဖို့ရန် စဉ်းစား ကြံစည်သကဲ့သို့၊ ဗောဇသည်လည်း သေသောသူအတွက် မျိုးဆက်ကို ထောက်မပေးရန် ရည်ရွယ်ကြောင်း မြို့တံခါးဝရှိ အသက်ကြီးသူများရှေ့တွင် ဖော်ပြခဲ့ပါသည်။ ထာဝရဘုရား အဆုံး စီရင်ခြင်း ခံရသော၊ မိုက်မဲသော ဧရ နှင့် မိမိ ညီအစ်ကိုအတွက် မျိုးဆက် မထောက်မလိုသော ဩနန်ကဲ့သို့ မဟုတ်ဘဲ၊ ဗောဇသည် ရွေးပိုင်သောအမျိုးသားချင်း၏တာဝန်ကို လိုလိုလားလား ဆောင်ရွက် သောကြောင့် ကောင်းကြီးမင်္ဂလာ ခံရခဲ့ပါသည်။

"ဖာရက်၏ အမျိုးအနွယ် ကဲ့သို့" ဟူသော ကောင်းကြီးမင်္ဂလာတွင်၊ အသရေရှိခြင်း၊ ဖြောင့်မတ်မှန်ကန်ခြင်းနှင့် အရေအတွက်များပြားခြင်းတို့ပါဝင်ပါသည်။ ယုဒ၏သား ငါးယောက်တွင် နှစ်ယောက်သည် ဆိုးသွမ်းမှုကြောင့် ထာဝရဘုရားက အဆုံးစီရင်ခဲ့ပါသည်။ ထို့ကြောင့်၊ ယုဒ၏ မျိုးဆက်ကို ရှေလ၊ ဖာရက်နှင့် ဇာရ တဦးဦးမှ ရေတွက်ရမည်ဖြစ်ပါသည် (ကမ္ဘာ ၄၆း၁၂)။ ဖာရက်၏ အမျိုးအနွယ်အကြောင်းကို ကျွန်တော်တို့ များစွာ မသိရပါ။ သိရသည်မှာ သူမွေးဖွားခြင်းအကြောင်း နှင့် ပတ်သက်သောအဖြစ်အပျက် ပင်ဖြစ်ပါသည်။ ရှုသ အမှုကဲ့သို့ပင်၊ တာမ သည် သားမဘွားဘဲ မုဆိုးမအဖြစ်ကျန်ခဲ့လျက်၊ မျိုးဆက် ထောက်မခြင်းအမှုအတွက် ထိမ်းမြားခြင်း ပြုဖို့ လိုအပ်ခဲ့၏။ သို့သော်လည်း၊ ယုဒ၏သားအငယ်ဆုံး ရှေလ သည် ငယ်ရွယ်သေးသောကြောင့်၊ ကြီးလာသောအခါ တာမ နှင့် လက်ထပ်စေမည်ဟု ဂတိပေးလျက်၊ တာမ အား အိမ်ပြန်စေပြီး၊ ထိုဂတိကို ယုဒသည် မစောင့်လိုခဲ့ပါ။ တာမ သည် ယုဒအားဖြင့် ကိုယ်ဝန်ရ၍ အမွှာသားနှစ်ယောက် မွေးဘွားခဲ့ပါသည်။ သူ့ညီသည် မိမိလက်ကို ပြန်ရုပ်သောကြောင့် (ကမ္ဘာ ၃၈း၂၉)၊ ဖာရက်သည် အရင် မွေးဘွားခြင်း ခံလျက်၊ ဇာရ အစား သားဦးဖြစ်ရသောအခွင့်ကို ဖာရက် ရခဲ့ပါသည်။

**ဆင်ခြင်ရန်** - "အဆင်ပြေချိန် ချီးမွမ်းသီချင်း ဆိုလျက်၊ ခက်ခဲချိန် ဆုတောင်းပါ။"
**ဆုတောင်းချက်-** အဖဘုရား၊ ခြေတော်ရင်းရှိ အပြစ်သား ကျွန်ုပ်တို့ကို သနားတော်မူပါ။

ဗုဒ္ဓဟူး၊ ဇူလိုင် (၂၄)
**ရုသ ၂း၁၃-၁၇**
ဟေပြဲ ၆း၉-၁၂

*"ကြိုးစား၍ လုပ်လေရာရာ၌ ကျေးဇူးရှိ၏။ စကားများခြင်း အကျိုးမူကား၊ ဆင်းရဲခြင်း သက်သက်တည်း"*

# လမ်းပြပြုစုစောင့်ရှောက်ခြင်းနှင့် လုံလဝီရိယ၏အကျိုး (၂)

ကြိုးစားအားထုတ်မှု၏အကျိုးကို အမှန်ခံစားရပါသည်။ ရုသ အကြောင်းကို ၂း၇ ထဲတွင်၊ "နံနက်မှစ၍ ယခုခဏ တဲ၌ နေသော အချိန်တိုင်အောင် လုပ်နေပါပြီ" ဟု ဖော်ပြခဲ့ပါသည်။ ထို့ပြင်၊ ဗောဇ၏ သတိပြုခြင်းခံရလျက်၊ တင့်တယ်လျှောက်ပတ်သော စကား ကြားရပြီး၊ ရိတ်သိမ်းသောသူများနှင့်အတူ အစားအစာ စားရသောအခွင့် ရ၍ စားပြီးနောက်၊ သူသည် အလုပ် ပြန်လုပ်ခဲ့ပါသည်။ အလုပ်လုပ်ဖို့ရန် လိုအပ်သော အားအင်အတွက် အစာ စားလျက်၊ ရေ သောက်ခဲ့ပါသည်။ အလုပ် မလုပ်နိုင်လောက်အောင် လွန်ကျူးစွာ မစားခဲ့ပါ။ ခံစားရသော ကျေးဇူးတော်သည် အလုပ်လုပ်ဖို့ရန် စိတ်နှလုံး နှင့် လက်အတွက် အားအင် ဖြစ်ရပါမည်။

"*<u>ကောက်လှိုင်းစုထဲမှာ ကျန်သော စပါးကို ကောက်သိမ်းပါစေ . . . ရိတ်ပြီးသော စပါးအချို့ကိုလည်း သူအဘို့ ချထားလော့</u>*" (ရုသ ၁၅း၁၆)။ ဘုရားသခင်၏ မစခြင်း လက်တော်သည် ရုသအတွက် တိုမနေပါ။ စပါးကျန်ကို လိုက်ကောင်ဖို့ရန် ထသွားသောအခါ၊ သူ မသိဘဲ တမင်သူ့အတွက် စပါးချန်ထားရန် လမ်းညွှန်မှု ရှိခဲ့ပါသည်။ အလွန် ချစ်စရာကောင်းသော လမ်းညွှန်ချက်ဖြစ်ပါသည်။ ထိုအကျိုး ခံစားရခြင်းသည် သူမ၏ လုံလဝီရိယနှင့် ကြိုးစားအားထုတ်မှု အပေါ်၌ တည်ခဲ့ပါသည်။ သူသည် နံနက်ကတည်းက ကြိုးစားလုပ်ဆောင်ခဲ့ပါသည်။ ထိုသို့ဆက်လက် ကြိုးစားလုပ်ဆောင်လျှင် များစွာ စပါးကောက်ရမည်ဖြစ်ပါသည်။ ထိုညွှန်ကြားချက် အကျိုး သည် သူမ၏ ကြိုးစား အားထုတ်မှုနှင့် ရိတ်သောသူများ သူ့ပေါ်မည်သို့ဆက်ဆံမည်နည်း ဟူသောအချက်၌ မူတည်ပါသည်။ "ကောက်သိမ်းပါစေ" (ရုသ ၂း၁၅) ဟူသော ခွင့်ပြုချက်ကို ရရှိခဲ့ပါသည်။ ထိုသို့ ကြိုးစားလိုက်ကောက်လျှင် မထင်မှတ်ဘဲလျက် မရိတ်သေးသော စပါးအထိ ရောက်ပါလိမ့်မည်။ ထိုသို့ဖြစ်ခဲ့လျှင်၊ "ရိတ်ပြီးသော စပါးအချို့ကိုလည်း သူအဘို့ချထားလော့၊ ကောက်ယူပါစေ" (ရုသ ၂း၁၆) ဟု အခွင့်ပေးခဲ့ပါသည်။ သူ့အတွက် တမင် ချထားကြရမည်ဖြစ်ပါသည်။ ရိတ်သောသူများ နောက်သို့ရောက်၍ လိုက်ကောက်နေသောအခါ၊ သူ့ကို သတိထားလျက် စပါးအချို့ကို တမင်ချထားရမည်ဖြစ်ပါသည်။ လုံလဝီရိယသည် အကျိုးဖြစ်ထွန်းစေပါသည်။ ဗောဇသည် ရုသအား စပါး မပေးခဲ့ပါ၊ စပါးကို ကောက်ဖို့ရန် အခွင့်ပေးခဲ့ပါသည်။ သူမ၏သိက္ခာကို မထိခိုက်စေဖို့ရန်၊ အလုပ်၏တန်ဖိုးကို ပို၍ ဖော်ပြခြင်းဖြင့်၊ သူ၏ကြိုးစားအားထုတ်မှုကို ချီးမြှင့်ခဲ့ပါသည်။ တပြိုင်တည်းတွင်၊ ခရစ်ယာန်ပေးကမ်းခြင်း နိယာမကို လိုက်လျှောက်ခဲ့ပါသည်၊ "လက်ျာလက် ပြုသည့်အမှုကို လက်ဝဲလက်မျှ မသိစေနှင့်" (မသဲ ၆း၃)။

**ဆင်ခြင်ရန်** - သိသိပ်စွာ ပေးကမ်းခြင်းက လက်ခံရရှိသောသူ၏သိက္ခာကို စောင့်ထိန်းရာရောက်၏။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်သည် အလုပ်၌ ကြိုးစားအားထုတ်ခြင်းရှိလျက်၊ သူတပါးကို ပေးကမ်းတတ်သောသူ ဖြစ်စေတော်မူပါ။

**ရုသ ၂း၁၂-၁၇**
သု ၁၄း၂၃

*"လုံ့လဝီရိယ ပြုသောသူ၏ ဥစ္စာမူကား အဘိုးထိုက်ပေ၏"*

# လမ်းပြပြုစုစောင့်ရှောက်ခြင်းနှင့် လုံ့လဝီရိယ၏အကျိုး (၃)

အငယ်ဆုံးသောအလုပ်၌ပင် ရိုးသား ကြိုးစားလျက်၊ လုံ့လဝီရိယ ရှိရှိ လုပ်ဆောင်သောသူ အဖို့ အကျိုးရှိပါသည်။ ရုသသည် သာဓက ဖြစ်ပါ၏။ အငယ်ဆုံးသောအလုပ် လုပ်ခြင်းဖြင့်လည်း ကျော်ကြားနိုင်ပါသည်။ ဘုရားသခင်၏လမ်းပြကွယ်ကာစောင့်ရှောက်ခြင်း လက်တော်သည်လည်း ခံစားရသော ကျေးဇူးတော်ကို အသုံးပြုလျက် ကြိုးစား လုပ်ဆောင်ခြင်း၌ ပေါ်လွင်တတ်ပါသည်။ ရရှိခဲ့သော ကျေးဇူးပင်လျှင် အသုံးမပြုဘဲ ထားခဲ့ပါက ပျောက်ကွယ်သွားမည်ဖြစ်ပါသည်။ သုတ္တံ ၁၂း၂၇ တွင် ဤသို့ ဆိုခဲ့ပါသည်၊ "ပျင်းရိသောသူသည် မုဆိုးလုပ်သော်လည်း ဘမ်းရသော အကောင်ကို ကင်၍ မစားရ။ လုံ့လဝီရိယ ပြုသောသူ၏ ဥစ္စာမူကား အဘိုးထိုက်ပေး၏။" ဘုရားသခင်၏ စောင့်ရှောက်ကွယ်ကာပြုစုတော်မူခြင်း လက်တော်၌ နာခံခြင်းဖြင့် အမှုပြုခြင်း ပါဝင်ဖို့လိုပါသည်။ ဤသည်ကား၊ လုံ့လဝီရိယရှိခြင်း ပေးတည်း။

"*__ထိုလယ်၌ ညဦးတိုင်အောင် စပါးကျန်ကို ကောက်၍__*" (ရုသ ၂း၁၇)။ သူသည် နံနက်မှ စ၍ ညဦးတိုင် အလုပ်လုပ်ခဲ့၏။ ရိတ်သောသူများ ရိတ်နေသရွေ့ စပါးကျန် လိုက်ကောက်ဖို့ရှိသည်ဟု ထင်ရပါသည်။ ထိုသို့ ကောက်ပြီးမှ နယ်ရမည့် အလုပ်ရှိသေး၏။ သားကောင်ကို ရ၍ အိမ် ပြန်ရောက်သော်လည်း အသား မကင်ချင်သောကြောင့် မစား ရသော၊ ပျင်းရိသောသူကဲ့သို့ မဖြစ်ပါ။ ပျင်းရိသောသူသည် လုပ်နိုင်သော အစွမ်းရှိသော်လည်း၊ မလုပ်သောသူဖြစ်၏။ ရုသသည် မိမိ၏ တာဝန် ဝတ္တရားကို ကျေပွန်စွာ ကြိုးစားဆောင်ရွက်လျက်၊ ဘုရားသခင်ပေးတော်မူသော ကျေးဇူးတော်ကို အကျိုးရှိစွာ အသုံးပြုခဲ့ပါသည်။

"*__ရသော စပါး . . . မုယောဆန် တဧဖာခန့်မျှရှိ၏__*" (ရုသ ၂း၁၇)။ ရုသ၏ တစ်နေ့တာ ကြိုးစား လုပ်ဆောင်မှု အကျိုး ရလဒ်ကို ဖော်ပြခဲ့ပါသည်။ မုယောဆန် တဧဖာ ရရှိခဲ့ပါသည်။ ဤကမ္ဘာ၌ တိုင်းတာခြင်း ချိန်ခွင် အမျိုးမျိုး အသုံးပြုကြပါသည်။ ဤကျမ်းစာ ဖော်ပြသော အလေးချိန် အတိုင်းအတာကို ကျမ်းပိုဒ် အနည်းငယ်ကြည့်ခြင်းဖြင့်၊ မည်မျှလောက်ရှိသည်ကို သိနိုင်ပါလိမ့်မည်။ တဩမဲသည် လူတစ်ယောက် တစ်နေ့အတွက် စားသုံးသော အလေးချိန်ဖြစ်ပါသည် (ထွက် ၁၆း၁၆-၂၂)။ ထို တဩမဲသည် ထွက်မြောက်ရာကျမ်း ၁၆း၃၆ ထဲ၌ တဧဖာ၏ ဆယ်ပုံတစ်ပုံ ဟုဖော်ပြခဲ့ပါသည်။ ထို့ကြောင့်၊ ထိုတစ်နေ့တာ ရုသ လိုက်ကောက်ရသော စပါးသည် ရုသနှင့် သူ့ယောက္ခမ အတွက် ငါးရက်စာ လုံလောက်ကြောင်း တွေ့ရပါသည်။

**ဆင်ခြင်ရန်** - (ဒေ ၉း၁၀ နှင့် ရောမ ၁၂း၁၁ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို နာခံလျက်၊ အကျွန်ုပ် ပြုရမည့် အမှုတိုင်း၌ ကြိုးစားအားထုတ်မည်အကြောင်း မစတော်မူပါ။

*"ဖြောင့်မတ်ခြင်း တရားမျိုးစေ့ကို ကြဲသောသူမူကား၊ မြဲမြံသောအကျိုးကို ခံရလိမ့်မည်"*

# အိမ်ထောင်မိသားစု ကောင်းကြီးမင်္ဂလာ (၄)

ခရစ်ယာန် မင်္ဂလာဆောင်ခြင်းသည် လူသိရှင်ကြား ပြုရသောအမှုဖြစ်ပါသည်။ ထိုအမှုတွင်၊ ဇနီးမောင်နှံအပေါ် ကောင်းကြီးမင်္ဂလာ မေတ္တာပို့ခြင်း သက်သေနှင့် ဇနီးမောင်နှံတို့၏ ဂတိသစ္စာပြုခြင်းတို့ပါဝင်ပါသည်။ ဆက်ကပ်မှု မရှိဘဲ၊ မည်သူမျှ ထိုလက်ထပ်ခြင်း ကောင်းကြီးမင်္ဂလာကို ခံစား၍ မရပါ။ အသင်းတော် မိသားစုများ၏ ဆုတောင်းပေးခြင်း၊ အကြံပေးခြင်းနှင့် မစခြင်းတို့သည် ဆက်ကပ်သောသူများအတွက်သာ အကျိုးရှိပါသည်။

"*__ဣသရေလအမျိုးကို တည်ထောင်သော မိန်းမနှစ်ယောက်__*" (ရုသ ၄း၁၁)။ ဗောဇ၏ ရည်ရွယ်ချက်သည် "သူ၏အမွေအားဖြင့် သူ၏နာမည်ကို ထောက်မမည်အကြောင်း" (ရုသ ၄း၁၀) ဖြစ်၍၊ ဆုတောင်းမေတ္တာပို့ချက်သည်လည်း ထိုအမှုအတွက် ဖြစ်ပါသည်၊ သူ၏မယား ရုသသည် "ဣသရေလအမျိုးကို တည်ထောင်သော မိန်းမနှစ်ယောက်" ကဲ့သို့ ဖြစ်စေရန်ဖြစ်ပါသည်။ လေအာနှင့် ရာခေလတို့သည် ယာကုပ်အတွက် သား ဆယ့်နှစ်ယောက် ဘွားမြင်ကြပြီး၊ သူတို့သည် ဣသရေလအမျိုး ဆယ့်နှစ်မျိုးဖြစ်လာခဲ့ကြ၏။ ဤပြည်၌ နေထိုင်ကြသော လူအပေါင်းတို့ကို မွေးဘွား ပေးသောသူများဖြစ်ခဲ့ကြပါသည်။ ဘုရားသခင်သည် သူတို့နှစ်ဦးအား ကောင်းကြီးပေးသည်နည်းတူ၊ ရုသကိုလည်း ကောင်းကြီးပေးဖို့ရန် ဆုတောင်းပေးခဲ့ကြပါသည်။ ကောင်းသောအမှုပြုခြင်း၊ တရားသဖြင့်ပြုခြင်းနှင့် ချစ်ခြင်းမေတ္တာသည် ကောင်းကျိုးကို ဖြစ်စေတတ်၏။ သာ၍ ရွေးပိုင်သောအမျိုးသားချင်းက မိမိအမွေ ပျက်မည်ဟု ထင်မှတ်သောအရာကို ဗောဇသည် ရွေးချယ်ခဲ့ပြီး၊ အမွေကို မပျက်စေသည် သာမက၊ အတည်ပြုပေးတော်မူ၏။ မိမိ၏ ကွယ်ကာပြုစုစောင့်ရှောက်ခြင်း လက်တော်အားဖြင့်၊ ဘုရားသခင်သည် တရားသဖြင့်ပြုခြင်းနှင့် ချစ်ခြင်းမေတ္တာကို ကောင်းကြီးပေးဖို့ရန် ဂတိပေးတော်မူ၏။ ထိုနည်းတူ၊ ထိမ်းမြားခြင်းနှင့် ခရစ်ယာန် အကျင့်တရားတို့ကို ကိုယ်ကျိုးရှာခြင်းက ဖျက်ဆီးလျက်၊ ကိုယ်ကျိုး မရှာခြင်းက ကောင်းကြီးပေးတော်မူ၏။

"*__ဧဖရတ်အရပ်၌ အစွမ်းသတ္တိနှင့်ပြည့်စုံ၍ ဗက်လင်မြို့၌ အသရေကျော်စောခြင်း ရှိပါစေသော__*" (ရုသ ၄း၁၁)။ ကောင်းကြီးမင်္ဂလာပေးခြင်း၌၊ "ဤမိန်းမသည် . . . ထာဝရဘုရား ပြုတော်မူပါစေသော" ဟူ၍ ပါဝင်ပါသည်။ ထို့နောက်၊ ဗောဇကိုအတွက်လည်း ဆုတောင်းပေးကြ၏။ ဗောဇသည် ဘုရားသခင်၏အလိုတော်ကို ပြည့်စုံစေလိုပါသည်။ ပညတ်တရားအတိုင်း၊ ဧလိမလက်၏ နာမည်ကို ထောက်မ လိုခဲ့ပါသည်။ သူ့အတွက် ဆုတောင်းပေးချက်သည် ဖြောင့်မတ်ခြင်းတရား၌ ကျော်စောဖို့ရန် ဖြစ်ပါသည်။ "ထာဝရဘုရား၏အိမ်တော်၌ စိုက်ပျိုးသော သူတို့သည် ငါတို့ဘုရားသခင်၏ တန်တိုင်း တော်တွင် ပွင့်လန်း ကြလိမ့်မည်။ အသက်ကြီးသော ကာလတွင်ပင်၊ အသီးကို သီး၍ ကြွယ်ဝစိမ်းလန်း ကြလိမ့်မည်" (ဆာလံ ၉၂း၁၃-၁၄)။ ထိုနည်းတူ၊ အသက်ကြီးသူများသည် ဗောဇအား စိတ်သက်သာခြင်းနှင့် ကျေးဇူးများစွာခံစားလျက် များစွာသောအမှုကို ဆောင်ရွက်နိုင်ရန် အစွမ်းသတ္တိနှင့်ပြည့်၍ ထာဝရဘုရားအတွက် အသီးများစွာ သီးဖို့ရန် ဆုတောင်းပေးခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - (သု ၁၀း၂၂)။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်မိသားစု၏ စုံလင်ခြင်းနှင့် ဝမ်းမြောက်ခြင်း ဖြစ်တော်မူပါ။

**ရှုသ ၄း၁၁-၂၂** *“သင်တို့ကို ငါစောင့်မသဖြင့်*
ဝတ် ၂၆း၁-၁၃ *တိုးပွါးများပြားစေ၍”*

# အိမ်ထောင်မိသားစု ကောင်းကြီးမင်္ဂလာ (၃)

ခရစ်ယာန် ထိမ်းမြားလက်ထပ်ခြင်းသည်၊ သက်သေနှင့် တရားဝင်စာရွက်အပေါ် လက်မှတ်ထိုးခြင်း သာမဟုတ်ဘဲ၊ လူသိရှင်ကြား လူထုရှေ့၌ ဝိညာဉ် ကောင်းကြီးမင်္ဂလာခံယူရင်း ပြုရမည့်အမှု ဖြစ်ပါသည်။ လူထု အသိသက်သေသည် အတည်ပြုခြင်း သာမဟုတ်ဘဲ၊ အိမ်ထောင် ဘဝ၌ကြုံတွေ့နိုင်သည့် ဘဝမုန်တိုင်းကို ဖြတ်ကျော်နိုင်ဖို့ရန် ဆုတောင်းခြင်း၊ မိသာဟာရဖွဲ့ခြင်း၊ အကြံဉာဏ်ပေးခြင်း၊ နေ့စဉ် ခွန်အားနှင့် ဝိညာဉ် ကောင်းကြီးမင်္ဂလာအတွက် တောင်းလျှောက်ပေးခြင်းလည်းဖြစ်ပါသည်။

“*<u>သင့်အိမ်သို့ရောက်သော ဤမိန်းမသည်၊ . . . ရာခေလနှင့်လေအာ ကဲ့သို့ဖြစ်မည် အကြောင်း ထာဝရဘုရား ပြုတော်မူပါစေသော</u>*” (ရှုသ ၄း၁၁)။ ထိမ်းမြားလက်ထပ်ခြင်း အစီအစဉ်၌၊ လူထုသည် စိတ်နှလုံး တလုံးတဝတည်းဖြင့် ကောင်းကြီးမင်္ဂလာအတွက် ဆုတောင်းပေးခြင်းသည် ဇနီးမောင်နှံအား စိတ်ခွန်အားကို ဖြစ်စေသည် သာမက၊ သူတို့၏ တာဝန်ဝတ္တရားကို ကျေပွန်စွာ ထမ်းရွက်ဖို့ရန် ဂတိသစ္စာပြုသည်အတိုင်း အမှန်ဆောင်ရွက်ဖို့ တွန်းအားလည်းဖြစ်စေပါသည်။

ခရစ်ယာန် ထိမ်းမြားလက်ထပ်ခြင်း၌ လူထုသက်သေပြုခြင်း၏ ဒုတိယအကျိုးမူကား၊ ဆုတောင်း မေတ္တာပို့ခြင်း ဖြစ်ပါသည်။ ထိုကောင်းကြီးများသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ဂတိတော်၌ အခြေခံထားပါသည်။ ထို့ပြင်၊ ထိုကောင်းကြီးမင်္ဂလာကို ခံစားခဲ့သောသူများ၏ အသက်တာကို အမှီပြုလျက် ကောင်းကြီးပေးခဲ့ကြပါသည်။ အသက်ကြီးသူများသည် ဆုတောင်း မေတ္တာပို့ကြသောအခါ၊ သမိုင်းကြောင်း ဘုရားသခင်၏နှုတ်ကပတ်တော်ကို အခြေခံလျက်၊ ရှုသအား “ရာခေလ နှင့် လေအာ” ကဲ့သို့ ဘုရားသခင် ကောင်းကြီးပေးတော်မူရန် ဆုတောင်းခဲ့ကြ၏။ရာခေလနှင့် လေအာတို့ကို ဘုရားသခင် နားညောင်းတော်မူလျက် သားသမီးဘွားမြင်စေတော်မူ၏။ ဤသို့ကျမ်းစာ ဖော်ပြခဲ့ပါသည်၊ “လေအာ စကားကို ဘုရားသခင် နားထောင်တော်မူသဖြင့်၊ သူသည်ပဥ္စမသန္ဓေယူပြန်၍၊ ယာကုပ်အား ပဥ္စမသားကို ဘွားမြင်လေသော်” (ကမ္ဘာ ၃၀း၁၇)။ “ဘုရားသခင်သည် ရာခေလကို အောက်မေ့တော်မူ၏။ သူ၏စကားကို နားထောင် ၍၊ သားဘွားသောအခွင့်ကိုပေးတော်မူသဖြင့်” (ကမ္ဘာ ၃၀း၂၂)။ သူတို့သည် ကောင်းကြီးမင်္ဂလာ အမှန်ခံစားရကြောင်း သက်သေမူကား၊ “ဘွားမြင်သော သားသမီးတို့သည် ထာဝရဘုရား ဆုချ၍ ပေးသနားတော်မူသော အမွေဥစ္စာဖြစ်ကြ၏” (ဆာလံ ၁၂၇း၃) ဟူ၍ဖြစ်ပါသည်။ လေအာနှင့်ရာခေလတို့သည် အခြားကြောင့်မဟုတ်ဘဲ၊ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကြောင့် ဣသရေလအမျိုး၏မိခင်များ ဖြစ်ကြပါသည်။ ဆာလံက သားသမီးသည် ဘုရားသခင်၏ ကောင်းကြီးအမွေဟု ဖော်ပြလျက်၊ ယာကုပ်က ဤသို့အသိအမှတ်ပြုခဲ့ပါသည်၊ “ကိုယ်တော်၏ကျွန်အား၊ ဘုရားသခင် ပေးသနားတော်မူသော သူငယ်ဖြစ်ပါ၏” (ကမ္ဘာ ၃၃း၅)။

**ဆင်ခြင်ရန်** - ခရစ်ယာန် သစ္စာပြုခြင်းသည် မိသားစု၌ ကောင်းကြီးမင်္ဂလာဖြစ်စေ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကယ်တင်ရှင်၌ ခိုင်ခံ့စွာ တည်ထားသော မိသားစု ပေးသနားတော်မူပါ။

*"ထိုသားမြေးတို့သည် ရှေ့ဦးစွာ ဘုရားဝတ်ကို ရည်မှတ်လျက် မိမိအိမ်ကို ပြုစု၍ မိဘဘိုးဘွား၌ ကျေးဇူး ဆပ်ခြင်းငှါ သင်ကြစေ"*

# လမ်းပြပြုစုစောင့်ရှောက်ခြင်းနှင့် လုံ့လဝီရိယ၏အကျိုး (၄)

ရုသသည် ထိုသို့ ပင်ပန်းစွာ တနေကုန် ကြိုးစားအလုပ် လုပ်ရာမှ ရရှိသော စပါးနှင့် နောမိထံ အိမ်သို့ ပြန်လာခဲ့ပါသည်။ တနေကုန် ဝီရိယရှိရှိ လုပ်ဆောင် ရကျိုးနပ်ခဲ့ပါသည်။ သူသည် ရရှိလာသော စပါးကို နယ်ခဲ့၏။ အိမ်၌ ကျန်နေခဲ့သော ယောက္ခမကိုလည်း သူ သတိရ ဂရုစိုက်ခဲ့ပါ၏။ အလုပ်ကို ကြိုးစားလုပ်ကိုင်ခြင်း၊ ရရှိလာသော အဘိုးအခကို အလကား မဖြစ်ရအောင် ကောင်းကောင်း ထိန်းသိမ်းလျက်၊ မိသားစု အတွက် အကျိုးရှိရှိ အသုံးပြုဖို့ အလွန် အရေးကြီးလှပါသည်။

"*<u>ကောက်၍ရသော ဆန်ကိုလည်း ယောက္ခမအားပြ၏</u>*" (ရုသ ၂း၁၈)။ ရရှိခဲ့သော လုပ်အားခ သည် ကြိုးစားလုပ်သောသူ သာမက၊ မိသားစု တခုလုံးအတွက် အကျိုးရှိလှပါသည်။ ကျမ်းစာက၊ (၁) လိုအပ်သောသူ၊ သူတပါးကို မှီခိုသောသူများ (တမန် ၂၀း၃၄၊ ဧဖက် ၄း၂၈)၊ (၂) ဘုရားသခင်၏နှုတ်ကပတ်တရားတော်၌ အမှုတော်ကို ဆောင်ရွက်သော၊ အမှုတော်ဆောင်များ (ဂလာ ၆း၆၊ ၁ တိ ၅း၁၇-၁၈)၊ (၃) မစထောက်ပံ့ခြင်း လိုအပ်သော ယုံကြည်သူ မိသားစုများ (ဂလာ ၆း၁၀၊ ယာကုပ် ၂း၁၅-၁၆)၊ စသည်တို့ကို ကူညီထောက်ပံ့ခြင်းအမှုသည် ယုံကြည်သူများ၏ တာဝန် ဝတ္တရားဖြစ်ကြောင်း ကျမ်းစာ ဖော်ပြခဲ့ပါသည်။ ကျွန်တော်တို့သည် လောဘ တပ်မက်ခြင်းကြောင့် ဤလောကီ ပစ္စည်းဥစ္စာများကို ကြိုးစား ရှာဖွေရမည် မဟုတ်ဘဲ၊ သူတပါးကို ကူညီမစဖို့ရန် ဘုရားသခင်၏ အသုံးတော်ခံ ဖြစ်မည်အကြောင်း ကြိုးစားလုပ်ကိုင်ရမည် ဖြစ်ပါသည်။ နောမိထံ ကောက်၍ ရသော စပါးနှင့် ပြန်လာခဲ့သော ရုသက မိမိခံစားရသော ဘုရားသခင်၏ကျေးဇူးတော်နှင့် ကွယ်ကာလမ်းပြစောင့်ရှောက်တော်မူခြင်းလက်တော်ကို ထင်ရှားစေပါသည်။

"*<u>ဝစွာစားပြီးမှ ချန်ထားသောအရာကိုလည်း ထုတ်၍ ပေးသေး၏</u>*" (ရုသ ၂း၁၈)။ မိမိစားခဲ့သော ပေါက်ပေါက်ကို ချန်ထားလျက် နောမိထံ ယူလာပေးခြင်းက၊ ရုသ၏ ချစ်ခြင်း၊ ဂရုစိုက်တတ်မှုနှင့် ပေးကမ်းလိုစိတ်ကို ပြသလျက်ရှိပါသည်။ အစာအစား သုံးဆောင်ဖို့ ဖိတ်ခြင်း ခံခဲ့ရသော်လည်း၊ အလုပ် ဆက်မလုပ်နိုင်လောက်အောင် လွန်ကျူးစွာ မစားခဲ့ပါ။ မိမိ လိုအပ်သလောက်သာ စားခဲ့ပြီး၊ ကျန်သောအရာကို ယောက္ခမ စားဖို့ရန်အတွက် အိမ်ပြန်ယူလာလျက် ပေးခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘဝ၌ ဘုရားသခင်ကို ပထမနေရာ၌ ထားခြင်းသည် လူ့ဘဝ ဝတ္တရား ပင်ဖြစ်ပါသည်။

**ဆုတောင်းချက်-** ကိုယ်တော်ကို ကိုးစားယုံကြည် မည်အကြောင်း၊ လုံ့ဝ နာခံခြင်း ရှိမည်အကြောင်း မစတော်မူပါ။

*“ထိုအရာများကို သင်တို့သည် အသုံးလိုကြောင်းကို ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့ အဘသည် သိတော်မူ၏”*

# လမ်းပြပြုစုစောင့်ရှောက်ခြင်းနှင့် လုံလဝီရိယ၏အကျိုး (၅)

နောမိ၏ မေးခွန်းက ကောက်ခဲ့ရသော မုယောစပါးကို ကြည့်ခြင်းဖြင့် ရုသသည် မျက်နှာသာပေးခြင်း ခံခဲ့ရသည်ဟု နောမိ တွက်ဆနိုင်ကြောင်း ထင်ရှားစေခဲ့ပါသည်။ ကျွန်တော်တို့နှင့် အခြားသူတို့သည် ဘုရားသခင်၏ကွယ်ကာလမ်းပြပြုစုစောင့်ရှောက်တော်မူခြင်း လက်တော်၏ အမှုပြုခြင်းကို မသိမြင်နိုင် သောအချိန် များစွာရှိခဲ့သော်လည်း၊ ထိုအကျိုးကို လက်တွေ့အသက်တာ၌ ကျွန်တော်တို့ ခံစားခဲ့ရကြ၏။ အလုံးစုံကို မြင်သော ဘုရားသခင်သည် လူသိရှင်ကြား အဖြေပေးတော်မူတတ်၏။ ကျွန်ုပ်တို့အပေါ်ထားရှိသော ဘုရားသခင်၏ ဂရုစိုက်ခြင်းလက်တော်ကို တခါတလေ မမြင်ရသော်လည်း၊ ထိုဂရုစိုက်ခြင်း အသီးရလဒ်ကိုမူ အမှန် ကျွန်တော်တို့ ခံစားခဲ့ရကြပါသည်။ မည်သို့ လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူသည်ကို ကျွန်တော်တို့ မသိသည့်တိုင်အောင်၊ အသက်တာ၌ ဘုရားသခင်ကို ပထမနေရာမှာထားလျက်၊ ယုံကြည်ကိုးစားပြီး၊ ပြုမည့်အမှုကို ကိုယ်တော်ထံ ဆက်ကပ်၍ စေခိုင်းတော်မူသော အမှုကို ကြိုးစား ဆောင်ရွက်လျှင်၊ ဘုရားသခင်သည် ကျွန်တော်တို့ကို မစပြုစုစောင့်ရှောက်တော်မူလိမ့်မည်အကြောင်း သေချာလှပါသည်။

“*<u>ယနေ့ အဘယ်မှာ စပါးကျန်ကို ကောက်သနည်း။ အဘယ်မှာ လုပ်သနည်း</u>*” (ရုသ ၂း၁၉)။ ဤကျမ်းပိုဒ်က ဘုရားသခင်၏ လမ်းပြကွယ်ကာစောင့်ရှောက်တော်မူခြင်းနှင့် ရုသ၏ လုံလဝီရိယကို ဖော်ပြခဲ့ပါသည်။ ပထမ မေးခွန်းမှာ၊ “ယနေ့ အဘယ်မှာ စပါးကျန်ကို ကောက်သနည်း” ဟူ၍ ဖြစ်၏။ ရုသသည် ဤပြည်၌ လူသစ် သူစိမ်းဖြစ်သောကြောင့် နယ်မြေ ကျွမ်းကျင်မည် မဟုတ်ပါ။ ဤပြည်ရှိလူတို့သည် အဘယ်လယ်၌ ကောက်လျှင် ပိုကောက်ရမည်ကို အကြွမ်းဖျင်း သိကြပါလိမ့်မည်။ နံနက် နောမိထံမှ ထွက်သွားချိန်တွင် အဘယ်လယ်သို့ သွားရမည်အကြောင်း မသေချာဘဲ၊ “စိတ်နှင့်တွေ့ သောသူ” ၏လယ်၌ ကောက်ရန် သွားခဲ့ပါသည်။ ဘုရားသခင်က ထိုလယ်သို့ ပို့ဆောင်ခဲ့ပါသည်။ ဒုတိယ မေးခွန်းမူကား၊ “အဘယ်မှာ လုပ်သနည်း” ဟူ၍ဖြစ်၏။ ဤမေးခွန်းက သူ၏ ကြိုးစားအားထုတ်မှု လုံလဝီရိယကို အသိအမှတ်ပြုခြင်း ဖြစ်ပါသည်။ မသေချာဘဲ ထွက်သွားခဲ့သော်လည်း၊ ဆုံးဖြတ်ချက်ချလျက် သွားခဲ့ပါသည်။ ယောက္ခမအား၊ “ကျွန်မသည် လယ်ပြင်သို့သွား၍ . . . စပါးကျန်ကို ကောက်ပါရစေ” ဟု ဆိုခဲ့ပါသည်။ စပါးယူဆောင်လျက် ပြန်လာခြင်းက၊ ပြောသည့်အတိုင်း သူ လုပ်ခဲ့ကြောင်း ဖော်ပြ၏။ သူ စပါးကျန်ကို ကောက်ခဲ့ပါသည်။

ဘဝအသက်တာ၌ နေ့စဉ် ဖြစ်လာမည့်အရာကို ကျွန်တော်တို့ အလုံးစုံ မသိရသော်လည်း၊ ဘုရားသခင်၏ လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်းကို ယုံကြည်ကိုးစားခြင်းဖြင့် ဆုံးဖြတ်ချက်ကို ချလျက် ဘဝကို ရင်ဆိုင်ကျော်ဖြတ်ရမည် ဖြစ်ပါသည်။ ယေရှုက၊ ဘုရားသခင်ကို လျစ်လျူရှုခြင်း၊ ဤလောကီ စည်းစိမ်ဥစ္စာများကို တပ်မက် ကိုးစားခြင်းနှင့် နေ့စဉ် အသက်ရှင်ရေးအတွက် စိုးရိမ်ပူပန်ခြင်းတို့ကို မပြုရန် သတိပေးတော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - “ဖြစ်သမျှမှာ မကြောက်ပါနှင့်၊ ကိုယ်တော် စောင့်ထိန်းလိမ့်မည်။”

**ဆုတောင်းချက်-** အို အဖဘုရား၊ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာ အတောင်တော်အောက်၌ ကျွန်ုပ်ကို အစဉ် ခိုလှုံ စေတော်မူပါ။

**ရုသ ၄း၁၁-၂၂**
ကမ္ဘာ ၁း၂၆-၂၉

*“ဘုရားသခင်သည် . . . သူတို့ကို ကောင်းကြီးပေးတော်မူ၏”*

# အိမ်ထောင်မိသားစု ကောင်းကြီးမင်္ဂလာ (၂)

တရားဝင်အမှုဆွေးနွေးခြင်းနှင့် နောမိ၏ဥစ္စာပိုင်ဆိုင်ခွင့်နှင့် ရုသအား တရားဝင်လက်ထပ်ခွင့်အမှုသည် သက်သေများက ဗောဇ၏စကား အတည်ပြုခြင်းနှင့် ဗောဇနှင့်ရုသ၏ ထိမ်းမြားခြင်းအမှုအတွက် ကောင်းကြီးပေးခြင်းဖြင့် အဆုံးသတ်ခဲ့ပါသည်။ ဗောဇ ပြုသောအမှုသည် မှန်ကန်လျက် ပညတ်တရားအတိုင်းဖြစ်ကြောင်းကို ပါဝင်သော လူထုက အတည်ပြုခဲ့ကြပါသည်။ ထိုအချက်ကို သူတို့၏ ဆုတောင်းမေတ္တာပေးပို့ခြင်းအမှုက ထင်ရှားစေခဲ့ပါသည်။

“*<u>သင့်အိမ်သို့ရောက်သော ဤမိန်းမသည်၊ . . . ရာခေလနှင့်လေအာ ကဲ့သို့ဖြစ်မည် အကြောင်း ထာဝရဘုရား ပြုတော်မူပါစေသော</u>*” (ရုသ ၄း၁၁)။ ရုသ ၁း၁၉ ထဲတွင်၊ နောမိ ပြန်လာသောအခါ၊ ဧလိမလက် မိသားစု သမိုင်းသိခဲ့သောသူအချို့သည် မုဆိုးမ နှစ်ဦးပြန်လာခြင်းနှင့်တကွ၊ သူ၏မျိုးဆက် ပျက်ပြီဟု ထင်လျက် ဝမ်းနည်းခဲ့မည်ဟု ထင်ရပါသည်။ သို့သော်လည်း၊ မြို့တံခါးဝ၌ ယခု အမှုဆောင်ရွက်ဆွေးနွေးပြီးချိန်တွင်၊ မျှော်လင့်ချက် တဖန် ရှင်သန်လာသည်ဖြစ်သောကြောင့် ဝမ်းမြောက်ခြင်း ရှိခဲ့ကြပါသည်။ မျိုးဆက်ပျက်မည်ဟူသော ထင်မြင်ချက် ပျောက်ကွယ်လျက်၊ အသစ်တဖန် အစပြုခြင်း ရောင်နီသန်းလာခဲ့ပါသည်။ ထို့ကြောင့်၊ သူတို့သည် ထာဝရဘုရား၏ ကောင်းကြီးမင်္ဂလာကို တောင်းလျှောက်လျက်၊ ရုသအား သားသမီး ဘွားမြင်ဖို့ရန် ဆုတောင်းပေးခဲ့ကြ၏။ ခရစ်ယာန် ထိမ်းမြားလက်ထပ်ခြင်းသည်၊ သက်သေနှင့် တရားဝင် စာရွက်အပေါ် လက်မှတ် ထိုးခြင်းသာ မဟုတ်ဘဲ၊ လူသိရှင်ကြား လူထုရှေ့၌ ဝိညာဉ် ကောင်းကြီးမင်္ဂလာခံယူရင်း ပြုရမည့်အမှုဖြစ်ပါသည်။

လူထုသက်သေသည်၊ မှန်ကန်စွာ တရားဝင် ပေါင်းစည်းခြင်း အသိအမှတ်ပြုခြင်းအတွက်၊ ထိမ်းမြားလက်ထပ်ခြင်း၏ အစိတ်အပိုင်းတခုဖြစ်ပါသည်။ ထို့ကြောင့်၊ လက်ထပ်ခြင်း အစီအစဉ်တွင်၊ ဤထိမ်းမြားလက်ထပ်ခြင်းကို ကန့်ကွက်လိုသောသူ တစုံတယောက် ရှိမရှိ အရင်ဆုံး ကြေငြာခဲ့ခြင်းဖြစ်ပါသည်။ လူထုရှေ့၌ ဘယ်သူမှ ကန့်ကွက်ခြင်း မရှိလျှင်၊ “နောက်နောင် ဘယ်တော့မှ ကန့်ကွက်ခြင်း စကား မပြောဘဲ၊ နှုတ်ဆိတ်ရမည်” ဟု သတိပေးကြေငြာတတ်ကြ၏။ ခရစ်တော်၏ ကိုယ် ဖြစ်သော၊ ယောကျ်ား တယောက်နှင့် မိန်းမတယောက် တလုံးတဝတည်းပေါင်းစည်းခြင်း၌ အတည်ပြုခြင်းသည် မရှိမဖြစ်လိုအပ်သောအရာဖြစ်ပါသည်။ တဖက်တွင်၊ နာခံခြင်း မရှိဘဲ၊ မိမိအလိုသို့လိုက်သော၊ အသင်းတော်၊ ဘုရားသခင်ကို ကြောက်ရွံ့သော ဝိညာဉ်အရေး၌ ရင့်ကျက်သော အသက်ကြီးသူများနှင့် မိဘများ၏ အကြံပေးချက်ကို ငြင်းပယ်လျက် လက်ထပ်သော ဇနီးမောင်နှံသည် ဝိညာဉ် ကောင်းကြီးမင်္ဂလာများကို မရဘဲ၊ သူတို့၏အိမ်ထောင်ရေးကို အခက်အခဲ ပြဿနာထဲသို့ ဝင်ရောက်စေကြလိမ့်မည် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဂတိသစ္စာ ဝတ်ကို စောင့်ဖို့ရန် ခရစ်ယာန် သက်သေများက မစကူညီကြ၏။
**ဆုတောင်းချက်-** အဖဘုရား၊ မိသားစုကို ပြုစုခိုင်ခံ့စေသော မိသာဟာယ ပေးသနားတော်မူပါ။

# အိမ်ထောင်မိသားစု ကောင်းကြီးမင်္ဂလာ (၁)

ရုသဝတ္ထု၏နောက်ဆုံးအပိုင်းတွင်၊ အိမ်ထောင်ပြုခြင်းကို ပညတ်တရားအတိုင်းပြုရမည်သာမက၊ လူသိရှင်ကြားပြုရမည်အကြောင်း ဖော်ပြထားပါသည်။ ခရစ်ယာန် ထိမ်းမြားလက်ထပ်ခြင်းကို အသင်းတော်၌ အသိသက်သေအဖြစ်နှင့် ဘုရားသခင်၏လူများရှေ့တွင် အိမ်ထောင်မိသားစု ကောင်းကြီးမင်္ဂလာအတွက် ပြုရပါသည်။ မြို့တံခါးဝသို့ လူများတို့ကို ခေါ်လျက် မိမိအမှုကို တင်ပြဆွေးနွေးခြင်းပြုသောသူသည် ဗောဇဖြစ်ပါသည်။ ထိုအမှုသည် ဗောဇ၊ ရုသနှင့် သာ၍ ရွေးပိုင်သောအမျိုးသားချင်းနှင့်သက်ဆိုင်သော၊ ယနေ့ခေတ်လူ အများအမြင်၌ မိသားစုအရေးဟု ထင်မှတ်မည့်အမှုကို သူသည်လူထုရှေ့၌ ဖော်ပြခဲ့ပါသည်။

“<u>*တံခါးဝ၌ ရှိသော အသက်ကြီးသူများ၊ လူများ အပေါင်းတို့ကလည်း၊ ငါတို့သည် သက်သေဖြစ်ကြ၏ . . . ဟုပြောဆိုကြ၏*</u>” (ရုသ ၄း၁၁)။ ရုသ အခန်းကြီး ၄ ပထမပိုင်းတွင်၊ ဗောဇနှင့် သာ၍ ရွေးပိုင်သောအမျိုးသားချင်း တို့သာ စကားပြောခဲ့ကြပါသည်။ အပိုဒ်ငယ် ၁၁ သည် “တံခါးဝ၌ရှိသော အသက်ကြီးသူများ၊ လူများ အပေါင်းတို့” ၏တုန့်ပြန်မှုဖြင့် စတင်ခဲ့ပါသည်။ အပိုဒ်ငယ် ၂ အရ၊ ဗောဇသည် “မြို့သား အသက်ကြီးသူ တကျိပ်တို့ကို” သာ ခေါ်ခဲ့ပါသည်။ ထို့ကြောင့်၊ အမှုကိစ္စဆွေးနွေးပြီးသောအချိန်တွင် ဆွေးနွေးခါစထက် လူပိုများကြောင်းတွေ့ရပါသည်။ လူထုသိသောအမှု၌ လူတို့သည် ပို၍ သတိထားတတ်ကြပါသည်။ ပိုင်ရှင်သိသောအရာထက်၊ ပိုင်ရှင်မသိသောအရာကို လူတယောက်သည် လွယ်ကူစွာ ဝယ်တတ်၏။ ထိုနည်းတူ၊ တိတ်တဆိတ် စေ့စပ်ကြောင်းလမ်းခြင်းသည် သစ္စာ မစောင့်ဖို့ရန် ပိုအခွင့်များသည်ဖြစ်၍၊ ချစ်သူရှိမှန်း မသိလျှင် ချစ်သူများစွာ ထားဖို့ အခွင့်များပါ၏။ ဗောဇသည် ပညာသမ္မာသတိရှိလျက်၊ “မိန်းမသည် ဤကောက်နယ်တလင်းသို့ လာသည်ကို အဘယ်သူမှ မသိစေနှင့်” (ရုသ ၃း၁၄) ဟု ဆိုခဲ့သော်လည်း၊ လိုအပ်သောအချိန်တွင်၊ လူထုရှေ့ အသက်ကြီးသူများထံ ထိုအမှုကို တင်ပြခဲ့ပါသည်။ ဧလိမလက် ပိုင်ဆိုင်သောဥစ္စာများကို တရားဝင် ရွေးဝယ်ခြင်း၊ ရုသကို တရားဝင် လက်ထပ်ရသောအခွင့်ကို လူထုရှေ့၌ အတည်ကြေငြာခဲ့ပြီဖြစ်သောကြောင့်၊ တရားသဖြင့် ဤအမှုကို သူဆောင်ရွက်ခဲ့ကြောင်း သက်သေထွက်ဆိုမည့်သူများရှိပြီဖြစ်သောကြောင့်၊ နောက်နောင်တွင် ဤအမှု၌ ပြဿနာ မရှိနိုင်တော့ပါ။ လူတဦးအား သူ၏အမှုဆောင်ရွက်ခြင်းနည်းလမ်းအပေါ် အခြေခံလျက် သူ၏သမ္မာသတိရှိခြင်း၊ ရိုးသားဖြောင့်မတ်ခြင်းကို အတည်ပြုကြ၏။ မှန်ကန်သောအမှုကို တရားသဖြင့် ဆောင်ရွက်ဖို့ရန် ဆုံးဖြတ်ချက်ချခြင်း၊ ဉာဏ်ပညာနှင့်ယှဉ်သော သမ္မာသတိရှိခြင်းဖြင့် ပါဝင်သင့်သောလူများကို ပါဝင်စေခြင်းသည် လူတယောက်၏ စိတ်သဘောထား ဖြောင့်မတ်မှန်ကန်မှုကို ဖော်ပြ ပေါ်လွင်စေခဲ့ပါသည်။

**ဆင်ခြင်ရန်** - (သု ၁၀း၉ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အဖဘုရား၊ စိတ်သဘောဖြောင့်မတ်မှန်ကန်စွာ နေထိုင်ကျင့်ကြံမည်အကြောင်း မစတော်မူပါ။

# လမ်းပြပြုစုစောင့်ရှောက်ခြင်းနှင့် လုံလဝိရိယ၏အကျိုး (၆)

နောမိထံ ရုသ ပြန်ဖြေသော စကားက ထိုခေတ်၏ ဘုရားသခင်၏ လမ်းပြပြုစုစောင့်ရှောက်တော်မူခြင်း လက်တော်နှင့် ကြိုးစားအလုပ်လုပ်ခြင်းကို ဖော်ပြပါသည်။ ထိုနေ့၌ ဖြစ်ပျက်သော အရာများသည် ထူးခြားလျက်၊ ရုသ၏အကျိုးကို ဖြစ်စေသော်လည်း၊ ခံစားရသော ကျေးဇူးတော်၏ အတိမ်အနက်ကိုမူ ပြည့်စုံစွာ နားမလည်ခဲ့ပါ။ အိမ်ကို ရောက်သောအခါ၊ နောမိ၏မေးခွန်းကို ပြန်ဖြေလျက်၊ ထိုအချိန်အထိ မသိခဲ့ရသေးသောအကြောင်းကို စတင်ဖော်ထုတ်ခဲ့ပါသည်။

"*<u>ယနေ့ ကျွန်မလုပ်သော သူ၏ အမည်ကား၊ ဗောဇဖြစ်ပါသည်</u>*" (ရုသ ၂း၁၉)။ လောကီလူသားများသည် အရာရာတိုင်း၌၊ မိသားစု၌ပင် လျှို့ဝှက်ချက်ထားတတ်ကြပါသည်။ ရုသ၏တနေ့တာသည် မင်္ဂလာရှိလှပါသည်။ နောမိ၏မေးခွန်းများက သူ့ကို အနှောင့်အယှက် မပေးခဲ့ပါ။ သူသည် မှန်ကန်စွာ အဖြေပေးခဲ့ပါသည်။ ကျွန်တော်တို့တွေ့ရသော ချစ်စရာကောင်းသည့်၊ နွေးထွေးသည့်၊ အချင်းချင်း ဂရုစိုက်သည့် အပြန်အလှန်စကားပြောခြင်းအမှုကို များသောအားဖြင့် တွေ့ရခဲသော ယောက္ခမနှင့် ချွေးမအကြား၌ ဖြစ်ပွားသောအမှုဖြစ်ပါသည်။ ရုသသည် ယောက္ခမကို ရိုသေလေးစားလျက် ရိုသေဖြောင့်မတ်စွာ ဆက်ဆံခဲ့သည်ဖြစ်သောကြောင့်၊ အထင်မှတ်သော ကောင်းကြီးမင်္ဂလာက စောင့်လျက်နေပါသည်။

ချွေးမများအကြောင်းနှင့်ပတ်သက်၍ နောမိ၏သက်သေခံချက်မှုကား သူတို့သည် မိမိအားကောင်းမွန်စွာ ဆက်ဆံခဲ့ကြကြောင်း (ရုသ ၁း၈) ကျွန်တော်တို့ သတိထားဖို့လိုပါသည်။ ယောက္ခမနှင့်အတူ ပြန်သွား၍ အတူနေထိုင်ဖို့ရန် ရုသကိုယ်တိုင် ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည် (ရုသ ၁း၁၆)။ ထိုမနက် စပါးကျန် လိုက်ကောက်ဖို့ရန် ထွက်သွားသောအခါ၊ မိမိ၏ ရွေးချယ်မှုနှင့် ယောက္ခမ၏ ခွင့်ပြုမှု၊ ကောင်းကြီးပေးဖြင်းအားဖြင့် သွားခဲ့ခြင်းဖြစ်ပါသည် (ရုသ ၂း၂)။ ယောက္ခမနှင့် သူမအကြား ဆက်ဆံရေး၌ လျှို့ဝှက်ချက် မရှိခဲ့ပါ။ မိမိ၏လင် သေပြီးနောက်တွင်လည်း ယောက္ခမကို ရိုသေလေးစားခြင်း ရှိခဲ့ပါသည် (ရုသ ၂း၁၁)။ ညဦးရောက်သောအခါ၊ ကောက်ရခဲ့သော စပါးကို ဝှက်ထားခြင်း မရှိဘဲ ယူလာခဲ့ပါသည်။ လယ်ထဲတွင် မိမိစား ခဲ့ပြီး ချန်ထားသော အစားအစာကိုလည်း ယောက္ခမအား ပေးခဲ့ပါသည်။ သူသည် ဗောဇကို မသိသော်လည်း၊ နောမိသည် ဗောဇကို သိ၏၊ ထိုအချက်က သူမ၏ဘဝကို ပြောင်းလဲစေပါလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားတရား၌ မွေ့လျော်ခြင်းသည် မွေ့လျော်သောသူအပေါင်းကို ကောင်းကြီးပေးတော်မူ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ယုံကြည်ခြင်းကို တည်ဆောက်တတ်သော ဘုရားတရားလူတို့နှင့် ပေါင်းသင်းဆက်ဆံခြင်း ရှိမည်အကြောင်း မစတော်မူပါ။

*"ကရုဏာ၊ သစ္စာတော်ကို အကျွန်ုပ်
သခင်မှ ရုပ်သိမ်းတော် မမူသော"*

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်း လက်တွေ့ဖော်ပြခြင်း

ရုသအပေါ် နောမိ၏ပျောက်ရှင်မှုနှင့် ရုသ ကြိုးစားမှု၏အကျိုးကိုမြင်တွေ့ရပါသည်။ အဘယ်မှာ စပါးကျန်ကို ကောက်သနည်းဟုမေးစဉ်၊ သူ့ကို သိမှတ်သောသူသည် မင်္ဂလာ ရှိစေသတည်းဟု ကောင်းကြီးပေးခဲ့ပါသည် (ရုသ ၂း၁၈)။ သို့သော်လည်း၊ ရုသက ထိုသူ၏နာမည်ကို မဖော်ပြမီအချိန်ထိ ဘုရားသခင်၏လမ်းပြစောင့်ရှောက်တော်မူခြင်း လက်တော်၏ ပြုသောအမှုကို အလုံးစုံ မသိခဲ့ပါ။ ရုသ ကောက်ရသော စပါးအလေးချိန်က သနားကြင်နာခြင်းနှင့် ရက်ရောမှုကို သက်သေပြပြီး၊ ဗောဇ၏အမည်ကို ကြားသောအခါ ဘုရားသခင်၏လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း လက်တော်သည် သူတို့အပေါ်၌ရှိကြောင်း သေချာ မြင်တွေ့ခဲ့ပါသည်။

"*<u>အသက်ရှင်သောသူ၊ သေသောသူတို့၌ ကျေးဇူးမပြတ် ပြုတော်မူသေးသော ထာဝရဘုရားသည် သူ့ကို ကောင်းကြီးပေးတော်မူပါစေသော</u>*" (ရုသ ၂း၂၀)။ ဧလျာဇာ၊ အာဗြဟံ၏ကျွန်သည် ဣဇက် အတွက် ဇနီးကို ရှာဖို့ရန် ကျိန်ဆိုခြင်းပြုလျက် ထွက်သွားပြီး၊ မြို့ပြင် ရေတွင်းနား သို့ရောက်သောအခါ၊ လမ်းပြကွယ်ကာခြင်းအတွက် ဆုတောင်းခဲ့ပါသည်။ "ယနေ့ အကျွန်ုပ်အကြံကို ထမြောက်စေ၍၊ အကျွန်ုပ်၏သခင် အာဗြဟံ၌ ကျေးဇူးပြုတော်မူပါ" ဟု ဆိုခဲ့ပါသည်။ ဘုရားသခင်သည် အာဗြဟံထံ ပြုသော ပဋိညာဉ်အတိုင်း ပြုတော်မူမည်ဟု ဧလျာဇာ ယုံကြည်လျက်၊ မိမိ၏သခင် အာဗြဟံအပေါ်၌ ကျေးဇူးပြုဖို့ရန် တောင်းလျှောက်ခဲ့ပါသည်။ ဧလျာဇာသည် မိမိသခင်၏အမှုကို ဆောင်ရွက်ခြင်း၌ ဘုရားသခင်၏လမ်းပြတော်မူခြင်း လက်တော်ကို ဖော်ပြ၍၊ နောမိကလည်း ရုသ၏ အဖြေကို ပြန်လည်တုန့်ပြန်ခြင်း၌ ဘုရားသခင်၏ကျေးဇူး ဟု ဖော်ပြခဲ့ပါသည်။

ဗောဇသည် ရုသအပေါ် ကျေးဇူးပြု၍၊ နောမိက ရုသ ခံစားရသော ထိုကျေးဇူးကို သိမှတ်ခဲ့ပါသည်။ ဂလာတိ ၆း၁၀ ၌ "ထို့ကြောင့် ငါတို့သည် အဆင်သင့်သည်အတိုင်း ယုံကြည်ခြင်း၏ အိမ်သူအိမ်သားတို့၌ အထူးသဖြင့် ကျေးဇူးပြုလျက်၊ ခပ်သိမ်းသောသူတို့အား ကျေးဇူး ပြုကြကုန်အံ့" ဟု ဖော်ပြထားပါသည်။ ကျေးဇူးပြုခြင်း၌ ဗောဇအား ဘုရားသခင်၏လက်တော်သည် နိုးဆော်သကဲ့သို့၊ မိမိသားသမီးတို့အား သူတပါးအပေါ် သနားကြင်နာခြင်းအမှု ပြုကြရန် နိုးဆော် လမ်းပြလျက်ရှိပါသည်၊ ထိုသို့ ညီအစ်ကိုတို့အပေါ် သူတို့၏သနားကြင်နာခြင်း အမှုပြုခြင်းအားဖြင့် ဘုရားသခင်သည် သူတို့၏လိုအပ်ချက်၊ ဆုတောင်းချက်နှင့် မိမိ၏ ရည်ရွယ်ချက်များကို စုံလင်စေတော်မူ၏။

**ဆင်ခြင်ရန်** - (ဆာလံ ၈၄း၁၁ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ လမ်းပြပြုစု ကွယ်ကာစောင့်ရှောက်တော်မူခြင်း၌ ယုံကြည်ခြင်းရှိလျက်၊ သူတပါးအကျိုးကို ဆောင်ရွက်မည်အကြောင်း မစတော်မူပါ။

# ယုံကြည်ခြင်း သေချာစိတ်ချမှုရှိခြင်း

ဘဝ၏ မသေချာမှုနှင့် လူသား၏အားနည်းချက်ကို စဉ်းစားပါလျှင်၊ ဗောဇ၏ရဲရင့်မှုနှင့် သေချာစိတ်ချမှုဖြင့် စကားပြောမှုမှာ အံ့သြစရာကောင်းလှပါသည်။ ကျွန်တော်တို့သည် အစီအစဉ်ကို ဆွဲသော်လည်း၊ အခြေအနေအရ ပြောင်းလဲတတ်ကြပါသည်။ (သို့) ကျွန်တော်တို့ ဆွဲခဲ့သော အစီအစဉ်သည်၊ မိမိအားနည်းချက်ကြောင့်၊ လက်တွေ့ အကောင်အထည် မဖော်နိုင်ဘဲ ရှိသောအခါ၊ ပြန်လည် ပြင်ဆင်လျက် အသစ်သော အစီအစဉ်ကို ရေးဆွဲတတ်ကြပါသည်။

"*<u>သင်တို့သည် ယနေ့သက်သေဖြစ်ကြပါ၏</u>*" (ရုသ ၄း၁၀)။ အိမ်ထောင် မိသားစုနှင့် ပတ်သက်၍ ဘုရားသခင်၏ အကြံတော်နှင့် ဖော်ပြခဲ့သော တဦးချင်းစီ၏ တာဝန်ဝတ္တရားများကို ကျွန်တော်တို့ ကြည့်သောအခါ၊ လူတယောက်တည်း တာဝန်ကျေပွန်ရုံဖြင့် ပျော်ရွှင်သော မိသားစု တည်ဆောက်၍ မရကြောင်း တွေ့ရပါလိမ့်မည်။ ကျမ်းစာ၌ ဖော်ပြထားသော ယောကျ်ား၏တာဝန်၊ မိန်းမ၏တာဝန်၊ မိဘတာဝန်၊ သားသမီး၏တာဝန် စသည်တို့သည် တခုနှင့်တခု ဆက်နွယ်လျက် ရှိကြပါသည်။ တဦးတည်း တာဝန်ကျေပွန်ရုံဖြင့် ပြည့်စုံခြင်း မရှိပါ။ အားလုံး မိမိတို့၏တာဝန်ကို ကိုယ်စီ ထမ်းရွက်ကြပါလျှင် များစွာသောအကျိုးကို ရရှိမည်ဖြစ်ပါသည်။ ယောကျ်ားသည် မိန်းမကို ချစ်လျှင်၊ မိန်းမအတွက် နာခံမှု ရှိဖို့ ပို၍ လွယ်ကူမည်ဖြစ်ပါသည်။ မိန်းမကလည်း ယောကျ်ားကို နာခံလျှင်၊ ယောကျ်ားအတွက် ချစ်ဖို့ရန် ပို၍ လွယ်ကူမည်ဖြစ်၏။ ဗောဇသည် မိမိ၏ ရွေးပိုင်သော အမျိုးသားချင်း တာဝန်ကို ဤသို့ဖော်ပြခဲ့ပါသည်၊ "သေသောသူ၏ နာမည်ကို သူ၏ ညီအစ်ကို စုထဲကရင်း၊ သူနေရာ မြို့တံခါးထဲမှရင်း မပြတ်စေခြင်းငှါ၊ သူ၏အမွေအားဖြင့် သူ၏နာမည်ကို ထောက်မမည်အကြောင်း၊ . . . ရုသကို ငါ၏ မယား ဖြစ်စေခြင်းငှါ ငါဝယ်သည်" (ရုသ ၄း၁၀)။ တယောက်ယောက်က ဤသို့ မေးနိုင်ပါသည်၊ "လုပ်မည်ဟု သင်ဆိုသောအရာအားလုံးကို အမှန် ဆောင်ရွက်နိုင်မည်ဟု သင်ဘယ်လို ပြောနိုင်သလဲ။" သို့သော်လည်း၊ ဗောဇသည် ယုံကြည်ခြင်းဖြင့် ထိုသို့ ပြောခဲ့ခြင်းဖြစ်ပါသည်။ သူ့တာဝန်သည် ဘုရားသခင်၏အလိုတော်ကို ဆောင်ရွက်လျက်၊ ပေးတာသော တာဝန်ကို ကျေပွန်စွာ ထမ်းရွက်ခြင်းဖြစ်ပါသည်။ ထိုအခါ၊ ဘုရားသခင်သည် မိမိ၏ အစီအစဉ်ကို ပြည့်စုံစေတော်မူမည်ဖြစ်၏။ ဘုရားသခင်သည် မိမိ၏စကားကို ပြည့်စုံစေတော်မူမည် အကြောင်း ဗောဇ ယုံကြည်ခြင်းရှိလျက်၊ မိမိ၏တာဝန်သည် ဘုရားသခင်၏စကားကို နာခံလျက် လမ်းညွှန်ချက်အတိုင်း လုပ်ဆောင်ရန်သာဖြစ်ကြောင်း သိခဲ့ပါသည်။ ကောက်နယ်တလင်း၌ ရုသအား ဤသို့ဆိုခဲ့ပါသည်၊ "ထိုသူသည် ရွေးပိုင်သောအမျိုးသားချင်း ဝတ်ကို . . . မပြုလျှင် . . . ငါပြုမည်" (ရုသ ၃း၁၃)။ ဤသည်ကား၊ ဘုရားသခင်၏အလိုတော်သို့ မိမိကိုယ်ကို ဆက်ကပ်ခြင်းဖြစ်၏။ ရုသ ၄း၁၀ တွင်၊ ဗောဇ အဓိကထားသောအရာမှာ၊ ရွေးပိုင်သောသူအား ဘုရားသခင် ဆောင်ရွက်စေတော်မူသောအမှု ပင်ဖြစ်ပါသည်။ သူသည် ရွေးပိုင်သောအခွင့်ကို ရ၍၊ ထိုအမှုကို ပြုခြင်းသည် ဘုရားသခင်၏အလိုတော်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ယုံကြည်ခြင်း သေချာမှုသည် နာခံခြင်းအားဖြင့် ဝတ္တရား ဆောင်ရွက်မှု၌ ပေါ်လွင်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏အလိုတော်ကို သိလျက်၊ နာခံခြင်း ရှိမည်အကြောင်း မစတော်မူပါ။

# ကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ဆက်နွယ်မှုနှင့် ထိမ်းမြားခြင်း (၁၁)

ထိမ်းမြားခြင်းအမှု၌ အကြောင်းများစွာ ပါဝင်ပါသည်။ ဆုံးဖြတ်ချက်ချခြင်း၌၊ ဗောဇသည် ရုသ၏ အကျင့်သီလ သာမဟုတ်ဘဲ၊ သူထမ်းရွက်ရမည့် တာဝန်များကို ထည့်စဉ်းစားခဲ့ပါသည်။ ရုသနှင့် အပြန်အလှန် စကားပြောကြခြင်းဖြစ်သော၊ အခန်းကြီး ၂ အစတွင်၊ ဗောဇသည် ထိမ်းမြားခြင်း၌ အရေးကြီးသော သူမ၏ အကျင့်သီလကို အကြိမ်ကြိမ် ဖော်ပြခဲ့ပါသည်။ ယခု ရုသ အခန်းကြီး ၄ တွင်၊ မိမိသည် ရွေးပိုင်သောအမျိုးသားချင်း၏တာဝန်ကို ယူမည်ဖြစ်သောကြောင့်၊ ထိုတာဝန်ဝတ္တရား ကို ကျေပွန်စွာ ထမ်းရွက်မည်အကြောင်း လူသိရှင်ကြား ကြေငြာခဲ့ပါသည်။

“*__သေသောသူ၏ နာမည်ကို . . . သူ၏အမွေအားဖြင့် . . . ထောက်မသဖြင့်__*” (ရုသ ၄း၁၀)။ အိမ်ထောင်သည်၏ တာဝန်ဝတ္တရားတို့ကို ထမ်းဆောင်ဖို့ရန် အသင့်ပြင်ဆင်ခြင်း မရှိဘဲ အိမ်ထောင်ပြုသောသူသည် မိမိကိုယ်ကို စိတ်ပင်ပန်းခြင်းနှင့် ပြဿနာထဲသို့ ဆွဲသွင်းသလိုဖြစ်ပါလိမ့်မည်။ ဗောဇသည် မိမိအမြတ်တနိုး တန်ဖိုးထားသော ရုသအား လက်ထပ်ခွင့်ရသော်လည်း၊ ဘုရားသခင် ရှေ့၌ မိမိပြုရမည့် တာဝန်ကို အမှတ်ရလျက်ရှိပါသည်။ သူမနှင့် ပျော်ရွှင်သော ဘဝဖြတ်သန်းဖို့ မျှော်လင့်ချက်ရှိသော်လည်း၊ ထိုမျှော်လင့်ချက် တခုတည်းကြောင့် ရုသကို လက်ထပ်လိုခြင်း မဟုတ်ပါ။ များစွာသော ဧလိမလက်၏ ပိုင်ဆိုင်မှုများကို ရလျှက်၊ မိမိသည် ပို၍ ကြွယ်ဝချမ်းသာလာမည်ကိုလည်း အဓိက မထားခဲ့ပါ။ သူသည် အသိသက်သေများရှေ့၌ ဘုရားသခင်၏ပညတ်တရားအတိုင်း၊ ရွေးပိုင်သောအမျိုးသားချင်းပြုရမည့် တာဝန်ဝတ္တရာ အပေါင်းကို ဆောင်ရွက်မည်ဟု ကြေငြာခဲ့ပါသည်။

အိမ်ထောင်သည်ဘဝ၌ များစွာသော ဆက်ဆံရေး မပြေလည်ခြင်း၊ အဆင်မပြေမှုများ၏ အဓိကအချက်မှာ၊ ယောကျ်ားနှင့်မိန်းမတို့သည် မိမိတို့၏ တာဝတ်ဝတ္တကို မကျေပွန်ခြင်း၊ တယောက်က မိမိတာဝန်ကို ကျေပွန်စွာ ထမ်းရွက်စဉ်၊ နောက်တယောက်က မထမ်းဆောင်ခြင်း ပင်ဖြစ်ပါသည်။ အများဆုံး ပြောထွက်ကြသောစကားဟူမူကား၊ “သူမှ ကျွန်မကို မချစ်ဘဲ၊ အဘယ့်ကြောင့် သူ့ကို နာခံနိုင် မလဲ။ အရင် ကျွန်မကို သူ ချစ်ပါစေ၊ ဒါမှ သူ့ကို နာခံမည်” ဟူ၍ ဖြစ်ပါသည်။ ယောကျ်ားကလည်း၊ “သင့်ကို မလေးစားသော သူတယောက်ကို သင် ဘယ်လို ချစ်နိုင်မလဲ။ အချစ် ခံလိုလျှင်၊ ငါ့ကို အရင် လေးစားမှုရှိလျက်၊ နာခံမှု ရှိပါစေ” ဟူ၍ဖြစ်၏။ ဗောဇသည် အသက်ကြီးသောသူများ ရှေ့၌ စကားပြောစဉ်၊ ရုသ ပြုရမည့် အရာကို မဖော်ပြခဲ့ပါ၊ သူပြုမည့် တာဝန်ကိုသာ ဖော်ပြလျက်၊ ထိုတာဝန်ကို ကျေပွန်စွာ ထမ်းရွက်မည်အကြောင်း မိမိ၏ဆုံးဖြတ်ချက်ကို ဖော်ပြခဲ့ပါသည်။

**ဆင်ခြင်ရန်** - နှုတ်ကပတ်တော်ကို ယုံကြည်သောအခါ၊ မိမိတာဝန်ကို ကျေပွန်အောင် ကြိုးစား ဆောင်ရွက်ရပါမည်။

**ဆုတောင်းချက်-** အဖဘုရား၊ မိမိကိုယ်ကို ဆန်းစစ်ဖို့ရန် နှုတ်ကပတ်တော်ကို အသုံးပြုမည် အကြောင်း မစတော်မူပါ။

*"မြေကို ပိုင်လေရာရာ၌ ရွေးနုတ်ရသော အခွင့်ကို ပေးရကြမည်"*

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်းနှင့် ကိုယ်ပြုရမည့် ဝတ္တရား (၁)

ဘဝ၏ မတူညီသော အခြေအနေနှင့် အဖြစ်အပျက်များတို့အတွက်၊ မောရှေ၏ ပညတ်တရားသည် ပြုစုမစစောင့်ရှောက်ခြင်းကို ပေးခဲ့ပါသည်။ ထိုအခြေအနေများထဲတွင်၊ ဆင်းရဲခြင်းကြောင့် ကျွန်ကျခံရခြင်းနှင့် ပစ္စည်းဥစ္စာ ဆုံးရှုံးခြင်းတို့ ပါဝင်ပါသည်။ လူသည် မိမိ၏အသက်ရှင်ရေးအတွက် တာဝန်ရှိပါသည်။ သို့သော်လည်း၊ လူသား မထိန်းချုပ်နိုင်သော အခြေအနေများစွာ ရှိပါသည်။ ဝတ်ပြုရာကျမ်းထဲတွင်၊ ဣသရေလပြည်တွင် တိုင်းတပါးသားများနှင့် ပြည်တွင်းလူပူးပေါင်းလျက် ချမ်းသာ လာကြ၍၊ ဣသရေလလူများ ဆင်းရဲလျက် နေကြသည်ကို တွေ့ရပါသည်။ ထိုဆင်းရဲသော ဣသရေလလူတို့သည် မိမိလူမျိုးချင်း (သို့) တိုင်းတပါးလူမျိုးများထံ ကျွန်ခံ ရပါလိမ့်မည်။ မောရှေပေးတော်မူသော ပညတ်တရားထဲတွင်၊ ကျွန်ခံသောသူကို အချိန်မရွေး အဘိုးအခပေးလျက် ဆွေမျိုးများကလည်းကောင်း (သို့) မိမိကိုယ်ကိုလည်းကြောင်း ရွေးနုတ်ပိုင်ခွင့် ရှိပါသည်။ သို့မဟုတ်၊ ဂျူဘလီ နှစ်တွင် လွတ်ငြိမ်းချမ်းသာခွင့် ရကြမည်ဖြစ်ပါသည်။

"*<u>ထိုသူသည် ငါတို့နှင့် ပေါက်ဘော်တော်သောသူ၊ နီးစပ်သော အမျိုးသားချင်း အဝင်ဖြစ်သည်</u>*" (ရုသ ၂း၂၀)။ နောမိသည် ရုသအပေါ် ဗောဇ၏ ကောင်းမြတ်မှု၌ ဘုရားသခင်၏ လက်တော်ကို မြင်တွေ့ခဲ့ပါသည်။ ထို့ပြင်၊ ထိုလမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၌ လူ၏ တာဝန်ဝတ္တရားကိုလည်း သူသဘောပေါက်ပါသည်။ ထိုသို့ ရုသအပေါ် သနားကြင်နာခြင်းရှိသောသူသည် ဗောဇဖြစ်ကြောင်းကိုရင်း၊ ထိုအမှုသည် ဘုရားသခင်၏ လမ်းပြစောင့်ရှောက်မှု လက်တော် အားဖြင့် ဖြစ်သည်ကိုရင်း သိမှတ်သောအခါ၊ သူတို့၏ အမျိုးဆက်နွယ်မှုကို ရုသအား ချက်ချင်း ပြောပြခဲ့ပါသည်။ ဤသို့ဖြင့်၊ ရုသအား ဧလိမလက်၏မြေကို ရွေးနုတ်ဖို့ရန် အခွင့်နှင့် သူ၏မျိုးဆက် စောင့်ထိန်းရသောအခွင့်များကို ပြောပြခဲ့ပါသည်။ ထိုသို့သော အခွင့်အရေးကို ထာဝရဘုရားသည် ပေးတော်မူကြောင်း နောမိ သိနားလည်သောအခါ၊ ထာဝရဘုရားကို ချီးမွမ်းခဲ့ပါသည်။ သူ၏ဝမ်းမြောက် ပျော်ရွှင်မှုကို ဗောဇအား ကောင်းကြီးပေးသော စကား၌တွေ့ရပါသည်၊ "သူတို့၌ ကျေးဇူးမပြတ် ပြုတော်မူသေးသော ထာဝရဘုရားသည် သူ့ကို ကောင်းကြီးပေးတော်မူပါစေသော" ဟု ဆိုခဲ့ပါသည်။ ဆက်လက်၍၊ ဗောဇသည် နီးစပ်သော အမျိုးသားချင်းဖြစ်ကြောင်း ရုသအား ရှင်းပြခဲ့ပါသည်။ မောရှေ၏ပညတ်တရားတွင်၊ ခက်ခဲသော၊ ဒုက္ခရောက်နေသော၊ ကျွန်ကျခံရသော အဆွေအမျိုးများကို ရွေးနုတ်ခွင့်ရှိသောသူသည် နီးစပ်သော ပေါက်ဘော် အမျိုးသားဖြစ်ရမည်ဟု ပါပါသည်။ ထိုသူသည် လူကိုရင်း၊ ပစ္စည်းဥစ္စာကိုရင်း အဘိုးအခ ပေးလျက် ရွေးနုတ်ခွင့်ရှိပါသည်။

**ဆင်ခြင်ရန်** - လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်း၌ လူပြုရမည့် တာဝန်ဝတ္တရားလည်းရှိပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်ဘဝ၌ ကိုယ်တော်၏ လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်းကို သိမြင်လျက်၊ မိမိ ဝတ္တရားကို ကျေပွန်စွာ ထမ်းရွက်မည် အကြောင်း မစတော်မူပါ။

*"သူတို့ကို ရွေးနှုတ်သော သခင်သည် အားကြီး၏။
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား
တည်းဟူသော ဘွဲ့နာမ ရှိတော်မူ၏"*

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်းနှင့် ကိုယ်ပြုရမည့် ဝတ္တရား (၂)

မထင်မှတ်ဘဲ မိသားစုဝင် သေခြင်းကြုံတွေ့ပြီး လူ့အသိုင်းအဝန်း၌ ခက်ခဲသော ဘဝကို ဖြတ်သန်းရသောသူများ၏ လုံခြုံမှု၊ အသက်ရှင်ရပ်တည်မှုတို့အတွက်၊ ဘုရားသခင်၏ ကွယ်ကာစောင့်ရှောက်ပြုစုကျွေးမွေးခြင်းသည် ကျန်နေသေးသော မိသားစုဝင်များ၏တာဝန်ယူမှုအားဖြင့် ဖြစ်ပါသည်။ ထိုအမှုသည် "အဆွေအမျိုး ရွေးနှုတ်သူ" ၌ထင်ရှားပါ၏။ ထိုသူသည် အခက်အခဲကြုံတွေ့ခဲ့သော မိသားစု ဆွေမျိုးထဲမှ တယောက်ဖြစ်ပြီး၊ သူသည် အောက်ဖော်ပြပါ အမှုများ၌ ထိုမိသားစု အရေးကို တာဝန်ယူရပါမည်၊ (၁) ပိုင်ဆိုင်သော အမွေ ဆုံးရှုံးနိုင်သော အခြေအနေ၊ (၂) ကျွန်ကျခံလျက်၊ လွတ်လပ်ခွင့် ဆုံးရှုံးနိုင်သော အခြေအနေ၊ (၃) မျိုးဆက် ပြတ်နိုင်သော အခြေအနေ၊ (၄) သွေးထွက်သံယိုခြင်းနှင့် လက်တုန့်ပြန်ခြင်းအမှု၊ (၅) သေသောသူအတွက် ကိုယ်စားပြုဖို့လိုအပ်သော အခြေအနေ စသည်တို့ဖြစ်ပါသည်။

(၁) <u>ပိုင်ဆိုင်သော အမွေ ဆုံးရှုံးနိုင်သော အခြေအနေ</u> (ဝတ် ၂၅း၂၃-၂၇)။ ဂတိတော်ပြည်သည် ဘုရားသခင် ပိုင်တော်မူသောပြည်ဖြစ်ပါသည်။ ထိုပြည်ကို အာဗြဟံထံ ပေးဖို့ရန် ဘုရားသခင် ဂတိထား တော်မူခဲ့၏။ ဣသရေလလူတို့သည် အဲဂုတ္တုပြည်မှ ရွေးနှုတ်ခြင်းခံရ၍ မောရှေအားဖြင့် ဂတိတော်ပြည်သို့ ခေါ်ဆောင်ခဲ့ပါသည်။ ထိုပြည်၌ နေထိုင်ခဲ့သောသူများကို ယောရှုလက်ထက်၌ မောင်းထုတ်ခဲ့ပြီး၊ မောရှေထံ ဘုရားသခင်မှာထားတော်မူသည်အတိုင်း၊ ယောရှုသည် ထိုပြည်ကို အမျိုးများအလိုက် စာရေးတံချလျက် ခွဲဝေပေးခဲ့ပါသည်။ ထို့ကြောင့်၊ မြေကို အပြီးအပိုင် ရောင်းရသော အခွင့် မရှိပါ။ အကြောင်းကြောင်းကြောင့်၊ ရောင်း (သို့) လှယ်လဲခြင်းပြုခဲ့လျှင် ပြန်လည်ရွေးနှုတ်ရပါမည်။ နီးစပ်သော အမျိုးသားချင်း ရွေးနှုတ်သူက မြေကို မိမိအတွက် မဟုတ်ဘဲ၊ မူလပိုင်ရှင်ထံ ပြန်အပ်ရန် ရွေးဝယ်ခြင်းဖြစ်ပါသည်။

(၂) <u>ကျွန်ကျခံလျက်၊ လွတ်လပ်ခွင့် ဆုံးရှုံးနိုင်သော အခြေအနေ</u> (ဝတ် ၂၅း၄၇-၄၉)။ ဣသရေလလူတို့သည် ဘုရားသခင်၏သားသမီးများဖြစ်၍၊ ပိုင်ထိုက်သော ရတနာဖြစ်ကြပါသည်။ ဘုရားသခင်သည် အာဗြဟံအား မိမိဆွေမျိုးများထဲမှ ရွေးချယ်ခဲ့၏။ ဣသရေလကိုလည်း အဲဂုတ္တုပြည်မှ မိမိ၏တန်ခိုးကြီးသောလက်တော်ဖြင့် ရွေးနှုတ်တော်မူခဲ့ပါသည်။ ဂတိတော်ပြည်၌ အချင်းချင်းမည်သို့ဆက်ဆံကြရမည်ကို လမ်းညွှန်သင်ကြားပေးတော်မူခဲ့၏။ မိမိအမျိုးသားချင်း (သို့) တိုင်းတပါးသားထံ ဣသရေလလူ တဦးဦး ရောင်းခြင်းခံရလျှင်၊ ပြန်လည် ရွေးနှုတ်ရပါမည်။ မိမိကိုယ်ကို မရွေးနှုတ်နိုင်လျှင် နီးစပ်သော အဆွေအမျိုးထဲမှ တဦးဦးက အဘိုးအခပေးလျက် ရွေးနှုတ်ရပါမည်။ ထိုသူသည် မိမိညီအစ်ကိုကို တဖန် ကျွန်အဖြစ် ရောင်းဖို့ရန် မဟုတ်၊ သူ့အပေါ် သခင် နေရာယူဖို့ရန် မဟုတ်ဘဲ၊ သူ့ကို လွတ်လပ်စေဖို့ရန် ရွေးနှုတ်ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - (ဖိလိ ၂း၃-၈ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်အား သူတပါးအကျိုးကို ဂရုစိုက်သောသူ ဖြစ်စေတော်မူပါ။

# ကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ဆက်နွယ်မှုနှင့် ထိမ်းမြားခြင်း (၁၀)

သက်သေများရှေ့၌ ပြုသော ဗောဇ၏ ကြေငြာချက်က မောဘအမျိုးသမီး ရုသသည် မိမိ၏ မယားဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ သူမ၏နာမည်နှင့် လူမျိုး ဖော်ပြခြင်းကို ဗောဇ မရှက်ခဲ့ပါ။ သူမအား လက်ထပ်ခြင်းသည် ဘုရားသခင်၏ပညတ်တရားကို ချိုးဖောက်ခြင်းလည်း မဟုတ်ပါ။ အတူညီသော တံပိုး ထမ်းခြင်း မဟုတ်ကြောင်း သူကောင်းကောင်း သိ၏၊ အကြောင်းမှာ၊ သူမသည် ထာဝရဘုရားကို ယုံကြည်၍ အတောင်တော်အောက်သို့ ခိုဝင်ရောက်လာသော သူဖြစ်ပါသည်။ ထို့ပြင်၊ ဤထိမ်းမြားခြင်းသည် သေသောညီအစ်ကို၏ အမွေဥစ္စာ ဆက်ထိန်းပေးခြင်းဖြစ်၏။

*"<u>မဟာလုန်၏မယား မောဘအမျိုးသမီး ရုသကို ငါ၏မယားဖြစ်စေခြင်းငှါ ငါ ဝယ်သည်</u>"* (ရုသ ၄း၁၀)။ ထိုကြေငြာခြင်းသည် လက်ခံခြင်းနှင့် တာဝန်ယူမှုကို ဖော်ပြပါသည်။ ပညတ်တရား လိုက်လျှောက်မှုနှင့် ဝိညာဉ်အသက်တာ တန်ဖိုးထားခြင်းလည်း ဖြစ်ပါသည်။ ဗောဇ၏ ရဲရင့်ခြင်းနှင့် ယုံကြည်ကိုးစားခြင်းသည် သူတို့မသိသေးသော အနာဂတ်ကို အမှီပြုခြင်း မဟုတ်ဘဲ၊ ပညတ္တိကျမ်းထဲ၌ ဖော်ပြထားသော ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် အလိုတော် နာခံလိုက်လျှောက်ခြင်း၌ အခြေခံထားခြင်းဖြစ်ပါသည်။ လက်ထပ်ပြီးနောက် အိမ်ထောင်ရေး မည်သို့ဖြစ်လာမည်ကို ကျွန်တော်တို့ သေချာ မသိရပါ။ ဘယ်သူမှ မိမိအိမ်ထောင်ရေးအား အိပ်မက်ဆိုးသဖွယ် ဖြစ်စေဖို့ ဆုံးဖြတ်ချက်ချ လျက် လက်မထပ်ခဲ့ကြပါ။ သို့သော်လည်း၊ အနာဂတ် မသေချာမှုကို ဖော်ပြသည့်အရာကား၊ မျှော်လင့်ချက်များ ပျောက်ဆုံးလျက်၊ ကွာရှင်းပြတ်စဲခြင်းများစွာ ရှိလာခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့်၊ ယုံကြည်ကိုးစားခြင်းကို နှုတ်ကပတ်တော်တရားနှင့် ဝိညာဉ် အကျိုး၌ အခြေခံဖို့လိုပါသည်။ ဘဝ ကြင်ဖော် ရှာခြင်းအမှု၌လည်း ထိုပညတ်တရားအတိုင်း ဆောင်ရွက်ဖို့လိုပါသည်။ ဗောဇ၌ ယုံကြည်စိတ်ချမှု ရှိခဲ့ပါသည်၊ အကြောင်းမှာ၊ သူသည် ဝိညာဉ်အကျိုးကို မျှော်ကိုးသည် သာမက၊ သူပြုသောအမှုသည်လည်း ဘုရားသခင်၏ပညတ်တရား၏ လမ်းညွှန်ချက်ဖြစ်ပါသည်။

မိမိ၏မယားအဖြစ် ရုသအား ရွေးဝယ်ခြင်းကလည်း သူမကို ဗောဇ တန်ဖိုးထားကြောင်း ပြသလျက်ရှိပါသည်။ သီလရှိသော မိန်းမ၏တန်ဖိုးသည် "ပတ္တမြားထက် အဘိုး သာ၍ ထိုက်ပေ၏" (သု ၃၁း၁၀) ဟု ဆိုထားပါသည်။ ဗောဇသည် ရုသအား ရုသ ၃း၁၁ ထဲတွင်၊ သီလရှိသော မိန်းမ ဟု ခေါ်လျက်၊ တောင်းလျှောက်သမျှကို ပြုဖို့ရန် သဘောတူခဲ့ပါသည်။ ထိုသို့ပြုခြင်း၌ သူသည် နောင်တ လုံးဝရမည် မဟုတ်ပါ၊ သူ့ မယားသည် သီလရှိသော မိန်းမဖြစ်သောကြောင့်တည်း။ "ယဉ်ကျေးသောအရာသည် လှည့်စားခြင်းနှင့် ယျဉ်တတ်၏။ လှသောအဆင်းသည်လည်း အချည်းနှီး ဖြစ်၏။ ထာဝရဘုရားကို ကြောက်ရွံ့သော မိန်းမမူကား၊ ချီးမွမ်းခြင်းကို ခံရလိမ့်မည်" (သု ၃၁း၃၀)။ ထိုသို့သောမိန်းမကို တွေ့သောကြောင့်၊ ဗောဇသည် ဝမ်းမြောက်စွာ မိမိပြုမည့်တာဝန်ကို ဆောင်ရွက် ခဲ့ပါသည်။

**ဆင်ခြင်ရန်** - အကျင့်သီလသည် အသက်တာကို တန်ဖိုးရှိစေ၏။ အကျင့်သီလ စောင့်ခြင်း၌ ရှုံးဆုံးခြင်း မရှိပါ။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော်ဖြင့် အကျွန်ုပ်ကို အစဉ် လမ်းပြ တော်မူပါ။

**ရုသ ၄း၁-၁၀**
မသဲ ၁၆း၁၄-၂၆

*"အကြင်သူသည် ငါ့ကြောင့် အသက်ရှုံး၏၊
ထိုသူသည် အသက်ကို တွေ့လိမ့်မည်"*

# ကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ဆက်နွယ်မှုနှင့် ထိမ်းမြားခြင်း (၉)

သာ၍ ရွေးပိုင်သောအမျိုးသားချင်းသည် မိမိ အမွေဥစ္စာ "ပျက်" မည်ကို စိုးရိမ်ခဲ့ပါသည်။ သို့သော်လည်း ဗောဇသည် မစိုးရိမ်ခဲ့ပါ။ ဧလိမလက် ပိုင်ဆိုင်သောအရာများ ရွေးဖို့ရန်နှင့် ရုသအား လက်ထပ်ဖို့ရန် အခွင့် ရသောအခါ ဗောဇသည် လိုလားစွာ လက်ခံခဲ့ပါသည်။ သူသည် သာ၍ ရွေးပိုင်သောအမျိုးသားချင်း မပြုလိုသောအမှုကို ပြုဖို့ရန် လက်ခံလျက်၊ ပေးသော ခြေနင်းကို ယူ၍ အသက်ကြီးသူများနှင့်လူထုအား သက်သေအဖြစ် ခေါ်ခဲ့ပါသည်။

"*<u>သင်တို့သည် ယနေ့သက်သေဖြစ်ကြပါ၏</u>*" (ရုသ ၄း၉-၁၀)။ ဤစကားစုကို အပိုဒ်ငယ် ၉ နှင့် ၁၀ အဆုံး၌ နှစ်ကြိမ်တွေ့ရပါသည်။ ဗောဇသည် သနားကြင်နာမှုရှိ၍ ရက်ရောသောသူ ဖြစ်သည် သာမက၊ ကောင်းမြတ်သောသူဖြစ်ပြီး၊ တရားစီရင်မှု၌လည်း မိမိ၏သိက္ခာကို အထူး ဂရုစိုက်ခဲ့ပါသည်။ လူကောင်းများစွာတို့သည် သူတို့၏သိက္ခာနှင့် ဥစ္စာပစ္စည်းများကို မခိုင်လုံသောအမှုကိစ္စများ၌ ပါဝင်ခြင်းကြောင့် ဆုံးရှုံးခဲ့ကြပါသည်။ သဝတွင်၊ ကြင်နားသနာတတ်သောသူ၊ ရက်ရောသောသူများကို အမြတ်ထုတ်လိုသော သာခိုများလည်း ရှိပါသည်။ သူတပါး၏ သိက္ခာနှင့်အသရေကို ဖျက်လိုသော သူများလည်းရှိပါသည်။ ထို့ကြောင့်၊ လူတို့နှင့်ဆက်ဆံမှုတွင် သမ္မာသတိရှိဖို့ အလွန်အရေးကြီးလှပါသည်။ တိုးတိုးတိတ်တိတ် မဟုတ်ဘဲ၊ ပွင့်လင်းမြင်သာမှုရှိခြင်းသည် လုံခြုံမှုအတွက် အလွန် အရေးကြီးပါသည်။ ဗောဇသည် သက်သေများရှေ့၌ ပြုသောကြောင့်၊ သူ၏အကျင့်စရိုက်နှင့် ပေးဆပ်မှုကို သေချာမြင်တွေ့ရပါသည်။ အမှု တခုမျှ ပြောင်းလဲ၍ မရ၊ ငြင်း၍လည်း မရပါ။

"*<u>ဧလိမလက်ဥစ္စာ၊ ခိလျုန်ဥစ္စာ၊ မဟာလုန်ဥစ္စာ ဟူသမျှကို . . . ငါဝယ်၍</u>*" (ရုသ ၄း၉)။ သာ၍ရွေးပိုင်သောအမျိုးသားချင်းက မရွေးလိုသောအခါ၊ ဗောဇက မိမိရွေးလိုကြောင်း သေချာဖော်ပြခဲ့ပါသည်။ အကြောင်းပြချက်မှုကား၊ သေသောညီအစ်ကို၏အမွေဥစ္စာကို မိမိသည် ဆက်လက်ထိန်းသိမ်း ကာကွယ်မည် ဟူ၍ ဖြစ်ပါသည်။ ဆာလံ ၃၉း၆ တွင်၊ လူ့ဘဝသည် အိပ်မက်ကဲ့သို့ဖြစ်၍၊ ပင်ပန်းစွာ ရှာဖွေ စုဆောင်းသော ဥစ္စာတို့ကို သေပြီးမှ မထိန်းသိမ်းနိုင်၊ အဘယ်သူ လက်ထံသို့ ရောက်မည်ကို မသိပါ ဟု ဖော်ပြခဲ့ပါသည်။ တဘက်တွင်၊ ဗောဇသည် သေသောညီအစ်ကို၏ အမွေတည်းဟူသော မျိုးဆက်ထိန်းပေးခြင်းဖြင့်၊ သူ့နာမည်တည်စေဖို့ရန်၊ မိမိ၏အမွေဥစ္စာ ပျက်နိုင်သည်၊ အချိန်းဖြုန်းတီးရာရောက်သည်ဟု ထင်မှတ်သောထိုအမှုကို ပြုခဲ့ပါသည်။ သို့သော်လည်း၊ သူသည် မှန်ကန်သော ရွေးချယ်မှုကို ပြုခဲ့ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - (ဆာလံ ၃၉း၆ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** အဖဘုရား၊ သူတပါးနှင့် ဆက်ဆံရေး၌ အကျွန်ုပ်ကို အဆိုးအကောင်း ခွဲခြားနိုင်သော ဉာဏ်ပညာ ပေးသနားတော်မူပါ။

*“. . . သေစား သေစေသောသူ၏လက်၌ အပ်လိုက်ရကြမည်”*

## လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်းနှင့် ကိုယ်ပြုရမည့် ဝတ္တရား (၃)

ဘုရားသခင်က နှစ်ငါးဆယ်ရောက်တိုင်း၊ ဂျူဘလီနှစ်အဖြစ်သတ်မှတ်ခဲ့ပါသည်။ ထိုနှစ်တွင်၊ ကျွန်အဖြစ်ရောင်းချခြင်း ခံရသောသူအပေါင်းတို့သည် လွတ်မြောက်ခြင်းခံကြရမည်ဖြစ်၍၊ ရောင်းခဲ့သော မြေအပေါင်းတို့ကို မူလပိုင်ရှင်ထံ ပြန်အပ်ရမည်ဖြစ်ပါသည်။ ထို ဂျူဘလီနှစ် မရောက်မီ၌ပင်၊ နီးစပ်သောဆွေမျိုး အမျိုးသားချင်းက ရွေးနှုတ်ခြင်းအမှုကို ဆောင်ရွက်နိုင်ပါသည်။ ကျွန်အဖြစ်မှ လွတ်မြောက်စေခြင်း၊ ရောင်းချခဲ့သောအရာ ပြန်ရွေးခြင်း အပြင်၊ မျိုးဆက်နှင့်ပတ်သက်သော အမှု၌လည်း တာဝန်ရှိပါသည်။

(၃) *မျိုးဆက် ပြတ်နိုင်သော အခြေအနေ* (တရား ၂၅း၅-၆)။ လူတဦးသည် မိမိ၏မျိုးဆက် တည်မြဲစေမည့်သူ (သို့) ပိုင်ဆိုင်သော အမွေ ဆက်ခံမည်သူ သားသမီး မရှိဘဲ သေခဲ့လျှင်၊ ထိုမျိုးဆက်ကို ဆက်လက်တည်စေဖို့ရန် နီးစပ်သော ဆွေမျိုးအမျိုးသား၊ အထူးသဖြင့် သူ့ညီအစ်ကိုက ထိုတာဝန်ကို ယူရပါမည်။ သားမရှိဘဲ သေသောသူအဖို့၊ သူ့ညီအစ်ကိုသည် အမွေဆက်ခံလျက် မိသားစုနာမည် ဆက်လက်ထိန်းသိမ်းမည့် မျိုးဆက်မွေးဖွားပေးဖို့ရန် တာဝန်ယူရပါမည်။ ကမ္ဘာဦးကျမ်း ၃၈ ထဲတွင်၊ ထိုအမှုကို မဆောင်ရွက်လိုခဲ့သော သူအား ထာဝရဘုရားက ပြစ်ဒဏ်ပေးခဲ့ကြောင်း ဥပမာရှိခဲ့ပါသည်။ ထိုအမှုသည် ပြည်တော်ကို သူစိမ်းလက်ထဲသို့ မရောက်ဘဲ စောင့်ထိန်းပါလိမ့်မည်။ မုဆိုးမသည်လည်း အခြားသူကို မယူဘဲ၊ မိသားစုထဲက လူကိုသာ ယူရမည်ဖြစ်ပါသည်။

(၄) *သွေးထွက်သံယိုခြင်းနှင့် လက်တုန့်ပြန်ခြင်းအမှု* (တော ၃၅း၁၉-၂၁)။ ပညတ်တော်ဆယ်ပါး၌ လူ့အသက်သတ်ခြင်းကို တားမြစ်ခဲ့ပြီး၊ လက်တုန့်ပြန်မည့် နီးစပ်သော ဆွေမျိုး တာဝန်ပေးခြင်းနှင့် ခိုလှုံရာမြို့များ ထားရှိခြင်းသည် အပြစ်မဲ့သောသူ၏သွေး မထွက်စေဖို့ရန် ကာကွယ်ခြင်းဖြစ်ပါသည်။ လူ့အသက်သတ်ခြင်းသည် ဘုရားသခင်ပိုင်သောအရာကို လုယူခြင်းဖြစ်၍၊ အသွေးအတွက် အသွေး၊ အသက်အတွက် အသက် ပေးဆပ်ရပါမည်။ လူ့အသက်သတ်သောသူသည် မတော်တဆ သတ်မိခြင်းလော (သို့) ရည်ရွယ်ချက်ရှိရှိသတ်ခြင်းလော ဟူသောအမှု သေချာဖို့ရန် ခိုလှုံရာမြို့များက အချိန်ယူရပါမည် (တော ၃၅း၁၂)။ ရည်ရွယ်ချက်ရှိရှိ သတ်ခဲ့လျှင်၊ ထိုလူသတ်သမားကို အသေသတ်ဖို့ရန် အပ်ရပါမည် (တော ၃၅း၁၆-၁၈)။ သတ်မှတ်ထားသောအချိန် နေ့ရက်မရောက်မီ ထိုမြို့မှ ထွက်ပြေးခဲ့ပြီး၊ လက်တုန့်ပြန်မည့်သူက တွေ့ခဲ့လျှင် ထိုသူကို သတ်ခွင့်ရှိ၏၊ လက်တုန့်ပြန်သောသူသည် ပြစ်ဒဏ် မခံရပါ (တော ၃၅း၂၆-၂၈)။

**ဆင်ခြင်ရန်** - (ယောဘ ၁၉း၂၅ နှင့် ဟေဗြဲ ၂း၁၁၊ ၁၆-၁၈ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** (ဟေဗြဲ ၄း၁၄-၁၆ ကို အသုံးပြုပါ)။

**ရှသ ၂း၁၈-၂၃**
တော ၅း၅-၁၀

*"အပြစ်အတွက်ပေးသော ဥစ္စာကို . . .*
*ထာဝရဘုရားအားပူဇော်ရမည်"*

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်းနှင့် ကိုယ်ပြုရမည့် ဝတ္တရား (၄)

ဤနောက်ဆုံးအချက်သည် အပြစ်နှင့် ညစ်ညူးမှုကို ဖယ်ရှားဖို့ရန် လျော်အစားပေးခြင်း အမှု၌ မစပေးမည့်သူ အကြောင်းဖြစ်ပါသည်။ ဘုရားသခင် အတူပါရှိတော်မူခြင်းသည် မိမိလူတို့ နေထိုင်ရာနေရာ၌ ညစ်ညူးသောအရာ ရှိခြင်း၊ မရှိခြင်း အပေါ်တွင် မူတည်ပါ၏။ နေထိုင်ရာနေရာ၌ အပြစ် (သို့) ကျူးလွန်မှုရှိခဲ့လျှင် ထိုအရာကို ဖယ်ရှားဖို့ရန် အမှုဆောင်ရွက်ဖို့လိုပါသည်။ အချို့အမှုတွင်၊ ပြန်လည်သင့်မြတ်ခြင်းအတွက် ဝန်ခံခြင်း နှင့်လျော်အစားပေးခြင်း ပြုဖို့လိုပါသည်။

"*<u>အပြစ်အတွက်ပေးသော ဥစ္စာကို ခံထိုက်သော အမျိုးသားချင်း မရှိလျှင်</u>*" (တော ၅း၈)။ ပြစ်မှားခံရသောသူ၏ နီးစပ်သော အမျိုးသားချင်းသည် အလျော်အစားပေးသော ဥစ္စာကို လက်ခံရမည်ဖြစ်၍၊ အပြစ်ဝန်ခံခြင်းနှင့်ပူဇော်သက္ကာကို လက်ခံဖို့ရန် မဟုတ်ပါ။ နီးစပ်သော ဆွေမျိုးသားချင်း မရှိခဲ့လျှင်၊ ထာဝရဘုရားက ထိုအလျော်အစားကို လက်ခံမည်ဖြစ်ပါသည်။ ထို့ကြောင့် အပြစ်ဖယ်ရှားခြင်း၊ ပြန်လည်သင့်မြတ်ခြင်းအမှု ဆောင်ရွက်ခြင်း၌ အလျော်အစား လက်ခံခြင်းဖြင့် ပါဝင်ခဲ့ရပါသည်။

အပြစ်သည် ဘုရားသခင်နှင့်လူကို ဝေးကွာစေပါသည်။ ထို့ကြောင့် ဘုရားသခင်က အပြစ်ကို ခွင့်လွှတ်လျက်၊ ပြန်လည်သင့်မြတ်ခြင်း ရှိစေခြင်းငှါ၊ အပြစ်ဝန်ခံခြင်းနှင့် အလျော်အစားပေးခြင်း နည်းလမ်းကို မစတော်မူခဲ့ပါသည်။ သူတပါးအပေါ် ကျူးလွန်သော အပြစ်အပေါင်းတို့သည် ဘုရားသခင်အပေါ် ပြစ်မှားခြင်းဖြစ်သောကြောင့် (ဝတ် ၆း၂-၃)၊ ဝတ်ပြုရာကျမ်း အခန်းကြီး ၆ ထဲမှ အပြစ်အတွက် ပူဇော်ခြင်းအားလုံးကို ပြုရပါမည်။ ထိုလွန်ကျူးသောအပြစ်၏ အလျော်အစားကို လက်ခံပေးမည့် နီးစပ်သော ဆွေမျိုးသားချင်း မရှိပါက၊ ထိုအရာကို ထာဝရာဘုရား ထံ ပေးရပါမည်၊ ဆိုလိုသည်မှာ ယဇ်ပုရောဟိတ်ထံ ပေးရမည်ဖြစ်ပါသည်။ အပြစ်ဖြေရာယဇ် အပြင် ထိုအမှုကို ပြုရမည်ဖြစ်ပါသည်။

ဘုရားသခင်သည် မိမိလူတို့ကို ရွေးနှုတ်တော်မူသောသူဖြစ်၍ ဓမ္မဟောင်းကျမ်းထဲတွင်၊ အဖ (တရား ၃၂း၆)၊ မြေရှင် (ဝတ် ၂၅း၂၃)၊ သေစားသေစေသောသူ (တရား ၁၉း၁၀)၊ ရှင်ဘုရင် (ထွက် ၆း၂-၈) အဖြစ် ဖော်ပြထားပါသည်။ ဓမ္မသစ်ကျမ်းထဲတွင်၊ ခရစ်တော်သည် လူတို့ကို ရွေးနှုတ်တော်မူသောသူ (ဟေ ၂း၁၆-၁၈၊ ၄း၁၄-၁၆)၊ ကျွန်ုပ်တို့၏ အခက်အခဲနှင့် အားနည်းချက်ကို နားလည်ပေးတော်မူသောသူ၊ ကျွန်ုပ်တို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သောသူ၊ ကျွန်ုပ်တို့ကို ခွန်အားပေးသောသူ အဖြစ် ဖော်ပြခဲ့ပါသည်။

**ဆင်ခြင်ရန်** - (၁ ယော ၁း၉ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** (ဆာလံ ၂၅း-၁၁ ကို အသုံးပြုပါ)။

*"ဘုရားသခင်ကို ချစ်သောသူတည်းဟူသော . . . သူတို့၏အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်း ပြုစုကြသည်"*

# ကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ဆက်နွယ်မှုနှင့် ထိမ်းမြားခြင်း (၈)

သာ၍ ရွေးပိုင်သော အမျိုးသားချင်းသည် မရွေးလိုသောကြောင့်၊ နောမိ ပိုင်ဆိုင်မှုနှင့် ရုသအပေါ် သူ၌ရှိသည့် အခွင့်အားလုံးကို လက်လွှတ်ခဲ့ပါသည်။ လမ်းပြကွယ်ကာစောင့်ရှောက်တော်မူခြင်း လက်တော်သည် ဗောဇနှင့်ရုသအား ပေါင်းစည်းခွင့်ပေးသည် သာမက၊ ရုသအား တရားဝင် လက်ထပ်ရသောအခွင့်ကို ဗောဇ ရရှိခဲ့ပါသည်။ များစွာသောအချိန်တွင်၊ ချစ်ကြိုက်သောသူများသည် သူတို့၏ချစ်ခြင်းနှင့် လက်ထပ်ခြင်းအမှုအတွက် အနှောင့်အယှက် အဆီးအတားဟု ထင်မှတ်လျက် အခြေအနေနှင့် လူတို့ကို တိုက်ခိုက်တတ်ကြ၏။ သို့သော်လည်း၊ ဗောဇသည် ထိုသို့ မပြုခဲ့ပါ။ သူသည် လိမ်လည် လှည့်ဖြားခြင်း တခုမှ မပြုဘဲ၊ ဥပဒေအတိုင်း၊ တရားသဖြင့် မှန်ကန်စွာ ဆောင်ရွက် ခဲ့ပြီး၊ အရာအားလုံးသည် သူ့ဘက်၌ သူ့အတွက် ရှိခဲ့ကြပါသည်။

"*<u>ကိုယ်အဘို့ ဝယ်ပါတော့ဟု . . . ဆို၍ မိမိခြေနင်းကို ချွတ်၏</u>*" (ရုသ ၄း၈)။ ထာဝရဘုရား၊ သူ၏အဆုံးစွန်အာဏာရှိတော်မူခြင်းနှင့်လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်းကို ယုံကြည်သောသူတို့သည် အရာခပ်သိမ်းတို့သည် ကောင်းကျိုးအတွက် အတူတကွ အမှုပြုကြကြောင်း ယုံကြည်ကိုးစားခြင်း ရှိကြရပါမည်။ ဗောဇသည် ရုသအား တောင်းလျှောက်သမျှ လုပ်ပေးမည်ဟု ဂတိပေးခဲ့သော်လည်း၊ မည်သို့ ဖြစ်လာမည်ကို သူ မသိခဲ့ပါ။ သာ၍ ရွေးပိုင်သော အမျိုးသားချင်းသည် မိမိတာဝန်ကို ဆောင်ရွက်မည် (သို့) ငြင်းပယ်မည် ဟူသောအချက်သာ သူ သိခဲ့ပါသည်။ ဗောဇသည် ဘုရားသခင်၏အလိုတော်ထက်ဝင်း၊ ဘုရားသခင်၏ပညတ်တရား နာခံလိုက်လျှောက်ခြင်းထက်ဝင်း၊ မိမိ၏ဆန္ဒကို ပို၍ ဦးစား မပေးခဲ့ပါ။ ခက်ခဲသောအမှုဖြစ်သော်လည်း၊ ကျွန်တော်တို့အားလုံးအတွက် အရေးကြီးသော သင်ခန်းစာဖြစ်ပါသည်၊ အထူးသဖြင့်၊ အိမ်ထောင်ပြုဖို့ ဆန္ဒရှိသောသူများ အတွက် အလွန်အရေးကြီးလှပါသည်။ သူမ (သို့) သူသည် သင့်အမြင်၌ သင့်အတွက် အကောင်းဆုံးသော ပုဂ္ဂိုလ်ဟု သတ်မှတ်လျက်၊ သူ့ကို လက်ထပ်ဖို့ ဘယ်အရာကမှ မဆီးတားနိုင်ဟု ထင်မှတ်နိုင်ပါသည်။ သို့သော်လည်း၊ သင့်အတွက် ဘုရားသခင်၏အလိုတော်ကားအဘယ်နည်း၊ သင့်ဘဝကြင်ဖော်ကား မည်သူဖြစ်မည်နည်း။ သမ္မာကျမ်းစာ၏သွန်သင်ချက်နှင့် လမ်းညွှန်ချက်များအတိုင်း လိုက်လျှောက်ရန် ကြံရွယ်သောသူများအတွက်၊ ထိုဘုရားသခင်ထံမှဝင်း၊ ဘုရားသခင်၏အလိုတော်မှဝင်း၊ လမ်းလွှဲသွယ်ဖယ်ဖို့ရန် သွေးဆောင်လှည့်ဖြားခြင်း အလွန်ကြီးမားနိုင်ပါသည်။

ဗောဇသည် တရားသောနည်းလမ်းကို မဆန့်ကျင်ဘဲ၊ ကြိုးစား လိုက်လျှောက်ခြင်းအားဖြင့်၊ နောမိ ပိုင်ဆိုင်သောအရာ ရွေးဝယ်ခွင့်နှင့် ရုသအား တရားဝင် လက်ထပ်ရသောအခွင့်ကို ရရှိခဲ့ပါသည်။ သူသည် ပညတ်တော်ကို လျစ်လျူ မရှု၊ မိမိ စိတ်ဆန္ဒနောက်သို့ မလိုက်ဘဲနေခဲ့၏။ ပညတ်တရားကို နာခံလိုက်လျှောက်လျက်၊ အဘယ် ရလဒ်ဘဲဖြစ်ဖြစ် လက်ခံဖို့ အသင့်ရှိခဲ့ပါသည်။ မိမိကိုယ်ကို ဘုရားသခင်အား ဦးဆောင်လမ်းပြစေလျက်၊ ဘုရားသခင်၏ကွယ်ကာစောင့်ရှောက်မစတော်မူခြင်း လက်တော်အား မိမိအတွက် အမှုပြုစေခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ အလိုတော်ကို ဆန့်ကျင်သောသူ ဘယ်သူမှ အောင်မြင်မှု မရပါ။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏အလိုတော်ကို ရှာဖွေ လိုက်လျှောက်သောသူ ဖြစ်မည်အကြောင်း ကျွန်ုပ်ကို ဥာဏ်ပညာ ပေးသနားတော်မူပါ။

**ရုသ ၄း၁-၁၀**
တရား ၂၅း၇-၁၀

*"သူ၏မရီးသည် . . . သူ့အပါးသို့ ချဉ်း၍ သူ၏ခြေနင်းကို ချွတ်လျက် . . ."*

# ကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ဆက်နွယ်မှုနှင့် ထိမ်းမြားခြင်း (၇)

မြို့တံခါးဝ၌ ဖြစ်ပျက်နေသော တရားသဖြင့် စီရင်ခြင်းအမှု၌ ဓလေ့ထုံးစံ အကြောင်း ရှင်းပြခြင်းအမှုက ခဏနေရာယူခဲ့ပါသည်။ ရုသဝတ္ထု ရေးသားသောအချိန်၌ ဤဓလေ့ထုံးစံကို မကျင့်သုံးကြတော့သဖြင့် ထိုသို့ရှင်းပြခြင်းလည်း ဖြစ်နိုင်ပါသည်။ "ဣသရေလ ရှေးထုံးစံဟူမူကား" (ရုသ ၄း၇) ဟု ဖော်ပြခဲ့ပါသည်။ ဤအပြုအမူသည် မောရှေ၏ပညတ်တရား၌ ဖော်ပြထားချက်နှင့် အနည်းငယ် ခြားနားမှုရှိပါသည်။ ယခုအမှုတွင်၊ ရွေးခြင်းအမှုကို မပြုလိုသော အမျိုးသားချင်းသည် မိမိ၏ခြေနင်းကို ချွတ်၍ ဗောဇအား ပေးခဲ့ပါသည်။ မောရှေ၏ပညတ်ချက်တွင်၊ ခြေနင်းကို ချွတ်သောသူသည် မုဆိုးမဖြစ်၍ သူ့မျက်နှာကိုလည်း တံတွေးထွေးရပါသည်။

"<u>*ထိုသို့ပြုသောအားဖြင့် ဣသရေလ အမျိုးသားတို့တွင် သက်သေတည်ရ၏*</u>" (ရုသ ၄း၇)။ တရားဟောရာကျမ်းထဲ၌ ဖော်ပြထားသော မပြုအမူသည် ယခုအပြုအမူနှင့် ကွဲပြားသည် သာမက၊ အကျိုးသက်ရောက်မှုလည်း မတူကြပါ။ တရားဟောရာကျမ်းတွင်၊ မိမိညီအစ်ကိုအတွက် မျိုးဆက် မထိန်းလို၍ မုဆိုးမကို မယူလိုသော သူအား အရှက်ရစေခြင်းငှါ မုဆိုးမသည် ထိုသို့ ပြုခြင်းဖြစ်ပါသည်။ ရုသဝတ္ထုတွင်မူ၊ သာ၍ ရွေးပိုင်သော အမျိုးသားချင်းက မိမိခြေနင်းကို ချွတ်၍ ဗောဇအား ပေးခဲ့ပါသည်။ ဆိုလိုသည်မှာ မိမိ၏ ရွေးပိုင်သော အခွင့်နှင့် ရုသအား လက်ထပ်ရသော အခွင့်ကို ဗောဇထံ လွှဲပေးခြင်းဖြစ်ပါသည်။ ထိုသူက ဗောဇအား၊ "ကျွန်ုပ် မရွေးနိုင်သောကြောင့်၊ ကျွန်ုပ်ရွေးပိုင်သောအရာကို ကိုယ်အဘို့ ရွေးပါတော့" (ရုသ ၄း၆) ဟု ဆိုခဲ့ပါသည်။ ထိုအပြုအမူသည် ခြားနားသော အချိန်ကာလ၌ လူတို့အသုံးပြုခဲ့သော ဓလေ့ထုံးစံ ဖြစ်သောကြောင့် ခြေနင်း၏အကျိုးသက်ရောက်မှုကို ရှင်းလင်းစွာ ကျွန်တော်တို့ မသိရပါ။ တရားဟောရာကျမ်းအရ၊ ခြေနင်းကို မုဆိုးမက အပိုင်သိမ်းပါသလော၊ ယခုအမှုတွင်၊ ရွေးပိုင်သောအခွင့်ရခြင်း သက်သေအဖြစ် ဗောဇက ခြေနင်းကို အပိုင်သိမ်းထားပါသလော။ "ထိုသို့ပြုသောအားဖြင့် ဣသရေလ အမျိုးသားတို့တွင် သက်သေတည်ရ၏" ဟု ရေးထားပါသည်။ မောရှေ၏ပညတ်တရား၌ တွေ့ရသောအမှုနှင့် ယခုအမှု၏ ခြားနားချက်ကို ဖော်ပြဖို့လိုပါသည်။ ယခုအမှုတွင်၊ မြို့တံခါး၌ မုဆိုးမ မပါ၊ မတွေ့ရပါ။ သူတို့၏ သေသောညီအစ်ကိုနှင့် သူခင်ပွန်း မုဆိုးမအကြောင်းကို ဆွေးနွေးခြင်းပြုသော ညီအစ်ကို နှစ်ယောက် တွေ့ရပါသည်။ တရားဟောရာကျမ်းထဲတွင်၊ အခြားသော ရွေးပိုင်သော အမျိုးသားချင်း မဖော်ပြထားပါ။ ရုသဝတ္ထုတွင်၊ အခြား ရွေးပိုင်သော အမျိုးသားချင်း ရှိသည်ကို မသိသောကြောင့်၊ ရုသသည် ဗောဇထံသို့ သွားခဲ့ပြီး၊ ဗောဇကဘဲ ရွေးပိုင်ခွင့်ကို ရရှိခဲ့ပါသည်။

**ဆင်ခြင်ရန်** - တာဝန် မကျေပွန်မှုသည် ရှက်ကြောက်ခြင်းကို ဖြစ်စေ၏၊ တာဝန်ကျေပွန်မှုသည် ကောင်းကြီးမင်္ဂလာကို ဖြစ်စေ၏။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အား တာဝန်ကျေပွန်သောသူဖြစ်မည်အကြောင်း မစတော်မူပါ။

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်းနှင့် ကိုယ်ပြုရမည့် ဝတ္တရား (၅)

ရုသသည် ဘုရားသခင်၏ လမ်းပြစောင့်ရှောက်တော်မူခြင်း လက်တော်ဖြင့်၊ ဧလိမလက်၏ နီးစပ်သော ဆွေမျိုးချင်းဖြစ်သည့် ဗောဇ၏ လယ်သို့ ရောက်ခဲ့ပါသည်။ လယ်ထဲ၌ ဗောဇ၏ ကျေးဇူးကို ခံစားခဲ့ရပြီး၊ သူသည်လည်း အလုပ်ကို ဝိရိယရှိရှိ ကြိုးစားလုပ်ခဲ့ပါသည်။ အိမ်ပြန်ရောက်သော အခါ၊ နောမိထံ ထိုနေ့အဖြစ်အပျက်များကို ပြန်ပြောလျက်၊ ဗောဇက မိမိအား ပေးခဲ့သော လမ်းညွှန်ချက်များအပေါ် နောမိ၏ တုန့်ပြန်မှုဖြင့် ဤအခန်းကြီး အဆုံးသတ်ခဲ့ပါသည်။

"*<u>ငါ့သမီး၊ သင်သည် သူ၌ ကျွန်မတို့နှင့် ပေါင်းဘော်ကောင်း၏</u>*" (ရုသ ၂း၂၀-၂၂)။ လူငယ်များအတွက် ခက်ခဲသောအရာတခုမှာ လူကြီးများ၏ ဆုံးမလမ်းညွှန်မှုကို နာခံ လိုက်လျှောက်ခြင်း ဖြစ်ပါသည်။ ဥပမာ တခုမှုကား၊ ရောဗောင် ပင်ဖြစ်ပါသည်။ ဗောဇ၏ လမ်းညွှန်ချက်များသည် ရုသကို ချုပ်နှောင်ဖို့ရန် မဟုတ်ဘဲ၊ လုံခြုံမှုအတွက် ဖြစ်ပါသည်။ နောမိကလည်း ဗောဇ ပြောခဲ့သော စကားများကို လက်ခံ သဘောတူခဲ့ပါသည်။ ရောဗောင် ကဲ့သို့ မဟုတ်ဘဲ၊ ရုသသည် ဗောဇနှင့် နောမိတို့၏ လမ်းညွှန်ချက်များကို လိုက်လျှောက်ဖို့ရန် ကျေနပ် ဘောတူခဲ့ပါသည်။

"*<u>ဗောဇ၏ ကျွန်မတို့၌ မှီဝဲလျက် . . . ယောက္ခမထံမှာ နေလေ၏</u>*" (ရုသ ၂း၂၃)။ ဘုရားသခင်၏ လမ်းပြစောင့်ရှောက်တော်မူခြင်း လက်တော် ယုံကြည်ခြင်းနှင့် ဘဝ၌ မိမိတာဝန်ဝတ္တရားကို ဆောင်ရွက်ခြင်း စသည့်အရာနှစ်ခုသည် အချင်းချင်း မဆန့်ကျင်ဘဲ၊ အတူသွားလာကြကြောင်းကို ရုသက ဖော်ပြခဲ့ပါသည်။ အစ၌ သူသည် ယုံကြည်ခြင်းဖြင့် ထွက်သွားခဲ့ပြီး၊ နောက်ဆုံး၌လည်း လမ်းညွှန်ချက်များကို နာခံ လိုက်လျှောက်လျက် နေထိုင်ခဲ့ပါသည်။ သူသည် မုယောစပါး၊ ဂျုံစပါး ရိတ်ခြင်းအမှု ပြီးသည်တိုင်အောင် ဗောဇ၏ကျွန်မများနောက်ကို လိုက်ခဲ့ပါသည်။ ထိုသို့ စပါးကျန် လိုက်ကောက်ချိန် ကာလတခုလုံး၌ သူသည် နေ့စဉ် စားစရာ လုံလောက်စွာ ရခဲ့ပြီး၊ လူဆိုးများ၏ အန္တရာယ်မှ ကွယ်ကာစောင့်ရှောက်ခြင်း ခံရခဲ့ပါသည်။ သူသည် နောမိ၏စကားကို နာခံသည် သာမက၊ သူနှင့်အတူ နေထိုင်ခဲ့ပါသည်။ ထိုသို့ နောမိ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်၊ အတူ နေထိုင်ခြင်းဖြင့် အိမ်ပြန်ရောက်တိုင်း လုံခြုံမှုနှင့် အကြံပေးမှုကို သူရရှိခဲ့ပါသည်။ လူငယ်များစွာတို့ သည် စိတ်နှလုံးခိုင်မာခြင်းရှိလျက်၊ မိမိကိုယ်ကို လွတ်လပ်စွာ နေထိုင်လိုခြင်းကြောင့်၊ တန်ဖိုးဖြတ်၍ မရသော ဘုရားတရားလိုက်စားသည့် မိဘနှင့်လူကြီးများ၏ ဉာဏ်ပညာနှင့်ယှဉ်သော ဆုံးမသွန်သင် ချက်များကို ဖယ်ရှားခြင်းဖြင့် မလိုလားအပ်သော အန္တရာယ်နှင့် ကြုံတွေ့ခဲ့ရပြီး၊ နာကျင်မှုများကို ခံစားခဲ့ကြရပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ပညတ်တရားမှုကား ဘုရားသခင်၌ မိဘ၏စကားကို နာခံရမည် ဟူ၍ ဖြစ်ပါသည်။

**ဆုတောင်းချက်-** အို အဖဘုရား၊ ကိုယ်ကို ယုံကြည်ကိုးစားလျက်၊ ဘုရားလူတို့၏ အကြံပေးမှုကို နာခံ မည်အကြောင်း မစတော်မူပါ။

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ရွေးချယ်မှုနှင့် မိသားစုဘဝ (၁)

မိသားစု၌ ထင်မှတ်မထားသော အခက်အခဲနှင့် စိတ်ဖိစီးမှုများ ကြုံတွေ့ရတတ်ပါသည်။ ကွာရှင်းမှု နှုန်းမြင့်တက်လာပြီး၊ လေးစားမှုနှင့်အကြည်အညို ပျက်မှုလည်း မြင့်တက်လာခဲ့ပါသည်။ ခရစ်ယာန်များထဲ၌လည်း၊ အိမ်ထောင် မိသားစုပြဿနာသည် စိန်ခေါ်မှုကြီးဖြစ်လာခဲ့ပါသည်။ ရုသ အခန်းကြီး ၃ သည် စပါးရိတ်ခြင်း အမှုပြီးဆုံးချိန်၌ ဖြစ်ပျက်သော၊ မိသားစုဘဝ အတွက် ကောင်းမွန်သော ရွေးချယ်မှု သာဓကကို ပြခဲ့ပါသည်။ ထိုစံနမူနာမူကား၊ ဘုရားသခင်၏ လက်တော်အောက်၌ ဘုရားကို ကြောက်ရွံ့သော မိဘ၏လမ်းပြသွန်သင်မှု နာခံခြင်း ပါဝင်ပါသည်။

*<u>"ငါ့သမီး၊ သင့်ကို ချမ်းသာစေခြင်းငှါ ငြိမ်ဝပ်ရာအရပ်ကို သင့်အဘို့ ငါမ ရှာရသလော"</u>* (ရုသ ၃း၁)။ အရင် အခန်းကြီးတွင် လမ်းပြကွယ်ကာစောင့်ရှောက်ခြင်း လက်တော် ပြသောအမှု၏ အချုပ်ကို တွေ့ရပြီး၊ ယခု အခန်းကြီးတွင် ထိမ်းမြားခြင်းအတွက် ဘုရားသခင်ပေးတော်မူသော ဉာဏ်၊ လမ်းပြပို့ဆောင်ခြင်းနှင့် ကိုယ်တိုင် လုပ်ဆောင်ဖို့ စသည့်အများ လိုအပ်ကြောင်း ဖော်ပြခဲ့ပါသည်။ ထိမ်းမြားခြင်းသည် ဘုရားသခင်၏ မင်္ဂလာရှိသော ပညတ်အတိုင်း ယောကျ်ားတစ်ယောက်နှင့်မိန်းမတစ်ယောက်တို့ တလုံးတဝတည်း ပေါင်းစည်းခြင်းဖြစ်သော်လည်း၊ ထိုအမှု၌ မိဘများကို ထားခဲ့ခြင်း ပါဝင်ပြီး၊ လူသူမသိဘဲ နှစ်ကိုယ်ကြား တိတ်တဆိတ် ပြုရမည့်အရာ မဟုတ်ပါ။ ရုသ အမှုတွင်၊ ရုသကိုယ်စား နောမိသည် စတင်လှုပ်ရှားလျက် ဆောင်ရွက်ခဲ့ပါသည်။

နောမိ၏စတင်ပြုသောအမှုကား၊ နောမိကိုယ်စား "ချမ်းသာ ငြိမ်ဝပ်ရာအရပ် ရှာခြင်း" ပင်ဖြစ်ပါသည်။ ဤအချက်က မိသားစုအပေါ် ထားရှိသော နောမိ၏သဘောထားကို ပြလျက်ရှိ၏။ ချွေးမနှစ်ဦးအား မိမိတို့အိမ်သို့ပြန်သွားကြဖို့ရန် နိုးဆော်ခြင်းသည်လည်း ထိုအမှုအတွက်ဖြစ်ပါသည် ရုသ ၁း၉၊ "သင်တို့နှစ်ယောက်သည် နောက်ရသော လင်အိမ်၌ ချမ်းသာစွာ နေရမည် ကြောင်း ထာဝရဘုရား ကယ်မ သနားတော်မူပါစေသော" ဟု ဆိုခဲ့ပါသည်။ ထိုသို့ အိမ်ပြန်ရောက် ကြလျှင် သူတို့၏ မိခင်က သူတို့ကိုယ်စား အိမ်ထောင်ဖက် ရှာပေးမည်ဟု နောမိထင်ထားပုံရပါ၏။ ထို့ကြောင့်၊ "သင်တို့သည် ကိုယ့်အမိအိမ်သို့ ပြန်သွားကြလော့" (ရုသ ၁း၈) ဟု ဆိုခဲ့ပါသည်။ ထို့ပြင် ယောက္ခမ တယောက်အနေဖြင့် သူတို့အတွက် အိမ်ထောင်ဖက်ရှာပေးခြင်းသည် မိမိ၏တာဝန်ဟု ခံယူထား ခဲ့ပုံ ရှိပါသည်။ ထို့ကြောင့် ဤသို့ မေးခွန်း မေးခဲ့ပါသည်၊ "ငါနှင့်အတူ အဘယ်ကြောင့် လိုက်ရမည် နည်း၊ သင်တို့လင်လျှာဘို့ ငါ၏ဝမ်း၌ သားရှိသေးသလော" (ရုသ ၁း၁၁)။ ခင်ပွန်း၏အိမ်သည် ဇနီးသည်အတွက် ဘုရားသခင် ပေးတော်မူသည့် လုံခြုံသောနေရာ၊ လေးစား ရိုသေခြင်း ခံရသော နေရာ ဖြစ်ပြီး၊ စာတန်ကို အခွင့် မပေးဘဲ ဘုရားတရား လက်တွေ့ ကျင့်သုံးရသောနေရာ ဖြစ်ပါသည် (တိတု ၂း၄-၅၊ ၁ တိ ၅း၁၄)။

**ဆင်ခြင်ရန်** - မင်္ဂလာဆောင်ခြင်းသည် အသရေရှိလျက်၊ ဘုရားနှင့်သက်ဆိုင်၏။

**ဆုတောင်းချက်-** အဖဘုရား၊ မိသားစု ခိုလှုံရာအတွက် ဘုရားတရားကို ကြည်ညိုသော အိမ်ထောင် ပေးသနားတော်မူပါ။

*"သူတို့သည် အမြင့်ဆုံးသော ဘုရားကို စုံစမ်း၍ ပုန်ကန်ကြ၏"*

# ကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ဆက်နွယ်မှုနှင့် ထိမ်းမြားခြင်း (၆)

ပညာဉာဏ်နှင့်ယှဉ်သော ဆုံးဖြတ်ချက်သည် လူတစ်ယောက်အား များစွာသောအပြစ်များနှင့်ထောင်ချောက်မှ ကယ်နှုတ်နိုင်ပါသည်။ အိမ်ထောင်ပြုမည့် သူတိုင်းသည် မိမိကိုယ်ကို သေချာစွာ ဆန်းစစ်လျက်၊ ဘုရားသခင်၏အလိုတော်နှင့်အညီ မှန်ကန်သော ရွေးချယ်မှုကို မိမိဘဝအတွက် လုပ်ရမည်ဖြစ်ပါသည်။ သာ၍ ရွေးပိုင်သော အမျိုးသားချင်းက မိမိ၏ရွေးပိုင်ခွင့်ကို ဗောဇထံ ပေးခဲ့ပြီး၊ ဗောဇသည် ထိုအခွင့်ကို လိုလား ဝမ်းမြောက်စွာ လက်ခံ ဆုပ်ကိုင်ခဲ့ပါသည်။

"*<u>ကျွန်ုပ်ရွေးပိုင်သောအရာကို ကိုယ်အဘို့ ရွေးပါတော့</u>*" (ရှုသ ၄း၆)။ ထို အဆွေအမျိုးသည် ရှုသကို လက်မထပ်လိုသော်လည်း၊ ဗောဇနှင့်ရှုသတို့၏ ထိမ်းမြားခြင်းအမှုကို မဆီးတား မနှောင့်ယှက်ခဲ့ပါ။ ဤအချက်သည် ယနေ့ ညီအစ်ကိုများအကြား ပျောက်ကွယ်နေသော ဆက်နွယ် ဆက်ဆံမှု ဖြစ်နိုင်ပါသည်။ ကိုယ်ကျိုးရှာခြင်းက နေရာယူသောကြောင့်၊ အရာရာတိုင်း တမင်တကာ ဖျက်စီးလိုခြင်းရှိကြပြီး၊ "ငါ မပိုင်လျှင်၊ ဘယ်သူမှလည်း မပိုင်ရ" ဟူသော ခံယူချက်ရှိကြ၏။ လူတို့သည် မိမိတို့ အသုံးမပြုလိုသောအရာများကို သူတပါးလည်း အသုံးမပြုရန် ပြုလုပ်တတ်ကြ၏။ ထို့ပြင် လူတို့သည် ကိုယ်ချင်းစာတရား ကင်းမဲ့လျက်၊ သူတပါးအကျိုးကို မငဲ့ကွက်ဘဲ၊ မိမိထက် သူတပါးအတွက် ပိုအသုံးဝင်၊ ပိုအကျိုးရှိမည့်အရာကို မပေးလိုဘဲ ဖက်တွယ်တတ်ကြပါသည်။ ဥပမာအားဖြင့်၊ မိမိထက် ပိုအသုံးလိုသောသူအား ထိုင်ခုံ မဖယ်ပေးခြင်း စသည်တို့ဖြစ်ပါသည်။

အချင်းချင်းဆက်နွယ်ဆက်ဆံမှုတွင်၊ များစွာသော လူပျို အပျိုများ၌ ကိုယ်ကျိုးရှာခြင်းကို တွေ့ရပါသည်။ မိမိကြင်ဖက်အဖြစ် မရည်ရွယ်ဘဲလျက်၊ သမီးရည်းစား စကားပြော၍ ရင်းနှီးပေါင်းဘော်လျက်၊ သူတပါးနှင့် အိမ်ထောင်ပြုမည့်အရေးကိုလည်း လိုက်နှောင့်ယှက်တတ်ကြပါသည်။ သူတပါး ဝမ်းမြောက် ပျော်ရွှင်မှုကိုလည်း ဖျက်ဆီးတတ်ကြပါသည်။ "မိမိ၏အလို ကိုယ်ကျိုးကိုသာ ရှာသောသူ၏ စိတ်သဘောကို ဤအမှု၌ ထင်ရှားစွာတွေ့ရပါသည်။ လူပျိုတယောက်သည် အပျိုတယောက်အား မိမိ၏ကြင်ဖက်အဖြစ် ဆုံးဖြတ်ချက် မချသေးဘဲနှင့် စိတ်ဝင်စားမှုကို ပြပြီး၊ သူများနှင့်ပတ်သက်မှု မရှိအောင် ထိန်းချုပ်မှုကို ပြု၏။ မျှော်လင့်ချက်ကို ပေးပြီးမှ လက်တွေ့ အကောင်အထည် မဖော်လိုခဲ့ပါ။ အပျိုများအားလုံး ထိုသို့သော ရန်သူကို သတိထားရပါမည်။ လူပျိုတယောက်သည် မိမိကိုယ်ကို ချစ်ခြင်း ပြင်းထန်လျက် ရှိသေးလျှင်၊ မိမိ အကျိုး စိတ်ချမ်းသာမှုနှင့်အလိုကိုသာ အဓိက ထားသေးလျှင်၊ သူတပါး စိတ်ထိခိုက်မှု ခံရမည်ကို အလေးမထားတတ် သေးလျှင်၊ အပျိုမိန်းကလေးကို စစ်မှန်သော ချစ်ခြင်းမေတ္တာဖြင့် မချစ်နိုင်သေးကြောင်း သေချာလှပါသည်။"

**ဆင်ခြင်ရန်** - မိမိကိုယ်ကျိုးရှာခြင်း တိုးပွားခြင်းက ကျွန်တော်တို့သည် နောက်ဆုံးသောကာလ၌ နေထိုင်နေကြကြောင်း သက်သေတစ်ခုဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ မိမိကိုယ်ကျိုးကိုသာရှာခြင်း စိတ်သဘောကို အောင်နိုင်မည် အကြောင်း မစတော်မူပါ။

*"ခင်ပွန်းရှိသောသူမူကား၊ မိမိမယား၏ စိတ်နှင့် တွေ့စေခြင်းငှါ လောကီအမှုကို သတိထားတတ်၏"*

## ကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ဆက်နွယ်မှုနှင့် ထိမ်းမြားခြင်း (၅)

သာ၍ ရွေးပိုင်သော အမျိုးသားချင်းသည် ပါဝင်လာသောအရာကို သိသောအခါ၊ သူသည် စိတ်ပြောင်း ခဲ့ပါသည်။ ဤအချက်က၊ ထိမ်းမြားခြင်း မပြုမီ သင်းအုပ်ဆရာက ကောင်းကောင်း ဆွေးနွေးခြင်း ပြုရမည်အကြောင်းကို အားပေး ဖော်ပြထားပါသည်။ ထိမ်းမြားခြင်း မပြုမီ ဆွေးနွေးမှုပြုခြင်းက ဇနီးမောင်နှံအား အချင်းချင်း သိကျွမ်းခြင်းကို ဖြစ်စေ၍ ကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်ပေးသည်ဟု ပြောကြပါသည်။ ဤအချက်သည် တဝက်သာ မှန်၏။ အမှန်မှာ၊ သင်းအုပ်ဆရာနှင့် ကောင်းကောင်း ဆွေးနွေးမှုပြုခြင်းက သူတို့၏ရည်ရွယ်ချက်နှင့် အိမ်ထောင်ရေးအမြင်နှင့် သူတို့၏ဆက်ကပ်မှုကို ပြန်လည်သုံးသပ်ရသောအခွင့် ရရှိစေပါသည်။ ထို့ကြောင့်၊ ဤအဆင့်တွင် သူတို့၏ဆက်နွယ်မှုကို ဖြတ်ပစ်ခြင်း၊ ထိမ်းမြားခြင်း မပြုရန် ပြန်လည် ဆုံးဖြတ်ခြင်း ပြု၍ ရပါသည်။

"*ကျွန်ုပ်သည် ကိုယ်အဘို့ မရွေးနိုင်ပါ*" (ရှုသ ၄း၆)။ ရွေးပိုင်သောသူသည် မြေကွက် ရွေးခြင်း၌ ပါဝင်လာသောအရာကို သိသောအခါ၊ စိတ်ပြောင်းခဲ့ပါသည်။ နောမိ ပိုင်သော မြေကွက် သူလိုချင်ရခြင်းအကြောင်းရင်းသည် ရွေးဝယ်ခြင်းနှင့်ဆိုင်သော ဘုရားသခင်၏အလိုတော်နှင့် ကိုက်ညီမှု မရှိခဲ့ပါ။ အဘယ်ဥစ္စာမျှ အပြီးအပိုင် ရောင်း၍ မရပါ၊ အကြောင်းမှာ အရာရာတိုင်း ဂျူဘီလီနှစ်၌ မူလပိုင်ရှင်ထံ ပြန်အပ်ရမည်ဖြစ်၏။ အနာဂတ်၌ ဧလိမလက်ထံ ပြန်အပ်ဖို့ရန်၊ သေသောသူအတွက် မျိုးဆက် မွေးလျက် တည်စေဖို့ လိုအပ်ပါသည်။ ဤအမှုကို ရွေးပိုင်သောအမျိုးသားချင်းက မပြုလို ခဲ့ပါ။ ထိုသို့ မဆုံးဖြတ်မီ သူသည် ကောင်းကောင်း စဉ်းစားခဲ့ပါသည်။ ဘယ်သူမျှ ကောင်းကောင်း မစဉ်းစား မဆင်ခြင်ဘဲ ထိမ်းမြားခြင်း မပြုရပါ။ ဤအမှု၌ လူပျို အပျိုများ သာမက၊ မုဆိုးမများလည်း အထူး သတိပြုဖို့လိုပါသည်။ ထိမ်းမြားခြင်းသည် အမွေ ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှု လိုချင်သောကြောင့် မဖြစ်ရပါ။ ရယူလိုသောစိတ်ဖြင့် အိမ်ထောင် မပြုရပါ။ မိမိ၏အိမ်ထောင် တာဝန်ဝတ္တရားကို ကျေပွန်စွာ ထမ်းရွက်ပါမည်ဟူသော စိတ်ဖြင့် ပြုရပါမည်။ ခင်ပွန်းဖြစ်ဖို့ အဖေဖြစ်ဖို့ ခင်ပွန်းတာဝန်၊ အဖေ့တာဝန် ထမ်းရွက်ဖို့ အသင့် မရှိသေးသောသူသည် အိမ်ထောင် မပြုသင့်ပေ၊ ရည်းစားထား ဖို့ရန်လည်း အချိန်အခါ မဟုတ်သေးဟု ဆိုရပါမည်။ ထိုနည်းတူ၊ မိန်းမများလည်း ဖြစ်ပါသည်။ သင် အိမ်ထောင် ပြုပြီး ဆိုလျှင်၊ အခြား ရွေးချယ်စရာ မရှိတော့ပါ၊ မိမိ၏ အိမ်ထောင် တာဝန် ဝတ္တရားကို ကျေပွန်စွာ ထမ်းရွက်ဖို့သာ ရှိပါတော့သည်။

**ဆင်ခြင်ရန်** - (ဖေက် ၅း၃၃)။

**ဆုတောင်းချက်-** အဖဘုရား၊ ဘဝတွင် ကိုယ်တော်၏အလိုရှိရာ အခြေအနေ၌ နေထိုင်ဖို့ရန် မစတော်မူပါ။

*"သင်သည် ချမ်းသာရခြင်းငှါ . . . တာဝရဘုရား ရှေ့တော်၌ ဖြောင့်မတ်လျှောက်ပတ်သော အမှုတို့ကို ပြုရမည်"*

## လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ရွေးချယ်မှုနှင့် မိသားစုဘဝ (၂)

ရုသကိုယ်စား နောမိ ပြုသောအမှုအားဖြင့်၊ မိသားစုအိမ်သည် လုံခြုံစွာ နားခိုရာနေရာနှင့် ဇနီးသည်အတွက် ဘုရားတရား လုပ်ရသောနေရာ ဖြစ်ကြောင်း တွေ့ရပါသည်။ ထို့ကြောင့်၊ ထိမ်းမြား လက်ထပ်မည့် အိမ်ထောက်ဖက် ရွေးချယ်မှုသည် အလွန်အရေးကြီးလှပါသည်။ အစ မကောင်းသော ကြောင့်၊ များစွာသော မိသားစုသည် ကောင်းမွန်စွာ ကြီးထွားတိုးတတ်ခြင်း မရှိခဲ့ပါ။ သူတို့သည် မှန်ကန်သော အခြေခံတရား တည်းဟူသော အုတ်မြစ်ပေါ်၌ တည်ထားခြင်း မရှိသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အိမ်ထောင်ဖက် ရှာခြင်း၌ အကြံပေး လမ်းပြသွန်သင်ချက် အလွန်အရေးကြီး ကြောင်း ထင်ရှားလှပါသည်။

"*<u>ငါ့သမီး၊ သင့်ကို ချမ်းသာစေခြင်းငှါ ငြိမ်ဝပ်ရာအရပ်ကို သင့်အဘို့ ငါမ ရှာရသလော</u>*" (ရုသ ၃း၁)။ ရုသအတွက် နောမိ ရှာပေးသောအရာ မှုကား၊ (၁) လုံခြုံသော အိမ်ထောင် ("ငြိမ်ဝပ်ရာ အရပ်ကို သင့်အဘို့ ငါမရှာ ရသလော")၊ (၂) ပျော်ရွှင်သော အိမ်ထောင် ("သင့်ကို ချမ်းသာစေခြင်း ငှါ") ပင်ဖြစ်ပါသည်။

(၁) လုံခြုံသော အိမ်ထောင် - ထိမ်းမြားခြင်းသည် ရှုပ်ထွေးခြင်းကို မရည်ရွယ်ဘဲ၊ ငြိမ်ဝပ်စွာ နေထိုင်နားခို ဖို့ရန်ဖြစ်ပါသည်။ ဇနီးသည် မိမိယောကျ်ားအိမ်၌ ငြိမ်ဝပ်မှုကို ရှာသကဲ့သို့၊ ယောကျ်ား ကလည်း ထိုသို့ မိမိဇနီးကို ထားနိုင်အောင် ကြိုးစားရပါမည်။ ဆိုလိုသည်မှာ၊ မိန်းမကို လုပ်ကျွေး လျက်၊ ကွယ်ကာစောင့်ရှောက်ပြီး၊ မိသားစုကို ဦးဆောင်၍ ဘုရားတရားအားဖြင့် သွန်သင်ဆုံးမခြင်း ပြုရမည်ဖြစ်၏ (ဆာလံ ၁၂၈း၁)။

(၂) ပျော်ရွှင်သော အိမ်ထောင် - ဆိုလိုသည်မှာ၊ စိတ်ချမ်းသာမှုရှိ၍ ကောင်းမွန်စွာ တိုးတက် သော မိသားစုဖြစ်ပါသည် (နှုတ်ကပတ်တရားတော်နှင့် ဘုရားသခင်ကို ကြောက်ရွံ့သော မိဘများ၏ ဝိညာဉ်ရေးရာ အကြံပေးမှုအားဖြင့် ဘုရားသခင်၏ လမ်းပြတော်မူခြင်း ခံရသော မိသားစု)။ နောမိ လိုလားသောအရာကား၊ ရုသ "ချမ်းသာစေခြင်းငှါ" (ကောင်းစားစေခြင်းငှါ) ဟူ၍ဖြစ်ပါသည်။ ဤ စကားစုကို ကျမ်းစာထဲ၌ များစွာ တွေ့ရပါသည်။ ပညတ်တော်ဆယ်ပါးထဲမှ မိဘအပေါ် တာဝန် ကျေပွန်သော သားသမီးများရရှိမည့် ဂတိတော်လည်းဖြစ်ပါသည်။ ဘုရားသခင်နှင့်နှုတ်ကပတ်တော် ကို နာခံသောသူအဖို့ ကောင်းကြီး မင်္ဂလာဖြစ်ကြောင်း တရားဟောရာကျမ်းနှင့် ယေရမိ အနာဂတ္တိ ကျမ်းထဲ၌လည်း ဖော်ပြထားပါသည်။ ပျော်ရွှင်သော အိမ်ထောင်မိသားစု သည် ဘုရားသခင်နှင့် နှုတ်ကပတ်တော်ကို နာခံလိုက်လျှောက်သော မိသားစုဖြစ်ပါသည် (ယေ ၇း၂၃၊ တရား ၄း၄၀၊ ၅း၃၃)။ အိမ်ထောင်မိသားစု ပျော်ရွှင်ဝမ်းမြောက်ခြင်းသည်၊ ဘုရားသခင် ပေးတော်မူသော ပညတ် တရားနှင့် ပေးတော်မူသော တာဝန်ဝတ္တရား နာခံလိုက်လျှောက်ခြင်း၌ မဟုတ်ဘဲ၊ အခြားအရာ၌ အခြေခံ သခဲ့သို့ လိုက်ရှာသောသူတို့သည် ပျက်စီးခြင်းနှင့် ဝမ်းနည်းခြင်း များစွာ ကြုံတွေ့ရပါမည်။

**ဆင်ခြင်ရန်** - "ယေရှု၌ချမ်းသာရအောင် ကိုးစား နားထောင်ရမည်။"
**ဆုတောင်းချက်-** အို အဖဘုရား၊ ကျွန်ုပ်တို့အား ခရစ်တော် အုပ်စိုးတော်မူသော မိသားစု အိမ်ထောင် ပေးသနားတော်မူပါ။

*"ထို့ကြောင့်၊ အသက်အရွယ်နုပျိုသော မုတ်ဆိုးမတို့သည် အိမ်သင့်ခြင်း၊ သားဘွားခြင်း၊ အိမ်မှုကို ကြည့်ရှုပြုစုခြင်း . . . ပြုစေခြင်းငှါ ငါအလိုရှိ၏"*

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ရွေးချယ်မှုနှင့် မိသားစုဘဝ (၃)

ရုသသည် စပါးကျန် လိုက်ကောက်ဖို့ ထွက်သွားသောအခါ၊ လမ်းပြကွယ်ကာစောင့်ရှောက်တော်မူခြင်း လက်တော်ထဲသို့ မိမိကိုယ်ကို ဆက်ကပ်ခဲ့ပါသည်။ ယခု ရုသအတွက် ခိုနားစရာလင် ယောကျ်ားအိမ် ရှာပေးသောအခါ၊ နောမိသည် တွက်ဆဆင်ခြင်လျက် လုပ်ဆောင်ခဲ့ပါသည်။ လုံခြုံ ပျော်ရွှင်သော အိမ်ထောင်မိသားစုကို အလိုအလျောက်ရရှိနိုင်သည် မဟုတ်ပါ။ သုတ္တံကျမ်းထဲတွင်၊ ကောင်းမြတ်သော၊ ဘုရားကိုကြောက်ရွံ့သော မိန်းမသည် ထာဝရဘုရားပေးတော်မူခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဆာလံကျမ်းထဲတွင်၊ "ထာဝဘုရားသည် အိမ်ကို ဆောက်တော်မမူလျှင် ဆောက်သောသူတို့သည် အချည်းနှီး လုပ်ဆောင်ကြ၏။ ထာဝရဘုရားသည် မြို့ကို စောင့်တော်မမူလျှင်၊ ကင်းစောင့်တို့သည် အချည်းနှီး စောင့်ကြ၏" (ဆာလံ ၁၂၇း၁) ဟုဆိုထားပါသည်။

"*<u>ဗောဇသည် ငါတို့ ပေါက်ဘော်ဖြစ်သည် မဟုတ်လော</u>*" (ရုသ ၃း၂)။ ဗောဇအကြောင်း ဖော်ပြခြင်းဖြင့် ဇတ်လမ်းစခဲ့ပါသည်။ ဤအချက်ကအရေးကြီးလှပါသည်၊ အကြောင်းမှာ ဇတ်လမ်းတခုလုံး၏ အဓိကအချက်ဖြစ်၏။ ခရစ်ယာန် ထိမ်းမြားခြင်းသည် ဘုရားသခင်၌ ပြုရမည့်အမှုဖြစ်သောကြောင့်၊ နှုတ်ကပတ်တော်အတိုင်း ပြုရပါမည်။ ထို့ကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်၊ မောရှေ၏ပညတ်ချက်အတိုင်း၊ ဗောဇသည် ပေါက်ဘော် ဆွေမျိုးဖြစ်သောကြောင့်၊ ထိမ်းမြားရသော အခွင့်ရှိပါသည်၊ "သေသောသူ၏ မယားသည် အခြားတပါးသော လူစိမ်းနှင့် စုံဘက်ခြင်းကို မပြုရ" (တရား ၂၅း၅)။ ထို့ကြောင့်၊ ရုသအတွက် နောမိ ရွေးချယ်ပေးသော အိမ်ထောင်ဖက်သည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ညီသော၊ ခွင့်ပြုထားသောအရာ ဖြစ်ပါသည်။ ဓမ္မသစ်ကျမ်းထဲတွင်၊ ရှင်ပေါလုကလည်း ဤသို့ဆိုထားပါသည်၊ "မိန်းမသည် မိမိခင်ပွန်း မသေမှီ ကာလပတ်လုံး တရားအားဖြင့် ချည်နှောင်လျက်ရှိ၏။ ခင်ပွန်းသေလျှင် မူကား၊ မိမိအလိုအတိုင်း သခင်ဘုရား၌သာ အခြားသောသူ၏ မယားဖြစ်ခြင်းငှါ အခွင့်ရှိ၏" (၁ ကော ၇း၃၉)။ ခရစ်ယာန် ထိမ်းမြားခြင်းသည် ခရစ်ယာန်အချင်းချင်း ကြား၌သာ ဖြစ်ရပါမည်။ ထို့ကြောင့်၊ အိမ်ထောင်ပြုခြင်းငှါ အိမ်ထောင်ဖက် ရွေးချယ်ခြင်းအမှုတွင် ပထမဆုံး လုပ်ရမည်မှာ၊ ခရစ်တော်၌ ယုံကြည်ခြင်း ရှိသောသူ ဖြစ်မဖြစ်၊ ဘုရားသခင် ခွင့်ပြုတော်မူသော အခြေအနေ၌ ရှိမရှိ သေချာစစ်ကြောခြင်း ဖြစ်ပါသည်။ ထိမ်းမြားခြင်း အစီအစဉ်တွင်၊ မင်္ဂလာ မောင်နှံတို့အား ဤသို့ မွန်မြတ် သေချာစွာ မှာထားခြင်းရှိပါသည်၊ "ဘုရားသခင်၏ နှုတ်ကပတ်တော်၏ ခွင့်ပြုချက်နှင့် မကင်းလွတ်သော ပေါင်းစည်းခြင်းသည်၊ တရား မဝင်သော ထိမ်းမြားခြင်း ဖြစ်ကြောင်း၊ အမှန်သိမှတ်ကြပါလော့" ဟူ၍ ဖြစ်ပါသည်။ ဇနီးမောင်နှံသည် အိမ်ထောင် မိသားစု၌ ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာနှင့် မစတော်မူခြင်းကို ခံစားလိုပါလျှင်၊ သူတို့သည် ရှေးဦးစွာ ဖော်ပြတော်မူသော ဘုရားသခင်၏အလိုတော်နှင့် တရားတော်ကို လိုက်လျှောက်ကြဖို့လိုပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏စကားကို နာခံလျက်၊ ပျော်ရွှင်သော ဘဝကို ပိုင်ဆိုင်ပါလော့။

**ဆုတောင်းချက်-** အဖဘုရား၊ အသက်တာ၌ ရွေးချယ်စရာ ရှိလာသောအခါ၊ ကိုယ်တော်၏ စကားကို နာခံမည်အကြောင်း မစတော်မူပါ။

# ကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ဆက်နွယ်မှုနှင့် ထိမ်းမြားခြင်း (၄)

ဗောဇသည် နောမိ ရောင်းသော မြေကွက်ကို သာ၍ ရွေးပိုင်သော အမျိုးသားချင်းထံ ဝယ်ဖို့ရန် ဖော်ပြစဉ်တွင်၊ သူသည် ပို၍ ရွေးပိုင်သောသူဖြစ်ကြောင်း၊ သူ မရွေးလိုလျှင် မိမိ ရွေးလိုကြောင်း သေချာ ဖော်ပြခဲ့ပါသည်။ တရားသောအမှု၌ စိတ်ဝင်စားမှုရှိခြင်းသည် မှားယွင်းသောအရာ မဟုတ်ပါ။ လိုချင်မှုရှိခြင်းသည် ကောင်းပါ၏၊ သို့သော်လည်း မှန်ကန်စွာ ကိုင်တွယ်ဖို့ လိုပြီး၊ ကျွန်ုပ်တို့၏ လိုချင်တပ်မက်မှုကို ကောင်းကောင်း ထိန်းချုပ်ဖို့ လိုအပ်ပါသည်။ သာ၍ ရွေးပိုင်သော အမျိုးသားချင်း ထံ တင်ပြသောအခါ၊ အမှန်တရားကို မဖုံးကွယ်၊ မလှည့်ကွက်ဘဲ၊ မြို့၏အသက်ကြီးသောသူများ ရှေ့၊ သက်သေရှေ့၌ အချက်အလက်မှန်ကန်စွာ တင်ပြခဲ့ပါသည်။

“*<u>အမျိုးသားချင်းက၊ ကျွန်ုပ်ရွေးမည်ဟု ပြန်ပြော၏</u>*” (ရုသ ၄း၄)။ သာ၍ ရွေးပိုင်သောသူသည် အစတွင် ရွေးလိုကြောင်း ဆိုခဲ့ပါသည်။ သို့သော်လည်း၊ သူသည် ကောင်းကောင်း စဉ်းစား ဆင်ခြင်ခြင်း မပြုခဲ့ပါ။ ပညတ်တရား၏ တောင်းလျှောက်မှုအားလုံးကို သူ မစဉ်းစားခဲ့ပါ၊ သူ၏ ဆန္ဒကို ဘုရားသခင်၏အလိုတော်နှင့်ပညတ်တရားက မအုပ်စိုးခဲ့ပါ။ ဤလူကဲ့သို့ ကျွန်တော်တို့သည်လည်း ဘဝအသက်တာနှင့်ဆိုင်သောအမှုများ၊ အချင်းချင်းဆက်ဆံမှုနှင့်ထိမ်းမြားခြင်းအမှုများ၌ ကောင်းကောင်း မစဉ်းစားဘဲ၊ မိမိ စိတ်အလိုသို့လိုက်၍ ဆုံးဖြတ်ချက် ချတတ်ကြပါသည်။ ထိုအခါ၊ နောက်ဆက်တွဲ ဆိုးကျိုးကို ခံရကြမည်ဖြစ်ပါသည်။ ထို့ကြောင့်၊ ဆုံးဖြတ်ချက်ကို အလျင်စလို မချသင့်ပါ။ ကောင်းကောင်း စဉ်းစား ချင့်ချိန်ပြီးမှ ဘယ်နောက်ဆက်တွဲ ရလဒ်ကို ဘဲဖြစ်ဖြစ် ခံပါမည် ဟူသော ခံယူချက်ဖြင့် ဆုံးဖြတ်ချက် ချရပါမည်။

“*<u>သေသောသူ၏ အမွေဥစ္စာအားဖြင့် သူ၏နာမည်ကို ထောက်မခြင်းငှါ၊ သူ၏ မယား မောဘ အမျိုးသမီး ရုသကိုလည်း ဝယ်ရသေးသည်ဟု ဆိုသော်</u>*” (ရုသ ၄း၅)။ အခြား သင်ခန်းစာမှုကား၊ ပညတ်တရားက တစုံတခု ခွင့်ပြုတိုင်း၊ ထိုအမှုကို ကျွန်တော်တို့ ပြုကိုပြုရမည်ဟု မဆိုလိုပါ။ အထူးသဖြင့်၊ ထိမ်းမြားခြင်းအမှု၌ သတိထားရပါမည်။ ထိမ်းမြားခြင်းသည် အသရေရှိသောအမှုဖြစ်၍ ဘုရားသခင် ပြဋ္ဌာန်းသောအမှုဖြစ်သော်လည်း၊ လူတိုင်း အိမ်ထောင်ပြုရမည်ဟု မဆိုလိုပါ။ လူတိုင်း ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးခံစားကြရသည်ဖြစ်၍၊ အိမ်ထောင်ပြုလျှင် ထိုအိမ်ထောင် တာဝန်ဝတ္တရားကိုလည်း ထမ်းဆောင်ဖို့လိုပါသည်။ အိမ်ထောင်ပြုလျက်၊ ထိုအိမ်ထောင်၌ မိမိ၏တာဝန်ဝတ္တရားကို မထမ်းဆောင်လိုဘဲ နေ၍ မရပါ။ ရွေးပိုင်သော အမျိုးသားချင်းသည် မြေကွက်ကို ရွေးလိုပြီး၊ သေသောသူ ထိုညီအစ်ကိုအတွက် မျိုးဆက် မထိန်းသိမ်း ပေးလို၍ မရပါ။

**ဆင်ခြင်ရန်** - တာဝန်ဝတ္တရားကို အပြည့်အဝ ကျေပွန်စွာ ဆောင်ရွက်ရပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၏ ဝတ္တရားကို ကျေပွန်စွာ ဆောင်ရွက်မည် အကြောင်း မစတော်မူပါ။

**ရှုသ ၄း၁-၁၀**
ဝတ် ၂၅း၂၃-၂၅

*"မြေကို သူတပါးအစဉ်ပိုင်စေခြင်းငှါ မရောင်းရ။ မြေသည် ငါ့ဥစ္စာဖြစ်၏"*

# ကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ဆက်နွယ်မှုနှင့် ထိမ်းမြားခြင်း (၃)

အသက်ကြီးသောသူများနှင့် သာ၍ ရွေးပိုင်သော အမျိုးသားချင်း တို့ စုဝေးခဲ့ပြီ ဖြစ်သောကြောင့်၊ ဗောဇသည် ထိုရွေးပိုင်သော အမျိုးသားချင်းကို သက်သေများရှေ့၌ စကားဆိုခဲ့ပါသည်။ သူသည် မိမိအမှုကို ပညာနှင့်ယှဉ်၍ တင်ပြလျက်၊ သာ၍ ရွေးပိုင်သော အမျိုးသားချင်းအား ရွေးဝယ်ခြင်းအမှုကို ဆောင်ရွက်ဖို့ရန် သူ့၌ အခွင့်ရှိကြောင်း ဆိုခဲ့ပါသည်။ နောမိ ရောင်းသော ဧလိမလက်၏ ဥစ္စာကိုလည်း ဖော်ပြခဲ့ပါသည်။

"*<u>မောဘပြည်မှပြန်လာသော နောမိသည် . . . မြေအကွက်ကို ရောင်းမည်</u>*" (ရှုသ ၄း၃)။ မိသားစုပိုင် မြေနှင့် ဥစ္စာပစ္စည်း အမှုတွင် မိသားစုဝင်များသည် အလွန် စိတ်လှုပ်ရှားကြ၍ တိုက်ခိုက်တတ်ကြပါသည်။ ထိုသို့ မဖြစ်သင့်ပါ။ ဗောဇက ထိုဥစ္စာကို "ငါတို့ အစ်ကို ဧလိမလက် ပိုင်သော" ဟု ဆိုသော်လည်း၊ နောမိ၏ စီမံခန့်ခွဲမှုနှင့်အုပ်စိုးမှုအောက်၌ ရှိကြောင်း ဖော်ပြခဲ့ပါသည်။ ဤအချက်ကြောင့်၊ များစွာသောလူတို့က နောမိသည် မြေကိုမည်သို့ ပိုင်နိုင်သနည်း၊ ထိုသို့ ပိုင်လျက်ပင် အဘယ်ကြောင့် ဆင်းရဲစွာ နေလျက် သူတို့အသက်ရှင်ရေးအတွက် စပါးကျန်ကို လိုက်ကောက် နေရသနည်းဟု မေးခွန်းထုတ်ခဲ့ကြပါသည်။ ဓမ္မဟောင်း ပညတ်တရားအရ၊ မြေသည် ထာဝရဘုရား အပိုင်ဖြစ်၍ ဣသရေလလူမျိုးများထံ ခွဲဝေပေးတော်မူ၏။ ထိုတရားပေါ်၌ အခြေခံလျက်၊ သေသောသူ အဖို့ နာမည် ဆက်လက် ထိန်းသိမ်းဖို့ရန် မျိုးဆက် မွေးဖွားပေးခြင်းနှင့်ဆိုင်သော ထိမ်းမြားခြင်းကိုငင်း၊ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ဂျူဘီလီ နှစ်များ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ထို့ကြောင့်၊ အရေးကြီးသောအချက်မှုကား၊ ဧလိမလက် မိသားစု၏ နာမည် ဆက်လက် တည်မြဲခြင်းဖြစ်၍ ထိုအမှုအတွက် ရွေးပိုင်သော အမျိုးသားချင်းသည် တာဝန်ယူရမည်ဖြစ်ပါသည်။ မြေကွက်ကိုသာ ရွေးဝယ်ရမည် မဟုတ်ဘဲ၊ သေသောသူအတွက် မျိုးဆက် တည်စေခြင်းငှါ တာဝန် ယူရပါမည်။ ထို့ကြောင့်၊ မြေကွက်ကို ရွေးလိုသော ရွေးပိုင်သော အမျိုးသားချင်းထံ ဗောဇက သေသောသူ၏ မယား ရှုသကို လက်ထပ်ဖို့ အသိပေးခြင်းဖြစ်ပါသည်။

"*<u>သင်သည် ရွေးလိုလျှင် ရွေးပါတော့၊ မရွေးလိုလျှင် ကျွန်ုပ်အား ကြားပြောပါတော့</u>*" (ရှုသ ၄း၄)။ ဗောဇသည် ပညာနှင့် ယှဉ်လျက် အမှုကို တင်ပြသောကြောင့်၊ ဧလိမလက် ပိုင်သော မြေကွက်အမှုက ပြဿနာ မဖြစ်ပွား စေခဲ့ပါ။ မြေကွက်နှင့် ပိုင်ဆိုင်သော ဥစ္စာပစ္စည်းကြောင့် ပြဿနာ ပေါ်ပေါက်ခြင်းသည် မိမိကိုယ်ကျိုးကို ရှာသောကြောင့် ဖြစ်ပါသည်။ ဗောဇသည် ဘုရားသခင်၏ ပညတ်တရားကို ခြေခံလျက် အမှုကို တင်ပြ ဆွေးနွေးခဲ့ပါသည်။ သူ့အတွက် အရေးကြီးသောအရာသည် များစွာသော မြေကွက် ထပ်ပိုင်ဆိုင်ခြင်း မဟုတ်ဘဲ၊ ဘုရားသခင်၏အလိုတော် ပြည့်စုံစေခြင်းပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - (၁ တိ ၆း၆-၈ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်စိတ်နှလုံးသည် ခရစ်တော်နှင့်အထက်အရပ်အရာများကိုသာ နှစ်သက်ပါစေသော်။

## လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ရွေးချယ်မှုနှင့် မိသားစုဘဝ (၄)

ရုသထံ နောမိပေးခဲ့သော လမ်းညွှန်ချက်များသည် ဘုရားသခင်၏တရား၌ အခြေခံထားပါသည်၊ သို့သော်လည်း ထိုပြည်၌ ဘုရားသခင်၏လူများ ထိုအချိန်၌ ကျင့်သုံးသောတရားကိုလည်း ဆင်ခြင်ဖို့လိုအပ်ပါသည်။ လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်း လက်တော်သည် အသုံးတော်ခံများ အပါဘဲ အမှုပြုတော် မမူ။ သို့သော်လည်း၊ ဘုရားသခင်ကို ယုံကြည်ကိုးစားသောသူတို့ အသုံးပြုသော အသုံးတော်ခံများသည် ဘုရားတရားအတိုင်း နေထိုင်ကျင့်ကြံသောသူများ ဖြစ်ကြရပါမည်။ ကမ္ဘာ ၂၄ ထဲ၌ ဣဇက်အတွက် ဇနီး ရှာဖို့ရန် စေလွှတ်ခြင်းခံရသော ဧလျာဇာသည် ရေတွင်းသို့ သွာခဲ့ပါသည်၊ ထိုနည်းတူ ယာကုပ်လည်း ပြုခဲ့ပြီး၊ ရာခေလသည် ထိုနေရာသို့လာခဲ့ပါသည် (ကမ္ဘာ ၂၉)။ ရုသမူကား၊ ကောက်နယ်တလင်းသို့ စေလွှတ်ခြင်းခံခဲ့ရပါသည်။

"*<u>ယနေ့ညမှာ ကောက်နယ်တလင်း၌ မုယောစပါးကို လှေ့လျက်နေ၏</u>*" (ရုသ ၃း၂)။ ဧလျာဇာနှင့် ယာကုပ်တို့အမှုတွင် ကွယ်ကာလမ်းပြစောင့်ရှောက်ခြင်း လက်တော်သည် လက်ခံ၍ရသော လူ့ဝတ္တရားနှင့် ပေါင်းလျက် အမှုပြုခဲ့ပါသည်။ ရေတွင်းသည် လူများ တွေ့ဆုံတတ်သောနေရာဖြစ်ပါသည်။ ရေသည် အသက်ရှင်ခြင်းအတွက် လိုအပ်သောအရာဖြစ်လျက်၊ နေ့စဉ်အသက်ရှင်ရေးအတွက် ရေတွင်းသည် အရင်းအမြစ်တခုဖြစ်၍ လူတိုင်း ထိုနေရာသို့ လာတတ်ကြ၏။ ထို့ကြောင့်၊ သူစိမ်းလူတို့သည် လူများစုဝေးတတ်သော ထိုနေရာတွင် အကူအညီကို လွယ်ကူစွာ ရရှိတတ်ကြပါသည်။ ရုသမူကား၊ နောမိက လူထုစုဝေးရာအရပ်သို့ စေလွှတ်ခဲ့ပါသည်။

ရုသသည် လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်း လက်တော်က ဘုရားသခင်ကို ကြောက်ရွံ့သော၊ သူ့ကို သနားကြင်နာမှုပြမည့်သူ ဗောဇထံ ခေါ်ဆောင်ခဲ့ပါသည်။ လုလင်တို့ကိုလည်း သူမကို မနှောင့်ရှက်ဖို့ရန် သတိပေးခဲ့ပါသည်။ နောမိက ဗောဇသည် "ငါတို့ ပေါက်ဘော်ဖြစ်သည်" ဟု သိသဖြင့်၊ ထိမ်းမြားခြင်းကို ရည်စူးလျက် ရုသကို ကောက်နယ်တလင်းသို့ စေလွှတ်ခဲ့ပါသည်။ ရေတွင်းသည် လူများစုဝေးတတ်သောနေရာ ဖြစ်သကဲ့သို့ ရုသ ခေတ်တွင် ကောက်နယ်တလင်းသည် ထိုသို့ လူများစုဝေးသောနေရာ ဖြစ်ပါလိမ့်မည်။ စပါးလှေ့ခြင်းကို ပြုသောအခါ၊ စပါးခွံများကို ဖယ်ရှားမည့် လေများသော ကုန်းမြင့်ကို အသုံးပြုတတ်ကြပါသည်။ (ဤအချက်သည် ရိတ်သိမ်းခြင်း ကာလ၌ လာရောက် တိုက်ခိုက်သော မိဒျန်လူတို့ထံမှ ပုန်းခိုလျက် စပျစ်နယ်သောရာအရပ်၌ ဂျုံကို လှေ့သော ဂိဒေါင် အမှုနှင့် ဆန့်ကျင်ဘက်ဖြစ်ပါသည်)။ ရုသ ၂း၁၇ အရ၊ ရုသသည် ကောက်နယ်တလင်းသို့ သွား၍ "ကောက်၍ ရသော စပါးကို နယ်" ခဲ့သည်ဟု ထင်ရပါသည်။ ရုသသည် မိမိကောက်ရသော စပါးကို နယ်၍ လှေ့ ပြီးမှ၊ "ထိုဆန်ကို ယူ၍ မြို့ထဲသို့ ဝင်" (ရုသ ၂း၁၈) ခဲ့သောကြောင့်၊ ကောက်နယ်တလင်းသည် မြို့အပြင်၌ ရှိသည်ဟု ထင်မှတ်နိုင်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏လမ်းပြမှုကို လိုက်လျှောက်သောသူသည် မှန်ကန်စွာ အသက်ရှင်လိမ့်မည်။

**ဆုတောင်းချက်-** အဖဘုရား၊ ဘဝ၌ မှားယွင်းသော လမ်းကို မလိုက်မည်အကြောင်း မစတော်မူပါ။

*"မိန်းမတို့သည် . . . ရှက်ကြောက်ခြင်း၊ ဣန္ဒြေစောင့်ခြင်းအားဖြင့်၊ လျောက်ပတ်သော အဝတ်နှင့်ဝှင်း . . . ကိုယ်ကို တန်ဆာဆင်စေခြင်းငှါ ငါအလိုရှိ၏"*

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ရွေးချယ်မှုနှင့် မိသားစုဘဝ (၅)

နောမိ၏ အစီအစဉ်သည် ပညတ်တော်နှင့်အညီဖြစ်သည်သာမက၊ အလွန် သေသပ်လှပါသည်။ ထိုပြည်၏ပညတ်တရားနှင့်ဝှင်း၊ လူနေမှုနှင့်ဝှင်း ကိုက်ညီမှုရှိပါသည်။ ရုသသည် နောမိ၏ ခိုင်းစေချက်များကို အကုန်လုံး နားမလည်သော်လည်း၊ သူ့ ယောက္ခမကို ကောင်းကောင်း သိသဖြင့်၊ လမ်းညွှန် ခိုင်းစေချက်များကို လိုက်လုပ်ဖို့ရန် မိမိကိုယ်ကို ဆက်ကပ်ခဲ့ပါသည်။ ထိုအမှုကို ထိုနေ့ည၌ ပြုမည်ဖြစ်သောကြောင့် မိမိကိုယ်ကို ပြင်ဆင်ဖို့ရန် နောမိက ခိုင်းစေခဲ့ပါသည်။

"*<u>သင်သည် ရေချိုးခြင်း၊ ဆီလိမ်းခြင်း၊ အဝတ်တန်ဆာ ဆင်ခြင်းကို ပြုပြီးလျှင်</u>*" (ရုသ ၃း၃)။ ရုသသည် လယ်ထဲ၌ စပါးကျန် လိုက်ကောက်ခြင်း အလုပ်ကို လုပ်ခဲ့ပါသည်။ မုယောစပါးနှင့် ဂျုံ ရိတ်သိမ်းပြီးချိန်ထိ လုပ်ခဲ့ပါသည်။ နောမိသည် ရုသအား "အဝတ်တန်ဆာ ဆင်" စေခဲ့ပါသည်။ ယနေ့ခေတ် အခြေအနေနှင့်ဆိုလျှင်၊ ရုသပြုရမည့် အမှုမှာ "သူတပါး သတိထားမိစေရန်" အလှပြင်ခြင်းဖြစ်ပါလိမ့်မည်။ သို့သော်လည်း၊ ရုသနှင့် ဗောဇ၏ အကျင့်စရိုက်ကို သိခဲ့ပြီးဖြစ်သောကြောင့်၊ ဤအစီအစဉ်တွင် အကျင့်ပျက်ခြင်း လုံးဝ ပါမည် မဟုတ်ကြောင်း သေချာ ပြောနိုင်ပါသည်။ ရုသသည် အလုပ်ကြိုးစားလုပ်ခဲ့ပြီး၊ အကျိုးများစွာ ရခဲ့သော်လည်း၊ နောမိက အဝတ်အစားသစ် ဝယ်ဝတ်ဖို့ အကြံ မပေးဘဲ၊ "သင့်အဝတ်တန်ဆာကို ဝတ်ပါ" ဟုဆိုခဲ့ပါသည်။ ထိုအခါ၊ နောမိ စကားအတိုင်း ရုသသည် ရေချိုး၍ အဝတ်အစား လဲခဲ့ပါသည်။

"*<u>ကောက်နယ်တလင်းသို့ သွားတော့</u>*" (ရုသ ၃း၃)။ J. Vernon Mcgee က ကောက်နယ်တလင်းသို့ သွားခြင်း အကြောင်းကို ဤသို့ မှတ်ချက်ပြုခဲ့ပါသည်၊ "သူတို့သည် ပွဲလုပ်၍ ဆာလံနှင့် ချီးမွမ်း သီချင်းများကို ဆိုလျက်၊ များစွာ ရိတ်သိမ်းကြရသောကြောင့် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းခဲ့ကြပါသည်။ ဣသရေလ၏ ပွဲများထဲမှ အဦးသီးသောအသီးနှင့် ပင်တေကုတေပွဲနှင့် ထိုကောက်နယ်တလင်းကို တန်းတူထားခဲ့သည်ဟု ထင်ရပါသည်။ ညတိုင်း မိသားစုများသည် လာ၍ ထိုကောက်နယ်တလင်း ဝန်းကျင်၌ စခန်းချလျက်၊ အတူတကွ စားသောက်ကြပါသည်။ ပွဲပြီးသောအခါ၊ သူတို့ ရိတ်သိမ်းပြီး လှေ့၍ ရသော စပါးများကို သူခိုးများ မခိုးဖို့ရန် ယောကျ်ားများက ညအိပ် စောင့်ခဲ့ကြပါသည်။" ထို့ကြောင့်၊ ကောက်နယ်တလင်းသို့ ရုသ စေလွှတ်ခံရခြင်းသည် အံ့ဩစရာ မဟုတ်ပါ။ ထိုသူ သတိထားမိအောင်၊ "ကိုယ်ကို မပြနှင့်" ဟူသောအချက်သည် ဆက်လက်ပြုရမည့် အမှုဖြစ်ပါသည်။ ယောကျ်ားများသည် စပါးကို စောင့်လျက် ကောက်နယ်တလင်း၌ အိပ်ကြသောကြောင့်၊ ဗောဇ အိပ်မည့်နေရာ မှတ်ထားခြင်းသည် ခက်ခဲသောအမှု မဟုတ်ပါ။

**ဆင်ခြင်ရန်** - (ဇဖက် ၅း၁၇ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေခြင်းငှါ ဥာဏ်ပညာနှင့် ယှဉ်လျက် နေထိုင်ကျင့်ကြံမည်အကြောင်း မစတော်မူပါ။

*"အကြင်သူသည် မိမိအသက်ကို ကယ်ဆယ်ခြင်းငှါ အလိုရှိ၏၊ ထိုသူသည် အသက် ရှုံးလိမ့်မည်"*

# ကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ဆက်နွယ်မှုနှင့် ထိမ်းမြားခြင်း (၂)

ဗောဇသည် လူထုအမှု ဆွေးနွေးရာ နေရာဖြစ်သော၊ မြို့တံခါးဝကို ယခုအမှုအတွက် ရွေးချယ်ခဲ့ပါသည်။ ဆိုလိုသည်မှာ၊ ထိမ်းမြားခြင်းသည် ယောက်ျားနှင့်မိန်းမ နှစ်ယောက် အကြား၌ ပြုရသောအမှုဖြစ်သော်လည်း၊ လူထု၏ သက်သေ အသိမှတ်ပြုခြင်းအတွက် လူထုရှိ၌ ပြုရကြောင်း ထင်ရှားပါသည်။ ထို့ကြောင့်၊ ခရစ်ယာန် ထိမ်းမြားခြင်း အစီအစဉ်အစတွင်၊ "ကျွန်တော်တို့သည် ဘုရားသခင်ရှေ့၊ လူထုရှေ့၌ စုဝေးကြ၏" ဟု ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။ ဗောဇသည် လူသိရှင်ကြား အမှုကို ဖြေရှင်းမည်ဖြစ်သောကြောင့်၊ ထိုနေရာ၌ ထိုင်လျက် ထိုအမှုနှင့် ပတ်သက်သောသူများ လာရောက်မည့်အချိန်ကို စောင့်နေခဲ့ပါသည်။

"*__အိုမည်သူလုည့်၍ ထိုင်ပါတော့__*" (ရုသ ၄း၁)။ သာ၍ ရွေးပိုင်သော အမျိုးသားချင်းကို အမှုရင်ဆိုင်ရန် လှည့်ဝင်လာစေပြီး၊ အသက်ကြီးသူတို့အား သက်သေအဖြစ် ခေါ်ခဲ့ပါသည်။ သာ၍ ရွေးပိုင်သောသူ၏ နာမည်ကို မဖော်ပြထားပါ။ ဤအချက်နှင့်ပတ်သက်၍ Lange က ဤသို့ မှတ်ချက်ပြုခဲ့ပါသည်၊ "စာရေးသူက သူ့နာမည်ကို မသိသောကြောင့် မဖော်ပြခဲ့ခြင်း ဖြစ်နိုင်ပါသည်။ ဘာဘဲဖြစ်ဖြစ် မိမိ၏အမွေခံသားသမီးများအားဖြင့် မိမိနာမည် ထိန်းသိမ်းဖို့ စိတ်အားထက်သန်ခဲ့သောသူသည် ယခုတွင် သူ့နာမည်ကို လူတို့မသိခဲ့ရပါ။" မသဲ ၁၆း၂၅ ၌၊ ခရစ်တော် မိန့်တော်မူသည်အတိုင်း၊ မိမိ မျိုးဆက်ကို မပျက်သုဉ်း စေလိုသောသူ၏နာမည်ကို လူတို့ မသိခဲ့ကြသော်လည်း၊ ဗောဇနှင့် ရုသ၏နာမည်သည် မိသားစုနာမည် အဖြစ် ထင်ကျန်ခဲ့ပါသည်။

"*__တဖန် မြို့သား အသက်ကြီးသူ တကျိပ်တို့ကို ခေါ်၍၊ သည်မှာ ထိုင်ပါတော့ဟု ဆိုသည်__*" (ရုသ ၄း၂)။ ဗောဇသည် သာ၍ ရွေးပိုင်သော အမျိုးသားချင်းကို ခေါ်ပြီးမှ အသက်ကြီးသူများကို ထိုနံနက် ဆွေးနွေးမည့်အမှု အတည်ပြုဖို့ရန် စုဝေးစေခဲ့ပါသည်။ ထွက် ၁၈ ထဲ၌ တွေ့ရသော မောရှေထံ ယေသရော အကြံပေးသည်အတိုင်း၊ မြို့၏အသက်ကြီးသူတို့သည် တရားစီရင်မှုကို ပြုသောသူများဖြစ်ကြပါသည်။ တရားဟောရာကျမ်းက ထိုတရားသူကြီး တာဝန်ကို "အသက်ကြီးသူများ" (တရား ၂၁း၃၊ ၄၊ ၆၊ ၂၂း၁၈၊ ၁၉း၁၂၊ ၂၁း ၁၉၊ ၂၀၊ ၂၅း၈) ထံ ပေးခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ ရွေးပိုင်သော အမျိုးသားချင်း ထိုင်လျက်၊ အသက်ကြီးသူများ သက်သေရှိ ပြီးဖြစ်သောကြောင့်၊ ဗောဇသည် ထိုအမှုကိုငှင်း၊ ကောက်နယ်တလင်း၌ ရုသ တောင်းလျှောက်ခဲ့သောအရာကိုငှင်း စတင် ဖော်ပြနိုင်ပြီဖြစ်ပါ၏။ အမှုကိစ္စကို နေရာမှန်၌ ဆွေးနွေးခြင်းပြုသောအခါ ကောင်းကောင်း ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - (သု ၁၆း၂၀ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏နာမတော် ဘုန်းတော်ထင်ရှားစေဖို့ရန်၊ အရာရာတိုင်းကို မှန်ကန်စွာ ဆောင်ရွက်ရန် ကျွန်ုပ်ကို မစတော်မူပါ။

**ရုသ ၄း၁-၁၀** *"လူအပေါင်းတို့ရှေ့မှာ တင့်တယ်လျောက်ပတ်သော*

ရောမ ၁၂း၉-၁၈ *အကျင့်ကို ကြံစည်ကြလော့"*

# ကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ဆက်နွယ်မှုနှင့် ထိမ်းမြားခြင်း (၁)

ထိမ်းမြားလက်ထပ်ခြင်းသည် တရားသဖြင့် ဆောင်ရွက်လျှင် အလွန်အသရေရှိလှပါသည်။ အလျင်စလို လက်ထပ်ခြင်းဖြင့် များစွာသောလူတို့သည် အသေရေပျက်စေကြ၏။ ယောက္ခမသည် ရုသအား မှန်သော အကြံကို ပေးလျက် စောင့်နေစေခဲ့ပါသည်။ များစွာသောလူငယ်တို့သည် အချိန်ကြာမြင့်လွန်းသည်ဟု ဆိုလျက်၊ အလွယ်လမ်းကို လိုက်တတ်ကြ၏။ ခရစ်ယာန် ထိမ်းမြားလက်ထပ်ခြင်း အစီအစဉ်ကို ဤသတိပေးချက်ဖြင့် အစပြုလေ့ရှိပါသည်၊ "ချစ်သောသူများ၊ ကျွန်တော်တို့သည် ဘုရားသခင်ရှေ့နှင့် ဤလူထုရှေ့၌၊ ရှင်ပေါလုက လူအပေါင်းတို့အတွက် အသေရေရှိသောအရာဟု ချီးမွမ်းသော၊ သန့်ရှင်းသည့် ထိမ်းမြားလက်ထပ်ခြင်းမင်္ဂလာဖြစ်သည့် ဤယောကျာ်းနှင့်ဤမိန်းမ ပေါင်းစပ်ခြင်းအမှုကို ပြုဖို့ရန် စုဝေးခဲ့ကြပါသည်။ ထို့ကြောင့်၊ ဤအမှုကို ပေါ့ပေါ့တန်တန် ပြုသည် မဟုတ်၊ ဘုရားသခင် ကြောက်ရွံ့ခြင်းနှင့်တကွ သန့်ရှင်း လေးစားမှု၊ အသရေရှိမှုနှင့် သမ္မာသတိရှိစွာ ပြုခြင်းဖြစ်ပါသည်။" ရုသ အခန်းကြီး ၄ ထဲတွင်၊ ရုသသည် မိမိတောင်းလျှောက်ခဲ့သောမှု အားလုံး ပြုခြင်းကို ငြိမ်ဝပ်စွာ စောင့်နေလျက်၊ ဗောဇသည် ထိုအမှုကို ဆောင်ရွက်ခဲ့ကြောင်း တွေ့ရပါသည်။

"*<u>ထိုအခါ ဗောဇသည် မြို့တံခါးဝသို့ သွား၍ ထိုင်သဖြင့်</u>*" (ရုသ ၄း၁)။ ဗောဇသည် အမှုများကို တရားဝင် ဆွေးနွေးရာ နေရာဖြစ်သော၊ မြို့တံခါးဝသို့ သွားခဲ့ပါသည်။ ဓမ္မဟောင်းထဲတွင်၊ မြို့တံခါးဝသည် တရားစီရင်ရာနေရာ (တရား ၁၇း၅)၊ ငြင်းခုံမှုများကိုစီရင်ရာ နေရာ (တရား ၁၇း၈) ဟု ဖော်ပြခဲ့ပါသည်။ ထို့ပြင်၊ ထိမ်းမြားခြင်းအမှု (တရား ၁၅း၇) နှင့် အိမ်ထောင်ရေး ကိစ္စများကို (တရား ၂၂း၁၃-၂၄) မြို့တံခါးဝ၌ စီရင်ရပါသည်။ မြို့တံခါးဝသည် လူများ စုဝေးရာနေရာ၊ မြို့၏ အသက်ကြီးသူများလာ၍ တရားစီရင်ဖို့ရန်၊ ဆုံးဖြတ်ချက် ချဖို့ရန် ထိုင်သောနေရာ ဖြစ်ပါသည်။ အဗရှလုံသည် ဒါဝိဒ်၏ရာဇပလ္လင်တော်ကို လုဖို့ရန် ကြံရွယ်လျက် မြို့တံခါးဝ၌ ရပ်နေတတ်၏ (၂ ရာ ၁၅း၂)။ အစာခေါင်းပါးစဉ်ကာလ မိမိကို ကျွေးမွေးပြုစုမည့် မုဆိုးမကို ဧလိယသည် မြို့တံခါးဝ၌ ဆုံတွေ့ခဲ့ပါသည် (၃ ရာ ၁၇း၁၀)။ ရှမာရိမြို့ ဝန်းရံခံလျက် အစာခေါင်းပါးသောကာလ၌ ဧလိရှဲ ဟောခဲ့သည်အတိုင်း ဂျုံနှင့်မုယောစပါးကို ရောင်းသောနေရာသည် မြို့တံခါးဝ၌ ဖြစ်ပါသည် (၄ ရာ ၇း၁)။ ပညာသည် မြို့တံခါးဝ၌ ကြွေးကြော်၍ (သု ၁း၂၁)၊ သီလရှိသော မိန်းမ၏ ခင်ပွန်းသည် မြို့တံခါးဝ၌ လူသိများသောသူဖြစ်ပါသည် (သု ၃၁း၂၃)။ မြို့တံခါးဝ၌ပင် ဗောဇသည် အမှုကို ယခု ဆွေးနွေးဖို့ရန် သွားခဲ့ပါသည်။

**ဆင်ခြင်ရန်** - (သု ၁၁း၁၄ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အဖဘုရား၊ အမှုကိစ္စများကို ကိုယ်တော်အလိုအတိုင်း ချည်းကပ် ဖြေရှင်းနိုင်ဖို့ရန် ဉာဏ်ပညာ ပေးသနားတော်မူပါ။

**ရုသ ၃း၁-၅** *"သေသောသူ၏မယားသည် အခြားတပါးသော*
တရား ၂၅း၅-၁၀ *လူစိမ်းနှင့် စုံဘက်ခြင်းကို မပြုရ"*

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ရွေးချယ်မှုနှင့် မိသားစုဘဝ (၆)

ရုသထံ နောမိ ညွှန်ကြားထားသောအချက်၏ စိတ်ဝင်စားစရာ အကောင်းဆုံးနှင့် အရေးကြီးဆုံး အပိုင်းကို ယခု ရောက်လာပါပြီ။ လူနေမှုအခြေအနေနှင့် ဓလေ့ထုံးစံများကို သိကျွမ်းခြင်း မရှိသောသူများအဖို့ အချို့သော အပြုအမူများကို ကြားသိသောအခါ ထူးဆန်းသည်ဟု ထင်ရပါသည်။ နောမိ၏ လမ်းညွှန်ချက်များသည်လည်း ထိုသို့ဖြစ်ပါသည်။ အခြားသူအဖို့ ကျွန်တော်တို့၏ ဓလေ့ထုံးစံသည် ထူးဆန်းပါလိမ့်မည်။ ထိုနည်းတူ၊ အခြားသူများ၏ ဓလေ့ထုံးစံသည်လည်း ကျွန်တော်တို့အတွက် ထူးဆန်းနေပါလိမ့်မည်။ သို့သော်လည်း၊ ယခု ဇတ်ကောင်များ၏ အကျင့်စရိုက်ကို ကျွန်တော်တို့ သိခဲ့ကြပြီဖြစ်သောကြောင့်၊ ဆက်လက် ဖြစ်ပျက်သောအကြောင်းများကို မိမိ၏အမြင်ဖြင့် မဖတ်ဖို့ရန် သတိပြုဖို့လိုပါသည်။

"*__သူအိပ်သောအခါ၊ အိပ်ရာအရပ်ကို မှတ်ပြီးမှ ဝင်၍__*" (ရုသ ၃း၄)။ ရုသ ပြောရမည့်စကားသည် ထိမ်းမြားဖို့ရန် ကမ်းလှမ်းသည့်စကား ဖြစ်ပါသည်။ ထိုသို့ပြုဖို့ရန် ရုသ သဘောတူခဲ့ပါသည်။ သူသည် မိမိ၏ဝတ္တရားကို ကျေပွန်စွာ ထမ်းဆောင်လျက်၊ စပါးကျန်ကို လိုက်ကောက်ခဲ့ပြီး၊ ဘုရားသခင်က လမ်းပြတော်မူ၍ ကျေးဇူးတော်ခံစားစေတော်မူခဲ့၏။ ထိုနည်းတူ၊ ယခု ဒုတိယ ပြုရမည့်အမှုသည်လည်း ပထမကဲ့သို့ မုဆိုးမတို့အား မစတော်မူခြင်းပင်ဖြစ်ပါသည်။ မုဆိုးမတို့အား စပါးကျန် လိုက်ကောက်ရသောအခွင့် ပေးတော်မူသော ဘုရားသခင်သည် သေဆုံးသော ယောကျ်ား၏ညီအစ်ကိုအား မုဆိုးမများက လင်အဖြစ် ယူရသောအခွင့် ပေးတော်မူသောသူလည်းဖြစ်တော်မူ၏။ နေ့စဉ် အသက်ရှင်ခြင်းအတွက် ဘုရားသခင်၏လမ်းပြမှုကို ယုံကြည်ကိုးစားခဲ့သည်အတိုင်း၊ ယခု မိမိ၏ လုံခြုံ ပျော်ရွှင်သောနေရာဖြစ်သည့် လင်ယောကျ်ား၏အိမ် အတွက်လည်း ဘုရားသခင်၏လမ်းပြမှုကို ယုံကြည်ကိုးစားခဲ့နိုင်ပါလိမ့်မည်။ ရုသသည် မိမိပြုမည့်အမှုကို ဘယ်လောက် သိခဲ့ကြောင်း ကျွန်တော်တို့ မသိသော်လည်း၊ နောမိသည် သိနားလည်လျက်၊ ရုသသည် နောမိကို ယုံကြည်နာခံခဲ့ပါသည်။ ဖော်ပြခဲ့သည်အတိုင်း၊ နောမိသည် မိမိလမ်းညွှန်မှုများကို မရှင်းပြခဲ့သော်လည်း၊ ရုသသည် မေးခွန်း မထုတ်ဘဲ နာခံခဲ့ပါသည်။ ဘုရားသခင်ကို ယုံကြည်ကိုးစားသော ကျွန်တော်တို့သည် ဘဝ၏အဘယ်အမှု၌ မဆို ဘုရားသခင်ကို ယုံကြည်ကိုးစားကြရပါမည်။ တရားဟောရာကျမ်း ၂၅ ထဲတွင် တွေ့ရသော မျိုးဆက် ထိန်းသိမ်းခြင်းဆိုင်ရာ ထိမ်းမြားခြင်းအမှု၌ ညီအစ်ကိုသည် မုဆိုးမကို မယူလိုလျှင် ထိုပြည်၏လူကြီးများအား မုဆိုးမက တိုင်ကြားရသောအခွင့် ရှိခဲ့၏။ ထိုလူကြီးများက ထိုသူကို ခေါ်လျက် စစ်ကြောရပါမည်။ ထိုသူသည် လူကြီးများရှေ့၌ ဆက်ငြင်းပါလျှင်၊ မုဆိုးမက ထိုသူအား အရှက်ရစေခြင်းငှါ သူ့ခြေနင်းကို ချွတ်စေရပါမည်။ နောမိနှင့် ရုသကဲ့သို့၊ နားခိုရာအိမ်ကိုရှာခြင်း၌ ဘုရားသခင်၏လမ်းပြစောင့်ရှောက်ခြင်းကို ယုံကြည်ကိုးစားလျက် တောင်းလျှောက်သောသူတို့အား ဘုရားသခင်သည် ကောင်းကြီးပေးတော်မူလိမ့်မည်။

**ဆင်ခြင်ရန်** - ကိုယ်တော်၏အလိုတော်အတိုင်း ပြုမူခြင်းငှါ ကြိုးစားစဉ်၊ ကိုယ်တော်၏ မစတော်မူခြင်းကို တောင်းလျှောက်နိုင်ပါသည်။

**ဆုတောင်းချက်-** အို အဖဘုရား၊ ကိုယ်တော်၏အလိုတော်နှင့်ကိုက်ညီသောအရာများကို ရှာဖွေစဉ်၊ ခရစ်တော်ကို ကိုးစားလျက်၊ နှုတ်ကပတ်တော်ကို နာခံခြင်းရှိမည် အကြောင်း မစတော်မူပါ။

စနေ၊ ဩဂုတ် (၁၀)

**ရုသ ၃း၆-၁၃**

ဒေ ၉း၇-၁၂

*"သင်သည် အဘယ်သို့ပြုရမည်ကို သူပြောလိမ့်မည်"*

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ရွေးချယ်မှုနှင့် မိသားစုဘဝ (၇)

သားသမီးများ၏အိမ်ထောင်ပြုခြင်းအမှု၌ မိဘများ၏အခန်းကဏ္ဍသည် အလွန်အရေးကြီးလှပါသည်။ ဤအချက်ကို ဓမ္မဟောင်းထဲ၌ ကောင်းကောင်း ဖော်ပြခဲ့ပါသည်။ တရားသူကြီးများခေတ်ကာလ၌ပင်၊ မိမိအလိုကိုသာလိုက်သော ရှံဆုန်ပင်လျှင် ပြန်လာ၍ "ကျွန်ုပ်ကြင်ဘက် ဖြစ်ဖို့ရာ တောင်း၍ ပေးပါ" (တရား ၁၄း၂) ဟု သူ့မိဘထံ ဆိုခဲ့ပါသည်။ ထို့ကြောင့် မိမိတို့၏ သမီး နားခိုချမ်းသာရာ အိမ်ကို မိဘကရှာပေးသည် သာမက၊ သားရှင် မိဘများကလည်း ကြင်ဘက်ကို ရှာပေးတတ်ကြောင်း တွေ့ရပါသည်။ နောမိသည်လည်း ရုသ၏ဘဝ လုံခြုံစိတ်ချမှုနှင့် ပျော်ရွှင်ခြင်းအတွက် မိမိတာဝန်ကို ဆောင်ရွက်နေခဲ့ပါသည်။ ရုသကလည်း ယောက္ခမ ပြောစကားများကို နာခံဖို့ရန် အသင့် ရှိနေခဲ့ပါ၏။ ယခုတွင်၊ ရုသ၏ကမ်းလှမ်းမှုကို ဗောဇမည်သို့ တုန့်ပြန်ကြောင်း တွေ့ရမည် ဖြစ်ပါသည်။

"*<u>ဗောဇသည် စားသောက်၍ ရွှင်လန်းလျက်</u>*" (ရုသ ၃း၇)။ ရုသဝတ္ထု အစ၌ တွေ့ရသည် အတိုင်း၊ အစာခေါင်းပါးခြင်းက ဧလိမလက် မိသားစုကို မောင်းထုတ်ခဲ့ပါသည်။ ထိုအချက်ကို ကြည့်ခြင်းအားဖြင့်၊ ရိတ်သိမ်းခြင်းသည် ဣသရေလအား ဘုရားသခင်လက်ခံတော်မူခြင်း သက်သေ ဖြစ်၍၊ ဝမ်းမြောက်ပျော်ရွှင်ရသော ပွဲကာလဖြစ်ပါသည်။ ထို့ပြင် နောမိနှင့်ရုသသည်လည်း ဘုရားသခင်က မိမိလူတို့ကို အစားအစာ ပေးတော်မူကြောင်း ကြားသိခဲ့သောကြောင့် ပြန်လာရခြင်း ဖြစ်ပါသည်။ လူတို့သည် ပျော်ရွှင်စွာ စားသောက်ကြပြီး၊ ဗောဇသည်လည်း သူတို့နှင့်အတူ ပါဝင်ခဲ့ပါသည်။ သို့သော်လည်း၊ သူတို့၏ စားသောက်မှုသည် လွန်လွန်ကျူးကျူး မဟုတ်ပါ။ ထိုအချက်ကို သူ၏အပြုအမူက သက်သေခံခဲ့ပါသည်။ ဤသို့သော ပျော်ရွှင်ခြင်း ပွဲအချိန်ခါ သာမယတွင် ဘုရင်အာရွှေရုသည် စိတ်ပျော်ရွှင်လျက်၊ မိမိအတွက် ဝမ်းနည်းမှုကို ဖြစ်စေမည့်အရာဖြစ်သော ဝါရှတိကို ရှေ့တော်သို့ဝင်ဖို့ရန် ခေါ်ခဲ့ပါသည် (ဧသ ၁း၉-၂း၁)။ ထိုနည်းတူ၊ ထိုသို့သော ပျော်ရွှင်ခြင်း ပွဲ၌ပင် ဟေရုဒ်သည် ဟေရောဒိ၏ သမီးအား မဆင်ခြင်ဘဲ ဂတိပေးသောကြောင့်၊ ဗတ္တိဇံဆရာ ယောဟန်၏ ဦးခေါင်းကို လင်ပန်း၌ ဆောင်ခဲ့ရ၏ (မသဲ ၁၄း၆-၁၁)။ သုတ္တံ ၂၃း၃၃ က အရက်မူးခြင်း၏ ဆိုးကျိုးကို ဤသို့ သတိပေးခဲ့ပါသည်၊ "သင့်မျက်စိတို့သည် အမျိုးပျက်သော မိန်မတို့ကို ကြည့်ရှု၍၊ သင့်နှလုံးသည်လည်း ကောက်သော စကားကို မြွက်ဆိုလိမ့်မည်။" ဗောဇ၏ အပြုအမူနှင့် စကားများ က သူသည် မမူးကြောင်း၊ မိမိ၏ ပုံမှန်စိတ် အနေအထားတွင်ရှိ၍ ဖြောင့်မတ်မှန်ကန်စွာ ကျင့်ကြောင်း တွေ့ရပါသည်။ ဗောဇသည ကြိုတင် မသိခဲ့သော်လည်း၊ အလွန်အရေးကြီးသောအမှု ဆောင်ရွက် စရာရှိသည်ဖြစ်၍ အသိဉာဏ်နှင့်ယှဉ်သော ဆုံးဖြတ်ချက် ချစရာ ရှိသည်ဖြစ်သောကြောင့်၊ ထိုသို့ ရှိနေဖို့လိုအပ်ပါသည်။ ထိုအမှုသည် ဘုရားသခင်၏အလိုတော်ကို စုံလင်စေခြင်းလည်း ဖြစ်သော၊ ရုသနှင့်နောမိတို့၏ ဘဝရှေ့ရေး ပြောင်းလဲစေခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - စည်းကမ်းမဲ့ အပျော်ကျူးခြင်းသည် အပြစ်ကို ဖြစ်စေတတ်ပါသည်။

**ဆုတောင်းချက်-** (သု ၃၀း၈-၉ ကို အသုံးပြုပါ)။

# အဆွေအမျိုး၊ ဥပဒေသနှင့်ချစ်ခြင်းမေတ္တာ ပုံရိပ်

ရွေးပိုင်သော အဆွေ အမျိုးသားချင်းက ဘုရားသခင်၏ ကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်း ပုံရိပ်ကိုသာ မဟုတ်ဘဲ၊ အချင်းချင်း ဆက်ဆံရမည့် ဘုရားသခင်၏လမ်းညွှန်ချက်လည်းဖြစ်ပါသည်။ မောရှေ၏ ပညတ္တိကျမ်းထဲတွင်၊ ဂတိတော်ပြည်၌ နေထိုင်သောအခါ၊ ဣသရေလလူများသည် အချင်းချင်း မည်သို့ ဆက်ဆံကြရမည်ကို ဘုရားသခင် ဖော်ပြထားကြောင်း တွေ့ရပါသည်။ ထိုပြည်၌ နေထိုင်သောသူ လိုက်လျှောက်ရမည့်အချက်များ ဘုရားသခင်ဖော်ပြခဲ့ပြီး၊ ထိုအချက်များအပေါ်၌ အခြေခံ၍ ဘုရားသခင်သည် သူတို့ကို စီရင်မည်ဖြစ်ပါသည်။ ထိုအချက်များက ဘုရားသခင်၏စကားတော်ကို နာခံရမည်အကြောင်း ဖော်ပြခဲ့၏။ ထိုသို့ နာခံခြင်းရှိလျှင်၊ အချင်းချင်းကိုလည်း ချစ်ခြင်းမေတ္တာနှင့်ဂုဏ်၊ တရားမျှတစွာ ဆက်ဆံကြရပါမည်။ ဥပဒေကို နာခံသော၊ နိုင်ငံသားကောင်း ဗောဇသည်၊ ဆင်းရဲ ဒုက္ခရင်ဆိုင်နေရသော၊ ဤပြည်၌ သူစိမ်းဖြစ်သော၊ မိမိနှင့်ယောက္ခမအတွက် တရားဥပဒေနှင့်အညီ၊ ဘုရားသခင်၏ပညတ်တရားအတိုင်း မိမိပြုနိုင်သော အမှုကိုဆောင်ရွက်သော ရုသအား ကျေးဇူးပြုလျက်၊ ရက်ရက်ရောရော ဆက်ဆံခဲ့ပါသည်။ ပညတ္တိကျမ်းသည် နေ့စဉ် လက်တွေ့ လိုက်လျှောက်ဖို့ လမ်းညွှန်ချက်များကို ပေးလျက်၊ ထို ဘုရားသခင်၏ပညတ်တရား တတိုင်း ကြိုးစား နေထိုင်သောသူများသည် ချစ်ခြင်းမေတ္တာ ခံစားခဲ့ကြပါသည်။

"*<u>သင်၏ ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့၊ အစွမ်းသတ္တိ ရှိသမျှနှင့် ချစ်လော့</u>*" (တရား ၆း၅)။ ယေရှုက ဘုရားသခင်၏ပညတ်တော်ကို သက်သေထူလျက်၊ သူသည် ပညတ်တရားကို ဖျက်ဆီးဖို့ရန် မဟုတ်ဘဲ၊ ပြည့်စုံစေခြင်းငှါ ကြွလာကြောင်း (မသဲ ၅း၁၇-၁၈) မိန့်တော်မူပြီး၊ ထိုပညတ်တရား၏အချုပ်ကို ဘုရားသခင် ချစ်ခြင်းနှင့် ကိုယ်နှင့်စပ်ဆိုင်သောသူ ချစ်ခြင်း ဟူ၍ ဖော်ပြတော်မူခဲ့ပါသည် (မသဲ ၂၂း၃၇-၄၀)။ ထို့ပြင်၊ ခရစ်တော်သည် တောင်ပေါ်ဒေသနာ၌ ခရစ်ယာန်၏သစ္စာရှိခြင်းနှင့်ဖြောင့်မတ်ခြင်းသည် ကျမ်းပြုဆရာများနှင့် ဖာရိရှဲများ၏ ဖြောင့်မတ်ခြင်း ထက် သာလွန်ကြောင်း မိန့်တော်မူ၏ (မသဲ ၅း၂၀)။ ထို့ကြောင့်၊ ဘုရားသခင် ပေးတော်မူသော ပညတ်တရားသည် လက်တွေ့ ကျင့်သုံး လိုက်လျှောက်ရန်ဖြစ်ကြောင်း၊ ထိုသို့ ဘုရားသခင်၏နှုတ်ကပတ်တော်ကို လိုက်လျှောက်သောသူသည် သူတပါးအတွက် ကောင်းကြီးကို ယူဆောင်ပေးလျက်၊ လေးစားထိုက်သော သခင့်အသုံးတော်ခံ ဖြစ်ကြောင်းကို ဗောဇက သက်သေပြခဲ့ပါသည်။ "ပညတ်တော်တို့ကို စောင့်ခြင်းအရာသည် ဘုရားသခင်ကို ချစ်ရာရောက်၏။ ပညတ်တော်တို့ကို စောင့်ခဲသည် မဟုတ်။ ဘုရားသခင်၏သားဖြစ်သောသူ မည်သည်ကား၊ လောကကို အောင်တတ်၏။ လောကကို အောင်ခြင်းအကြောင်းမူကား၊ ငါတို့၏ယုံကြည်ခြင်း ပေတည်း" (၁ ယော ၅း၃-၄)။ ပညတ်တော်က ဘုရားသခင်နှင့် မိမိညီအစ်ကိုတို့ကို မည်သို့ ချစ်ရမည်အကြောင်း သွန်သင်လျက်ရှိပါသည်။ ထို့ပြင်၊ ဗောဇကဲ့သို့ ဘုရားသခင်၏နှုတ်ကပတ်တော် နာခံသောသူသည် မိမိညီအစ်ကိုတို့ကို ချစ်လျက် ကောင်းကြီးပေးတတ်ပါသည်။

**ဆင်ခြင်ရန်** - (၁ ယော ၄း၁၉-၂၁ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်နှင့် ကိုယ်နှင့်စပ်ဆိုင်သောသူတို့ကို ပို၍ ချစ်မည်အကြောင်း မစတော်မူပါ။

*"ငါတို့ သခင်ယေရှုခရစ်ကို အကြောင်းပြု၍ ထာဝရအကြံတော် ရှိသည်နှင့်အညီ"*

## အဆွေအမျိုး၊ ကျေးဇူးတော်နှင့်ကွယ်ကာစောင့်ရှောက်ခြင်း ပုံရိပ်

ရှုသဝတ္တုက သာမန်လူများ ကြုံတွေ့နေရသော ဘဝပြဿနာများ၌ ဘုရားသခင်၏ လမ်းပြကွယ်ကာစောင့်ရှောက်တော်မူခြင်း လက်တော်၏အမှုပြုတော်မူခြင်းကို ဖော်ပြပါသည်။ ထိုအမှုပြုတော်မူခြင်းက ဘဝ၏ ဆုံးဖြတ်ချက်များနှင့် အခြေအနေ အဖြစ်အပျက်များကို ဝန်းရံလျက်၊ ဘဝ၏ တာဝန်ဝတ္တရား ဆောင်ရွက်ခြင်း၌ ထင်ရှားခဲ့ပါသည်။ ရွေးပိုင်သော အမျိုးသားချင်းတွင်၊ ဘုရားသခင်၏ကွယ်ကာပြုစုတော်မူခြင်းအမှုကို ရွေးပိုင်သောသူ၏ အကျင့်စရိုက်၌ ဖော်ပြထားပါသည်။ မိမိလူတို့၏အသက်တာကို ကွယ်ကာအုပ်စိုးဖို့ရန် ပေးတော်မူသော ပညတ်များနှင့် ကျေးဇူးတော် အပြင်၊ ဘုရားသခင်သည် မိမိလူတို့အား သူတို့၏ ဆုံးဖြတ်ချက်နှင့်ရွေးချယ်မှုအားဖြင့်လည်း သူတို့ကို လမ်းပြစောင့်ရှောက်တော်မူ၏။ ဘုရားသခင် အသုံး မပြုနိုင်သောအရာ မရှိပါ။ သူသည် အခြေအနေနှင့် နာကျင်ခြင်း ဝေဒနာ ဖြစ်စေသောအရာများကိုပင် အသုံးပြုတော်မူနိုင်၏။ သူသည် နိမ့်ကျသောသူ၊ သာမန်လူများကိုလည်း အသုံးပြုနိုင်ပါသည်။ အခြေအနေ မကောင်းသော၊ စပါးကျန်လိုက်ကောက်သည့် ရှုသကဲ့သို့သောသူများအတွက်လည်း အစဉ်အသင့် ရှိတော်မူလျက်၊ အကျင့်စရိတ္တကောင်းမွန်သော၊ ထူးခြားသည့် ဗောဇကဲ့သို့သော သူများ၏ရက်ရော ပေးကမ်းမှုကိုလည်း အသုံးပြုတော်မူ၏။

"*<u>ငါသည် သင့်ကို နှုတ်ယူကယ်တင်ခြင်းငှါ သင့်ဘက်၌ နေမည်</u>*" (ယေ ၁၅း၂၀)။ ယေရမိ ၁၅း၂၀ ထဲတွင်၊ ဘုရားသခင်၏အစေခံကျွန်များသည် ကိုယ်တော်ကို ရှာလျက်၊ ကိုယ်တော်နှင့်အတူ မှန်ကန်စွာ သွားလာခြင်းပြုလျှင်၊ ဘုရားသခင်သည် မိမိ၏ကျေးဇူးတော်နှင့် လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်းအားဖြင့် မစတော်မူကြောင်း ဖော်ပြခဲ့ပါသည်။ မိမိသားသမီးများအား ကျေးဇူးတော်ဖြင့် ကွယ်ကာစောင့်ရှောက်ကျွေးမွေးတော်မူသော်လည်း၊ သူတို့သည် အပူအပင် ကင်းစွာ၊ လွယ်ကူသော ဘဝကို ဖြတ်သန်းကြမည်၊ ချမ်းသာ ကြွယ်ဝခြင်း ရှိကြမည်၊ အစဉ် အောင်မြင်မှု ရကြမည်ဟု ဂတိပေးခြင်း မဟုတ်ပါ။ ယေရမိကဲ့သို့ အချို့သည် အနည်းသော အကျိုးကို ခံစားရ၍၊ အချို့သည် မြင်နိုင်သော အကျိုး မခံစားဘဲလည်း ရှိနိုင်ပါသည်။ သို့သော်လည်း၊ ဆာလံ ၃၄း၁၉ ၌ ဖော်ပြထားသည် နည်းတူ၊ သူတို့၏ဒုက္ခပြဿနာမှ ကယ်နှုတ်ဖို့ရန် မိမိသားသမီးများနှင့်အတူ ဘုရားသခင် အတူ ပါရှိတော်မူခြင်းသည် လုံလောက်လျက်ရှိပါသည်၊ "ဖြောင့်မတ်သောသူသည် များစွာသော ဒုက္ခဆင်းရဲကိုခံရသော်လည်း၊ ထာဝရဘုရားသည် ခပ်သိမ်းသောဒုက္ခဆင်းရဲထဲက ကယ်လွှတ်တော်မူ၏။" ဘုရားသခင်အတူပါရှိတော်မူခြင်းသည် ရန်သူများအကြား ကွယ်ကာစောင့်ရှောက်ခြင်းခံရဖို့ သားသမီးများအတွက် လုံလောက်ခြင်း ရှိပါသည်။ ယေရမိသည်လည်း၊ ထောင်ထဲ၌ ကျခံနေစဉ်၊ ရှလ္လုံ၏လယ်မြေကို ရွေးဝယ်ရမည်ဟု ဘုရားသခင် ဖော်ပြခဲ့ပါသည်။ ယေရမိ ၃၂း၆-၁၅ ထဲတွင်၊ ရွေးပိုင်သော အမျိုးသားချင်း ပြုသောအမှုကို တွေ့ရပါသည်။ ဤအချက်က တပါးအမျိုးသားထံ ကျွန်ကျခြင်း ကြုံတွေ့ရမည်ဖြစ်သော်လည်း၊ အနာဂတ်တွင် ယေရုရှလင်မြို့၌ နေထိုင်ကြမည် အကြောင်း၊ လယ်မြေနှင့် စပျစ်ဥယျာဉ်များ ပြန်ရောင်းကြမည်အကြောင်း ထင်ရှားစေပါသည်။ ဤသည်ကား၊ အနာဂတ်နှင့်ပတ်သက်၍ ယုံကြည်ခြင်းကို ဖော်ပြခြင်း ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - (ယေ ၃၂း၂၇ နှင့် ၃၃း၂-၃ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** (ယေ ၃၂း၁၇-၁၉ ကို ဖတ်ပါ)။

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ရွေးချယ်မှုနှင့် မိသားစုဘ၀ (၈)

ဘ၀၌ သမ္မာသတိရှိလျက် စိတ်ကြည်လင်ခြင်းရှိဖို့ အလွန်လိုအပ်ကြောင်း တွေ့ရပါသည်။ ကြိုတင် မသိဘဲလျက် ကျွန်တော်တို့သည် ဘ၀ပြောင်းလဲစေနိုင်သော ဆုံးဖြတ်ချက်ချဖို့ လိုအပ်သော အခြေအနေ၊ အခွင့်အရေး ကြုံတွေ့ရနိုင်ပါသည်။ ဗောဇသည် ရုသ (သူ့ကို ဗောဇ မသိသေး သော်လည်း) က မိမိအား စောင့်ကြည့်နေကြောင်း မသိဘဲလျက်၊ ပွဲသို့ စားသောက်ဖို့ရန် လာခဲ့ပါသည်။ ထို့နောက် ဖြစ်ပျက်သောအရာတို့တွင် သူသည် အဓိကဇတ်ဆောင်ဖြစ်လာခဲ့ပြီး၊ ရုသနှင့်နောမိ တို့၏ အနာဂတ်အရေးအတွက် အလွန်အရေးကြီးသော ဆုံးဖြတ်ချက်ချဖို့ ဖြစ်လာခဲ့ပါသည်။ မဆုံးရှုံး သင့်သောအရာကို သတိမထားမှုကြောင့် ဆုံးရှုံးရသည့်အရာ ဤလောက၌ များစွာတွေ့ရပါသည်။ သမ္မာကျမ်းစာက ကျွန်ုပ်တို့အား အစဉ် သမ္မာသတိရှိဖို့ရန် တိုက်တွန်းထားပါသည်။

“*<u>စပါးပုံအနားသို့သွား၍ အိပ်သောအခါ</u>*” (ရုသ ၃း၇)။ အချို့သော အနက်ဖွင့်ဆရာများက၊ ရိတ်သိမ်းခြင်း ကာလတွင်၊ ခါနန်လူများ၏ လယ်မြေအထွက်တိုးစေသော ဘုရားများကိုးကွယ်ခြင်း အမှုကြောင့်၊ အကျင့်ပျက်ခြင်းအမှုများရှိခြင်းသည် အံ့သြစရာ မရှိဟု ဆိုကြ၏။ ဤစုံတွဲသည်လည်း စားသောက် ပျော်ရွှင်ပြီးနောက်၊ ယိုယွင်းသော လူများလုပ်သည့် ပုံမှန်အလုပ်ကို လုပ်ကြပါလိမ့်မည်။ ကမ္ဘာ ၃၈း၂၀-၂၃ ထဲတွင်လည်း၊ ယုဒသည် တာမာကို ပြည့်တန်ဆာ ထင်မှတ်လျက် ဂတိပေးခဲ့သည် အတိုင်း ဆိတ်သငယ် ပေးပို့ခဲ့ပါသည်။ ထိုဆိတ်သငယ်ကို ယူဆောင်သော သူ့သူငယ်ချင်းက၊ ယုဒ သိုးမွေးညှပ်ရန်သွားစဉ် လမ်းမ၌ ထိုင်သော ပြည့်တန်ဆာကား အဘယ်မှာရှိသနည်းဟု မေးခဲ့ပါသည်။ သို့သော်လည်း၊ ဗောဇ၏အမှုသည် ထိုအမှုများနှင့် မတူညီကြောင်း တွေ့ရပါသည်။ သူသည် စိတ် ရွှင်လန်းသောအခါ အိပ်ယာ၀င်ခဲ့ပါသည်။ နောမိက ရုသအား “သင်သည် အဘယ်သို့ပြုရမည်ကို သူပြောလိမ့်မည်” (ရုသ ၃း၄) ဟု မှာထားခဲ့ပါသည်။ ထို့ကြောင့်၊ နောမိသည် ရုသအား ဗောဇ၏ လက်ထဲသို့ လုံးလုံးအပ်ထားခဲ့ကြောင်း တွေ့ရပြီး၊ ရုသသည် မိမိ၏တာ၀န်ကို လုပ်၍ ဗောဇကလည်း ကျန်အပိုင်းကို လုပ်မည်ဟု နောမိ ယုံကြည်ခဲ့ပါသည်။ McGee က၊ “ရုသသည် မြို့၏အသက်ကြီးသူ များထံ သွားလျက် ဗောဇ ပြုရမည့်အမှုကို တောင်းလျှောက်လျက်၊ မိမိ၏ တရား၀င် အခွင့်အရေးကို အသုံးချနိုင်ပါသည်။ သို့သော်လည်း၊ နောမိ၏အကြံအတိုင်း၊ ရုသ အသုံးပြုသောနည်းလမ်းသည် အလွန် သပ်ရပ်သော၊ တိတ်ဆိတ်ငြိမ်သက်သော နည်းလမ်းဖြစ်ပါသည်” ဟု ဆိုခဲ့ပါသည်။ ကျွန်တော် တို့ သတိပြုမှတ်သားရမည်မှာ၊ ဤအဖြစ်အပျက်အားလုံးသည် လူများစု၀េးရာ၊ ယောကျ်ားများနှင့် မိန်းမများ အိပ်ကြသောနေရာ၊ ကိုယ်ပိုင်အခွင့်အရေး ယူ၍ မရသောနေရာ၊ ကောက်နယ်တလင်း၌ ဖြစ်ပျက်ခဲ့ခြင်းဖြစ်ပါသည်။ ထိုကောက်နယ်တလင်း၌ ဖြစ်ပျက်နေသောအမှုများအကြား၌ ရုသသည် မိမိ၏တာ၀န်ကို စိတ်ထဲထားလျက်၊ ဗောဇ အိပ်သောနေရကို မှတ်ထားခဲ့ပါသည်။

**ဆင်ခြင်ရန်** - တင့်တယ်လျောက်ပတ်စွာ အတော်အတန် ကျင့်ကြံနေထိုင်ခြင်းသည် ခရစ်ယာန်တိုင်း၏ ၀တ္တရားပင်ဖြစ်ပါသည်။

**ဆုတောင်းချက်-** (သု ၃၀း၈-၉ ကို အသုံးပြုပါ)။

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ရွေးချယ်မှုနှင့် မိသားစုဘဝ (၉)

မိမိကြုံတွေ့ရင်ဆိုင်နေရသောအမှုကို မည်သို့ ကိုင်တွယ်ဖြေရှင်းသနည်းဟူသောအချက်က ဗောဇ၏ ရင့်ကျက်မှုနှင့်အသိဉာဏ်ကို ဖော်ပြခဲ့ပါသည်။ သူသည် လူကောင်းဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ "ကရုဏာစိတ်ရှိ၍ ချေးငှါးတတ်သောသူသည် ကောင်းစားတတ်၏။ တရားဆုံးဖြတ်ရာကာလ၌ အောင်ခြင်းသို့ရောက်လိမ့်မည်" (ဆာလံ ၁၁၂း၅)။ ထို့ပြင်၊ သူသည် ပညာဉာဏ် ကြီးမားသောသူဖြစ်ပါသည်။ D. B. Macdonald က၊ "ဗောဇသည် မိုက်မဲ ကြမ်းတမ်းသောသူ ကဲ့သို့ အဖြစ်အပျက်ကို အကိုင်တွယ်ဘဲ၊ လူကြီးလူကောင်း ကဲ့သို့ ပြုမူခဲ့ပါသည်။ သူသည် အာဏာပြနိုင်သော်လည်း၊ သိက္ခာရှိ၍ မိမိကိုယ်ကို ထိန်းချုပ်နိုင်သောသူဖြစ်ပါသည်" ဟု ဖော်ပြခဲ့၏။

"*<u>သန်းခေါင်အချိန်၌ ယောကျ်ားသည် လန့်၍ လှည့်သဖြင့်</u>*" (ရုသ ၃း၈)။ ဗောဇသည် မိမိခြေရင်း၌ တစုံတယောက်ရှိသည်ကို မသိဘဲ အတော်အတန် နေခဲ့သည်ဟု ထင်ရပါသည်။ တစုံတယောက် မိမိခြေရင်း၌ ရှိကြောင်း မည်သို့ သိသည်ကို မဖော်ပြထားပါ။ ဘာဘဲဖြစ်ဖြစ်၊ မိမိခြေရင်း၌ ရုသ ရှိသည်ကို သိ၍ အံ့ဩခဲ့ပါသည်။ သူသည် စပျစ်ရည်ကို မူး၍ အသိစိတ် လွတ်ခဲ့ပါလျှင်၊ သူ့အတွက် ခြေရင်း၌ ရုသရှိနေခြင်းသည် အလွန်အန္တရာယ်ကြီးသော သွေးဆောင်မှု ဖြစ်ခဲ့ပါလိမ့်မည်။ ကျမ်းစာ က၊ "သမ္မာသတိသည် သင့်ကို ထိန်းသိမ်း၍၊ ဉာဏ်သည်လည်း စောင့်ရှောက်သဖြင့်" (သု ၂း၁၁) ဟု ဆိုခဲ့ပါသည်။ သမ္မာသတိ ဉာဏ်မရှိသောသူ ကြုံတွေ့ခဲ့သော အန္တရာယ်သည် များလှပါ၏။ နာမည်ပျက်ခြင်း၊ အသက်နှင့်ခန္ဓာကိုယ် ပျက်စီးခြင်းနှင့် ဆင်းရဲခြင်းများလည်း ဖြစ်နိုင်ပါသည်။ သို့သော်လည်း၊ မထင်မှတ် မရည်ရွယ်သော အခြေအနေ၌ ပိုင်ဆိုင်သောဉာဏ် အသုံးပြုခြင်းက ဗောဇကို စောင့်ရှောက်သည် သာမက၊ သူ့အသက်တာ ဘဝကို တည်ဆောက်ခဲ့ပါသည်။

သန်းခေါင်အချိန် တွေ့ရှိခဲ့သော အံ့ဩစရာမှုကို မှန်ကန်စွာ ဖြေရှင်းနိုင်ဖို့ရန်နှင့် ရုသ၏ကမ်းလှမ်းချက်ကို နားလည်သဘောပေါက်လျက် ကျမ်းစာအတိုင်း တရားသဖြင့် ဆောင်ရွက်နိုင်ဖို့ရန်၊ ဗောဇသည် သမ္မာသတိရှိဖို့ လိုအပ်ခဲ့ပါသည်။ နောမိနှင့်ရုသသည် ဗောဇအား သူတို့၏ အနီးစပ်ဆုံး ဆွေမျိုးသားချင်း ဖြစ်သည်ဟု သိမှတ်ပြီး၊ ထိုကမ်းလှမ်းချက်ကို သူ့ထံ ပြုခဲ့ခြင်းဖြစ်၍၊ ဗောဇကလည်း သူပြုရမည့်အမှုကို နားလည်မည်ဟု သိခဲ့ကြပါသည်။ ထို့ကြောင့်၊ ထိုကမ်းလှမ်းချက်ကို ရိုးရှင်းသော စကားအားဖြင့် မဟုတ်ဘဲ၊ ရုသပြုသကဲ့သို့ သန်းခေါင်အချိန်၌ ဗောဇ၏အဝတ်တော်စွန်းနှင့် မိမိကို ဖုံးရန် တောင်းလျှောက်ခြင်းဖြစ်ပါသည် (ရုသ ၃း၉)။ ထိုအခါ၊ ဗောဇက ရုသသည် မိမိ၏ထာဝရဘုရားကို ယုံကြည်ကိုးစားကြောင်း သိမှတ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏အကျင့်စရိုက်များသည် ကျွန်ုပ်ရွေးချယ်မှု၏ ရလဒ်များဖြစ်ကြပါသည်။
**ဆုတောင်းချက်-** (သု ၃၀း၈-၉ ကို အသုံးပြုပါ)။

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ရွေးချယ်မှုနှင့် မိသားစုဘ၀ (၁၈)

ရုသထံ နောမိ ပေးသောအကြံသည် အလွန် ဉာဏ်ပညာရှိလှပါသည်။ ချမ်းသာ ငြိမ်ဝပ်ရာ အရပ် ရှာဖို့ လမ်းညွှန်ချက်များနှင့် အကြံများပေးခြင်းဖြင့် စတင်ခဲ့သော အခန်းကြီးသည် အလွန်ခက်ခဲသောမှုဖြစ်သည့်၊ ငြိမ်ဝပ်စွာ ထိုင်နေဖို့ရန် တိုက်တွန်းခြင်းဖြင့် အဆုံးသတ်ခဲ့ပါသည်။ ဤတိုက်တွန်းချက်သည် ဘုရားသခင်၏လူများအား တိုက်တွန်းလေ့ရှိသောအချက်ဖြစ်ပါသည်။ ပင်လယ်နီရှေ့၌ ရပ်နေသော ဣသရေလလူများအား ထိုသို့ မောရှေ တိုင်တွန်းခဲ့ပါသည်၊ "မစိုးရိမ်ကြနှင့်။ ငြိမ်ဝပ်စွာ ရပ်နေကြ။ ထာဝရဘုရားသည်၊ ယနေ့ ပြတော်မူသော ကယ်တင်ခြင်းကို ကြည့်ရှုကြလော့" (ထွက် ၁၄း၁၃)။ ယော်ဒန်မြစ်ကို ဦးဆောင် ဖြတ်ကျော်မည့်၊ ပဋိညာဉ်သေတ္တာကို ထမ်းရွက်သော ယဇ်ပုရောဟိတ်များအား ယောရှုက၊ "ယော်ဒန်မြစ်ရေ နားသို့ ရောက်သောအခါ ယော်ဒန်မြစ်၌ ရပ်နေရမည်အကြောင်း . . . မိန့်တော်မူ၏" (ယော ၃း၈)။

"*<u>ငါ့သမီး၊ . . . ထိုင်နေတော့</u>*" (ရုသ ၃း၁၈)။ ဤအမှု၌၊ ငြိမ်ဝပ်စွာ နေဖို့ တိုက်တွန်းခြင်းသည် မျှော်လင့်ချက်မဲ့ခြင်း၊ မစမှု မရှိခြင်းကို မဆိုလိုပါ။ မိမိတို့လုပ်နိုင်သောအရာ လုပ်ပြီးမှ၊ ကျန်အပိုင်းကို မိမိ၏ဘုန်းတော်ထင်ရှားစေဖို့ရန်နှင့် ကျွန်ုပ်တို့၏အကျိုးအတွက် အမှုပြုတော်မူသော ထာဝရဘုရားထံ အပ်နှံလျက်၊ ယုံကြည်ကိုးစားမှုဖြင့် စောင့်နေခြင်းကို ပြသလျက်ရှိ၏။ ထိုင်နေဖို့ရန် ရုသအား နောမိ ဆိုလျက် ရှင်းပြသကဲ့သို့၊ ကျွန်ုပ်တို့အတွက် အမှုပြုတော်မူမည့်သူ ရှိကြောင်း သေချာ နားလည်သဘောပေါက်ခြင်း ဖြစ်ပါသည်။ နောမိက၊ "ယောကျ်ားသည် ယနေ့ ဤအမှုကို မပြီးစီးမှီ ငြိမ်ဝပ်စွာ မနေဟု ပြောဆို၏။" ဤအချက်က ရွေးပိုင်သော အမျိုးသားချင်း၏ ဆက်ကပ်မှုနှင့် စိတ်သဘောကို ပြသလျက်ရှိပါသည်။ ဤအမှု၌ ရုသလုပ်နိုင်သော၊ လုပ်ဖို့လိုအပ်သောအရာ မရှိတော့ပါ၊ အကြောင်းမှာ သူတို့ကိုယ်စား မြို့၏အသက်ကြီးသောသူများထံ ထိုအမှုကို တင်သွင်းပေးမည့် ရှေ့နေ ရှိပြီဖြစ်၏။ "တောင်းသမျှကို ငါပြုမည်" ဟု ဂတိပေးခဲ့သော ဗောဇသည် ထိုအမှုအလုံးစုံ၌ တာဝန်ယူ ဆောင်ရွက်ပေးမည်ဖြစ်သောကြောင့်၊ ရုသအဖို့ လုပ်စရာဘာမှ မရှိ၊ အမှန်ပြောရလျှင် လုပ်နိုင်သောအရာ မရှိတော့ပါ။ ဗောဇ ပြောခဲ့သော စကားကို အလုံးစုံကို ရုသသည် နောမိအား ပြန်ပြောခဲ့လျှင်၊ နောမိသည် ဗောဇက သာ၍ ရွေးပိုင်သော အမျိုးသားချင်းကိုလည်း အသိပေးလိမ့်မည် ဖြစ်ကြောင်း ယုံကြည်စိတ်ချစွာ နေခဲ့ခြင်းဖြစ်ပါသည်။ ထိုအမှု၏ ရှုပ်ထွေးမှုနှင့် ပြသနာများကို ဖြေရှင်းပေးလိမ့်မည်ဖြစ်ပါသည်။ ဗောဇသည်လည်း ထိုအမှုအလုံးစုံကို ဖြေရှင်းဆောင်ရွက်လျက်၊ သူတို့၏ မျှော်လင့်ချက်အားလုံးကို အကောင်အထည်ဖော်ပေးခဲ့ပြီး၊ ဘုရားသခင်၏ ဘုန်းတော် ထင်ရှားတော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - (ဆာလံ ၁၀၃း၁၉ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ လမ်းပြကွယ်ကာ ပြုစုစောင့်ရှောက်တော်မူခြင်းကို ပို၍ ယုံကြည်ကိုးစားမည်အကြောင်း မစတော်မူပါ။

*"ထာဝရဘုရားသည် ဩ္ဇသည်တို့ကို စောင့်မတော်မူ၍ မုတ်ဆိုးမနှင့် မိဘမရှိသော သူတို့ကို ထောက်မတော်မူ၏"*

## လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ရွေးချယ်မှုနှင့် မိသားစုဘဝ (၁၇)

ဗက်လင်မြို့သို့ ပြန်ရောက်လာခဲ့သော နောမိသည် အခန်းကြီး ၁ ထဲ၌၊ "နောမိဟူ၍ မခေါ်ပါနှင့်။ မာရ ဟူ၍ ခေါ်ပါ။ . . . ငါသည် ကြွယ်ဝ ပြည့်စုံလျက် ထွက်သွား၏။ ယခုမူကား ဆင်းရဲလျက် တကိုယ်တည်း ရှိမှ၊ ထာဝရဘုရားသည် ငါ့ကို ပို့ပြန်တော်မူပြီ" (ရုသ ၁း၂၀-၂၁) ဟု ဆိုခဲ့ပါသည်။ သို့သော်လည်း၊ ဆင်းရဲလျက် တကိုယ်တည်းပြန်လာသူကို ထာဝရဘုရားက ဖြည့်ဆည်း ပေးတော်မူ၏။ ရုသသည် မျှော်လင့်ခြင်း ဂတိစကားနှင့် သာမက၊ မုယောစပါး ခြောက်ဩမဲနှင့် အိမ်ပြန်လာခဲ့ပါသည်။ သို့သော်လည်း၊ ဤကောင်းကြီးမင်္ဂလာနှင့် လက်ဆောင်တို့ကို ဘုရားသခင် အသုံးပြုတော်မူသော သူများ မပါဘဲ (သို့) ရုသ၏ တာဝန်ကျေပွန်မှုနှင့် ကြိုးစားအားထုတ်မှု အပါဘဲ ရရှိခြင်း မဟုတ်ပါ။

"<u>*မိမိ၌ ထိုသူ ပြုသမျှကို . . . ကြားပြောလေ၏*</u>" (ရုသ ၃း၁၆-၁၇)။ ရုသသည် အိမ်ပြန် ရောက်သောအခါ၊ မေးခွန်းနှင့် ကြုံတွေ့ရ၏။ သူသည် ယောက္ခမအား၊ "မိမိ၌ ထိုသူ ပြုသမျှကို . . . ကြားပြောလေ၏။" ဆိုလိုသည်မှာ၊ ခံစားရသော ကျေးဇူးအပေါင်းကို ပြောပြခဲ့ပါသည်။ ထို့ပြင် ထပ်၍ ဗောဇက မိမိအား၊ "ယောက္ခမ ထံသို့ လက်ချည်း မသွားနှင့်" (ရုသ ၃း၁၇) ဟုဆိုခဲ့ကြောင်း ပြောပြခဲ့ပါသည်။ ပညတ္တိကျမ်းထဲတွင်၊ ဘုရားသခင်က ဣသရေလလူတို့အား၊ သူစိမ်းဧည့်သည်များ၊ မုဆိုးမများနှင့် မိဘမဲ့များကို မည်သို့ ဆက်ဆံရမည်အကြောင်း သွန်သင်ခဲ့ပြီး၊ လျစ်လျူရှုလျက် ကောင်းကောင်း မဆက်ဆံခဲ့လျှင်၊ "သူတို့သည် ငါ့အား အနည်းငယ် အော်ဟစ်လျှင်၊ ငါသည် ထိုအသံ ကို အမှန်ကြား" (ထွက် ၂၂း၂၃) မည်ဟု သတိပေးတော်မူခဲ့၏။ ထို့ပြင်၊ မိမိသည် "မိဘ မရှိသော သူငယ်၊ မုဆိုးမ ဘက်၌ တရားစီရင်၍ ဧည့်သည်အာဂန္တုတို့ကို စုံမက် . . . သော ဘုရား" (တရား ၁၀း၁၈) ဟု ဖော်ပြခဲ့ပါသည်။ ထာဝရဘုရားသည် မိမိ၏နှုတ်ကပတ်တော်အတိုင်း၊ ပညတ္တိကျမ်း၌ မိမိကိုယ်ကို ဖော်ပြခဲ့သည်အတိုင်း၊ မိမိ၏လမ်းပြကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်း လက်တော် ဖြင့် နောမိနှင့် ရုသကို လမ်းပြပြုစုလျက် ကောင်းကြီးပေးတော်မူခဲ့ပါသည်။ ထာဝရဘုရားသည် "မိဘမရှိသောသူတို့၏ အဘဖြစ်၍ မုဆိုးမတို့ဘက်မှာ တရားစီရင်တော်မူ၏" (ဆာလံ ၆၈း၅)။ ထိုသို့ ပြန်ရောက်လာစဉ်၊ နောမိသည် ထာဝရဘုရားက လက်ဗလာဖြင့် ပြန်ပို့သည်ဟု ထင်ခဲ့သော် လည်း၊ ဗက်လင်မြို့သို့ ရောက်လာသောအခါ မိမိ၏လမ်းပြပို့ဆောင်ခြင်းလက်တော်ဖြင့် ကောင်းကြီး ပေးတော်မူလိမ့်မည် (ရုသ ၁း၆)။ မိမိလူတို့ထံ၊ မိမိဘုရားများထံ ပြန်မသွားလိုဘဲ၊ နောမိ နောက်လိုက် ဖို့ရွေးချယ်လျက်၊ ထာဝရဘုရားကို ယုံကြည်ကိုးစားခဲ့သော ရုသသည် ထိုထာဝရဘုရား၏ ကောင်းမြတ် တော်မူခြင်းနှင့် ကောင်းကြီးမင်္ဂလာကို မျှဝေခံစားခဲ့ရပါသည်။ ထာဝရဘုရားသည် သူတို့၏ အော်သံ ကို နားညောင်းတော်မူလျက်၊ အဖြေ ပေးတော်မူ၏။

**ဆင်ခြင်ရန်** - (ဆာလံ ၁၀၃း၁၉ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အဖဘုရား၊ မကုန်နိုင်သော ကိုယ်တော်၏ ကောင်းမြတ်တော်မူခြင်းကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါသည်။

**ရုသ ၃း၆-၁၃**
ယေဇ ၁၆း၁-၈

*"ငါသည် ကိုယ်အဝတ် စွန်းကို ဖြန့်၍၊ သင်၌ အချည်းစည်းရှိခြင်းကို ဖုံးအုပ်၏"*

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ရွေးချယ်မှုနှင့် မိသားစုဘဝ (၁၀)

ဘဝ အခြေအနေသည် ပြောင်းလဲလျက်ရှိ၏။ အချို့အရာသည် စီစဉ်သည်အတိုင်း ဖြစ်လာခဲ့ပြီး၊ အချို့မှုကား လုံးဝ မတွေးထားသောအရာ ဖြစ်ကြ၏။ ဗောဇသည် စပါးနယ်ခြင်းနှင့် လှေ့ခြင်းကို မိမိစီစဉ်ခဲ့သည်ဟု ထင်မှတ်ရပါသည်။ နောမိနှင့် ရုသကလည်း ဗောဇ အိပ်မည့်နေရာသို့ တိတ်တဆိတ် ချဉ်းကပ်လျက်၊ သူ့ခြေရင်း၌ အိပ်ဖို့ရန် စီစဉ်ခဲ့ပါသည်။ သို့သော်လည်း၊ ထိုအမှုသည် ဗောဇအတွက် မမျှော်လင့် ထားသောအရာ ဖြစ်ပါသည်။ သူအမှုပြုဖို့ရန် ဖိတ်ခေါ်ခြင်းပင် ဖြစ်ပါသည်။ များစွာသောလူတို့သည် မျှော်လင့် မထားသောအရာ ကိုင်တွယ်ဖြေရှင်းခြင်း၌ ပြဿနာတတ်ခဲ့ကြ၏။ ဗောဇသည် ထိုမျှော်လင့် မထားသောအမှုကို ဉာဏ်တော်၊ ဆင်ခြင်ခြင်းနှင့် ရင့်ကျက်မှုဖြင့် ကိုင်တွယ်ဖြေရှင်းခဲ့သောကြောင့်၊ ထွက်လာသော အကျိုးသည် ကောင်းကျိုးသာ ဖြစ်လိမ့်မည်။

"*<u>သင်သည် အဘယ်သူနည်း</u>*" (ရုသ ၃း၉)။ ဗောဇ၏ မေးခွန်းသည် ရုသအား မိမိကိုယ်ကို သိမှတ်စေလျက်၊ ပြုမည့်အမှုကို အောက်မေ့စေပြီး၊ သူက၊ "ကျွန်မသည် ကိုယ်တော်၏ကျွန်မ ရုသ ဖြစ်ပါ၏" ဟု ဖြေခဲ့ပါသည်။ အရင်၌၊ ဗောဇထံ သူ့ကို အသိပေးခဲ့သော ကျွန်များ အပါအဝင်၊ လူများတို့က သူ့ကို မောဘအမျိုးသမီးဟု သိမှတ်ခဲ့ကြ၏ (ရုသ ၂း၆)။ ထို့ပြင်၊ မိမိကိုယ်ကို ဗောဇထံ "တပါးအမျိုးသား" (ရုသ ၂း၁၀) ဟု ဆိုခဲ့ပါသည်။ ထိုအခါ၊ ဗောဇက "သင်သည် မိဘနှင့် မွေးဘွားရာ ဌာနပြည်ကို စွန့်၍ အထက်က မသိဘူးသောပြည်သို့ လာကြောင်း" (ရုသ ၂း၁၁) သိမှတ်ခဲ့ပါသည်။ ထို့ပြင်၊ မိမိကိုယ်ကိုလည်း၊ "သခင် ကျွန်မ . . . ကိုယ်တော်ကျွန်မတို့နှင့် မတူသော်လည်း" (ရုသ ၂း၁၃) ဟု ကျွန်မ အဖြစ် သတ်မှတ်ခဲ့ပါသည်။ သို့သော်လည်း၊ ဤအခန်းကြီး ၃ ထဲတွင်၊ မိမိကိုယ်ကို ရိုးရှင်းစွာ မိမိ၏နာမည်နှင့်အဆင့်အတန်းအားဖြင့် ဖော်ပြခဲ့ပါသည်။ သူသည် မိမိကိုယ်ကို အနိမ့်ဆုံးသော အဆင့်အတန်းကို ခံယူထားပါသည်။ သူသည် ဗောဇထံ စိတ်နှိမ့်ချခြင်းကို ပြလျက်၊ မိမိ၏အမှုကို ကျေးဇူးပြု ဆောင်ရွက်ပေးဖို့ရန် တောင်းလျှောက်ခဲ့ပါသည်။

"*<u>ကိုယ်တော်သည် ရွေးပိုင်သော အမျိုးသားချင်း ဖြစ်သောကြောင့်၊ ကိုယ်တော်၏ကျွန်မကို အဝတ်တော်စွန်းနှင့် ဖုံးပါတော့</u>*" (ရုသ ၃း၉)။ မျှော်လင့် မထားသောအမှု၊ ခက်ခဲသော ဆွေမျိုး၊ အထူးသဖြင့်၊ ရိတ်သိမ်းခြင်းကာလ၌ မိမိကျေးဇူးပြု ဆက်ဆံခဲ့သော ရုသ အတွက်၊ အမှုပြုဖို့ရန် ဗောဇသည် ဖိတ်ခေါ်ခြင်း ခံရခဲ့ပါသည်။ ရုသသည် ရွေးပိုင်သော အမျိုးသားချင်း ဖြစ်သောကြောင့်၊ ဗောဇအား "ကိုယ်တော်၏ကျွန်မကို အဝတ်တော်စွန်းနှင့် ဖုံးပါတော့" (ရုသ ၃း၉) ဟု ဆိုခဲ့ပါသည်။ ရုသသည် သူတို့ ကောင်းကောင်း နားလည် သဘောပေါက်သော၊ ပုံဆောင်ခြင်း စကားကို အသုံးပြုခဲ့ပါသည်။ ထိုအမှုသည် ဘုရားသခင်က မိမိလူများတို့ထံ ပြုသော ပဋိညာဉ်ကို ဖော်ညွှန်းသည့် ဖော်ပြချက်အဖြစ် အသုံးပြုခဲ့ဘူးပါသည် (ယေဇ ၁၆း၈)။

**ဆင်ခြင်ရန်** - (ဖေက် ၅း၃ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** (သု ၃၀း၈-၉ ကို အသုံးပြုပါ)။

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ရွေးချယ်မှုနှင့် မိသားစုဘဝ (၁၁)

အမှုဆောင်ရွက်ဖို့ ဖြစ်လာသောအခါ၊ ဗောဇသည် အလျင်စလို မပြုခဲ့ပါ။ ဉာဏ်အားဖြင့် ဆင်ခြင်လျက် တရားသဖြင့် ပြုရန် ပြင်ဆင်ခဲ့ပါသည်။ ရုသအပေါ် သူသည် အလွန်ကောင်းမွန်ခဲ့ပါသည်။ ရုသ၏ သီလ သိက္ခာကိုငင်း၊ ထာဝရဘုရားက သူ့ကို ကောင်းကြီးပေးခဲ့ကြောင်းကိုငင်း ဗောဇ သိခဲ့ပါသည်။ ရွေးပိုင်သော အမျိုးသားချင်း အမှုကို ဆောင်ရွက်ဖို့ရန် ဗောဇသည် စိတ်ပါခဲ့သော်လည်း၊ တရားသဖြင့် ဆောင်ရွက်လိုခြင်း ရှိ၏။ ရုသ ကမ်းလှမ်းမှု အားလုံးကို ပြုဖို့ရန် ဗောဇသည် အလုံးစုံ အာဏာ မရှိပါ၊ မိမိပြုနိုင်သောအမှုကို ချက်ချင်း ပြုခဲ့ပါသည်။ မိမိ ပြုလိုခြင်း ရှိသော်လည်း၊ တရားသဖြင့်သာ ဆောင်ရွက်လို၏။

“*__အစရင်ပြုသော ကျေးဇူးထက် နောက်ပြုသော ကျေးဇူး သာ၍ ကြီး၏__*” (ရုသ ၃း၁၀)။ ပြောစကားသည် စိတ်နှလုံးကို ဖော်ပြ၍ စိတ်နှလုံးထဲ၌ ပြည့်လျှံသောအရာကို နှုတ်ဖြင့် ပြောထွက်ကြသောကြောင့်၊ ရုသဝတ္ထုတွင် တွေ့ရသော ဗောဇ၏ စကားများသည် သနားကြင်နာခြင်းနှင့် ပြည့်သည့် စိတ်နှလုံးကို ပြသလျက်ရှိပါသည်။ “သင်တို့စကားသည် ဆားအားဖြင့် ငန်သောအရသာနှင့် ပြည့်စုံလျက်၊ အစဉ်မပြတ် တင့်တယ်လျောက်ပတ်ပါစေ” (ကော ၄း၆) ဟူသော ပေါလု၏ တိုက်တွန်းချက်ကို ဗောဇက အသက်တာဖြင့် ဖော်ပြခဲ့ပါသည်။ သန်းခေါင်အချိန်တွင် အံ့သြခြင်းအမှုက နိုးထစေ၍ မျှော်လင့် မထားသော အမှုကို ပြုဖို့ရန် ဖိတ်ခေါ်ခြင်း ခံရသော်လည်း၊ ဗောဇသည် ရုသ၏ ကောင်းမြတ်မှုနှင့် ရွေးချယ်မှုက သူ့စိတ်ကို လှုပ်ရှားစေခဲ့ပါသည်။ သူမ၏ ပေးဆပ်မှုနှင့် ထိန်းချုပ်မှုကို သိမှတ်ခဲ့ပါသည်။ ဗောဇသည် မိမိ၏အိပ်ရေးပျက်ခြင်းနှင့် မိမိ၏ဂုဏ်သိက္ခာကို ပျက်စေမည့် မဟုတ်သတင်း ပျံ့မည့်အကြောင်းကို မစဉ်းပါ။ မိမိအတွေးသည် အဓိကကျသောအမှု အပေါ်၌ တည်လျက်ရှိပါသည်။ ရုသ၏ ကမ်းလှမ်းချက်ကို သတိပြုလျက်၊ သူ၏ တောင်းလျှောက်မှုနှင့် ရွေးချယ်မှုကို အသိအမှတ်ပြုဖြင်း၊ ခွန်အားပေးခြင်းကို ဗောဇ ပြုခဲ့ပါသည်။

မိမိအတွက် လုံခြုံ နားခိုရာအဖို့ လင်ယောကျ်ားအိမ် ရှာခြင်း၌ ငြင်းပယ် အရှက်ကွဲခြင်း ကြုံတွေ့နိုင်သော်လည်း၊ ကြိုးစားလုပ်ဆောင်ခဲ့သော ရုသ အဖို့ အကျိုးရှိသော စကားဖြစ်ပါသည်။ တင့်တယ်လျောက်ပတ်သော စကားတို့သည် အလွန် စိတ်သက်သာခြင်းကို ဖြစ်စေပါသည် တကား။ မိမိကိုယ်ကို ဆင်ခြင်ကြပါစို့၊ ကျွန်တော်တို့၏ မဆင်မခြင်၊ အလျင်စလို ပြောခဲ့သော စကားများက လူတို့၏ဘဝကို ဘယ်လောက် ဖျက်ဆီးပြီးပြီလဲ။ ဗောဇက မိမိသည် အနီးစပ်ဆုံး ရွေးပိုင်သော ဆွေမျိုးသားချင်း မဟုတ်ကြောင်း၊ ရုသကို လက်ထပ်မည့်သူသည် မိမိ မဟုတ်ဘဲ အခြားတယောက် ဖြစ်နိုင်ကြောင်း သိခဲ့ပါသည်။

**ဆင်ခြင်ရန်** - (သု ၂၅း၁၁ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အပြောအဆို၊ အကျင့်နှင့် စိတ်သဘောထားတို့သည် သနားကျင်နာခြင်း ရှိကြမည်အကြောင်း မစတော်မူပါ။

**ရုသ ၃း၁၄-၁၈**

၁ ရာ ၂း၂၇-၃၆ *"ငါ့ကို ချီးမြှောက်သောသူတို့ကို ငါချီးမြှောက်မည်"*

## လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ရွေးချယ်မှုနှင့် မိသားစုဘဝ (၁၆)

ရုသ၏ဘဝမှ သင်ခန်းစာ ယူမည်ဆိုပါလျှင်၊ ဘုရားသခင်သည် လမ်းပြပို့ဆောင်တော်မူ၍ ကောင်းကြီးပေးတော်မူသော ဘုရားဖြစ်တော်မူ၏ ဟူ၍ဖြစ်ပါသည်။ ဘုရားသခင်၏ လမ်းပြကွယ်ကာ ပြုစုစောင့်ရှောက်တော်မူခြင်းသည် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေလျက်၊ သူ၏သားသမီး များအတွက် ကောင်းကြီးမင်္ဂလာဖြစ်စေတော်မူ၏။ ရုသသည် ဘုရားသခင်၏အတောင်တော်အောက် ၌ တိုးဝင်လျက်၊ ယုံကြည်ကိုးစားခြင်းရှိ၍ ဘုရားသခင်သည် သူ့ကို လမ်းပြတော်မူလျက်၊ ဘယ်သူမှ မျှော်လင့် မထားသော၊ ထင်မှတ် မထားသော ကောင်းကြီးမင်္ဂလာ ပေးတော်မူ၏။ ဗောဇ၏ခြေရင်း၌ အိပ်စဉ်၊ သူသည် မိမိတောင်းလျှောက်သောအရာ လက်ခံခြင်းရှိ၍ နံနက်တွင် ဆောင်ရွက်ပေးမည် (နံနက်တွင် ဘာဖြစ်လာမည်ကို သူကြို မသိခဲ့ပါ) ဟူသော အသိက သူ့ကို စိတ်သက်သာခြင်း ပေးခဲ့ပါလိမ့်မည်။

"*__သင်၌ ပါသော တင်းတိမ်ကို ယူခဲ့၍ ဖြန့်ခင်းတော့__*" (ရုသ ၃း၁၅)။ ရုသ ၃း၁၄ ၌တွေ့ရ သော ဗောဇ၏စကား၊ ရုသသည် သာ၍ ရွေးပိုင်သော အမျိုးသားချင်းထံ ပေးရနိုင်သော်လည်း၊ နံနက် မြို့သို့ ထွက်မသွားမီ ရုသအား "မုယောစပါး ခြောက်ဩမဲ" လက်ဆောင်ပေးခဲ့ပါသည်။ ထိုလက်ဆောင်ပေးရခြင်း အကြောင်းရင်းကို လူများက အမျိုးမျိုး ထင်မြင်ချက် ပေးခဲ့ကြသော်လည်း၊ ကျမ်းစာက အတိအကျ ဖော်ပြ မထားပါ။ ကျမ်းစာက ဗောဇသည် "သူ့အပေါ်မှာ တင်သဖြင့်" သူသည် မြို့ထဲသို့ သွားလေ၏ဟု ဖော်ပြထား၏။ ဗောဇ၏ ရက်ရောမှုကို မြင်တွေ့ရပါသည်။

ရုသသည် ထိုလက်ဆောင်ကို လက်ခံခဲ့ပြီး၊ အိမ်သို့ ယောက္ခမထံ ယူလာခဲ့ပါသည်။ သူသည် ကြီးမားသော မျှော်လင့်ချက် ရှိခဲ့သော်လည်း၊ မိမိထံပေးသော ထိုလက်ဆောင်ကို မငြင်းဘဲ၊ မိမိ ခေါင်းပေါ်မှာ ရွက်လျက် အိမ်သို့ ယူလာခဲ့သည်ဟု ထင်မှတ်ရပါသည်။ ရုသဝတ္ထုက ကျွန်ုပ်တို့အား စိတ်သက်သာရာပေးသည်မှာ ရိုးသားသော အလုပ်တိုင်းသည် ရှက်စရာ မဟုတ်ပါ ဟူ၍ဖြစ်ပါသည်။ ကြွယ်ဝချမ်းသာသော ဗောဇ ပင်လျှင် ကောက်နယ်တလင်း၌ အိပ်ခဲ့ပြီး၊ မိမိလယ်ယာနှင့် ရိတ်သိမ်း ခြင်းအမှုကို ကိုယ်တိုင် ကြီးကြပ်ခဲ့ကြောင်း တွေ့ရပါသည်။ ဆင်းရဲသော မုဆိုးမ ရုသသည်လည်း ကြိုးစားအားထုတ်လျက် စပါးကျန်ကို လိုက်ကောက်ခဲ့ပြီး၊ တောင်းလျှောက်ခြင်းအမှု လုပ်ခဲ့လျက် ဗောဇ၏ဇနီး ဖြစ်ရသော အခွင့် မျှော်လင့်ချက် ရှိသော်လည်း၊ မုယော စပါး ခြောက်ဩမဲကို ထမ်းရွက် လျက် မြို့ထဲသို့ ဝင်၍ အိမ်ပြန်ခဲ့ပါသည်။ ရိုးသားသော အလုပ်သည် ရှက်စရာ မဟုတ်၊ လေးစားထိုက် သော အလုပ်ပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - (ဟေဗြဲ ၁၃း၁၆ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အဖဘုရား၊ သစ္စာရှိသော ဘဏ္ဍာစိုးကဲ့သို့ ကျွန်တော်တို့သည် ကိုယ်တော် ပေးတော်မူသော ဆုကျေးဇူးများကို အကျိုးရှိရှိ အသုံးပြုရန် မစတော်မူပါ။

**ရုသ ၃း၁၄-၁၈**

၁ သက် ၅း၁၂-၂၂

*"မကောင်းသောအမှု အမျိုးမျိုး ရှိသမျှကို ရှောင်ကြလော့"*

## လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ရွေးချယ်မှုနှင့် မိသားစုဘဝ (၁၅)

နံနက်ရောက်သောအခါ၊ ဗောဇက ရုသ ထွက်မသွားမှီ နောက်ဆုံး စကားတခွန်း မှာထားခဲ့ပါသည်။ ဤမှာထားချက်သည် မိမိပြုမည့် အမှုနှင့်ဆက်နွယ်ခဲ့ပါသည်။ ပုံမှန်အားဖြင့်၊ လူထုသိသောအမှုသည် တုန့်ပြန်မှုအမျိုးမျိုး ကြုံတတ်ပါသည်။ အချို့တုန့်ပြန်မှုသည် တရားမျှတမှုနှင့် အမှန်တရားကို ဆန့်ကျင်ခြင်းဖြစ်စေလျက်၊ ဘုရားသခင်၏အလိုတော် မရှာဖို့ရန် တွန်းအားပေးတတ်ပါသည်။ ထို့ကြောင့်၊ အမှန်တရားနှင့် တရားမျှတမှုကို ထိခိုက် ဖျက်ဆီးစေနိုင်သည့် အမှုများတွင် လူသူ မသိစေဘဲ လျှို့ဝှက်ထားခြင်း လိုအပ်ပါသည်။

"*<u>မိန်းမသည် ဤကောက်နယ်တလင်းသို့ လာသည်ကို အဘယ်သူမျှ မသိစေနှင့်</u>*" (ရုသ ၃း၁၄)။ သူတောင်းလျှောက်သောအရာကို ကြားသိသောအခါ၊ မကောင်းသောရည်ရွယ်ချက် မရှိ လှည့်ဖြားခြင်း မရှိကြောင်း၊ ဗောဇ သိသဖြင့် ရုသအား မိမိခြေရင်း၌ နံနက်တိုင်အောင် အိပ်စေခဲ့ပါသည်။ သူတို့ ဆွေးနွေးသောအမှုသည် အကောင်းသောအမှုဖြစ်ကြောင်း၊ တောင်းလျှောက်သောအရာသည်လည်း ဘုရားသခင်၏ပညတ်တရားနှင့်ညီကြောင်း သိခဲ့ပါသည်။ သို့သော်လည်း၊ အခြားလူတို့သည် မည်သို့ လှည့်ပတ်ပြောဆိုမည်ကို မသိခဲ့ပါ။ ထို့ကြောင့်၊ အပြစ် မဟုတ်သောအမှု၌ ကျမ်းစာက၊ "သင်တို့သည် အခွင့်ရသည် အမှုမှာ ကဲ့ရဲ့စရာ အကြောင်း မရှိစေနှင့်" (ရောမ ၁၄း၁၆) ဟု တိုက်တွန်းထားသည်အတိုင်း၊ ဖြစ်ပျက်သောအရာကို မဟုတ်သတင်းပျံ့မည့်အန္တရာယ်မှ ကာကွယ်ဖို့ရန် ရုသအား ထိုသို့ မှာထားခြင်းဖြစ်ပါသည်။

အမှား မရှိစေရန်၊ အမြင်ကွဲပြားမှုနှင့်ငြင်းခုံခြင်း မရှိစေရန် သတိထားဖို့လိုပါသည်။ ခရစ်တော်၏နာမတော် အရှက်ရစေမည့်အရာ၊ ဘုရားသခင်၏အလိုတော်နှင့်အမှုတော်ကို ဆီးတားမည့်အရာများကို သတိထားဖို့လိုပါသည်။ ရှောလုကို ဘုရင်အဖြစ်မှ ငြင်းပယ်ပြီးနောက်၊ ဒါဝိတ်ကို ဆီလိမ်းဖို့ သွားရာ၌ မိမိ၏ အဓိကရည်ရွယ်ချက်ကို ရှမွေလ ဖုံးကွယ်ခဲ့သကဲ့သို့၊ ဗောဇသည်လည်း ရုသ၏ တရားသောအမှု၌ မလိုလားအပ်သော ပြဿနာ မပေါ်ပေါက်ဖို့ရန်၊ ကောက်နယ်တလင်းသို့ သူမ လာရောက်ခြင်းကို ဖုံးကွယ်ဖို့ မှာထားခြင်းဖြစ်ပါသည်။ မိမိတပည့်တော်များအား ခရစ်တော် သွန်သင်သောအချက်သည် ကျွန်ုပ်တို့အတွက် အသိဉာဏ် ပညာပင်ဖြစ်ပါသည်၊ "ထို့ကြောင့်၊ သင်တို့သည် မြွေကဲ့သို့ လိမ္မာလျက်၊ ချိုးငှက်ကဲ့သို့ အဆိပ်ကင်းလျက် ရှိကြလော့" (မသဲ ၁၀း၁၆)။

**ဆင်ခြင်ရန်** - (ဆာလံ ၁၁၂း၅ နှင့် သု ၁၁း၂၂ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အဖဘုရား၊ အဆိုးအကောင်း ခွဲခြားတတ်သော ဉာဏ်ပညာ ပေးသနားတော်မူပါ။

*"သင်တို့သည် ဤအမှုကို ပြုသောကြောင့် သင်တို့ ကျေးဇူးကို ငါလည်း ဆပ်မည်"*

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ရွေးချယ်မှုနှင့် မိသားစုဘဝ (၁၂)

အိမ်ထောင်ဖက်ကို ရှာသောအခါ၊ ဘယ်အချက်ကို သင် ကြည့်ပါသနည်း။ မိမိ ရွေးချယ်သောသူသည် အိမ်ထောင်ဖက်ကောင်း ဖြစ်မည်ကို မည်သို့ သိနိုင်မည်နည်း။ ဗောဇသည် မိမိအား ထိမ်းမြားဖို့ရန် ရုသ၏ရွေးချယ်မှုသည် ကောင်းမြတ်ခြင်းအမှုဖြစ်ကြောင်း သိမြင်ခဲ့ပါသည်။ ထို့ပြင် အခန်းကြီး ၂ ထဲတွင်လည်း၊ ဗောဇက ရုသ၏ ယောက္ခမအပေါ် ထားရှိသော ကောင်းမြတ်ခြင်း၊ ဗက်လင်မြို့သို့ လိုက်လာခြင်း၊ အရင် လင်ယောကျ်ားအပေါ် ကောင်းမြတ်ခြင်း တို့ကို ဖော်ပြခဲ့ပါသည်။ ထိုအချက်များကို အဓိကထားလျက်၊ ငွေရတတ်သောသူ၊ အခြားသူများကို မရွေးဘဲ၊ မိမိကို ရွေးချယ်ခဲ့သောကြောင့်၊ မိမိသည် ရုသ၏ကောင်းမြတ်ခြင်းကို ခံရသောသူဟု ဆိုခဲ့ပါသည်။ သို့ဆိုလျှင်၊ အိမ်ထောင်ဖက်ကောင်း မကောင်းကို မည်သည့်အချက်က ဆုံးဖြတ်ပေးပါသနည်း။

"*<u>အရင်ပြုသော ကျေးဇူးထက် နောက်ပြုသော ကျေးဇူး သာ၍ ကြီး၏</u>*" (ရုသ ၃း၁၀)။ အကျင့်စရိတ္တသည် လူ့တန်ဖိုးဖြစ်ပါသည်။ ဗောဇသည် ရုသ၏အကျင့်စရိုက်ကို ကြည့်၏။ ဗောဇ တွေ့ရှိသော သူမ၏ ကောင်းမြတ်ခြင်းသည် ယခု မိမိအပေါ် ပြုသောအရာ မဟုတ်ဘဲ၊ အရင် ယောကျ်ား အပေါ် ပြုခဲ့သော ကောင်းမြတ်ခြင်း ဖြစ်ပါသည်၊ "အရင်ပြုသော ကျေးဇူး" ဟူသောစကား စုက ထိုအချက်ကို ဆိုလိုသည်ဟု ထင်ရပါသည်။ ရုသ ၂း၁၁ ထဲတွင်၊ ဗောဇက ရုသ၏ ယောက္ခမ အပေါ် ကောင်းမြတ်ခြင်း ("သင်၏လင် သေသောနောက်")၊ မိမိမွေးရပ်မြေကို စွန့်၍ ဗက်လင်မြို့သို့ လိုက်လာခြင်း၊ သူတို့၏အသက်ရှင်ရေးအတွက် စပါးကျန်ကို လိုက်ကောက်ဖို့ရန် ထွက်သွားခြင်း စသည်တို့ကို ဖော်ပြခဲ့ပါသည်။

"*<u>သင်သည် ငွေရတတ်သောလူပျို၊ ဆင်းရဲသောလူပျို တစုံတယောက်ကို မမှီဝဲဘဲ နေ၍</u>*" (ရုသ ၃း၁၀)။ သူမ အဓိကမထားသော၊ မစဉ်းစားခဲ့သောအရာကိုလည်း ဆက်လက် ဖော်ပြခဲ့ပါသည်။ သူမ၏ရွေးချယ်မှုသည် အပြင်ပိုင်းအရာ၌ အခြေ မခံခဲ့ပါ။ သူသည် လုလင်ပျိုများကို မကြည့်၊ သူတို့၏ ပိုင်ဆိုင်မှုကိုလည်း မကြည့်ခဲ့ပါ။ အိမ်ထောင်ဖက်ကို ရွေးချယ်ခြင်း၌ ဘယ်အရာကို သင် ကြည့်ပါသနည်း။ ပြောင်းလဲနိုင်သောအရာကို ကြည့်သလော (သို့) ပို၍ တည်မြဲသော၊ တာရှည်ခံသော အရာကို ကြည့်ပါသလော။ ထာဝရတည်သောအရာ ကြည့်ခြင်းက ပို၍ကောင်းသော ရွေးချယ်မှုပြု ဖို့ရန် ကူညီပေးပါလိမ့်မည်။ ခဏသာ တည်သောအရာတို့က မှန်ကန်သော ရွေးချယ်မှု ပြုခြင်းကို နှောင့်ယှက်နိုင်ပါသည်။ ထို့ကြောင့်၊ အိမ်ထောင်ပြုရန် ကြံရွယ်သောသူများသည် သင့် မိဘ၊ ညီအစ်ကို များနှင့် ဆက်ဆံရေးကို လေးထားလျက်၊ ကောင်းမြတ်ခြင်း မင်္ဂလာကို ပြုစု ကျင့်သုံးပါလော့။ ထိုအရာ သည် ဝိညာဉ်အကျိုးများကို ထပ်၍ ဖြည့်ဆည်းပေးပါလိမ့်မည်။

**ဆင်ခြင်ရန်** - ကောင်းသောအမူအကျင့်သည် ကောင်းကျိုးကို ဖြစ်စေတတ်၏။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အား လူတိုင်းအပေါ် ကောင်းသောသူဖြစ် စေတော်မူပါ။

**ရုသ ၃း၆-၁၃**
သု ၂၂း၁-၄

*“ကောင်းသော အသရေသည်
နံ့သာဆီထက် သာ၍ ကောင်း၏”*

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ရွယ်ချယ်မှုနှင့် မိသားစုဘဝ (၁၃)

ရုသ၏တောင်းလျှောက်မှုကို အကောင်းဆုံး ဖြည့်ဆည်းပေးဖို့ရန် ဗောဇက ဂတိပေးခဲ့ပါသည်။ ထိုသို့ လက်ခံရခြင်း အကြောင်းရင်းကိုလည်း ဖော်ပြခဲ့ပါသည်။ သူမ၏ အကျင့်သီလကို တန်ဖိုးထားကြောင်း ဗောဇ ဖော်ပြခဲ့ပါသည်။ ယနေ့ခေတ် လူများတို့သည် အကျင့်သီလကို မကြည့်ဘဲ၊ အပြင်ပိုင်း လုပ်ဆောင်နိုင်မှု၊ အကျိုးရှိမှုကိုသာ ကြည့်ကြပြီး၊ ဘုရားတရား မလိုက်စားသော လူချမ်းသာများကို ကြည့်ရှာတတ်ကြ၏။ ဆင်းရဲသားများကို အထင်သေးလျက်၊ နှိပ်စက်ခဲ့ကြပါသည်။ ထို့ပြင်၊ များစွာသောလူတို့သည် မိမိသားသမီးများနှင့် လူငယ်များအား အနာဂတ်ဘဝ တိုးတတ်ဖို့ရန် ပါးနပ်ရမည်၊ ချမ်းသာရမည်၊ အဆက်အသွယ်ကောင်း ရှိရမည်ဟု သွန်သင်တတ်ကြ၏။ ထို့ကြောင့်၊ ခရစ်ယာန်များနှင့် ဝိညာဉ် အကျင့်သီလများကို လျစ်လျူရှုလျက်၊ ပြုစုကျင့်သုံးခြင်း မပြုကြပါ။ ဗောဇသည် ခရစ်ယာန် အကျင့်သီလကို တန်ဖိုးထားသောကြောင့်၊ ရုသ၏ တောင်းလျှောက်မှုကို လက်ခံခဲ့ခြင်း ဖြစ်ပါသည်။

“*<u>သင်သည် သီလနှင့် ပြည့်စုံသော မိန်းမဖြစ်ကြောင်းကို ငါ့လူမျိုးနေသော တမြို့လုံး သိ၏</u>*” (ရုသ ၃း၁၁)။ ရုသ၏ တောင်းလျှောက်မှုသည် ထိမ်းမြားခြင်း တခုတည်း မဟုတ်ဘဲ၊ ဧလိမလက်နှင့် သူ့သားများ ပိုင်ဆိုင်ခဲ့သော ဥစ္စာများနှင့်ပတ်သက်၍ ဥပဒေအရ ဆောင်ရွက်ခြင်း ပါဝင်ပါသည်။ သူ၏တောင်းလျှောက်မှုသည် လင်ယောကျ်ားကို ရှာခြင်း သာမက၊ မိမိ၏အမှုကို အသက်ကြီးသူများရှေ့၌ တင်ပြပေးမည့် ကိုယ်စား ရှေ့နေ ရှာခြင်းလည်း ဖြစ်ပါသည်။ ထိုအခါ၊ ဗောဇက “တောင်းသမျှကို ငါပြုမည်” ဟု ဖြေခဲ့ပါသည်။ ပိုင်ဆိုင်မှု ပစ္စည်းဥစ္စာ အမှု ဆောင်ရွက်ခြင်းသည် အလွန် ရှုပ်ထွေးတတ်ပါသည်။ နာဗုတ်၏ စပျစ်ဥယျာဉ်အမှုကကဲ့သို့၊ အချို့သည် အရှုမလှ ဇတ်သိမ်းခဲ့ကြ၏။ ဗောဇသည် ရုသ၏ ကောင်းမြတ်ခြင်းနှင့် အကျင့်သီလကြောင့်၊ အကောင်းဆုံး ဆောင်ရွက်ပေးဖို့ရန် ဂတိပေးခဲ့ပါသည်။ ဝမ်းနည်းစရာ ကောင်းသည်မှာ၊ ယနေ့တွင် အကျင့်သီလနှင့် စရိတ္တကောင်းမွန်ခြင်းတို့သည် တရားမျှတခြင်းအမှု၌ ငွေကြေး၊ အာဏာနှင့် ရာထူး နောက်တွင် နေရာကျခဲ့ခြင်း ဖြစ်ပါသည်။

“*<u>ငါ့ထက် သာ၍ ရွေးပိုင်သော အမျိုးသားချင်း တယောက်ရှိ၏</u>*” (ရုသ ၃း၁၂)။ ထိုသို့ မိမိအား ရုသ ရွေးချယ်ခြင်းသည် မှန်သည်ဟု ဖော်ပြခဲ့သော်လည်း၊ ဗောဇသည် အမှန်တရားကို မဖုံးကွယ်ဘဲ၊ ရုသအား မိမိထက် အရင်နေရာကျသော ရွေးပိုင်သော အမျိုးသားချင်း ရှိကြောင်း ပြောပြခဲ့ပါသည်။ ဘုရားသခင် အလိုတော်ရှိလျှင် ရုသကို သူ လက်ထပ် ရမည်၊ မုသားဖြင့် မပြုလိုခဲ့ပါ။ သူ့ထက် သာ၍ ရွေးပိုင်သောသူကို အခွင့်အရေး အရင်ပေးရပါ၏။ ဘုရားသခင်၏လက်တော်ကို သိမှတ်သောသူသည် ဘုရားသခင်၏ အဆုံးစွန်အာဏာတော်ကိုလည်း သိမှတ်လျက်၊ တရားသဖြင့် ဆောင်ရွက်ရပါမည်။ အချို့သည် ထိုသို့သောအမှု၌ ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်း မရှိ၊ တရားသဖြင့် အမှု မပြုသောကြောင့်၊ နောက်ဆုံးတွင် နောင်တ ရတတ်ကြပါ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် အရာခပ်သိမ်းကို ထိန်းချုပ်တော်မူ၏၊ အရာရာတိုင်း၌ ဘုရားသခင်ကို ကျွန်တော် နာခံပါ၏။

**ဆုတောင်းချက်-** “ကယ်တင်ရှင်အား မစခြင်း တောင်းလျှောက်ပါ။ သူသည် သင့်ကို မစတော်မူလို၏။”

*"မေတ္တာသည် စိတ်ရှည်တတ်၏။
ကျေးဇူးပြုတတ်၏ . . . "*

# လမ်းပြကွယ်ကာပြုစုစောင့်ရှောက်ခြင်း၊ ရွေးချယ်မှုနှင့် မိသားစုဘဝ (၁၄)

ရုသ၏တောင်းလျှောက်မှုနှင့် ဘုရားသခင် အလိုတော်အတိုင်းအမှုကို ဆောင်ရွက်မည် အကြောင်း ဆိုပြီးမှ၊ ဗောဇသည် သည်းခံလျက် စောင့်ဖို့ရန် ပြောခဲ့ပါသည်။ ကျွန်တော်တို့ တောင်းသမျှကို ချက်ချင်း ဖြည့်ဆည်းပေးတော် မမူ။ အချို့မှာ စောင့်ဖို့လိုပါသည်။ ထိုသို့အချိန်ယူ လုပ်ဆောင်ရမည့်အမှုတွင် ထိမ်းမြားခြင်းလည်း ပါဝင်ပါသည်။ အရာရာတိုင်း ချက်ချင်း ရလိုသော ယနေ့ခေတ်တွင် စိတ်ရှည်သည်းခံခြင်း ပါရမီကို ဆန့်ကျင်လျက် သည်းမခံခြင်းသည် နေရာ ရလာခဲ့၏။ မိမိခြေရင်း၌ ရုသရှိကြောင်း ဗောဇ သိသောအချိန်သည် ညသန်းခေါင်အချိန်ဖြစ်ပါသည်။ ဘယ်လောက်ကြာ ဆွေးနွေးပြီးမှ အမှုကို သေချာ အဆုံးသတ်ကြောင်းကို ကျွန်တော်တို့ မသိသော်လည်း၊ ထို့နောက်တွင် ဗောဇက ရုသအား စိတ်ရှည်သည်းခံဖို့ရန် တိုက်တွန်းခဲ့ပါသည်။

"*<u>နံနက်တိုင်အောင် အိပ်ဦးတော့</u>*" (ရုသ ၃း၁၃)။ အမှုကိစ္စ ဆွေးနွေးပြီးနောက်၊ ဗောဇသည် သူမ ကိုယ်စား ဆောင်ရွက်မည်အကြောင်း၊ ရုသအား နံနက်တိုင်အောင် စောင့်ဖို့ရန် ဆိုခဲ့ပါသည်။ အမှုတိုင်းကို ချက်ချင်း ဖြေရှင်း၍ မရပါ။ ချက်ချင်း ဖြေရှင်း မရသော်လည်း၊ ဘယ်တော့မှ ဖြေရှင်း၍ မရတော့ဟု မဆိုလိုပါ။ အဖြေ မပေါ် မချင်း၊ ရုသသည် စောင့်ရမည်ဖြစ်ပါသည်။

"*<u>ထိုသူသည် ရွေးပိုင်သောအမျိုးသားချင်း ဝတ်ကိုပြုလိုလျှင် ပြုပါလေစေ။ ကောင်း၏။</u>*" (ရုသ ၃း၁၃)။ စိတ်ရှည်စွာ သည်းခံ စောင့်ရမည့်အပြင်၊ ရုသသည် နံနက်၌ သိရမည့် ဘုရားသခင်၏ အလိုတော်ကိုလည်း လက်ခံဖို့ လိုပါသည်။ နောမိနှင့်ရုသသည် ဗောဇကို ချဉ်းကပ်ခဲ့သော်လည်း၊ ဗောဇ ထက် ပို၍ နီးစပ်သော ရွေးပိုင်သူ ဆွေမျိုးသားချင်း တယောက်ရှိခဲ့ပါသည်။ ဗောဇက ထိုသာ၍ ရွေးပိုင်သူ အမျိုးသားချင်းက ထိုအမှုကို တာဝန်ယူလိုလျှင်၊ ကောင်းပါ၏၊ သူ့ကို ယူစေမည်ဟု ဆိုပါသည်။ ထိမ်းမြားခြင်းသည် ဆက်ကပ်မှုဖြစ်သောကြောင့်၊ ဘုရားသခင်၏ပညတ်တရားနှင့် အညီဖြစ်သရွေ့ အချင်းချင်း လက်ခံပြီးမှ ပြုရပါမည်။ ရွေးပိုင်သော အမျိုးသားချင်း၏တာဝန်ကို ဆောင်ရွက်စေခြင်း၌ မိမိအလိုရှိသောသူ မဟုတ်ဘဲ၊ အစဉ်လိုက် ကျသောသူက ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုအလှည့်ကျသောသူက မဆောင်ရွက်လိုလျှင်၊ ဗောဇက ထိုအမှုကို မိမိဆောင်ရွက်လိုကြောင်း ဖော်ပြခဲ့ပါသည်။ ဗောဇသည် ရုသအား ဂတိပေးခဲ့ပါသည်။ ထို့နောက် ရုသအား နံနက်တိုင်အောင် နေဖို့ရန် တောင်းလျှောက်ခဲ့ပါသည်။ ဤတောင်းလျှောက်မှုသည် သူမ၏လုံခြုံမှုအတွက် အဓိကဖြစ်ပါသည်။ နံနက် ဖြစ်လာသောအမှုသည်လည်း သူမအတွက် ဝမ်းမြောက်စရာ ဖြစ်ခဲ့ပါသည်။ သူမ၏တာဝန်မှာ ဖြစ်လာမည့် အကျိုးကို စိတ်ရှည်စွာ သည်းခံလျက် စောင့်ဖို့သာဖြစ်ပါသည်။

**ဆင်ခြင်ရန်** - (ဆာလံ ၃၇း၇)။
**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်ကို စိတ်ရှည်ခြင်း ပေးသနားတော်မူလျက်၊ သူတပါးနှင့် ကောင်းမွန်စွာ အလုပ်အတူတူလုပ်နိုင်ဖို့ရန် မစတော်မူပါ။